ဘီလူးသုံးကောင်စာပေ

# ချစ်မင်းသူ

# ကကြိုးရုပ် ချစ်သူ့ဝိဉာဉ်

ကိုယ်တွေ့ဂမ္ဘီရဝတ္ထုတိုများ




ချစ်မင်းသူ
ကကြိုးရုပ် ချစ်သူ့ဝိညာဉ်
ကိုယ်တွေ့ဂမ္ဘီရဝတ္ထုတိုများ

# ကကြိုးရုပ် ချစ်သူ့ဝိညာဉ်

# ချစ်မင်းသူ

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ဦးစိုးတင့်(ညီမေတ္တာ)(၀၁၀၀၃)
ညီမေတ္တာစာပေ
အမှတ်– ၂၇၂/က၊ ဗထူးလမ်း၊ (၆/၁၂) ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ဒေါ်မို့မို့လွင်(၀၀၇၉၃)
ကောင်းဆက်အောင်ပုံနှိပ်တိုက်
အမှတ်–၂၀၆၊ ၃၇–လမ်း၊ (၅) ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ ထွန်းအောင်

ပုံနှိပ်ခြင်း ပထမအကြိမ်

ပြီးစီးသည့်ကာလ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

ဖြန့်ချိရေး ဘီလူးသုံးကောင်စာပေ
အမှတ်– ၂၅၂(က)၊ သမိန်ဗရမ်းလမ်း၊
(၇) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉ ၄၂၀၀၁၃၃၈၄ ၊ ၀၉ ၇၉၉၇၂၀၀၁၂

အုပ်ရေ ၁၀၀၀

တန်ဖိုး ၁၅၀၀ ကျပ်

ချစ်မင်းသူ ၂၉၄.၃

ကကြိုးရုပ် ချစ်သူဝိညာဉ် / ချစ်မင်းသူ။ – ရန်ကုန်။
ညီမေတ္တာစာပေ ၊ ၂၀၁၆။
၁၉၆ – စာ ၊ ၁၃ • ၅ စင်တီ × ၂၁ • ၅ စင်တီ
(၁) ကကြိုးရုပ် ချစ်သူဝိညာဉ်

# မာတိကာ


| | | |
|---|---|---|
| ၁။ | စက္ကူလှည့်ဇာတ်ပွဲ | ၁ |
| ၂။ | ကကြိုးရုပ်ချစ်သူ့ဝိညာဉ် | ၁၆ |
| ၃။ | တရုတ်အမဲ | ၄၄ |
| ၄။ | အစိမ်းသေ | ၆၁ |
| ၅။ | မဟူရာဝိညာဉ် စံအိမ်ကြီး | ၇၃ |
| ၆။ | ဘဝဟောင်းက အကြောင်းဆက် | ၉၅ |
| ၇။ | သာဓုခေါ်၍မရပါ | ၁၀၉ |
| ၈။ | အသည်းတောင်းသူ | ၁၂၅ |
| ၉။ | မြွေဖြူရှင်မ | ၁၄၇ |
| ၁၀။ | ပန်တျာမင်းသမီးဝိညာဉ် | ၁၇၀ |


◆ ◆ ◆



## စာရေးသူ၏ နိဒါန်းစကား

စာပေကို ချစ်မြတ်နိုး၍ စာပေရေးသားသူတစ်ဦးအနေဖြင့် စာပေရေးသားနေရခြင်းသည် နေ့စဉ်စားသုံးရသော ထမင်းအာဟာရကဲ့သို့ မိမိကိုယ်တွင်း၌ ပီတိအာဟာရသဖွယ် ဖြစ်ကြရပါသည်။ ထို့အတူ မိမိတစ်ဦးတည်း အာဟာရဖြစ်စေသကဲ့သို့ တစ်ပါးသူတို့ကိုလည်း အာဟာရဖြစ်စေချင်ကြသည်မှာလည်း စာပေရေးသားသူများ၏ ဆန္ဒပင် ဖြစ်ပါသည်။

သို့သော် စာပေမြတ်နိုးကြသည့် စာဖတ်သူတို့အတွက် သုတရသအာဟာရကို ပေးစွမ်းနိုင်ရန်မှာ မိမိတို့ရေးသားပြီး စာမူအားဖြန့်ဝေရန်ပင် ဖြစ်ပါသည်။ ယခုအခါတွင် မိမိတို့စာရေးသူများ ရေးသားနေကြသည့် မဂ္ဂဇင်း၊ ဂျာနယ်တို့မှာလည်း တဖြည်းဖြည်းလျော့ပါးပျောက်ကွယ်သွားနေပြီဖြစ်ရာ ထိုမဂ္ဂဇင်း၊ ဂျာနယ်တို့၌ ရေးသားဖော်ပြစေချင်သော်လည်း ထိုအခွင့်အရေးမှာ တဖြည်းဖြည်းဆုံးရှုံးနေကြရပြီဖြစ်ပါသည်။

သို့ဖြစ်ရာ ရေးသားပြီးစာမူများကို ကြည့်၍ ဝမ်းနည်းပူဆွေးကာ အာဟာရ ပျောက်ဆုံးခဲ့ရပါသည်။ မိမိကိုယ်တိုင် အာဟာရကင်းမဲ့နေသကဲ့သို့ စာဖတ်သူများလည်း စာပေအာဟာရ ကင်းမဲ့နေမည်ကိုလည်း တွေးမိပါသည်။ ထို့ကြောင့် နေ့စဉ်စားသုံးနေသည့် အစားအာဟာရကိုပင် ချို့တဲ့စွာသုံးဆောင်၍ စာပေအာဟာရကို ဖြန့်ဝေပေးနိုင်ရန် ကြိုးစားအားထုတ်ခဲ့ပါသည်။

ဤစာအုပ်သည် မိမိ၏နေ့စဉ်စားသုံးနေကျ အစားအစာအာဟာရများကို လျော့ပါးစွာစားသုံးရင်းဖြင့် ချွေတာစုဆောင်းခဲ့ရသောကြောင့် အနှစ်သာရအားဖြင့် အစားအစာအာဟာရများလည်း စီးဝင်ပတ်သက်နေမည့်အပြင် မိမိ၏ရင်မှ စီးဆင်းလာသော စာပေအနှစ်သာရများလည်း ပူးပေါင်းပါဝင်နေမည်ဟု ဆိုချင်ပါသည်။

အဓိကအားဖြင့် စာပေမြတ်နိုးသော စာဖတ်သူများအနေဖြင့် သုတရသတစ်ခုခုကို မျှဝေပေးလိုခြင်းပင် ဖြစ်ပါသည်။ ဤမည်သော စေတနာဖြင့် ရေးသားပြီး ကိုယ်တိုင်ထုတ်ဝေရသော ဤစာအုပ်ကို စာဖတ်သူများဖတ်ရှုပြီး သုတရသ တစ်ခုခုရလိမ့်မည်ဟုလည်း ယုံကြည်ပါသည်။ ဤယုံကြည်ချက်နှင့်ပင် စာဖတ်သူများပေးပို့သော မေတ္တာကို ခံယူနေမည်ဟု နှုတ်ခွန်းဆက် နိဒါန်းစကား ချွေလိုက်မိပါသည်။

**စာဖတ်သူများကို အစဉ်လေးစားလျက်**
**ချစ်မင်းသူ**

# စက္ကူလှည့်ဇာတ်ပွဲ

ကျွန်ုပ်တို့ဇာတ်အဖွဲ့ နေပြည်တော်မြို့ တစ်ဖက်ကမ်း စံကင်းရွာ၌ ကပြနေစဉ်အတွင်း ပွဲငှားများ ရောက်လာကြ၏။ ထိုစဉ်က ကျွန်ုပ်တို့၏ ထိပ်တန်းသဘင်ဇာတ်အဖွဲ့မှာ အောင်မြင်ကျော်ကြားနေသော ရန်ကုန်ဇာတ်ပွဲဖြစ်သည်။ ခေါင်းစီးမင်းသား ရွှေမန်းကျော်စိုး၊ မင်းသမီး မလှိုင် -မသန်းသန်းမြင့်နှင့် (၂၀) ရာစု မောင်စိမ်းအောင်ဟုခေါ်သော ကျွန်ုပ်ကိုယ်တိုင် ပါဝင်လေ၏။ ဇာတ်တစ်ဖွဲ့လုံး ညီညွတ်ကြသော ကြောင့် ထိပ်တန်းသဘင်အဖွဲ့ အောင်မြင်သည်ဟုဆိုရပေမည်။

ထို့ကြောင့် ကျွန်ုပ်တို့ဇာတ်အဖွဲ့မှာ ဇာတ်ရာသီဖြစ်သော သီတင်းကျွတ်လပြည့်ကျော်သည်မှစ၍ ရန်ကုန်မှခွာကာ နယ်အနှံ့အပြား သို့ မနားမနေ လိုက်လံကပြခဲ့ရလေသည်။ အထူးသဖြင့် ကျွန်ုပ်တို့ လိုက်လံကပြရသည့်ပွဲတော်မှာ အရပ်ဒေသအနှံ့အပြားရှိ ဘုရားပွဲတော်များ ဖြစ်၏။ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်ပေါ်များသော ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသည့်အလျောက်

အေးငြိမ်းချမ်းသာစွာ နေချင်စဖွယ်ကောင်းသော အရပ်ဌာနတစ်ခုဖြစ်ကြောင်း မြန်မာပြည်အနှံ့အပြားသို့ ရောက်ခဲ့ဖူးသူ ကျွန်ုပ်အနေဖြင့် မှတ်တမ်းတင်ထားမိ၏။

"ကိုစိမ်းအောင်ရေ ပွဲခွင်ကတော့ ခပ်စိပ်စိပ်ပဲ။ ဒီပွဲပြီးရင် မအူပင်ဘက်ကို နေ့ချင်းကူး ဆက်ကပေးရမယ်ဗျို့"

"ကောင်းတာပေါ့ ဇာတ်ဆရာရယ်၊ ပွဲစိတ်တော့ ငွေလည်း စိတ်တာပေါ့၊ ဟား ... ဟား ... ဟား ..."

တစ်ည ဇာတ်ဆရာ ရွှေမန်းကျော်စိုးခေါ်ပြောသောကြောင့် ဇာတ်ပွဲဆက်ကူး၍ ကရမည့်အကြောင်း ကျွန်ုပ်သိရ၏။ ကျွန်ုပ်စိတ်ထဲ ကြိတ်၍ ဝမ်းသာသွားရ၏။ ကျွန်ုပ်နည်းတူ ဤဇာတ်အဖွဲ့သူ အဖွဲ့သားများလည်း ဝမ်းသာနေကြပုံရ၏။

ကျွန်ုပ်တို့ ဇာတ်သူဇာတ်သားများအနေဖြင့် မိမိတို့ ဝါသနာပါရာ အနုပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသူများဖြစ်ရာ ထမင်းလည်းဝ၊ အနုပညာလည်း ပြသည့်ဇာတ်ကရခြင်းအလုပ်ကို အလွန်အမင်း ခုံမင်နှစ်သက်ကြသူများ ဖြစ်ကြ၏။ ထို့ကြောင့် ဇာတ်ပွဲ မရပ်မနားကနေစေရန် အကြိမ်အခါခါ ဆုတောင်းနေတတ်ကြ၏။

ဇာတ်ပွဲနားရမည်ကို အလွန်အမင်း စိုးရိမ်ကြောင့်ကြမိကြ၏။ ဇာတ်ပွဲနားရသည်ရှိသော် မိမိတို့၏ ဝင်ငွေ (ညကြေး) မရမည်ကို သိသဖြင့် စိတ်ဓာတ်ကျ၏။ ဇာတ်ဆရာအနေဖြင့်လည်း ဇာတ်အဖွဲ့အား ထိုင်ကျွေးထားရခြင်းကြောင့် ဟင်းကောင်းချက်မကျွေးတတ်။

တစ်ခါတစ်ရံ နားရသည့်ရက်ပေါင်း ကြာရှည်သောအခါ ဇာတ်ခေါင်းပင် ကွဲလုကွဲခင်ဖြစ်သွားတတ်၏။ ထိုအခါ ဇာတ်ဆရာလည်း ထိုင်ငိုမတတ် ဖြစ်ရသကဲ့သို့ ဇာတ်အဖွဲ့သားတို့လည်း နေမထိထိုင်မသာဖြစ်တတ်ကြရ၏။

ဇာတ်ဆရာအနေဖြင့် ဇာတ်ပွဲရာသီမရောက်မီ ဇာတ်ပွဲ၌ ဝင်ရောက်ကပြမည့် ဇာတ်သူဇာတ်သားတို့အား စရန်ငွေကြိုတင်ပေးထားရမြဲဖြစ်၏။ အများအားဖြင့် ပွဲချီ (၁၀) ချီမှ အချီ (၂၀) ကြား စပေါ်ငွေ ကြိုတင်ပေးရလေ့ရှိရာ ဇာတ်ဆရာရင်းနှီးထားရသည့် အရင်းအနှီးမှာလည်း သေးလှသည်တော့ မဟုတ်။ ခေါင်းစီးမင်းသား၊ မင်းသမီးများကိုမူ စရန်ငွေ သိန်းနှင့်ချီ၍ ပုံပေးထားရ၏။

ကျန်သည့်ဇာတ်သမားတို့ကိုလည်း ညကြေးအလိုက် အနည်းဆုံး (၁၀) ချီထက်မနည်း စရန်ပေးထားရသည်ဖြစ်ရာ စရန်ယူထားပြီးသည့် ဇာတ်သမားတစ်ဦးတလေမှ အရှောင်အတိမ်းလုပ်ပါက ဇာတ်ဆရာခမျာ ကသိကအောက်ဖြစ်ရလေ့ရှိ၏။ အချို့ဇာတ်သမားတို့ကား သစ္စာမဲ့သည်တော့ မဟုတ်၊ ငွေကြေးချို့တဲ့နွမ်းပါးသူများဖြစ်ခြင်းကြောင့် ဇာတ်တစ်ဖွဲ့မှ စရန်ယူခဲ့ပြီးဖြစ်သော်လည်း နောက်တစ်ဖွဲ့သို့ သွား၍ စရန်ငွေလက်ခံသူများလည်း ရှိ၏။ သို့သော် ထိုဇာတ်ပွဲများ ဇာတ်ထွက်သောအခါတွင်ကား ထိုဇာတ်သမားသည် အရှောင်အတိမ်း ဂျက်စီဂိုန်းလုပ်ကာ ဇာတ်နောက်သို့မလိုက်ဘဲ ရှောင်နေတတ်သည့် ဇာတ်သမားများလည်း ရှိ၏။

အများအားဖြင့်မူ ဓာတ်သမားတို့သည် မိမိတို့ ဝါသနာပါသည့် ဓာတ်ကရခြင်းအလုပ်ကို အချိန်တန် မလုပ်ရမနေနိုင် ဖြစ်ကြသည်က များ၏။ ထို့ကြောင့် နီးစပ်ရာ၊ ခင်တွယ်ရာဓာတ်ဆရာတို့ထံ ချဉ်းကပ်၍ စရန်ငွေကြိုယူကာ ဓာတ်ပွဲထွက်သည်နှင့် ဓာတ်နောက်လိုက်ကြသည်က များ၏။ ဤသို့ ဓာတ်နောက်လိုက်ကရင်းမှ သုံးည တစ်ညနှုန်းဖြင့် ဓာတ်ဆရာထံမှယူထားသော စရန်ငွေကို ချေကြ၏။ ကြိုယူထားသည့် စရန်ငွေကိုကား မိသားစုတို့အား ပေးထားခဲ့ရသည်ဖြစ်ရာ ဓာတ်ထွက်သောအခါ ဓာတ်သမားတို့လက်ထဲ၌ ငွေစငွေန အနည်းအကျဉ်းသာ ပါလာလေ့ရှိ၏။

ထို့ကြောင့် ဓာတ်သမားများအနေဖြင့် ဓာတ်နားရမည်ကို အလွန်အမင်း စိုးရိမ်ကြောင့်ကြလေ့ရှိ၏။ ဓာတ်ပွဲများများ ကရလေမှ ဓာတ်ဆရာထံမှ ယူထားသော ငွေ ချိုးနှိမ်ရနိုင်သကဲ့သို့ မိမိတို့လက်ထဲသို့လည်း ငွေများများရောက်လာမည်ဖြစ်၏။ ထိုအခါမှ မိမိတို့သုံးချင်ရာသုံးနိုင်ကြပြီး မိသားစုများထံသို့လည်း ငွေပို့ငွေလွှဲများ ပေးပို့နိုင်မည် ဖြစ်၏။

အမှန်အားဖြင့် ဓာတ်ပွဲမရပ်မနားကရသည်မှာ အလွန်ပင်ပန်းလှ၏။ ညစဉ်ညတိုင်း အိပ်ရေးပျက်ရသည့်အပြင် ပွဲကူးခရီးများ ဆက်နေရသောကြောင့် အိပ်ကောင်းခြင်း မအိပ်နိုင်ကြပေ။ တစ်ခါတစ်ရံ နေချင်းကူး ကရသည့်အခါမျိုးတွင် တစ်မှေးမျှပင် မမှေးလိုက်ရသော အဖြစ်များလည်း ရှိ၏။ ဓာတ်ရုံတစ်ရုံသို့ နေ့ချင်းကူးရသည်မှာ အနီး

လေး မဟုတ်တတ်။ တစ်နယ်မှတစ်နယ်။ တစ်မြို့မှတစ်မြို့သို့ သွားလာရခြင်းဖြစ်ရာ နေပူမရှောင်၊ မိုးရွာမရှောင် ကားပေါ်၌ လည်းကောင်း၊ မော်တော်၊ သင်္ဘောပေါ်၌ လည်းကောင်း ဖြစ်သလိုလိုက်ကြရ၏။

ကပြရမည့်ဇာတ်ရုံကိုရောက်သည်နှင့် ဇာတ်ကရန် ဆက်လက်ပြင်ဆင်ကြရပြန်၏။ တစ်ခါတစ်ရံ ရထားတစ်တန်၊ ကားတစ်တန်၊ လှည်းတစ်တန်ဖြင့် သွားရသောခရီးကြမ်းများလည်း ရှိ၏။ မည်သို့သော ခရီးကြမ်းကို သွားလာရသည်ဖြစ်စေ ဇာတ်သမားတို့အနေဖြင့် ဇာတ်ကလိုက်ရပြီဆိုသည်နှင့် ထိုထိုသော အမောအပန်း၊ အနွမ်းအနယ်တို့မှာ လွင့်စဉ်ပပျောက်သွားမြဲသာ ဖြစ်လေ၏။ ဤမျှဝါသနာကြီးမားလှစွာသော ဇာတ်သမားတို့၏ ဘဝကား လွန်စွာသနားစဖွယ် ဖြစ်ဘိ၏။

× × ×

ဇာတ်ဆရာနှင့် ပွဲငှားတို့၏ အနီးသို့ရောက်၍ ကျွန်ုပ်ဝင်ထိုင်လိုက်စဉ် ပွဲငှားပြောလိုက်သော စကားသံကို ကျွန်ုပ်အတိုင်းသားကြားလိုက်ရ၏။ ဇာတ်ဆရာက ကျွန်ုပ်အား အကဲစမ်းသည့်သဘော ကြည့်လိုက်၏။ ကျွန်ုပ်သဘောပေါက်စွာ ဝင်ပြောလိုက်၏။

"မှန်ပါတယ် ပွဲငှားကြီးရယ်၊ ခင်ဗျားတို့ စေတနာနဲ့ အားပေးမှုကို ကျွန်တော်တို့အဖွဲ့က လေးစားပါတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့ ဇာတ်အဖွဲ့ ပွဲကူးကြမ်းနေတာ မနည်းတော့ဘူးဗျ။ အဖွဲ့သားတွေကိုလည်း ထည့်ပြီး စဉ်းစားရဦးမယ်လေ၊ ငွေရဖို့ တစ်ခုတည်းကြည့်

လို့ ဘယ်ဖြစ်ပါ့မလဲ။ ကျွန်တော်တို့အဖွဲ့သားအားလုံးက သွေးနဲ့ကိုယ်သားနဲ့ကိုယ် တည်ဆောက်ထားတဲ့ လူတွေလေ။ ရက်ဆက်အိပ်ရေးပျက်တာ တစ်ကြောင်း၊ ခရီးဆက်ရလို့ ပင်ပန်းတာကတစ်ကြောင်းမို့အားလုံး လဲကုန်မှ ဟုတ်ပေ့ဖြစ်နေပါဦးမယ်ဗျာ'

ကျွန်ုပ်က စကားလက်စသတ်ကာ ပွဲငှား၏ အခြေအနေကိုအကဲခတ်နေစဉ် ဇာတ်ဆရာက ဝင်၍ ပြောပြန်၏။

'ပြဇာတ်မင်းသားပြောတာ မှန်တယ်ဗျ၊ ခုဆို ကျုပ်တို့အဖွဲ့အနေနဲ့ နေ့ချင်းကူးကခဲ့ရတာ သုံးခွင်ရှိသွားပြီ။ အမှန်က ဒီကြားရက်သုံးညပဲ နားစရာရှိတာ။ ကျန်တဲ့ရက်တွေက ပွဲခွင်အပြည့်ချည်းပဲ။ခင်ဗျားတို့ကို နှစ်ညပေးလိုက်တယ်ဆိုတာကလည်း ကျုပ်အနေနဲ့ ဇာတ်ဆရာကိုရော ဇာတ်အဖွဲ့သားတွေကိုပါ ကိုယ်ချင်းစာပြီး လက်ခံလိုက်တာ။ နေ့ချင်းကူးကရတာ ဘယ်လောက်ပင်ပန်းသလဲဆိုတာ ပွဲငှားတွေ သိပါလိမ့်မယ်'

'ဟုတ်ပါတယ်ရှင်၊ ရှင်တို့ရွာမှာ နှစ်ညကပြီးရင် မြောင်းမြကို ကူးရမှာလေ။ တစ်ရက်စောပြီး အေးအေးဆေးဆေး သွားရတော့မြောင်းမြမှာ တစ်ရက်ကြိုပြီး အနားယူရတာပေါ့။ ရှင်တို့ဆီမှာ နောက်တစ်ည ထပ်တိုးကရင် မြောင်းမြကိုလည်း ကျွန်မတို့ နေ့ချင်းကူးပြီးကရမှာဆိုတော့ ကျွန်မတို့အဖွဲ့သားတွေ မလွယ်ဘူး။ အရမ်းပင်ပန်းကြမှာ။ ကဲပါလေ ··· ရှင်တို့ရွာမှာ နှစ်ညကရမှာကို သုံးညစာဖြစ်အောင် ကျွန်မတို့အဖွဲ့သားတွေကပေးမယ်၊ ဟုတ်လား'

'အင်း မင်းသမီးက စကားပြောအရမ်းကောင်းတယ်ဗျာ၊ ဒါကြောင့်မို့လည်း ခင်ဗျားတို့အဖွဲ့ နာမည်ကြီးတာထင်ပါရဲ့။ ကဲပါလေ … ဇာတ်ဆရာပြောတာကို ကျွန်တော်လက်ခံပါတယ်။ ကျေလည်း ကျေနပ်ပါတယ်ဗျာ'

ပွဲငှားသူတို့ကား မင်းသမီး မလှိုင် မသန်းသန်းမြင့် အကျိုးအကြောင်းဝင်၍ ရှင်းပြသည်ကို သဘောအကျကြီးကျကာ ကျေနပ်သွားကြ၏။ ထိုအခါမှ ကျွန်ုပ်နှင့် ဇာတ်ဆရာလည်း ပြုံးပျော်နိုင်ကြတော့၏။ ပြီးနောက် ကျွန်ုပ်တို့အားလုံး ထွေရာလေးပါး စကားများပြော၍ အချိန်ဖြုန်းလာခဲ့ကြရာ ဇာတ်ကရမည့် ကျွဲပွဲရွာသို့ ညနေနေမစောင်းမီ ရောက်ခဲ့ကြတော့၏။

× × ×

ကျွဲပွဲရွာမှာ ဧရာဝတီမြစ်ကမ်းနံဘေး၌ရှိသော ရွာတစ်ရွာဖြစ်၏။ မြစ်ကမ်းနဖူးနှင့် မလှမ်းမကမ်းတွင် ထုံးဖြူဖြူ စေတီတော်တစ်ဆူကို အထင်းသားဖူးမြင်ရ၏။ ပွဲငှားတို့၏ ပြောပြချက်အရ ထိုစေတီတော်မှာ ကျွန်ုပ်တို့ဇာတ်အဖွဲ့ ကပြရမည့် ဘုရားပွဲတော်ကျင်းပသည့် စေတီတော်ဖြစ်မှန်း သိလိုက်ရ၏။ မကြာမီ ကျွဲပွဲရွာဆိပ်ကမ်းသို့ ဇာတ်မော်တော် ဆိုက်ကပ်လေ၏။

ဇာတ်ပွဲလာရောက်ကပြမည်ကို ကြိုတင်သိရှိထားသော ရွာနေလူအချို့ ဆိပ်ကမ်း၌ လာရောက်ကြိုဆိုနေကြသည်ကို လှမ်းမြင်နေရ၏။ ကျွန်ုပ်တို့၏ မော်တော်ဆိုက်ကပ်ရာ ကျွဲပွဲဆိပ်ကမ်းအနီးအပါး

၌လည်း လှေ၊ သမ္ဗန်၊ မော်တော်များ ဆိုက်ကပ်ထားသည်ကို တွေ့ရ၏။ ထိုလှေ၊ သမ္ဗန်၊ မော်တော်များမှ လူအချို့ကလည်း ကျွန်ုပ်တို့ ဇာတ်အဖွဲ့အား လက်ပြနှုတ်ဆက်၍ တစ်ဖုံ၊ အော်ဟစ်ပြောဆို၍တစ်မျိုး လှမ်း၍နှုတ်ဆက်နေကြ၏။

ရွာကမ်းနဖူးတွင် ကျွန်ုပ်တို့ဇာတ်အဖွဲ့အမည်ပါသော ကြော်ငြာပိုစတာများကို ထောင်၍ ကြေညာထားသည်ကိုလည်း လှမ်းမြင်ရ၏။ မြစ်ကမ်းနဖူး၌ အသင့်ကြိုရောက်နေကြသည့် ထိုရွာမှ ကလေးငယ်တစ်သိုက်မှာမူ ကျွန်ုပ်တို့ ဇာတ်အဖွဲ့ မော်တော်ဆိပ်ကမ်းသို့ ဆိုက်ကပ်လိုက်သည်နှင့် မြူးထူးခုန်ပေါက် အော်ဟစ်လျက် ပျော်ရွှင်နေကြ၏။

ဆိပ်ကမ်းသို့ ဇာတ်မော်တော်ဆိုက်ကပ်၍ ကုန်းပေါင်ထိုးပြီးသည်နှင့် ပွဲငှားမှ ကျွန်ုပ်နှင့် ဇာတ်ဆရာ၊ မင်းသမီးတို့ကို ဦးစွာကမ်းပေါ်သို့တက်ရန်ခေါ်သောကြောင့် ကျွန်ုပ်တို့ ဆင်းလိုက်သွားရ၏။ ကျွန်ုပ်တို့ သုံးလေးဦး ရွာကမ်းစပ်ပေါ်သို့ ရောက်သည်နှင့် ပြဿနာတစ်ခုက ကျွန်ုပ်တို့အား ဆီးကြိုမိတ်ဆက်လိုက်လေ၏။

'နေကြပါဦး၊ ခင်ဗျားတို့ဇာတ်အဖွဲ့က ဒီရွာမှာ ဘယ်နှစ်ကြိမ် ပြန်ကဦးမလို့လဲဗျ'

အသံရှင်ကား ကျွန်ုပ်တို့အနီးသို့ ဝိုင်းအုံလာသော လူအုပ်ကြားမှ တိုးဝင်လာကာ ကျွန်ုပ်တို့ရှေ့၌ရပ်လျက် ကျွန်ုပ်နှင့် ဇာတ်ဆရာတို့ကို စူးစိုက်ကြည့်လျက်ရှိ၏။ ကျွန်ုပ်နှင့် ဇာတ်ဆရာအပြင် မင်းသမီးတို့မှာ အံ့သြစွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်

မိလျက်သား ဖြစ်သွား၏။ ပွဲငှားကား အသံရှင်၏မျက်နှာကို သေချာစွာ ကြည့်လျက်။

'ခင်ဗျား ဒီရွာက မဟုတ်ပါဘူး။ ကျုပ် ခင်ဗျားကို ဒီရွာမှာ တစ်ခါမှ မမြင်ဖူးဘူး။ ခင်ဗျား ဘာတွေလာပြောနေတာလဲ။ ဇာတ်ဆရာတွေ စိတ်ညစ်အောင်မလုပ်ပါနဲ့ဗျာ။ ကျုပ်တောင်းပန်ပါတယ်'

'ဟာ မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော် နောက်နေတာ မဟုတ်ဘူး။ ဟေ့ကောင်တွေ ... ဒီကို လာကြပါဦးကွ။ ငါနဲ့အတူတူ ဝိုင်းပြီးပြောကြစမ်းပါဦး။ ဒီမှာ ငါပြောတာကို မယုံဘူးဖြစ်နေတယ်'

အသံရှင်က သူ၏နောက်ဘက် ခပ်လှမ်းလှမ်းဆီမှ သူ၏ အပေါင်းအသင်းအချို့ကို လက်ပြ၍ လှမ်းခေါ်လိုက်သဖြင့် ယောကျ်ားပျိုလေးငါးယောက်မှာ ထိုလူ၏အနီးသို့ လူအုပ်ကြားမှ တိုးဝှေ့ဝင်လာလိုက်ကြ၏။

'ဒီမှာကွာ ... ငါကပြောတယ်၊ ဒီဇာတ်အဖွဲ့ကို ဒီရွာမှာပဲ မကြာခင်က ကျုပ်တို့ကြည့်လိုက်ရတယ်လို့ ပြောတာ မယုံဘူးဖြစ်နေတယ်'

'ဟာ အဲဒါ အမှန်ပဲဗျ။ ကျွန်တော်တို့အားလုံး ကျနိခဲ့တဲ့ တစ်ပတ်လောက်က ဒီရွာ၊ ဒီဘုရားပွဲတော်မှာပဲ ခင်ဗျားတို့ဇာတ်အဖွဲ့ကို ကြည့်ခဲ့ကြတာ'

'ဟုတ်တယ်၊ ဟောဒီ ဇာတ်မင်းသားကြီးနဲ့ ဟောဒီ ဇာတ်မင်းသမီး အစစ်ပဲ။ ပြဇာတ်မင်းသားကလည်း ဒီမင်းသားပဲ။ ခင်ဗျား

တို့ကတဲ့ ပြဇာတ်နဲ့ နောက်ပိုင်းဇာတ်ထုပ်တွေပါ ကျုပ်တို့ အရမ်းကြိုက်လို့ ခုထိ အလွတ်ရနေသေးတယ်'

ကြားမှ ဝင်ရောက်ပြောဆိုသူက ကျွန်ုပ်တို့အဖွဲ့ ကနေကျပြဇာတ်၊ ဇာတ်ထုပ်အမည်များကို ထပ်မံရွတ်ဆိုပြနေရာ ကျွန်ုပ်တို့မှာ ပို၍အံ့သြရပြန်၏။ ပွဲငှားသူမှာမူ ကျွန်ုပ်တို့ကိုတစ်လှည့်၊ ကြားမှဝင်ပြောသူများကို တစ်လှည့်ကြည့်ကာ ခေါင်းရှုပ်ဟန်ဖြင့် သူ၏ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ကုတ်ခြစ်နေလေ၏။

'ကဲ ဒါဆိုရင် ခင်ဗျားတို့ကို ကျွန်တော် တစ်ခုမေးမယ်ဗျာ။ စိတ်တော့မရှိပါနဲ့။ ခင်ဗျားတို့က ဒီရွာကလူတွေလား'

ကျွန်ုပ်က ထိုလူတို့အား အကဲစမ်းသည့်သဘောဖြင့် ဦးစွာမေးမြန်းလိုက်၏။ ထိုအခါ ထိုလူများထဲမှ အသက်ကြီးကြီးလူက ချက်ချင်းပြန်ဖြေ၏။

'ကျုပ်တို့က ဒီရွာကလူတွေက မဟုတ်ပါဘူး။ ဒါပေမဲ့ ဟောဒီ ဧရာဝတီမြစ်ရိုးက အပြန်မှာတော့ ဒီဘုရားပွဲတော်ကျင်းပနေတာရယ်၊ ဇာတ်ပွဲကနေတာရယ် မြင်ရလို့ ကျုပ်တို့တတွေ ဒီရွာကို တက်ပြီး ခင်ဗျားတို့ဇာတ်ပွဲကို ကြည့်ခဲ့ကြတာ။ ဟောဟိုမှာ ခင်ဗျားတို့ ဇာတ်အဖွဲ့ ပိုစတာကြီးတွေ ထောင်ထားတယ်လေ'

ရှင်းပြနေသူက ရွာကမ်းနဖူးဆီမှ စေတီတော်နှင့် ကြော်ငြာဆိုင်းဘုတ်ကို လက်ညှိုးထိုးပြရင်း အားရပါးရ ရှင်းပြနေလေရော

ကျွန်ုပ်တို့မှာ ဘာပြန်ပြောရမှန်းမသိအောင် တွေဝေသွားကြရ၏။ ထိုစဉ် တစ်ဦး ထပ်မံဝင်ရောက်ပြောပြန်၏။

'တကယ့်ကို ပွဲကြီးပွဲကောင်းပါပဲဗျာ။ ခင်ဗျားတို့ဇာတ်အဖွဲ့ နာမည်ကြီးချက်ကတော့ တကယ့်အံ့မခန်းစရာပါပဲ။ ပွဲဈေးကြီးကလည်း ဟီးလို့၊ ပွဲသွားပွဲလာတွေကလည်း များမှများပါဘိသနဲ့။ နွားလှည်း တွေများ တန်းစီနေတယ်။ ကျုပ်တို့အုပ်စုတွေ ဇာတ်ပွဲထဲရောက်အောင် မနည်းကို တိုးကြိတ်ဝင်ခဲ့ရတယ်ဗျ'

ကျွန်ုပ်တို့အား ဆီးကြိုဝင်ရောက် ပြောဆိုသူတို့မှာ ယောကျ်ား ကြီးတစ်ယောက်နှင့် ယောကျ်ားပျိုအပါအဝင် ငါးယောက်မျှရှိ၏။ ထိုလူငါးယောက်စလုံး တစ်ယောက်တစ်ခွန်းကျ ဝင်ပြောနေသည်မှာ ဖြစ်စဉ်အမှန်ကို ရှင်းပြနေသည့်နှယ်ဖြစ်၏။ သူတို့၏မျက်နှာ၌ ဟန် ဆောင်မှု၊ ကောက်ကျစ်စဉ်းလဲမှုများ တစ်စွန်းတစ်စမျှ မပါရှိသည် ကို ထိုလူတို့၏ သွင်ပြင်ရုပ်လက္ခဏာများက သက်သေပြလျှက်ရှိ၏။

သို့သော် ကျွန်ုပ်တို့အနေဖြင့် မဟုတ်မမှန်သော ဖြစ်ရပ်ဖြစ်နေ ခြင်းကြောင့် မည်သို့မည်ပုံ ရှင်းပြရမည်ကို စဉ်းစားမရအောင် အကျပ် တွေ့နေမိကြ၏။ ဤကျွဲပွဲရွာသို့ ကျွန်ုပ်တို့ဇာတ်အဖွဲ့အနေဖြင့် ယခင် ကလည်း တစ်ခါဖူးမျှ ကခဲ့ဖူးခြင်းမရှိခဲ့။ ထိုသူများပြောဆိုသည့်ရက် ပိုင်းက ကျွန်ုပ်တို့ဇာတ်အဖွဲ့ ပုသိမ်၊ ဝါးခယ်မနယ်တစ်ကြော၌ ကနေ ရသော ရက်များသာဖြစ်၏။

သို့စေကာမူ ကျွန်ုပ်တို့ဇာတ်အဖွဲ့အား ကိုယ်တိုင်ကြည့်ခဲ့ရသော ထိုလူတို့ပြောကြားသည့် စကားများကလည်း အမှန်ချည်းဖြစ်နေ၏။ ကျွန်ုပ်တို့အပါအဝင် ဇာတ်မင်းသားကြီး၊ မင်းသမီးတို့မှအစ ကျွန်ုပ်တို့ကသော ဇာတ်လမ်းဇာတ်ကွက်များမှာလည်း ကွက်တိဖြစ်နေလေရော ကျွန်ုပ်တို့အတွက် ယုံရခက်၊ မယုံရခက်သော ထူးဆန်းထွေလာ အံ့ဩစရာများ ဖြစ်နေလေ၏။ ထို့ကြောင့် ကျွန်ုပ်ရော ဇာတ်ဆရာပါ ခေါင်းရှုပ်ကာ ခပ်မဆိတ်နေလိုက်ကြ၏။

ထိုစဉ် -

'ကဲ ... ခင်ဗျားတို့ကို ကျွန်တော် တစ်ခုပြောမယ်။ ဟောဒီ ဇာတ်ဆရာတွေ၊ မင်းသား၊ မင်းသမီးတွေကလည်း ညက မိုးလင်းဇာတ်ကခဲ့ရပြီး ဒီရွာကို ဆက်ပြီးကူးလာခဲ့ရတာ အရမ်းပင်ပန်းနေပြီဗျာ။ ခင်ဗျားတို့ပြောတာတွေကလည်း ကျုပ်ကတော့ ဘယ်လိုမှ လက်ခံလို့ မရဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်က ဟောဒီ ဘုရားပွဲတော်ဖြစ်မြောက်ရေး အမှုဆောင်ကြီးမို့လို့ပဲ။ ဒီဘုရားပွဲတော်မှာ ဒီလောက်နာမည်ကြီးနေတဲ့ ဇာတ်ပွဲကို ဒီရွာကလူတွေ ကြည့်စေချင်လွန်းလို့ ကျုပ်ကိုယ်တိုင် ဒီဇာတ်ပွဲနောက်လိုက်ပြီး ဟောဒီဇာတ်ဆရာဆီမှာ မရမက ငှားခဲ့ရတာ။ ဒီဇာတ်ပွဲက ဒီရွာမှာ ဘယ်တုန်းကမှ မကခဲ့ဘူးဆိုတာ ကျုပ်တို့တစ်ရွာလုံး သိတယ်။ ကဲ အဲဒီတော့ ခင်ဗျားတို့လမ်း ခင်ဗျားတို့ သွားကြဗျာ။ သူတို့တစ်တွေ အေးအေးဆေးဆေး

အနားယူကြပါစေ။ ခင်ဗျားတို့ ရူးကြောင်ကြောင်ဖြစ်နေရင်လည်း တခြားမှာသာ သွားဖြစ်ကြတော့ဗျာ။ ကဲ လာ ဓာတ်ဆရာ'

ပွဲငှားက ပြောပြောဆိုဆို ဓာတ်ဆရာ၏လက်ကိုဆွဲကာ ထိုလူများအနီးမှ ဖြတ်ကျော်သွားသဖြင့် ကျွန်ုပ်နှင့် မင်းသမီးတို့လည်း သူတို့နောက်မှ လိုက်သွား၏။ ထိုလူငါးဦးကား ငေးကြောင်၍ ရပ်ကျန်နေခဲ့ကြ၏။

သို့သော် ကျွန်ုပ်တို့ ခြေလှမ်းငါးလှမ်း ခြောက်လှမ်းမျှ လှမ်းမိသောအခါ ကျွန်ုပ်တို့နောက်ဘက်ဆီမှ

'ဟေ့ လူတွေ ကျုပ်တို့က အရူးတွေမဟုတ်ဘူးနော်၊ မျက်စိမမြင်၊ နားမကြားတဲ့ အကန်းတွေလည်းမဟုတ်ဘူး။ ဟောဒီ ကျုပ်တို့မျက်စိနဲ့မြင်ပြီး နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာဗျ။ ဒီကိစ္စကို ခင်ဗျားတို့က မဟုတ်ဘူးပြောတာ ကျုပ်တို့မရူးဘူး။ ခင်ဗျားတို့တတွေသာ ရူးနေကြတာ။ ကပြီးသားဓာတ်ပွဲကို နှစ်ခါပြန်ကြည့်ချင်တဲ့ဓာတ်ရူးတွေ'

'ဓာတ်ရူးတွေ ... ဓာတ်ရူးတွေ'

လူငါးဦး ပြိုင်တူအော်ဟစ်ပြောဆိုလိုက်သော အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် ကျွန်ုပ်တို့အားလုံး နောက်ဘက်သို့ ငဲ့စောင်းကြည့်လိုက်မိကြ၏။ ပွဲငှားသူကား ဒေါသဖြစ်သွားသဖြင့် တောက်တစ်ချက်ခေါက်လိုက်၏။ ပြီးနောက် သူ၏ အရပ်ပုသော ကိုယ်လုံးကို ထိုသူတို့မြင်သာအောင် ခြေဖျားထောက်လျက်မှ လက်ကိုမြှောက်ကာ အသံကုန်ဟစ်၍ ပြန်လှည့်ပြောလိုက်၏။

'အေး .. ဒီကိစ္စမှာ မင်းတို့မရှုံးရင် တို့တွေရှုံးမယ်။ တို့တွေမရှုံးရင် မင်းတို့တွေရှုံးမယ်။ အဲဒီတော့ ဘယ်သူတွေအရှုံး ဆိုတာ ပတ်ဝန်းကျင်ကိုသာ မေးကြည့်ကြတော့ဟေ့'

ပွဲငှားသူ၏စကားကြောင့် ကျွန်ုပ်မှာ ကြိတ်ပြုံးလေးပြုံးမိ လိုက်၏။ ဇာတ်ပွဲအား လာရောက်ကြိုဆိုနေကြသော ရွာနေပရိသတ် မှာ ကျွန်ုပ်တို့ ဘေးတစ်ဖက်တစ်ချက်စီမှ ဝိုင်းအုံ၍ လိုက်လာနေကြ သည်ဖြစ်ရာ ကမ်းစပ်၌ ထိုလူငါးဦးမှာ အထီးကျန်မဲ့စွာ ထီးတည်း ကြီး ရပ်ကျန်နေခဲ့ကြလေ၏။

ထိုရွာ၌ ဇာတ်ပွဲကနေစဉ်အတွင်း ထိုရွာမှ သက်ကြီးရွယ်အို များထံ ထိုကိစ္စကို စုံစမ်းမေးမြန်းကြည့်သောအခါ ထိုအဖြစ်အပျက်မှာ ဖြစ်တတ်သည့် သဘောရှိကြောင်း သိလာရ၏။ သို့သော် လူတို့နှင့် အကြောင်းကျိုးဆက်နွယ်သည့် ကမ္မဇိဒ္ဓိရှိသောပုဂ္ဂိုလ်တို့၏ လှည့်စား မှုသာ ဖြစ်နိုင်ကြောင်း သိရသောအခါ ကျွန်ုပ်မှာ ခေါင်းနားပန်းကြီး သွားရ၏။

ကျွန်ုပ် ဇာတ်ကခဲ့သည့်နှစ်ပေါင်း နှစ်ဆယ်အတွင်း ကျွန်ုပ် အတွက် အလွန်ထူးဆန်းအံ့သြဖွယ်ရာ အဖြစ်မျိုး ကြုံတွေ့ခဲ့ရသည်မှာ ထိုအဖြစ်အပျက်သည် ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ်ပင် ဖြစ်၏။ ထိုအဖြစ်အပျက်ကား ကျွန်ုပ်တို့စိတ်ထဲ မှတ်မှတ်ရရ ရှိနေပါလေ၏။

တကယ်တမ်းမှာမူ ကျွဲပွဲရှာ၌ ကျွန်ုပ်တို့ဇာတ်ကခဲ့သည့်နေရာမှာ ကျတ်ကုန်းဖြစ်နေခြင်းကပင် ထူးဆန်းသော ဂမ္ဘီရအကြောင်းဆက်ဖြစ်နေသည်လား မပြောတတ်။ သို့သော် ထိုအကြောင်းကို ပြန်တွေးမိတိုင်း ကျွန်ုပ်ကိုယ်တိုင် ကြက်သီးတဖျန်းဖျန်းထရသည်မှာတော့ အမှန်ပင်ဖြစ်ပါ၏။

**မှတ်ချက်**

ပြဇာတ်မင်းသား (၂၀) ရာစု မောင်စိမ်းအောင်၏ ကိုယ်တွေ့ဖြစ်ရပ်မှန် ဇာတ်လမ်းဖြစ်ပါသည်။ စာရေးသူအား ဝတ္ထုအသွင်ပြန်လည်ရေးစေသလိုသဖြင့် ရေးသားဖွဲ့နွဲ့လိုက်ပါသည်။

◆ ◆ ◆

# ကကြိုးရုပ်ချစ်သူဝိညာဉ်

ရတနာစိန်သောင်းဟု အမည်တွင်သော ကျောက်သူဌေး ဦးစိန်သောင်း၏ခြံထဲ၌ အိမ်သစ်ဆောက်ပေးလျက်ရှိသော အင်ဂျင်နီယာလေး ကျော်စိုးလွင်တို့အဖွဲ့မှာ တစ်လနီးပါးခန့် ရှိသွားကြလေပြီ။ ပေ ၁၀၀ နီးပါးခန့် ကျယ်ဝန်းလှသော ခြံကျယ်ကြီးအတွင်း၌ နှစ်ထပ်အိမ်တစ်ဆောင် ထပ်မံတိုးချဲ့ဆောက်လုပ်နေခြင်းမှာ ဦးစိန်သောင်း၏ သား သုံးယောက်ရှိသည့်အနက် အငယ်ဆုံးသားကို မင်္ဂလာလက်ဖွဲ့ပေးရန် ဖြစ်လေ၏။ အငယ်ဆုံးသား မောင်မြတ်ကိုမှာ အလှအပကြိုက်နှစ်သက်သူဖြစ်၍ လက်ရာမြောက်သည့် အင်ဂျင်နီယာလေး ကျော်စိုးလွင်ကို တည်ဆောက်ရန် အပ်နှံခြင်းဖြစ်၏။

ရန်ကုန်သား အင်ဂျင်နီယာလေး ကျော်စိုးလွင်မှာ အသက်သုံးဆယ်ခန့်ရှိပြီး အိမ်ထောင်သည် ကလေးနှစ်ယောက်ဖခင်ဖြစ်၏။ သူ၏လုပ်ငန်းအပေါ် စိတ်ဝင်တစားရှိပြီး အောက်လက်ငယ်သားများနှင့် ညီရင်းအစ်ကိုသဖွယ် နွေးထွေးလှသဖြင့် ကျော်စိုးလွင်တာဝန်ယူထားသည့် မိုးဆောက်လုပ်ရေးအဖွဲ့မှာ နာမည်ရကာ အလုပ်လက်မ

## ကကြိုးရုပ်ချစ်သူဝိညာဉ်

ရတနာစိန်သောင်းဟု အမည်တွင်သော ကျောက်သူဌေး ဦးစိန်သောင်း၏ခြံထဲ၌ အိမ်သစ်ဆောက်ပေးလျက်ရှိသော အင်ဂျင်နီယာလေး ကျော်စိုးလွင်တို့အဖွဲ့မှာ တစ်လနီးပါးခန့် ရှိသွားကြလေပြီ။ ပေ ၁၀၀ နီးပါးခန့် ကျယ်ဝန်းလှသော ခြံကျယ်ကြီးအတွင်း၌ နှစ်ထပ်အိမ်တစ်ဆောင် ထပ်မံတိုးချဲ့ဆောက်လုပ်နေခြင်းမှာ ဦးစိန်သောင်း၏ သား သုံးယောက်ရှိသည့်အနက် အငယ်ဆုံးသားကို မင်္ဂလာလက်ဖွဲ့ ပေးရန် ဖြစ်လေ၏။ အငယ်ဆုံးသား မောင်မြတ်ကိုမှာ အလှအပကြိုက်နှစ်သက်သူဖြစ်၍ လက်ရာမြောက်သည့် အင်ဂျင်နီယာလေး ကျော်စိုးလွင်ကို တည်ဆောက်ရန် အပ်နှံခြင်းဖြစ်၏။

ရန်ကုန်သား အင်ဂျင်နီယာလေး ကျော်စိုးလွင်မှာ အသက် သုံးဆယ်ခန့်ရှိပြီး အိမ်ထောင်သည် ကလေးနှစ်ယောက်ဖခင်ဖြစ်၏။ သူ၏လုပ်ငန်းအပေါ် စိတ်ဝင်တစားရှိပြီး အောက်လက်ငယ်သားများနှင့် ညီရင်းအစ်ကိုသဖွယ် နွေးထွေးလှသဖြင့် ကျော်စိုးလွင်တာဝန်ယူထားသည့် မိုးဆောက်လုပ်ရေးအဖွဲ့မှာ နာမည်ရကာ အလုပ်လက်မ

လည်အောင်ရှိ၏။ ရတနာစိန်သောင်း (ခေါ်) ကျောက်သူဌေး ဦးစိန်သောင်းမှာ မိုးကုတ်ဓာတိဖွားဖြစ်၍ မန္တလေး၌ စီးပွားရေးအခြေချလုပ်ကိုင်ရင်း ကြီးပွားချမ်းသာလာလေရာ မန္တလေးမှာပင် မိသားစုအားလုံးနေထိုင်လာခဲ့၏။

သူဌေးဦးစိန်သောင်းနှင့် ဒေါ်မမကြီးတို့မှ မွေးဖွားသည့်သားသုံးယောက်အနက် သားကြီးနှင့် သားလတ်တို့ နှစ်ဦးမှာ အိမ်ထောင်အသီးသီး ကျသွားပြီးနောက် နိုင်ငံခြားသို့ ပြောင်းရွှေ့သွားကြ၏။ သားကြီးက စင်ကာပူမှာနေ၍ သားလတ်က အမေရိကားမှာနေ၏။ သားငယ်မောင်မြတ်ကို တစ်ယောက်သာလျှင် ဦးစိန်သောင်းတို့နှင့် အတူနေကျန်ရစ်၏။ မောင်မြတ်ကိုမှာလည်း ဘွဲ့ရပညာတတ်တစ်ဦးဖြစ်ရာ မကြာခင် အိမ်ထောင်ရက်သားပြုရန် မိခင်၊ ဖခင်တို့ကပင် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်၏။

ထို့ကြောင့် မောင်မြတ်ကို မင်္ဂလာဆောင်ပြီးလျှင် မိခင်၊ ဖခင်တို့နှင့် မခွဲမခွာ အတူနေလည်းဖြစ်၊ ဇာနီးခါစလင်မယား သီးခြားနေရန်လည်း ရည်ရွယ်၍ အိမ်သစ်တစ်လုံးကို ထပ်မံတည်ဆောက်ပေးခြင်း ဖြစ်၏။ ထိုအိမ်သစ်ကို တည်ဆောက်ရန် မြို့ရန်ကုန်မှ ဆောက်လုပ်ရေးလောကတွင် ရေပန်းစားနေသော မိုးဆောက်လုပ်ရေးအဖွဲ့ကို ငှားရမ်းခဲ့ခြင်းဖြင့် အင်ဂျင်နီယာလေး ကျော်စိုးလွင်တို့အဖွဲ့ မန္တလေးကို ရောက်လာခဲ့ခြင်း ဖြစ်လေ၏။

'ဆရာလေး ဒီကနေ့ ဦးလေးတို့ အပြင်သွားစရာကိစ္စလေးရှိနေလို့ ဆရာလေးကို မှာခဲ့ပါရစေ'

'ပြောပါ အန်ကယ်၊ ကျွန်တော် ဘာဆောင်ရွက်ပေးရမလဲ'

'ဒီလိုပါ အမေရိကမှာနေတဲ့ သားဆီက ပစ္စည်းတစ်ခုပို့လိုက်တာ ဒီကနေ့ ရောက်လာမယ်လို့ ညက သားဆီက ဖုန်းဆက်ပါတယ်။ ဘယ်အချိန်ရောက်မလဲတော့ အန်ကယ်မသိဘူး။ အဲဒါ အန်ကယ်တို့မရှိတုန်း ရောက်လာမှာစိုးလို့ ဆရာလေးကို ကြိုတင်မှာထားခဲ့တာပါ။ ဆရာလေးလက်ခံထားပေးပါ'

'ဟုတ်ကဲ့၊ စိတ်ချပါအန်ကယ်၊ ကျွန်တော် ဆောင်ရွက်ထားပေးပါ့မယ်'

'ဒါဆိုရင် အန်ကယ်တို့လင်မယား စိတ်ချလက်ချသွားလို့ရပြီပေါ့။ ဟောဒါ ဆရာလေးတို့အတွက် အသုံးစရိတ်နဲ့ လုပ်အားခငွေတချို့ပါ။ ကျန်တာတွေကတော့ လုပ်ငန်းပြီးမှပဲ စာရင်းရှင်းကြတာပေါ့။ ကဲ သွားမယ်နော်'

သူဌေးဦးစိန်သောင်းက ကျော်စိုးလွင်ကို ပြောဆိုပြီးနောက် ငွေအချို့အဝက် ကမ်းပေးကာ အနီးမှထွက်သွား၏။ များမကြာမီ ဦးစိန်သောင်းတို့လင်မယား ကားမောင်း၍ ခြံထဲမှ ထွက်သွားကြလေ၏။ ကျော်စိုးလွင်ကား သူ၏လုပ်သားများကို လုပ်ငန်းခွင်အစီအစဉ်များ စနစ်တကျ မှာကြားလုပ်ကိုင်စေပြီးနောက် သူကိုယ်တိုင်လည်း အိမ်ပုံစံငယ်တစ်ခုကို ရေးဆွဲနေမိလေ၏။

မည်မျှကြာသွားသည်မသိ အိမ်ရှေ့ခြံဝမှ ကားဟွန်းသံကြောင့် ကျော်စိုးလွင်တစ်ယောက် ဝန်းကျင်ကို သတိပြန်ပြုမိသွား၏။ တစ်ဆက်တည်း အိမ်ရှေ့ခြံဝဆီသို့ ကပျာကယာလှမ်းကြည့်လိုက်၏။ လုပ်သားတစ်ယောက် ခြံတံခါးသွားရောက်ဖွင့်ပေးနေသည်ကိုမြင်၍ ထိုင်ရာမှ ထရပ်ကာ အနီးရှိ ပြတင်းပေါက်မှ အကဲခတ်ကြည့်ရှုနေလေ၏။ မကြာမီ သူ့ထံသို့ လုပ်သားတစ်ယောက် ရောက်လာ၏

'ဆရာ … ဧည့်သည်တွေက ပစ္စည်းလာပို့တာတဲ့'

'အေး အေး ငါလိုက်ခဲ့မယ်'

ကျော်စိုးလွင်က ပြောပြောဆိုဆို လာခေါ်သူ လုပ်သားနှင့် ခြံဝသို့ လိုက်ပါသွား၏။ ခြံဝ၌ ရပ်ထားသည့်ကားမှာ ပါဂျဲရိုးကားဖြစ်၍ ကားပေါ်ပါလာသူတို့မှာ ကားပေါ်၌ ထိုင်မြဲထိုင်နေကြသည်ကို ကျော်စိုးလွင် လှမ်းမြင်နေရ၏။

ကားအနီးသို့ ကျော်စိုးလွင်ရောက်သည်နှင့် ကားမောင်းသူက ကားပေါ်မှ ခေါင်းပြူထွက်၍ -

'အန်ကယ်ဦးစိန်သောင်းတို့က ဘယ်တော့ပြန်လာကြမှာလဲ။ ကျွန်တော်ကလည်း အချိန်မရဘူးဗျ၊ အဲဒါ …'

လှမ်းပြောဆိုပြီးနောက် ခေတ္တစကားရပ်ကာ ကျော်စိုးလွင်ကို လှမ်းကြည့်လိုက်၏။

ထိုသူ၏အကြည့်တွင် အားကိုးမှုများ ပါဝင်နေမှန်း သိလေရာ -

'ဘာမှ စိတ်မပူပါနဲ့ခင်ဗျာ။ အန်ကယ်က ပစ္စည်းလာပို့ရင် ယူထားပေးဖို့ ကျွန်တော့်ကို ကြိုပြီးမှာသွားပါတယ်။ အန်ကယ်တို့က ကိစ္စတစ်ခုနဲ့ သွားတာမို့ အချိန်ကြာဖို့ကတော့ များပါတယ်။ အဲဒါကြောင့် ကျွန်တော်ပဲ လက်ခံယူထားလိုက်ပါ့မယ်။ ဘာပစ္စည်းများ ပေးထားခဲ့မလဲ မသိဘူး'

ကျော်စိုးလွင်က အလျှင်အမြန်ပင် ပြန်ပြောလိုက်၏။ သည်တော့မှ ကားမောင်းသူ ညွှဲ့သည်က ကားပေါ်မှ ဆင်းကာ နောက်ခန်းတံခါးကိုဖွင့်၍ နောက်ခန်းကူရှင်ပေါ်တွင် တင်ထားသော သုံးပေမျှ အလျားရှိ၍ အနံတစ်ပေမျှရှိသော ကျွန်းသေတ္တာကို လှမ်းမယူပြီး ကျော်စိုးလွင်အား ကမ်းပေးလိုက်၏။ ထိုအခါမှ ကားနောက်ခန်းတွင် လှပချောမောသော မိန်းကလေးတစ်ဦး ပါလာမှန်း သိရလေ၏။

'ကဲ သွားပြီဗျာ၊ ဪ ဒါနဲ့ ဒီကနောင်ကြီး နာမည်က'

'ကျွန်တော့်နာမည်က ကျော်စိုးလွင်ပါ။ ဒီအိမ်ကို ဆောက်နေတဲ့ အင်ဂျင်နီယာပါ'

'ဟုတ်ကဲ့၊ သိကျွမ်းရတာ ဝမ်းသာပါတယ်ဗျာ၊ အန်ကယ်ဦးစိန်သောင်းကိုတော့ ညကျမှ ကျွန်တော် ဖုန်းဆက်ပါမယ်လို့ ပြောလိုက်ပါခင်ဗျာ။ ကဲ သွားပြီနော်'

ကျော်စိုးလွင်နှင့် ရွယ်တူ ပစ္စည်းလာပို့သူက နှုတ်ဆက်ပြီးနောက် သူ့ကားကိုမောင်းကာ ခြံထဲမှ ပြန်ထွက်သွားလေ၏။ ကျော်စိုးလွင်ကား ရင်ဝယ်ပိုက်ထားသော ကျွန်းသေတ္တာငယ်ကို မ၍ မောင်း

ထွက်သွားသည့် ကားနောက်ခန်းဆီသို့ ငေးကြည့်နေမိလေ၏။ သူ့မြင်ကွင်းဆီမှ ကားမှာ ဝေး၍ ပျောက်သွားသော်လည်း ကားနောက်ခန်းဆီမှ ချောမောလှပသည့် မိန်းမပျို၏ ရုပ်အဆင်းသည်ကား ကျော်စိုးလွင် အာရုံထဲတွင် မည်သို့မျှ ပျောက်ပျက်၍ မသွားနိုင်အောင် ရှိနေတော့၏။

× × ×

'ဆရာလေးကို အထူးကျေးဇူးတင်ပါတယ်ဗျာ။ ဦးတင်မဟုတ်ဘူး၊ မနေ့က ပစ္စည်းလာပို့တဲ့ မောင်တင်ချိုကလည်း ဆရာလေးကို ကျေးဇူးတင်တဲ့အကြောင်း ညက ဦးလေးဆီ ဖုန်းဆက်ပြောသေးတယ်'

'ဒီလောက်လည်း ကျေးဇူးတင်စရာမလိုပါဘူး ဦးရယ်။ ဒီကိစ္စလောက်က ကျွန်တော်နဲ့ ဦးရဲ့ကြားမှာ လုပ်ဆောင်ပေးရမယ့် ဝတ္တရားရှိပါတယ်။ ကျွန်တော်က ဦးရဲ့ဆန္ဒကို ပြည့်ဝအောင် အကောင်အထည်ဖော်ပေးရမယ့် ဆောက်လုပ်ရေးအကျိုးဆောင် ငှားရမ်းခံရသူတစ်ယောက်ပါ'

'ဒီလိုလည်း မဟုတ်သေးဘူးလေ။ တကယ်တော့ အခုကိစ္စက ဦးရဲ့ မိသားစု ကိုယ်ရေးကိုယ်တာကိစ္စ မဟုတ်လား။ ပြီးတော့ မနေ့က ပစ္စည်းလာပို့တဲ့ မောင်တင်ချိုခမျာမှာလည်း မနေ့က အချိန်လုပြီး လာပို့ပေးရတာ ပြောတယ်။ ဒီပစ္စည်းကို ဦးရဲ့သားက အမေရိကားကနေ မောင်တင်ချိုရဲ့အစ်မတွေနဲ့ ထည့်ပေးလိုက်တာလေ။ အင်း

မောင်တင်ချိုမှာလည်း မနေ့ကမှ တိုက်တိုက်ဆိုင်ဆိုင် သူ့ရည်းစားနဲ့ အချိန်းအချက်လုပ်ထားတာရှိတော့ ပျက်သွားမှာစိုးတယ်။ သူ့အစ်မ ကလည်း သူတို့လက်ထဲမှာ ကြာကြာမထားချင်တော့ မနေ့ကမှ အားချင်း ပို့ခိုင်းလိုက်တာ။ အဲဒါ သူ့ခမျာ မလာချင် လာချင်နဲ့ လာခဲ့တာ။ ဒီရောက်တော့ ဦးနဲ့မတွေ့တော့ သူ တော်တော်စိတ်ညစ် သွားပုံရတယ်။ ဟားဟား'

ဦးစိန်သောင်းက စကားစဖြတ်ကာ တစ်ယောက်တည်း သဘောကျစွာ ရယ်ပြုံးပြုံးလိုက်၏။ ကျော်စိုးလွင်က ဦးစိန်သောင်း ၏ စကားတို့ကို ဆက်စပ်ကာ တွေးတောနေ၏။

အတန်ကြာမှ -

'နေပါဦးဦးရဲ့၊ သူ အဲဒီလိုစိတ်ညစ်တာနဲ့ ကျွန်တော်နဲ့က ဘယ်လိုသက်ဆိုင်နေလို့လဲ'

ကျော်စိုးလွင်က စဉ်းစားရင်း ရှုပ်ထွေးလာသည်မို့ ဦးစိန်သောင်း ကို ပြန်၍မေးလိုက်၏။

'ဆိုင်ပါပြီကော ဆရာလေးရယ်။ မောင်တင်ချို ပစ္စည်းလာ ပို့တော့ ဦးမှမရှိတာပဲ။ အဲဒီတော့ သူ့ခမျာ ပစ္စည်းပေးရအောင် ဦးလေး တို့ အလာကိုပဲ စောင့်ရမလား၊ ပစ္စည်းကို ပြန်ယူပြီး သူ့အစ်မတွေဆီ ပဲ ပြန်သွားအပ်ရမလားနဲ့ စိတ်ညစ်နေတုန်း ဆရာလေးက ဒီပစ္စည်းကို ယူပြီး လက်ခံလိုက်တော့မှ သူ့မှာအပျော်ကြီးပျော်သွားရတယ်လို့ ညက ဖုန်းဆက်ပြီး ပြောပြရှာတယ်။ ဒါတောင် သူ့ရည်းစားက ချိန်းထား

တဲ့အချိန်ထက် နည်းနည်းနောက်ကျလို့ စိတ်ကောက်တာ မနည်းချော့ရတယ်လို့ ပြောတယ်'

'ဒီလောက်တောင်ပဲလား ဦးရယ်'

'ဪ ဆရာလေးကလည်း မောင်တင်ချိုက လူပျိုလူလွတ်လေ၊ ခုမှ ရည်းစားပူပူနွေးနွေးရတုန်း ရည်းစားနဲ့ ကွဲသွားမှာ စိုးရိမ်မှာပေါ့။ အကယ်၍သာ မနေ့က ဆရာလေးက လာပို့တဲ့ပစ္စည်းကို အချိန်မီ လက်ခံမပေးဘူးဆိုရင် သူ့ရည်းစားနဲ့ ချိန်းထားတဲ့အစီအစဉ် ပျက်သွားမယ်။ အဲဒီလိုဆိုရင် သူ့ရည်းစားနဲ့သူ အဆင်ပြေချင်မှ ပြေတော့မယ်လေ၊ မဟုတ်ဘူးလား'

'အင်း ကျွန်တော်တော့ ဘာပြောရမှန်း မသိဘူး။ ဒါပေမဲ့ မနေ့တုန်းက သူ ဒီကို ပစ္စည်းလာပို့စဉ်ကတော့ ခပ်ချောချောမိန်းကလေး တစ်ယောက်ပါလာတယ်။ ဦးလေးပြောသလိုဆိုရင်တော့ အဲဒီ မိန်းကလေးဟာ သူ့ရည်းစားမဖြစ်နိုင်ဘူး'

'ဘယ်လို မောင်တင်ချို ဒီအိမ်ကိုလာတုန်းက မိန်းကလေး တစ်ယောက် ပါလာတယ်၊ ဟုတ်လား'

ဦးစိန်သောင်း တအံ့တသြမေးလိုက်သည့်စကားကြောင့် ကျော်စိုးလွင်အတွေးများ ပို၍ရှုပ်သွား၏။

ဦးစိန်သောင်းကိုယ်တိုင်လည်း အတန်ကြာအောင် နှုတ်ဆိတ်ကာ စဉ်းစားနေပြီးမှ -

'အင်း ထားပါတော့လေ။ ဦးကတော့ ဆရာလေးကို ကျေးဇူး တင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီပို့လိုက်တဲ့ ပစ္စည်းသေတ္တာ ကိုလည်း ဆရာလေးတို့အဖွဲ့ကိုပဲ ဖွင့်ခိုင်းချင်လို့ပါ။ ဖြစ်ပါတယ်နော်'

'သြော် ဒါလေးများ အန်ကယ်ရယ်၊ အပန်းကြီးတာမှတ်လို့၊ ကျွန်တော်ကိုယ်တိုင် ဖွင့်ပေးပါ့မယ်'

ကျော်စိုးလွင်က ပြောပြောဆိုဆို ထိုင်ရာမှထ၍ ညှော့ခန်း အတွင်း၌ ထောင်ထားလျက်ရှိနေသော ကျွန်းသေတ္တာရှိရာသို့ လျှောက် သွားကာ မယူပြီးနောက် ဖွင့်ရန်တာဆူလိုက်၏။ သူ၏လက်ထဲ၌ သေတ္တာဖွင့်ရန် ပစ္စည်းကိရိယာ ဘာမျှမပါရှိသည့်အတွက် အိမ်အပြင် သို့ထွက်ကာ သူ၏ အလုပ်သမားတစ်ယောက်ကို လှမ်းခေါ်၍ ပစ္စည်း ကိရိယာအချို့ ယူခိုင်းလိုက်၏။

မကြာခင် ထိုအလုပ်သမားရောက်လာပြီးနောက် ကျွန်းသေတ္တာ ငယ်ကိုဖွင့်လေရာ သေတ္တာအထဲတွင် ဖော့ပြားများခံ၍ ဖော့ပြားအပေါ် တွင် အနီရောင်ကတ္တီပါစဖြင့် ဖုံးလွှမ်းရစ်ပတ်ထားသော အရာဝတ္ထု တစ်ခုကို တွေ့ရ၏။ ကျော်စိုးလွင်က ထိုအရာဝတ္ထုကို အသာမယူ၍ အနီး၌ ရပ်ကြည့်နေသော ဦးစိန်သောင်းလက်ဝယ်သို့ ပေးအပ်လိုက်၏။

ဦးစိန်သောင်းကလည်း တယုတယလှမ်းယူပြီးနောက် ဆက် တီအလယ်ရှိ မှန်စားပွဲခုံပေါ်သို့ အသာတင်လိုက်၏။ ပြီးနောက် အနီ ရောင် ကတ္တီပါစကို တဖြည်းဖြည်းချင်း ဖြေ၍ကြည့်ရာ မဟော်ဂနီ ရောင် တောက်ပနေသော ကကြိုးရုပ်တစ်ခုကို တွေ့ရလေ၏။ ထို

ကကြိုးရုပ်ကို ဦးစိန်သောင်းက မယူ၍ မှန်စားပွဲခုံပေါ်တွင် ထောင်လျက်သား ပြင်ဆင်တင်ထားလိုက်၏။

သည်တော့မှ ကျော်စိုးလွင်တစ်ယောက် ကကြိုးရုပ်ကို သေချာစွာ လေ့လာအကဲခတ်မိတော့၏။ မဟော်ဂနီရောင် တောက်ပနေသော ကကြိုးရုပ်မှာ အသက်ဝင်လှ၏။ ရှေးခေတ် ပုဂံပန်းပုအနုပညာလက်ရာဖြစ်လိမ့်မည်ဟု မှန်းဆရ၏။ ကဟန်ချီနေသော မင်းသမီးတစ်ယောက်၏ပုံကို အနုစိတ်ပီပြင်အောင် ထုလုပ်ထားသည်မှာ ဆံမြိတ်မှအစ ကကြိုးလက်၊ ကကြိုးခြေအဆုံး ထိုင်မသိမ်း အနားခတ်ထိအသေးစိတ် လက်ရာမြောက်လှ၏။

ကကြိုးရုပ်၏မျက်နှာကား ပို၍ပင် အသက်ဝင်လေ၏။ ရယ်ရွှင်ပြုံးတုံ့၊ မပြုံးတုံ့နှင့် ရွှေရင်ဖုံးတုံ့၊ မဖုံးတုံ့ဟူသော ရှင်မဟာရဋ္ဌသာရ၏ စာချိုးအတိုင်း ရင်တဖိုဖိုဖြစ်ရအောင် ဆွဲဆောင်မှုရှိ၏။ ကျော်စိုးလွင် ရင်ထဲလှိုက်ဖိုမောကာ ကကြိုးရုပ်ကိုကြည့်ရင်းမှ တစ်ခုခုကိုသွား၍ သတိတရရှိနေ၏။ သို့သော် သေချာစဉ်းစားမရ။

'ဆရာလေးက ပန်းချီ၊ ပန်းပု၊ ဝါသနာပါပုံရတယ်။ ဒီရုပ်တုကိုများ စိတ်ဝင်တစားနဲ့ ကြည့်နေလိုက်တာ ဦးခေါ်နေတာတောင် မကြားဘူး။ အင်း ဦးရဲ့သားကလည်း ဘယ်လိုဖြစ်တယ်မသိဘူး။ မြန်မာပြည်မှာလုပ်တဲ့ ရုပ်တုကို မြန်မာပြည်ပြန်ပို့တာ ဘာစိတ်ကူးလဲဆိုတာ ဖုန်းဆက်ပြီး မေးကြည့်ရဦးမယ်။ ကဲ ··· ဆရာလေးတို့ ခုလိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'ရပါတယ် အန်ကယ်ရယ်၊ ကျွန်တော့်မှာ လုပ်စရာအလုပ်လေးတွေရှိသေးလို့ ခွင့်ပြုပါဦး'

'ကောင်းပါပြီကွယ် ... ကောင်းပါပြီ'

ကျော်စိုးလွင်က ဦးစိန်သောင်းကို နှုတ်ဆက်ပြီး အိမ်အပြင်ထွက်ခါနီးတွင် ကကြိုးရုပ်ထံသို့ လှမ်းကြည့်လိုက်ရာ မိန်းကလေးတစ်ယောက် ရပ်နေသည်ကို သဲကွဲစွာမြင်တွေ့လိုက်ရ၏။ ထိုမိန်းကလေးကို ကောင်းစွာမြင်တွေ့ခဲ့သည်ကိုလည်း ချက်ချင်းသတိရသွား၏။ ထိုအသိကြောင့် သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများထကာ အိမ်အပြင်သို့ ထွက်ခဲ့ရတော့၏။

× × ×

ညသည် လကွယ်ည သန်းခေါင်ယံထက် ပို၍ မည်းမှောင်နေ၏။ ဝန်းကျင်တစ်ခွင်လုံး မှောင်မည်းနေရုံမျှနှင့်မပြီး တိတ်ဆိတ်ငြိမ်သက်ခြင်းကပါ ပံ့ပိုးထားပြန်ရာ ထိုညသည် အကျည်းတန်လျက်ကြောက်မက်ဖွယ်အတိ ဖြစ်နေလေ၏။ မြောက်လေကမူ ပါးပါးလှပ်လှပ်လေး ဝေ့တိုက်လာတတ်၏။

ကျော်စိုးလွင်တစ်ယောက် အိမ်ပုံစံတစ်ခုကို စိတ်ပါလက်ပါရေးဆွဲနေသည်ဖြစ်ရာ ညဉ့်နက်နေသည်ကိုပင် သတိမပြုအားပေ။ ပတ်ဝန်းကျင်ကိုလည်း အလိုအလျောက် လျစ်လျူပြုမိသားဖြစ်နေ၏။ အိမ်အတွင်းခန်း၌ ရှိနေသည်ဖြစ်၍လည်း ဝန်းကျင်ကို စိတ်ချထားပုံရ၏။ ထိုစဉ် ထွန်းညှိထားသော ဖယောင်းတိုင်နှစ်တိုင်မှ မီးရောင်တို့

သည့် တစ်မဟုတ်ချင်း ငြိမ်းသွား၏။

ထို့ကြောင့် ကျော်စိုးလွင် မီးထွန်းညှိရန် အနီးအပါးရှိ မီးခြစ်ကို မှောင်ထဲ၌ပင် လက်နှစ်ဖက်ဖြင့်စမ်း၍ ရှာဖွေလိုက်သည်။ မီးခြစ်ကား အတန်ကြာသည်ထိ စမ်းရှာ၍မရချေ။ ထိုစဉ် အိမ်ရှေ့တံခါးပေါက်ဆီမှ လူတစ်ယောက်ဝင်လာသည့် ခြေသံတို့ကို အတိုင်းသားကြားလိုက်ရ၏။ ကျော်စိုးလွင် မီးခြစ်စမ်းရှာရင်း ဝင်လာသည့်ခြေသံတို့ကို နားစွင့်ကြည့်လိုက်၏။

'ရှပ် ... ရှပ် ... ရှပ် ... ရှပ်'

ခြေသံမှာ လေးလေးမှန်မှန် လျှောက်လာသည်ဖြစ်၍ မိန်းကလေးတစ်ဦး လျှောက်လာလေသလားဟု ထင်မိ၏။ သူထင်သည့်အတိုင်း အိမ်ရှေ့တံခါးပေါက်သို့ ငဲ့စောင်းကြည့်လိုက်သောအခါ နှပ်ိုးစိုဝင်း၍ တောက်ပသော ကချေသည်အဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ဦး သူ့ထံသို့ တည့်မတ်စွာလျှောက်လာနေသည်ကို မထင်မရှား လှမ်းမြင်ရလေ၏။

သူ့တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် တုန်လှုပ်ချောက်ချားသွား၏။ ထို့ကြောင့် မီးခြစ်ကို အနီးအပါးတစ်ဝိုက် ကမန်းကတန်း ရှာဖွေကြည့်ရာ စမ်းမိသွား၏။ ထိုမီးခြစ်ဖြင့် ဖယောင်းတိုင်ကို မီးထွန်းညှိလိုက်၏။ တစ်ခန်းလုံး မီးရောင်ဖြင့် လင်းထိန်သွားလေ၏။ ထို မီးအလင်းရောင်ဖြင့် သူ့ထံသို့ လျှောက်လာနေသော ကချေသည်အဝတ်

အစားများနှင့် လှပချောမွေ့သည့် မိန်းမပျို၏ ရုပ်ဆင်းသဏ္ဌာန်ကို သဲကွဲစွာဖြင့် တွေ့လိုက်ရပြန်၏။

ကျော်စိုးလွင်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွား၏။ အံ့ဩထိတ်လန့်မှု ကြောက်စိတ်ကြောင့် ထိုင်ရာမှထကာ ဖယောင်းတိုင်မီးကိုင်လျက် တစ်ဖက်ခန်းသို့ ကူးလာလိုက်၏။ တစ်ဖက်ခန်းမှာ အိပ်ခန်းဖြစ်၍ သူ၏ဇနီးသည်နှင့် ကလေးငယ်နှစ်ဦးမှာ ခုတင်ပေါ်တွင် အိပ်မောကျလျက်ရှိနေသည်ကို ဖယောင်းတိုင်မီးအလင်းဖြင့် မြင်တွေ့ရ၏။ သည်တော့မှ ကျော်စိုးလွင်စိတ်ထဲ အနည်းငယ်ပေါ့ပါးသွားသလို ခံစားရ၏။

သူ၏ အလုပ်ခန်းသို့ တစ်ချက်လှမ်းကြည့်လိုက်၏။ အိမ်ထဲဝင်လာသည့် ကချေသည်မိန်းမပျိုကား သူ၏ အလုပ်ခန်းအတွင်း၌ ရောက်ရှိနေပြီး သူ့ကို လှမ်းခေါ်နေ၏။ ကျော်စိုးလွင် ခေါင်းကို တွင်တွင်ခါကာ အခန်းတံခါးကို အလျင်အမြန်ပိတ်လိုက်၏။ လက်ထဲမှ ဖယောင်းတိုင်မီးကိုငြိမ်းကာ ခုတင်ပေါ်ရှိ ဇနီးသည်ဘေး၌ လှဲအိပ်ရင်း ငြိမ်နေလိုက်၏။

'ရှပ် … ရှပ် … ရှပ် … ရှပ်'

တိတ်ဆိတ်နေသော ညဥ့်ဦးယံအချိန်တွင် အိမ်ထဲမှ ဘာကိုမျှ ထိတွေ့မှုမရသောအခါမှ သူ့ကိုယ်သူ သဘောပေါက်သွား၏။ ဒီတော့မှ ဘေးဘီသို့ သေချာစွာ ကွေ့ပတ်ကြည့်လိုက်၏။ ခုတင်ပေါ်

တွင် သူတစ်ယောက်တည်း အိပ်ပျော်သွားခဲ့ရာမှ သူ အိပ်မက် မက်နေခြင်း ဖြစ်၏။

ထူးခြားသည်က သူမက်သောအိပ်မက်မှာ ဒုတိယအကြိမ်မြောက် ပြန်၍မက်သော အိပ်မက်ဖြစ်နေခြင်းပင်။ သည်အိပ်မက်ကို ရန်ကုန်မှာနေစဉ် မိသားစုနှင့်အတူအိပ်ခဲ့စဉ်က ပထမဦးစွာ မက်ခဲ့ဖူးလေ၏။ ယခုကား ထိုအိပ်မက်ကို ပုံတူပြန်၍ မြင်မက်ခြင်းဖြစ်သဖြင့် ကျော်စိုးလွင် အံ့သြကြီးစွာ ဖြစ်ရ၏။

ပို၍အံ့သြရသည်မှာ အိပ်မက်ထဲမှ မိန်းမပျို၏ ရုပ်ဆင်းအင်္ဂါနှင့် ကကြိုးရုပ်၏ အဆင်းသဏ္ဌာန်တူနေခြင်းပင် ဖြစ်လေ၏။ ထို့ပြင် ကကြိုးရုပ်ဆင်းသဏ္ဌာန်နှင့် ကကြိုးရုပ်၏ဘေး၌ အမြဲမြင်တွေ့ခဲ့ရသော မိန်းမပျိုတို့၏ ရုပ်ဆင်းအင်္ဂါမှာလည်း ထပ်တူကျနေပြန်၏။ ကျော်စိုးလွင်ကား တွေးရင်းတွေးရင်း ခေါင်းရှုပ်လာသည်မို့ ခေါင်းကို ခါယမ်းရင်း အိပ်ရာမှထကာ စောစီးစွာ မျက်နှာထသစ်လိုက်၏။ အရှေ့ဘက် ကောင်းကင်ပြင်တွင် ရောင်နီသန်းလာနေပြီဖြစ်၍ အိမ်အပြင်သို့ထွက်ကာ လမ်းလျှောက်ခြင်းအမှုကိုပြုရန် တာစူလိုက်လေ၏။

× × ×

ကျော်စိုးလွင်တစ်ယောက် လမ်းလျှောက်ရာမှ ပြန်လာသည့်အချိန်တွင် ဦးစိန်သောင်းတို့ မိသားစု အိပ်ရာမှ နိုးနေပြီဖြစ်၏။ ဆောက်လုပ်ရေး လုပ်သားတချို့လည်း လုပ်ငန်းစတင်ရန် ပြင်ဆင်နေကြသည်

ကို တွေ့ရ၏။ ထို့ကြောင့် ကျော်စိုးလွင် ခြေလှမ်းသွက်သွက်ဖြင့် ဆောက်လက်စတိုက်အိမ်ဆီသို့ လှမ်းလာလိုက်၏။ ထိုစဉ် -

'ဆရာလေး ဒီဘက်ကို ခဏကြွခဲ့ပါဦး'

ဦးစိန်သောင်း လှမ်းထွက်ခေါ်သံကြောင့် တစ်ဖက်တိုက်အိမ်ဆီသို့ ကျော်စိုးလွင် လာခဲ့ရ၏။ ဧည့်ခန်းဆက်တီတွင် ဦးစိန်သောင်းက ထိုင်လျက်စောင့်နေ၏။ ကျော်စိုးလွင် ဧည့်ခန်း၌ ထိုင်မိသည်နှင့် ဦးစိန်သောင်းက စတင်ပြော၏။

'မနေ့ညက တော်တော်မိုးချုပ်မှ အမေရိကားက ဖုန်းလာတယ်။ အဲဒီမှာ ဦးရဲ့သားလတ်က သူပို့လိုက်တဲ့ ကကြိုးရုပ်အကြောင်းကို သေသေချာချာပြောပြတယ်။ အဲဒါ ဆရာလေးကို ပြောပြချင်လို့ပါ'

'ဟာ အတော်ပဲ။ကျွန်တော်ကလည်း အဲဒီ ကကြိုးရုပ်အကြောင်းကို သိချင်နေတာ ဦးရဲ့'

ဦးစိန်သောင်းက စကားဆက်ပြောရန် အားယူသည့်အနေဖြင့် ဆက်တီထိုင်ခုံကို နောက်မှီထားရာမှ ကိုယ်ကိုမတ်ကာ ဟန်ပြင်လိုက်၏။ ပြီးနောက်မှ ဆက်၍ပြော၏။

'ဒီလိုဆရာလေးရဲ့ ဒီကကြိုးရုပ်ကလေးဟာ ဦးရဲ့သား ပုဂံကို အလည်သွားခဲ့စဉ်က အင်မတန်သဘောကျနှစ်ခြိုက်လွန်းလို့ ပန်းပုဆရာကြီးတစ်ဦးဆီက ငွေအတော်များများပေးပြီး ဝယ်ခဲ့ရတာလေ။ ဒီကကြိုးရုပ်ကလေး ရပြီးတဲ့နေ့ကစပြီး ဦးရဲ့သားလည်း စီးပွားတွေ

တက်လာတာ အံ့သြစရာကောင်းတယ်။ ဒါနဲ့ပဲ လုပ်ငန်းအဆက် အသွယ်တွေရပြီး အမေရိကားမှာ လုပ်ငန်းရှယ်ယာဝင်လုပ်ဖို့ ခဏ သွားရင်းက ဟိုမှာနေဖို့ အကြောင်းဖြစ်သွားတာပါပဲ'

ဦးစိန်သောင်းက ခေတ္တစကားစဖြတ်ရင်း ကျော်စိုးလွင်ကို မသိမသာ အကဲခတ်ကြည့်လိုက်၏။ ကျော်စိုးလွင်တစ်ယောက် စိတ် ဝင်စားစွာ နားထောင်နေမှန်းသိမှ ဆက်၍ ပြော၏။

'ဒီလိုနဲ့ ဦးရဲ့သား မိသားစု အမေရိကားကို ပြောင်းသွားကြ တော့ ဒီကကြိုးရုပ်ကလေးလည်း သူတို့မိသားစုနဲ့အတူ ပါသွားတာ ပေါ့။ အမေရိကားကိုရောက်မှ ဦးလေးသားရဲ့ စီးပွားရေးလုပ်ငန်းတွေက အဆင်ပြေလိုက်၊ အဆင်မပြေလိုက်နဲ့ ဖြစ်နေတယ်။ အဲဒီမှာ မကြာခဏ သူအိပ်မက် မက်တယ်။ အိပ်မက်ထဲမှာ ရှေးခေတ်မင်းသမီးအဝတ် အစားနဲ့ မိန်းကလေးတစ်ဦးက သူ့ကို မြန်မာပြည်ပြန်ပို့ဖို့ ပြောလေ့ရှိ တယ်။ အဲဒါကို အိပ်မက်လို့ သဘောထားပြီး ဦးရဲ့သားက မေ့မေ့ လျော့လျော့နေလိုက်ပြန်တယ်'

'အန်ကယ့်သား အိပ်မက်ထဲက မင်းသမီးအဝတ်အစားနဲ့ မိန်းကလေးက အပြင်မှာရှိနေတဲ့ ပန်းပုကကြိုးရုပ်ပုံသဏ္ဌာန်နဲ့ တူနေ တာကို သူ သတိမိဘူးထင်တယ်နော်'

'ဆရာလေးက ဘယ်ဆိုးလို့လဲ။ ဦးရဲ့သားက အဲဒီလောက် အတွေးမရှိဘူး။ အဲဒါကြောင့် သူ့စီးပွားရေးတွေ တော်တော်နိမ့်ကျသွား တယ်။ အိပ်မက်ကတော့ မကြာခဏ မက်နေတာပဲ။ အိပ်မက် မက်

တိုင်းလည်း မိန်းကလေးက မြန်မာပြည်ပြန်ပို့ပေးဖို့ချည်း ပြောနေတာပဲ။ အဲဒါလည်း သူ့မှာ ကကြိုးရုပ်နဲ့ ဆက်စပ်နေမှန်းမသိဘူး။ တစ်နေ့မှာတော့ ဧည့်ခန်းထဲမှာရှိတဲ့ ကကြိုးရုပ်ဟာ အလိုအလျောက် လဲကျသွားတယ်။ သူကိုယ်တိုင် ဧည့်ခန်းထဲမှာရှိနေတော့ သူ တော်တော် အံ့ဩသွားတယ်။ ဒါနဲ့ ကကြိုးရုပ်ကို နေရာတကျပြန်ထားတဲ့ အချိန်မှာ ကကြိုးရုပ်ရဲ့မျက်နှာထားဟန်ပန်ကို သေသေချာချာကြည့်မိမှ သူ့အိပ်မက်ကို သွားသတိရလိုက်တယ်။ အဲဒီညမှာ ထပ်ပြီး သူ့ကို အိပ်မက်ပေးတယ်။ ဒီတော့မှ ဦးရဲ့သားက သဘောပေါက်သွားပြီး ဒီကကြိုးရုပ်ကို ဦးလေးဆီ ပြန်ပို့လိုက်တာပဲ ဆရာလေးရေ'

'အင်း ... ဒီကကြိုးရုပ်ဟာ အတော်စိတ်ဝင်စားစရာကောင်းတယ်နော်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီကကြိုးရုပ်ကို မြင်ပြီးကတည်းက စိတ်ထဲမှာ တစ်မျိုးဖြစ်ဖြစ်နေတယ်၊ ဘာလဲတော့ သေသေချာချာ မပြောနိုင်ဘူး။ ဟင်း'

'ဦးကြားဖူးတာ တစ်ခုတော့ရှိတယ်။ ရှေးဟောင်းအတတ်ပညာတွေထဲမှာ မှော်အတတ်ပညာဆိုတာ တကယ်ရှိခဲ့တယ်လို့ ဆိုတယ်။ တချို့ ပန်းပုဆရာကြီးတွေဟာ သူတို့ တပ်မက်စွဲလန်းတဲ့ အရာတွေကို သူတို့ထုလုပ်တဲ့ ပန်းပုရုပ်ထဲမှာ မှော်အတတ်ပညာနဲ့ စီရင်ပြီး အသက်သွင်းတတ်ကြတယ်လို့ လေ့လာဖူးတယ်။ ဒီကကြိုးရုပ်က အဲဒီလိုမျိုးများ ဖြစ်နေသလားတော့ မသိဘူး။ တစ်ခါတစ်ခါ

ဒီကကြိုးရုပ်ကို ဆရာလေး သေသေချာချာစောင့်ကြည့်၊ တစ်ခုခုတော့ ထူးခြားတယ်လို့ အန်ကယ်ထင်တယ်'

'ဟုတ်ကဲ့ပါ အန်ကယ်'

ကျော်စိုးလွင် စကားစကိုဖြတ်ပြီး ကကြိုးရုပ်ကို တစ်ချက် လှမ်းကြည့်ကာ ထွက်လာခဲ့သည်။ ထိုညက တစ်ညလုံးလိုလို ကျော်စိုးလွင် အိပ်မရခဲ့။ အကြောင်းရင်းကား ကျော်စိုးလွင် အိပ်ရာဘေးသို့ ကကြိုးရုပ်နှင့်ဆင်သော မိန်းကလေးတစ်ဦးရောက်လာကာ တစ်ညလုံး စကားပြောနေ၍ ဖြစ်လေ၏။

ကျော်စိုးလွင်က စကားမပြောချင်၍ စောင်ခေါင်းမြီးခြုံကာ အိပ်နေသည့်တိုင် စကားပြောမရပ်သော ထိုမိန်းကလေးကြောင့် ကျော်စိုးလွင် မည်သို့မျှ အိပ်၍မရနိုင်ခဲ့။ မောင်းထုတ်၍လည်း မသွား။ ထို့ကြောင့် တပည့်ကျော် လှကျော် အခန်းသို့ ပြောင်းရွှေ့အိပ်သည့်တိုင် ထိုမိန်းကလေးက လိုက်လာ၍ စကားပြောနေဆဲ ရှိလေ၏။

ထိုအခါ သူ စိတ်မရှည်စွာဖြင့် ထိုမိန်းကလေးကို အော်ငေါက်ကာ မောင်းထုတ်မိ၏။ တပည့်ကျော် လှကျော်က ဘာမှနားမလည်သလို သူ့ကို ကြောင်ကြည့်ကာ ပဟေဠိဖြစ်နေ၏။ အကယ်စင်စစ် ထိုမိန်းကလေးကို သူတစ်ယောက်သာလျှင် မြင်တွေ့ရပြီး သူ့နားထဲ၌သာ မိန်းကလေး၏ စကားသံတို့ကို ကြားနေရလေရာ ဘာကိုမှ မမြင်ရ၊ မတွေ့ရ၊ မကြားရသော တပည့်ကျော်လှကျော် အတွက် ကျော်စိုးလွင်မှာ အရူးတစ်ယောက်နှယ် ဖြစ်၍နေ၏။

ထို့ကြောင့် စိတ်ညစ်ညစ်နှင့် ငြိမ်ကုတ်ကာ တစ်ညလုံး စောင်ခေါင်းမြီးခြုံ၍ နေခဲ့ရ၏။ မိုးစင်စင်လင်းမှ အိပ်ရာမှထကာ အိမ်အပြင်သို့ လမ်းလျှောက်ထွက်လာလိုက်၏။ သည်တော့မှ ကကြိုးရုပ် မင်းသမီးက ပျောက်ကွယ်သွား၏။ လမ်းလျှောက်လာစဉ် အိပ်ရေးမဝသဖြင့် ခေါင်းထဲမှာ မူးဝေနေ၏။ စိတ်ညစ်ညစ်နှင့် လမ်းလျှောက်နေရသည်ဖြစ်ရာ ဘာမှဦးတည်ချက်မရှိဘဲ တစ်ခါတစ်ရံ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွား၏။

မကြာမီ လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်လာ၏။ အသိကင်းမဲ့နေသော သူ့ခန္ဓာကိုယ်ကြီးကား စက်ရုပ်တစ်ရုပ်နှယ် လမ်းဆုံကို ဖြတ်ကူးလိုက်၏။ သူ၏ ဘယ်ညာဆီမှ ကားနှစ်စီးက သူ့ထံသို့ အရှိန်ဖြင့် ဦးတည်မောင်းနှင်လာကြ၏။ ဟွန်းသံပေးကာ သူ့ကိုရှောင်ရှားရန် အချက်ပေး၏။ သူက ဘာကိုမျှမကြား။ သူ၏ လေးလံသော ခြေလှမ်းများအတိုင်း လမ်းဆက်လျှောက်နေ၏။

'ဟာ ဒီလူတော့ ကားလမ်းမအလယ်ကြီးမှာ'

'ဟုတ်ပ့ါ။ ရူးနေတာများလား မသိဘူး'

'ကားတိုက်မိတော့မှာပဲ။ ဟောတော့ တိုက်ပြီ'

'ဝုန်း ဒုန်း'

လမ်းမပေါ်ရှိ ခရီးသွားသူတို့ထံမှ တစ်ယောက်တစ်ပေါက် ပြောသံအဆုံးတွင် မျက်နှာချင်းဆိုင်လာနေသော ကားနှစ်စီးမှာ သူ့ကို ထိပ်တိုက်တိုက်မိသွား၏။ ထိုအဖြစ်အပျက်ကြောင့် လူအုပ်ကြီးမှာ

ကားနှစ်စီးအနီးသို့ အပြေးအလွှားသွားကာ ဝိုင်းအုံကြည့်ကြလေ၏။ ထိုသို့ ဝိုင်းအုံကာ တိုးဝှေ့ကြည့်နေကြသော လူအုပ်ကြီးထဲမှ အသံတစ်သံ ထွက်လာ၏။

'ဟောတော့ ဒီလူက ဘာမှမဖြစ်ပါလား။ ကိုယ့်လူ ဘာမှမဖြစ်ဘူးနော်'

'ကျွန်တော် ဘာဖြစ်လို့လဲ။ ကျွန်တော် ဘာမှမဖြစ်ပါဘူး'

'ဘာမဖြစ်ရမှာလဲဗျ။ ခင်ဗျားကို ကားနှစ်စီးလုံး တည့်တည့်ကြီး ဝင်တိုက်လိုက်တာ ကျုပ်တို့အားလုံး မျက်မြင်ပဲဟာ။ ခင်ဗျားဘယ်လိုလုပ် အသက်ချမ်းသာသွားသလဲဆိုတာ ကျုပ်တို့ မတွေးတတ်တော့ဘူး။ ကေန္တ ခင်ဗျားက ကိုယ်ပျောက်ဝိဇ္ဇာများလားဗျာ။ ကျုပ်တို့ကို ပြောပြစမ်းပါဦး'

ကျော်စိုးလွင်က လမ်းမဘေးတစ်နေရာ၌ ငုတ်တုတ်ကလေး ထိုင်နေရာမှ ကပျာကသီ လူးလဲထ၍ သူ့ကို ဝိုင်းအုံကြည့်ကာ တစ်ယောက်တစ်ပေါက် ပြောဆိုနေသူများကို လိုက်ကြည့်ရင်း သူ့အဖြစ်ကိုသူ ပြန်တွေးကြည့်လိုက်၏။ ဘာကိုမှ သေသေချာချာ အစအဆုံး မမှတ်မိသော်လည်း အဖြစ်အပျက်တစ်ခုကိုတော့ သူ မှတ်မှတ်ရရ ခံစားသိရှိလိုက်၏။

ထိုအဖြစ်အပျက်ကား မကြာသေးခင်က ကကြိုးရုပ်မင်းသမီးက သူ့လက်ကိုလှမ်းဆွဲကာ ဆောင့်ခေါ်လိုက်ခြင်းပင်ဖြစ်၏။ ခဏအတွင်းမှာပင် ထိုမင်းသမီး သူ့အနီးမှ ပျောက်ကွယ်သွားခဲ့၏။

ထိုအကြောင်းကို သူ့အား ဝိုင်းအုံကြည့်ကာ မေးမြန်းနေကြသော လူအုပ်ကြီးကို ရှင်းပြလိုက်မည်ဟု စိတ်ကူးလိုက်သေးသည်။ သို့သော် ထိုအကြောင်းပြောပြလျှင် သူ့အား အရူးဟူ၍ ထင်ကြမည့်သူက များနေလေရာ ဘာကိုမျှမပြောတော့ဘဲ လူအုပ်ကြီးအနီးမှ ထထွက်သွားလေ၏။

× × ×

ယခုနောက်ပိုင်း ကျော်စိုးလွင်တစ်ယောက် အိပ်ရေးပျက်များကာ အလုပ်ပင်ပန်းလွန်းသဖြင့် အားနည်းကာ မူးမေ့လဲကျသွားသောကြောင့် ဆေးရုံသို့ အရေးပေါ်တင်လိုက်ရ၏။ ကျော်စိုးလွင်ဆေးရုံတက်ရသည့် သတင်းကြောင့် ရန်ကုန်မှ ဇနီးသည် ခင်မာလာလိုက်လာပြီး ပြုစုလုပ်ကိုင်ပေးရ၏။

ဦးစိန်သောင်း၏အိမ်မှာလည်း အပြီးသတ်အချောကိုင်နေပြီဖြစ်ရာ မကြာခင် အိမ်ကို အပ်နှံနိုင်ပေတော့မည်။ ပြီးသည်နှင့် ရန်ကုန်သို့ပြန်ရန် အကြောင်းဖြစ်၏။ ထို့ကြောင့် ဇနီးသည် ခင်မာလာကလည်း ကျော်စိုးလွင်အလုပ်ပြီးသည်ထိ နေမည်ဟု ဆုံးဖြတ်ချက်ချလိုက်၏။ ရန်ကုန်မှ သားသမီးများအတွက်မူ ခင်မာလာ၏ညီမက တာဝန်ယူ စောင့်ရှောက်ထားသည်ဖြစ်ရာ စိတ်ပူစရာအကြောင်းမရှိပေ။

ကျော်စိုးလွင်ကား ဆေးရုံ၌ (၅) ရက်မျှ ဆေးကုသမှုခံယူပြီးနောက် ကျန်းမာလန်းဆန်းစွာဖြင့် ဆေးရုံမှ ဆင်းခဲ့၏။ ဦးစိန်သောင်း၏ အိမ်၌ ဇနီးမောင်နှံ အတူနေပြီး လုပ်ငန်းများကို အပြီးသတ်နေ

၏။ ကကြိုးရုပ်မင်းသမီးနှင့်ပတ်သက်၍မူ ဇနီးသည် ခင်မာလာကို ဘာမှမပြောဘဲ ရေငုံနှုတ်ပိတ်၍သာနေ၏။ ခင်မာလာမှာ ကြောက်လန့်တတ်သူ ဖြစ်၏။ အကြောင်းစုံသိပါက ဤအိမ်မှာ နေရဲမည်မဟုတ်မှန်း ကျော်စိုးလွင်သိထား၏။ ထို့ကြောင့် အသိမပေးဘဲ နေခြင်းဖြစ်၏။

တစ်ညတွင် ကျော်စိုးလွင်တို့ ဇနီးမောင်နှံ အိပ်ရာအခန်းထဲသို့ ကကြိုးရုပ်မင်းသမီး ရောက်လာကာ ထုံးစံအတိုင်း ကျော်စိုးလွင်ကို စကားပြော၏။ ကျော်စိုးလွင်မှာ ကကြိုးရုပ်မင်းသမီးလာသည်နှင့် မည်သို့မျှအိပ်၍မရ။ နားထဲမှာလည်း ထိုမင်းသမီးပြောသည့်စကားသံများက အတိုင်းသားကြားနေရ၏။

'မောင်တော်က ဒီနေရာက သွားရတော့မှာမို့ ပျော်နေတာပေါ့။ နှမတော်ကတော့ မောင်တော့်ကိုကြည့်ပြီး သနားနေရတာနဲ့ ရင်ကွဲတော့မယ် မောင်တော်ရယ်။ ဒီဘဝမှာ မောင်တော်နဲ့ နှမတော် ဘယ်လိုမှ ပေါင်းဖက်လို့မရတော့ဘူးဆိုတာ နှမတော် သိပါတယ်။ ဒါပေမဲ့ နှမတော်ရဲ့စိတ်ထဲမှာ မောင်တော့်ကို ဘယ်လိုမှ မေ့ပျောက်လို့မရနိုင်အောင် စွဲလမ်းနေတဲ့စိတ်ကြောင့် မောင်တော်အပေါ်ကို နှမတော် အမြဲလိုက်နေရတာပါ။ မောင်တော့်ကို နှမတော် မခွဲခွာနိုင်လို့ ဒီနယ်မြေမှာ အလုပ်တွေရအောင် နှမတော် ကြိုးစားရှာဖွေပေးပါ့မယ်။ မောင်တော်အဆင်ပြေလို့ ချမ်းသာသွားတဲ့တစ်နေ့ကျရင်သာ နှမတော်အတွက်ရည်မှန်းပြီး အလှူဒါနတစ်ခုပြုပြီး နှမတော်ကို အမျှအတန်းပေးဝေပေးရင် နှမတော်ကျေနပ်ပါပြီ မော်တောင်ရယ်'

ခံစားမှုအပြည့်ဖြင့် လွမ်းတသသပြောရင်း ငိုရှိုက်လုနီးပါး ခံစားနေရသောအသံနှင့် ရုပ်ပိုင်ရှင် ကကြိုးရုပ်မင်းသမီးကိုကြည့်ကာ ကျော်စိုးလွင် သနားသွားမိလေ၏။

ထို့ကြောင့် -

'ကဲ ကဲ မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရပါစေမယ့်လို့ ငါကတိပေးတယ်။ မင်းဘက်ကလည်း ငါ့ကိုမနှောင့်ယှက်ဘဲ မင်းပြောတဲ့အတိုင်း စောင့်ရှောက်ပေးပါ'

'ကိုကျော် ဘာတွေပြောနေတာလဲ။ အိပ်မက် မက်နေတာလားဟင်'

ကျော်စိုးလွင်၏နှုတ်မှ ထွက်လာသော စကားသံက အနည်းငယ် ကျယ်သွားသဖြင့် အိပ်ရာမှနိုးလာသော ဇနီးသည် ခင်မာလာ တစ်ယောက် ကျော်စိုးလွင်ကိုကြည့်ကာ အံ့ဩနေ၏။ သည်တော့မှ ကျော်စိုးလွင်က သူ့အဖြစ်အပျက်ကို သူသိသွားပြီးနောက် အိပ်မက် မက်နေတာဟူ၍ လိမ်ပြောကာ ဇနီးသည်ကို ချော့မော့လိုက်လေ၏။

သည့်နောက်ပိုင်းရက်များမှစ၍ ကျော်စိုးလွင်ထံသို့ ကကြိုးရုပ်မင်းသမီး ရောက်မလာတော့ချေ။ ကျော်စိုးလွင်တို့ ဆောက်လုပ်ရေးအဖွဲ့များသည်လည်း ဦးစိန်သောင်း၏ အိမ်ကို အချောသတ်လုပ်ကိုင်ပြီးစီး၍ အိမ်သော့ပင် အပ်နှံနိုင်ခဲ့ပြီဖြစ်၏။ ထိုနေ့မှာပင် ကျော်စိုးလွင်တို့အဖွဲ့အား အလုပ်သစ်များ ဆက်ကာဆက်ကာ အပ်နှံလာသူတို့နှင့် တွေ့ဆုံရလေ၏။

ထို့ကြောင့် ဇနီးသည်ခင်မာလာကို ရန်ကုန်သို့ပြန်၍ စေလွှတ်ကာ ကျော်စိုးလွင်မှာ အပ်နှံလာသောအလုပ်တို့ကို ဦးဆောင်၍ လုပ်ကိုင်ရင်း မန္တလေးမှာ ကျန်ရစ်နေခဲ့ရ၏။ ထိုသို့ မန္တလေးမှာနေစဉ် ဦးစိန်သောင်းအိမ်သို့ အကြောင်းတစ်ခုဖြင့် အမြဲရောက်လေ့ရှိ၏။ ထိုအခါတိုင်း ကကြိုးရှပ်ကိုကြည့်ကာ သူ အမြဲနှုတ်ဆက်လေ့ရှိ၏။ သူနှုတ်ဆက်ခဲ့သည့် ညတိုင်းလည်း ကကြိုးရှပ်မင်းသမီးက သူရှိရာသို့လာ၍ စကားပြောလေ့ရှိ၏။

ကြာတော့ ကကြိုးရှပ်မင်းသမီး ရောက်မလာလျှင်ပင် ကျော်စိုးလွင်တစ်ယောက် သူမကိုမျှော်ကာ သတိရနေလေ့ရှိ၏။ သည်လိုနှင့်ပင် ရာသီသုံးလီပြောင်းကာ ကျော်စိုးလွင်တစ်ယောက် မန္တလေးမှာ နှစ်ပတ်လည်နေဖြစ်သွား၍ အလုပ်အကိုင်များ မရပ်မနား လုပ်ကိုင်ရသဖြင့် စီးပွားရေးလည်း ပြေလည်လာ၏။ ကိုယ်ပိုင်ကုမ္ပဏီ ထူထောင်ရန် အင်အားပင်ရရှိလာသည်ထိ ဖြစ်လာ၏။ ရန်ကုန်ရှိ ကျော်စိုးလွင်၏ ဇနီးသည် ခင်မာလာကလည်း သူ့အား ရန်ကုန်သို့ ပြန်လာရန် မကြာခဏ ပြန်ခေါ်နေ၏။ ထို့ကြောင့် မန္တလေးရှိလုပ်ငန်းများကို အပြီးသတ်အောင် လက်စသတ်နေရလေ၏။ ထိုရက်များ အတွင်းတစ်ညတွင် ကကြိုးရှပ်မင်းသမီး ကျော်စိုးလွင်ထံရောက်လာ၏။

'ခုလောက်ဆိုရင် မောင်တော်လည်း စီးပွားရေးအဆင်ပြေသွားပါပြီ။ မောင်တော့်ကို ဈွဲလမ်းစိတ်နဲ့ မောင်တော့်နောက်ပါးကို ဘယ်လောက်ပဲလိုက်လိုက် ဒီဘဝမှာတော့ မောင်တော်နဲ့ နှမတော်တို့ရဲ့ဘဝ

က ကွာခြားသွားပြီမို့ နှမတော် အမြဲစိတ်ဆင်းရဲနွမ်းနယ်နေရပါတယ် မောင်တော်ရယ်။ နှမတော် အဲဒီစိတ်ကို ဆက်ပြီး မခံစားချင်တော့ဘူး။ ဖြစ်နိုင်ရင် နှမတော် အဲဒီလို စိတ်အနှောင်အတဲဘဝက ကျွတ်ချင် လွတ်ချင်ပါပြီ။ အဲဒါကြောင့် မောင်တော့်အနေနဲ့ နှမတော်အပေါ် သနားငဲ့ညှာသေးတယ်ဆိုရင် ကုသိုလ်ကောင်းမှုလုပ်ပြီး နှမတော်ရရှိ အောင် အမျှဝေပေးပါ မောင်တော်ရယ်၊ အမျှဝေပေးပါနော်။ နှမတော် တောင်းပန်ပါတယ်'

ကကြိုးရုပ်မင်းသမီးလေးက ကျော်စိုးလွင်အား သနားခံရင်း ငိုပွဲဆင်ကာ တောင်းပန်ရှာ၏။ ကျော်စိုးလွင်မှာ ကကြိုးရုပ်မင်းသမီး လေး ငိုပွဲဆင်၍ တောင်းပန်နေသည်ကိုကြည့်ကာ အလွန်သနားသွားမိ ၏။ ရင်ထဲမှာလည်း ကြေကြေကွဲကွဲ ခံစားလိုက်ရ၏။ ထို့ကြောင့် ကကြိုးရုပ်မင်းသမီးပြောသည့်အတိုင်း ကုသိုလ်ကောင်းမှုပြုလုပ်ပေးရန် ကျော်စိုးလွင် ကတိပေးလိုက်တော့၏။

မကြာမီ မန္တလေးရှိ တန်ခိုးကြီးဘုရားများသို့သွားကာ ကကြိုး ရုပ်မင်းသမီးလေးအား ရည်မှန်း၍ ရွှေသင်္ကန်းများ ကပ်လှူပေးကာ သူမကို အမျှအတန်းပေးဝေ၏။ ထို့ပြင် ကျော်စိုးလွင်နေထိုင်ရာအိမ်၌ လည်း ဘုန်းတော်ကြီးများ ပင့်ဖိတ်၍ သင်္ကန်းများကပ်လှူခြင်း၊ ဆွမ်း ကပ်ခြင်းတို့ကို ပြုလုပ်ကာ ကကြိုးရုပ်မင်းသမီးအား အမျှအတန်း ပေးဝေခဲ့၏။ ထိုနေ့မှာပင် ကျော်စိုးလွင်တစ်ယောက် ကကြိုးရုပ်ရှိရာ ရတနာဦးစိန်သောင်းအိမ်သို့ သွား၏။

ကျော်စိုးလွင်လာသည်ကို မြင်တွေ့လိုက်ရသည့် ဦးစိန်သောင်းက တအံ့တသြဖြစ်ကာ -

'တိုက်ဆိုင်လိုက်တာ ဆရာလေးရာ၊ ကျုပ်ကလည်း ဆရာလေးကို သတိရပြီး အခုပဲ ဆရာလေးဆီလာဖို့ ပြင်ဆင်နေတာ။ ကဲ ခရီးရောက်မဆိုက်ဘဲ ဆရာလေးစိတ်ဝင်စားခဲ့တဲ့ ကကြိုးရုပ်အဖြစ်အပျက်ကို ကြည့်ပါဦး'

ဦးစိန်သောင်းက ဧည့်ခန်းထောင့်တွင် စုပုံထားသော သစ်အပိုင်းအစများကို လက်ညှိုးညွှန်ရင်း ပြောလိုက်၏။ ကျော်စိုးလွင် ထိုသစ်သားပုံကိုတစ်လှည့်၊ ဦးစိန်သောင်းကိုတစ်လှည့်ကြည့်ကာ အံ့သြတွေဝေနေ၏။

'ဆရာလေး အံ့သြသွားမယ်ဆိုတာ ကျုပ်သိတယ်။ ကျုပ်ကိုယ်တိုင်လည်း အရမ်းအံ့သြနေမိတယ်။ ကျန်ခဲ့တဲ့ သုံးလေးရက်အထိ ကကြိုးရုပ်တုက ဒီအခန်းဒီနေရာမှာ အကောင်းပကတိရှိနေသေးတယ်။ စောစောကမှ ကျုပ်က ဧည့်ခန်းသန့်ရှင်းရေးလုပ်ဖို့ စိတ်ကူးမိပြီး ဒီရုပ်တုကိုပါ သန့်ရှင်းရေးလုပ်ဖို့ စိတ်ကူးမိပြီး ဒီရုပ်တုကိုပါ သန့်ရှင်းရေးလုပ်လိုက်တာ အဲဒီလို အပိုင်းအစတွေဖြစ်ပြီး ပဲ့ကြွေသွားတော့တာပဲ။ ကျွန်းသားဖြစ်ပါလျက်နဲ့ ခုလို ခြတွေစားပြီး ပဲ့ကြွေသွားတာ ကျုပ်တစ်သက်တော့ ဒါ ပထမဆုံးမြင်ဖူးခြင်းပဲ ဆရာလေးရေ။ ကြည့်ပါဦး'

ဦးစိန်သောင်းစကားကို နားထောင်ပြီးနောက် အကျိုးအပဲ့များ စုပုံထားသည့် သစ်သားပုံရှိရာအနီးသို့သွားကာ ကျော်စိုးလွင် လေ့လာ

ကြည့်လိုက်၏။ ကျွန်းပန်းပုရုပ်တုတွင် ခြစားထားသည့်အရာများကို မြင်တွေ့ရကာ ရုပ်တု၏ ခြေ၊ လက်၊ ခေါင်း၊ ခါး စသည့်နေရာတို့ တစ်စစီ ကျိုးပဲ့နေသည်ကိုတွေ့၏။

ချက်ချင်းပင် ကကြိုးရုပ်မင်းသမီး၏ အဆင်းရူပကာကို မြင်ရကာ -

'ကျေးဇူးတင်ပါတယ် မောင်တော်။ မောင်တော်ပေးဝေတဲ့ ကုသိုလ်အဖို့ဘာဂကိုရရှိလို့ နှမတော် တခြားဘဝကို ပြောင်းသွားပါပြီ။ ဆက်လက်ပြီး သာသနာပြုနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ ကောင်းကျိုးအဖြာဖြာနဲ့ ပြည့်စုံပါစေ'

ကကြိုးရုပ်မင်းသမီး၏ အသံကိုလည်း အတိုင်းသားကြားနေရပြန်၏။ မကြာမီ ကျော်စိုးလွင်၏ မြင်ကွင်းမှ ကကြိုးရုပ်မင်းသမီး ပုံသဏ္ဍာန် ပျောက်သွား၏။ တစ်ခဏအတွင်းမှာပင် အလင်းတန်းတစ်ခု ဧည့်ခန်းအတွင်းမှ ဖြတ်သန်းသွားကာ အိမ်အပြင်ဘက်သို့ ထွက်သွားသည်ကို ကျော်စိုးလွင်တစ်ယောက် ထင်ထင်ရှားရှား တွေ့လိုက်ရ၏။

'အင်း ကကြိုးရုပ်မင်းသမီးကတော့ ဘဝဇာတ်သိမ်းသွားပြီ အန်ကယ်။ ကျွန်တော်တို့အားလုံးကို ဒီရုပ်တုက ပညာပေးသွားတာပဲ။ လောကမှာ ဘယ်အရာမှ အမြဲမရှိဘူးလေ။ ဖြစ်ပြီးရင် ပျက်သွားမယ်ဆိုတာ ဓမ္မတာတရားပါပဲ။ ဒါတွေကို ကျွန်တော်တို့အားလုံး တစ်နေ့နေ့မှာ ရင်ဆိုင်ကြရမှာပါပဲ။ သက်ရှိရော သက်မဲ့ပါ မမြဲဘူးဆိုတာကို

ဒါ လက်တွေ့ပြတာပဲ။ ဩော် ဒါနဲ့ အန်ကယ့်ကိုလည်း ကျွန်တော် တစ်ခါတည်း နှုတ်ဆက်ခဲ့ပါရစေ။ ကျွန်တော် မနက်ဖြန် ရန်ကုန်ကို အပြီးပြန်ပါတော့မယ်။ ဒီမှာနေစဉ် အစစအရာရာ ကူညီခဲ့တဲ့ အန်ကယ့်ကို အထူးပဲကျေးဇူးတင်ပါတယ်ခင်ဗျာ'

'ဩော် အေး အေး အန်ကယ်တို့ကလည်း ဆရာလေးကို ကျေးဇူးတင်ပါတယ်။ ဘာပဲဖြစ်ဖြစ် အန်ကယ်တို့ကို ဆွေမျိုးရင်းချာတွေလို သဘောထားပြီး အမြဲဆက်သွယ်နိုင်ပါတယ်'

'ဟုတ်ကဲ့ပါ အန်ကယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦးနော်'

ကျော်စိုးလွင်က ဦးစိန်သောင်းကိုနှုတ်ဆက်ကာ ဧည့်ခန်းအတွင်းမှ ထွက်လာလိုက်၏။ သူ၏စိတ်ထဲတွင် ကကြိုးရုပ်မင်းသမီးလေး၏ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ရပြီး သူမဆန္ဒပြည့်ဝစွာ အနှောင်အဖွဲ့မှ လွတ်မြောက်သွားခြင်းအတွက် ဝမ်းသာကြည်နူးနေမိ၏။ သို့သော် ကကြိုးရုပ်မင်းသမီးလေး၏ အစောင့်အရှောက်မှ ကင်းဝေးသွားရပြီ မှန်း သိရလေသောအခါ သူ့ရင်ထဲမှာ ဝမ်းနည်းစွာခံစားရသည်သို့ ရှိ၏။ ထိုဝမ်းနည်းမှုကပင် ကကြိုးရုပ်မင်းသမီးလေးကို လွမ်းမိနေခြင်းလေလားဆိုသည်ကိုတော့ ကျော်စိုးလွင် မပြောတတ်နိုင်ပါချေ။

◆ ◆ ◆

## တရုတ်အမဲ

ကျွန်ုပ်တည်ထောင်သော ပန်းကမ္ဘာဇာတ်အဖွဲ့ကြီးသည် ပုသိမ်မြို့၌ ကပြပြီးသည့်နောက် ပုသိမ်အနောက်ဘက်ကမ်းရှိ ရေကျော်ရွာသို့ ဆက်၍ ကပြရလေ၏။ ရေကျော်ရွာ၌ ဇာတ်ပွဲကပြရသည်မှာ ငှားပွဲ (ကန်ထရိုက်ပွဲ) ဖြစ်သော်လည်း ရုံပွဲမဟုတ်ဘဲ ဗလာပွဲဖြစ်၏။ ကျွန်ုပ်တို့ဇာတ်အဖွဲ့မှာ ဗလာပွဲကပြသော ဇာတ်အဖွဲ့မဟုတ်ပေ။

သို့သော် ပွဲငှားသူတို့က ဘာသာရေးပွဲတော်အတွက် ဗလာပွဲ ကပေးရန် အနူးအညွတ်မေတ္တာရပ်ခံတောင်းဆိုပါက တစ်ခါတစ်ရံ ကျွန်ုပ်တို့အဖွဲ့မှ လိုက်လျောပေးလေ့ရှိ၏။ ယခုရေကျော်ရွာ၌ ကျွန်ုပ်တို့ ဇာတ်အဖွဲ့ ကပြရသည့် ပွဲတော်မှာလည်း ရေကျော်ရွာ၌ နှစ်စဉ်ကျင်းပလေ့ရှိသော ရွာဓလေ့ထုံးစံ ဦးရှင်ကြီးပွဲတော် ဖြစ်၏။ ထို့ကြောင့် ဗလာပွဲကပေးရန် သဘောတူခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့ ဇာတ်အဖွဲ့မှ ဗလာပွဲကပေးရန် သဘောတူရခြင်း အကြောင်းတစ်ချက် ရှိသေး၏။ ထိုအကြောင်းကား ကျွန်ုပ်တို့ ဇာတ်အဖွဲ့သူ၊ အဖွဲ့သားအားလုံးကို ပွဲငှားသည့် ရေကျော်ရွာမှ ဇာတ်ပွဲနှစ်ည

ကနေစဉ်အတွင်း ထမင်းကျွေးသည့် အစီအစဉ်ပင် ဖြစ်၏။ ကျွန်ုပ်မှာ ဇာတ်ဆရာဖြစ်သောကြောင့် ဇာတ်သူ၊ ဇာတ်သားတို့၏ စားဝတ်နေရေးကို စီစဉ်ပေးနေရသူဖြစ်ရာ ဤသို့ ထမင်းစရိတ်ငြိမ်းသည့် အစီအစဉ်ကို ပွဲငှားသည့် ရေကျော်ရွာမှ တာဝန်ယူသွားသဖြင့် ကျွန်ုပ်စိတ်ထဲမှပင် ထိုပွဲငှားသူတို့အား ကျေးဇူးတင်မိနေလေ၏။

ကျွန်ုပ်တို့ဇာတ်အဖွဲ့သည် ဇာတ်ပွဲကပြရမည့် နေ့လယ်မှာပင် ရေကျော်ရွာသို့ အရောက်သွားလိုက်၏။ ဇာတ်စင်ကို ရွယ်လယ်တွင် ထိုးထား၏။ ကမ်းနားနှင့် ရွာလယ်မှာ တစ်ခေါ်သာသာခန့်ဝေး၏။ ဇာတ်ပစ္စည်းများကို ရွာသားအချို့က ကူညီသယ်ယူပေးကြသဖြင့် ဇာတ်စင်သို့ ဇာတ်ပစ္စည်းများ ခဏအတွင်းမှာပင် ရောက်လေ၏။ ကားခွင်၊ မီးခွင်ကိုင်သူ၊ စတိတ်မန်နေဂျာတို့ကမူ ဇာတ်ပစ္စည်းများ ဇာတ်ရုံရောက်ပြီဆိုသည်နှင့် ကားခွင်၊ မီးခွင်တို့ကို စတင်ပြင်ဆင်ကြလေ၏။ ဇာတ်ဆရာ ကျွန်ုပ်ကမူ ဇာတ်စင်ဘေးပတ်လည်၌ အဖီဆွဲထားသည့် ကျွန်ုပ်တို့ ဇာတ်သမားများ နားနေရမည့် နေရာသို့သွားကာ ကျွန်ုပ်၏ ဇာတ်အဖွဲ့သားများကို နေရာထိုင်ခင်း စီစဉ်ပေးရ၏။ စတိတ်မန်နေဂျာ ဦးစီးသော ကားခွင်၊ မီးခွင် တာဝန်ယူထားသည့် ဇာတ်သမားတို့မှာ လုပ်နေကျလုပ်ငန်းဖြစ်သောကြောင့် မကြာမီမှာပင် ကားခွင်၊ မီးခွင်တို့ကို ပြင်ဆင်ပြီးသွား၏။

ဇာတ်ကရန် အဆင်သင့်ဖြစ်နေလေပြီ။ မြစ်ပြင်ကျယ်မှ တိုက်ခတ်လာသော လေရူးကြောင့် ဇာတ်စင်ပေါ်၌ ပြင်ဆင်ပြီးဖြစ်သည့်

နဖူးစီးအပါအဝင် ကန့်လန့်ကာနှင့် တိုင်ဖုံးများမှာ လေထဲ၌ တလှုပ်လှုပ် ဖြင့် လူးလွင့်လျက်ရှိလေ၏။

ကျွန်ုပ် နာရီကိုကြည့်လိုက်ရာ ညနေလေးနာရီကျော်နေမှန်း သိရ၏။ ဇာတ်သူ၊ ဇာတ်သားတို့ကား မိမိတို့၏ နေရာထိုင်ခင်း အသီးသီးတို့တွင် ထိုင်သူထိုင်၊ လှဲသူလှဲ၊ စကားပြောသူပြော၍ နေနေကြ၏။

ရွာစားကျော် ဝိုင်းတော်တီး ဆိုင်းဆရာစိန်ဘာဘူနှင့် အဖွဲ့ ကမူ ပတ်လုံးများကို ပြန်လည်ပြင်ဆင်နေလေ၏။ (ပတ်လုံးများ၌ ဆွဲထားသော သရေကြိုးများ လျော့နေသည်ကို ဆွဲတင်းခြင်း၊ ပေါက် လုလုဖြစ်နေသည့် ပတ်လုံးသရေများကို လဲလှယ်ခြင်း၊ ပြုပြင်ခြင်းကို ဆိုလိုပါသည်။ စကားချပ်) နှဲဆရာဦးမြမောင်ကား သူ၏နှဲလျှာခင်များ ကို ပြုပြင်နေ၏။ ကျွန်ုပ်ကား ဇာတ်စင်ရှေ့တည့်တည့်သို့ထွက်ကာ ပြင်ဆင်ထားသော ဇာတ်စင်၏ အပြင်အဆင်များကို ကြည့်ရှုလေ့လာ နေမိလေ၏။

ထိုစဉ် ရေကျော်ရွာမှ ဇာတ်ပွဲငှား ရွာလူကြီး သုံးလေးဦးခန့် ရောက်လာကာ ကျွန်ုပ်တို့ဇာတ်အဖွဲ့သူ အဖွဲ့သားတို့အား ထမင်းစား လာခေါ်၏။ ထို့ကြောင့် စတိတ်မန်နေဂျာနှင့် ကားဆွဲ၊ မီထိုးသမား သုံးဦးကို ဇာတ်ရုံ၌ အစောင့်ထားခဲ့ပြီးနောက် ကျန်သည့်ဇာတ်သမား များကိုခေါ်ကာ ကျွန်ုပ်မှာရွာထဲသို့ ထမင်းစားထွက်လာခဲ့ကြ၏။ ရွာ လမ်းအတိုင်း အရှေ့မှအနောက်သို့ လျှောက်လာရင်းဖြင့် ရွာအနောက်

ခြမ်း ဝဲယာရှိ အိမ်တစ်အိမ်စီတွင် ဇာတ်သမားလေးယောက်စီကို ထမင်းစားရန် ထားခဲ့၏။

ဇာတ်ဆရာ ကျွန်ုပ်တို့ဇနီးမောင်နှံကား နောက်ဆုံးအိမ်သို့ဝင်၍ ထမင်းစားရန်ပြင်၏။ ကျွန်ုပ်တို့ ဝင်ရောက်ထမင်းစားခွင့်ကြုံရသည့် အိမ်မှာ ဆင်းရဲပုံရ၏။ ထရံကာ၊ ဓနိမိုး တဲအိမ်ငယ်လေးဖြစ်၍ မဓမ တိုင်တို့ဖြင့် ယိုင်နဲ့နဲ့လေးဖြစ်နေ၏။ အိမ်ရှင်မိန်းမကြီးကား အသက် ခြောက်ဆယ်ကျော်ခန့်ရှိ၍ အသက်သုံးဆယ်ကျော် မိန်းမပျိုတစ်ဦးနှင့် ဆယ်နှစ်ရွယ် ယောကျ်ားလေးတစ်ဦးတို့မှ ကျွန်ုပ်တို့ဇနီးမောင်နှံအား ဝမ်းပန်းတသာ ခရီးဦးကြိုဆိုပြီးနောက် အသင့်ခူးခပ်ထားသော ထမင်းဝိုင်းသို့ ထမင်းစားရန် ဖိတ်မန္တကပြုကြလေ၏။

'ကဲ ... ဇာတ်ဆရာ၊ ကျွန်တော်တို့က ဇာတ်ဆရာတို့ မောင်နှံကို ရွာလူကြီးအိမ်မှာ ထမင်းကျွေးဖို့ စီစဉ်ထားတာ။ ဇာတ်ဆရာ က အဖွဲ့နဲ့ခွဲပြီး မစားချင်ဘူးဆိုတော့ မဲကျတဲ့အိမ်မှာပဲ စားခဲ့ပေတော့။ တော်ကြာမှ ကျွန်တော်တို့အဖွဲ့ ပြန်လာခဲ့မယ်။ မယ်တင်ရေ ဟောဒါ ဇာတ်ဆရာ ဇနီးမောင်နှံ၊ သေသေချာချာ ဧည့်ဝတ်ပြုလိုက်နော်။ ကြားလား'

ကျွန်ုပ်တို့အဖွဲ့အား ထမင်းစားခေါ်ခဲ့သော ရွာလူကြီးအဖွဲ့မှာ ကျွန်ုပ်အား နှုတ်ဆက်ပြီးနောက် ကျွန်ုပ်တို့ကို ထမင်းကျွေးမည့် အိမ်ရှင် ဒေါ်တင်ဆိုသူကိုလည်း မှာကြားပြီး ထွက်သွားကြ၏။

'သြော် လက်စသတ်တော့ ကျုပ်တို့အိမ်မှာ ထမင်းစားကြွလာကြတဲ့သူတွေက ဇာတ်ပိုင်ရှင်တွေကိုး။ အားနာလိုက်တာရှင်'

'ကိစ္စမရှိပါဘူး ခင်ဗျ။ ကျွန်တော်တို့ကို ဘာမှ အားမနာပါနဲ့'

'ဘယ်ဟုတ်ပါ့မလဲ။ ကျွန်မတို့က စေတနာတော့ရှိပါတယ်။ ဒါပေမဲ့ ဆင်းရဲတော့ မပြည့်စုံဘူးပေါ့ ဇာတ်ဆရာရယ်။ ကျွန်မတို့ သားအမိတွေက မုဆိုးမသားအမိတွေလေ'

'သြော်'

အိမ်ရှင် ဒေါ်တင်ဆိုသူ အမျိုးသမီးကြီးက ကျွန်ုပ်တို့အနီး ထမင်းဝိုင်းဘေး၌ထိုင်၍ ကျွန်ုပ်တို့အား ယပ်တောင်ဖြင့် ယပ်ခတ်ပေးရင်း အားတုံ့အားနာ ပြောနေလေရာ ကျွန်ုပ်မှာ ထိုမိသားစုတို့ကို ပို၍ပင် ကရုဏာသက်သွားမိ၏။ ထို့ကြောင့် ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ထမင်းစားရန်ပင် လက်ရွံ့နေမိကြ၏။

ထိုအခါ အိမ်ရှင် ဒေါ်တင်နှင့် သမီးပျိုတို့မှ ကျွန်ုပ်တို့စားရန် ထမင်းပန်းကန်ထဲသို့ ထမင်းနှင့်ဟင်းလျာ ခူးခပ်ထည့်ပေးကာ အားပါးတရ စားစေပြန်၏။

ထို့ကြောင့် ကျွန်ုပ်က

'နေပါစေ၊ ကျွန်တော်တို့ဇနီးမောင်နှံက တရုတ်အမဲ မစားကြလို့ပါ'

'ဟောတော့၊ ဒုက္ခဖြစ်ပြန်ပါပြီ။ သမီးရေ ဒါဆို ကြက်ဥလေး ကပျာကယာ ကြော်လိုက်ပါအေ။ ခဏလေးစောင့်ပါနော်၊ ခဏလေးပါ။ အားနာလိုက်တာရှင်၊ ခဏလေးစောင့်ပါနော်'

ဒေါ်တင်က အားတုံ့အားနာဖြစ်ကာ သမီးဖြစ်သူကို လှမ်းပြောရင်း သူကိုယ်တိုင်လည်း ထမင်းဝိုင်းအနီးမှ ထသွားပြီး မီးဖိုဒ္ဓ ချက်ချင်းမီးမွေး၍ တရှဲရှဲဖြင့် ကြက်ဥကြော်နေလေ၏။ ခဏကြာသော် ကြက်ဥကြော်ပန်းကန်ကို ယူလာ၍ ကျွန်ုပ်တို့ထမင်းဝိုင်း၌ လာချပေးရင်း -

'ဟဲ့ သမီး ဒုက္ခပါပဲ။ ဒီမှာ ဇာတ်ဆရာတို့က တရုတ်အမဲမစားပါဘူးဆိုနေမှ။ လာ ဟောဒီတရုတ်အမဲပန်းကန်တွေ သိမ်းလိုက်စမ်း'

ဒေါ်တင်၏အသံကြောင့် သမီးဖြစ်သူက အပြေးလာကာ ဟင်းပန်းကန်ကို သိမ်းယူသွား၏။ သည်တော့မှ ကျွန်ုပ်တို့ဇနီးမောင်နှံ ထမင်းစားခန်း အလှည့်ရောက်လေ၏။ မိုက်ဆာနေ၍လားမသိ၊ ထိုညနေက စားခဲ့ရသော ထမင်းဝိုင်းသည် လွန်စွာမြိန်ရေရှက်ရေရှိလှ၏။

ကျွန်ုပ်တို့ဇနီးမောင်နှံ ထမင်းစားပြီးသည့်နောက် လက်ဖက်ရည်ဝိုင်းထိုင်ရင်း ဒေါ်တင်မိသားစုနှင့် တွေ့ရာလေးပါး စကားပြောဖြစ်ကြ၏။ ထိုအခါ ရေကျော်ရွာ၏ ဓလေ့ထုံးစံ ရိုးရာဓလေ့အထာကို အနည်းငယ် သိရှိမှတ်သားခဲ့ရ၏။

ရေကျော်ရွာ၏ နှစ်စဉ် ဦးရှင်ကြီးပွဲကို ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းမနည်း ရှိခဲ့လေပြီ။

ထိုဦးရှင်ကြီးပွဲကို မိုးလေကင်းလွတ်ရာ ပွင့်လင်းရာသီလည်းဖြစ်၊ ကောက်ရိတ်သိမ်းပြီးချိန်လည်း ဖြစ်သောလတွင် နှစ်စဉ်ကျင်းပ

လေ့ရှိ၏။ ဦးရှင်ကြီးပွဲကို ကျင်းပပါမှ ကောက်ပဲသီးနှံများ အထွက်ကောင်း၍ ရွာလုံးကျွတ် စီးပွားရေးကောင်းမွန်သည်ဟု အယူရှိကြ၏။ ဦးရှင်ကြီးပွဲကျင်းပရန် ပျက်ကွက်ခဲ့ပါက ရွာလုံးကျွတ် စီးပွားရေးညံ့ဖျင်း၍ ကျန်းမာရေးပါ ညံ့ဖျင်းတတ်ကြသည်ကို တစ်ရွာလုံး လက်ခံယုံကြည်ကြ၏။ ထို့ကြောင့် ဦးရှင်ကြီးပွဲကို နှစ်စဉ်ကျင်းပကြခြင်းဖြစ်၏။

ဒေါ်တင်အိမ်မှ ပြန်လာပြီး ကျွန်ုပ်တို့ဇနီးမောင်နှံ ဇာတ်ရုံရောက်သည့်အချိန်တွင် မှောင်ရိပ်သန်းနေပြီဖြစ်ရာ မီးစက်ပင် မောင်းစပြုနေလေပြီ။ ဆိုင်းဝိုင်းမှ ပတ်မသံပေးနေသဖြင့် ရွာသူရွာသားအချို့ လှုပ်လှုပ်ရွရွဖြစ်ကာ ဇာတ်စင်ရှေ့ကွက်လပ်တွင် နေရာခင်းလျက်ရှိကြ၏။ ကလေးသူငယ်အချို့ကား မြူးထူးရွှင်ပြုံးစွာဖြင့် ပြေးလွှားကခုန်ဆော့ကစားနေကြလေ၏၊

မကြာမီ ဇာတ်စင်ဝန်းကျင်တစ်ခွင် မည်းမှောင်လာရာ ဇာတ်စင်တွင် မီးလင်းလာ၏။ ကျွန်ုပ်တို့ ဇာတ်သူဇာတ်သားအချို့လည်း ဇာတ်ကရန် မိတ်ကပ်လိမ်းခြယ် ပြင်ဆင်နေကြ၏။ ဆိုင်းဝိုင်းမှ လက်ထောက်ဝိုင်းတော်တီး၏ ပတ်လုံးသံကလည်း မြိန်ရှက်စွာ ထွက်ပေါ်လာ၏။ ရှေ့တော်ပြေး ဝိုင်းတော်တီး၏လက်သံနှင့် ထပ်တူညီစွာနှဲ၊ မောင်း၊ ပတ်မကြီး၊ လင်းကွင်းတို့အသံက မြိုင်ဆိုင်စွာ ထွက်ပေါ်လာသဖြင့် ရွာသူရွာသားများ သူ့ထက်ငါ အပြေးအလွှားဖြင့် ဇာတ်ပွဲရှိရာသို့ ရောက်လာကြ၏။

ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ကန်ထရိုက်ပွဲဖြစ်၍ ဖျာလက်မှတ်ရောင်းရခြင်း၊ ရုံဝင်လက်မှတ်ရောင်းရခြင်းကိစ္စများ ကင်းဝေးရသည်ဖြစ်ရာ ဇာတ်စင်ဘေးရှိ မိမိတို့ နားနေရာအခန်းတွင် အေးဆေးစွာအနားယူ၍ ရလေ၏။ ဤသို့ဖြင့် တဖြည်းဖြည်း မိုးချုပ်လာရာ ဇာတ်ကရန် အချိန် ရောက်ရှိလာလေ၏။ ထို့ကြောင့် ဆိုင်းဝိုင်းနှင့် အနောက်တိုင်းဝိုင်းတို့၏ နှစ်ဝိုင်းပြိုင် သံစုံတီးမှုတ်ဖျော်ဖြေမှုအစီအစဉ် ပြီးသည်နှင့် ပြည်ဖုံးကားကြီးကိုဖွင့်ကာ ပဏ္ဍာမဘုရားကန်တော့ခန်းကို ဦးစွာပထမ စတင်တင်ဆက်လိုက်၏။ ပြီးနောက် နတ်ကတော် အပျိုတော်ယိမ်းအကကို တင်ဆက်ပြန်၏။

'အတူလေးရယ်တဲ့ ယှဉ်ကာပြိုင် ... ယှဉ်ကာပြိုင် ... ဖဲမွေ့ရာ ရွှေကော်ဇော ရောနှောလို့ထိုင် ... ပျိုတိုင်းကြိုက်ပါတဲ့ နှင်းဆီခိုင် ... ခွင်လုံးပိုင်တဲ့ စင်တော်သားဝေရာကရား ...'

နတ်ကတော်ယိမ်းကို ဦးဆောင်ကပြနေသည့် နောက်ပိုင်းမင်းသမီးချော နန်းတင်ထွေး၏ ဆိုဟန်နှင့် ကဟန်မှာ မြူးကြွသွက်လက်သလောက် ယိမ်းသမငယ်များ၏ ညီညီညာညာ ကဟန်ကလည်း ကြည့်၍ကောင်းလေရာ ပွဲကြည့်ပရိသတ်မှာ ငြိမ်၍ကြည့်နေကြလေ၏။ ဆိုင်းဝိုင်းမှ ရွှာစားကျော်ကလည်း နတ်ချင်းကို မြိုင်ဆိုင်စွာတီးပေးနေသဖြင့် တီးချက်နှင့် ကကွက်မှာ ပဏ္ဍာတင့်၍ လိုက်ဖက်နေလေ၏။ ထိုစဉ် -

'တောက် ငါမကျေနပ်ဘူး၊ မကျေနပ်ဘူးဟေ့၊ ငါ့ကို မလေးမစားလုပ်တာ ငါ လုံးဝမကျေနပ်ဘူး'

ဆိုင်းဝိုင်းတီးလုံးသံကြားမှ မင်းသမီး နန်းတင်ထွေး၏ အသံက တီးလုံးသံနှင့်ဆန့်ကျင်စွာ ထွက်ပေါ်လာရာ ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ခေါင်းနားပန်းကြီးသွားရလေ၏။ ပွဲကြည့်ပရိသတ်ထဲမှလည်း 'ဟင်' ဟာ ဆိုသော အာမေဋိတ်သံများနှင့်အတူ ခေါင်းထောင်ကြည့်လာသည့် အံ့ဩမှုများကိုလည်း တွေ့မြင်လိုက်ရ၏။

'ဒုန်း … ဒုန်း'

ဆိုင်းဝိုင်းက တီးသံကိုမရပ်ဘဲ ဆက်၍တီးနေရာ စင်ပေါ်မှ မင်းသမီး နန်းတင်ထွေးက ဆိုင်းဝိုင်းသို့ လက်ညှိုးထိုးပြကာ ဖနောင့်ပေါက်၍ ခါးထောက်နေလေ၏။ ကျွန်ုပ်တို့ ဇနီးမောင်နှံကား တိုင်ဖုံးအကွယ်ကြားမှ အခြေအနေကို စောင့်ကြည့်နေလေ၏။

နန်းတင်ထွေး၏ ဖနောင့်ပေါက်ချက်ကြောင့် ဆိုင်းဝိုင်းမှတီးချက်ကို ရပ်ပစ်လိုက်ကာ မင်းသမီး၏အခြေအနေကို အကဲခတ်ကြည့်ရှုနေ၏။ မင်းသမီးကား လက်နှစ်ဖက်ကို ခါးထောက်လျက်မှ တစ်ကိုယ်လုံး တုန်ခါနေကာ ဘယ်ညာသို့ ယိမ်း၍တစ်သွယ်၊ ရှေ့နောက်သို့ ယိမ်း၍တစ်ဖုံ လှုပ်လှုပ်ရှားရှား ဖြစ်၍နေ၏။ ယိမ်းသမလေးများကမူ မင်းသမီး နန်းတင်ထွေး ဘေးပတ်လည်၌ လက်အုပ်ချီ၍ ရှိသေသမှုပြုကာ ကြည့်နေကြ၏။

'ဟေ့ ဘယ်မှာလဲ ကြာသပတေးသားနဲ့ ဗုဒ္ဓဟူးသမီး။ သင်းတို့က ငါ့ကို မလေးမစားနဲ့ စော်ကားတာလားဟေ့။ ဟင်း တစ်ဖွဲ့လုံး ဒုက္ခရောက်သွားမယ်၊ ကြားလား'

'အို … ကျွန်မတို့ တောင်းပန်ပါတယ်'

'ဟဲ့ ဇာတ်ဆရာလင်မယားကို သွားခေါ်လိုက်'

'ဟုတ်ရဲ့လား။ ဒီက ကြာသပတေးသားနဲ့ ဗုဒ္ဓဟူးသမီးကို ခေါ်ခိုင်းတာလေ'

'အေးလေ ဇာတ်ဆရာလင်မယားက ကြာသပတေးသားနဲ့ ဗုဒ္ဓဟူးသမီးပဲ ဥစ္စာ'

ယိမ်းသမလေးများ တစ်ယောက်တစ်ပေါက် ပြောနေသံကို အတိုင်းသားကြားနေရသည်ဖြစ်ရာ ကျွန်ုပ်က ဇနီးသည်ကို တိုင်ဖုံးကြားမှ ရှေ့သို့ တိုးထွက်စေလိုက်၏။ ကျွန်ုပ်က အနောက်မှာ ကျန်ရစ်ရင်း အခြေအနေကို စောင့်ကြည့်နေ၏။

'အမိန့်ရှိပါ။ သမီးတော်တို့မှာ ဘာချို့ယွင်းချက်များ ရှိပါသလဲ၊ နှုတ်ဖွင့်တော်မူပါ'

ကျွန်ုပ်၏ဇနီးသည်က နန်းတင်ထွေးရှေ့၌ လက်အုပ်ကလေးချီ၍ ရိုသေစွာပြောနေသံ ကြားရ၏။ နန်းတင်ထွေးကား နတ်ဝင်သကဲ့သို့ ကိုယ်ကို ဘယ်တိမ်း၊ ညာတိမ်း ပြုလျက်မှ အသံကျယ်ကျယ်ဖြင့် ပြန်ပြော၏။

'ဟော့ ငါတို့ကို မလေးမစားနဲ့ တရုတ်အမဲတွေ စားကြတယ်ပေါ့ ဟုတ်လား'

နန်းတင်ထွေးစကားသံကြောင့် ကျွန်ုပ်၏ဇနီး အံ့သြသွားကာ ကျွန်ုပ်ရှိရာသို့ လှမ်းကြည့်ပြီးနောက် နန်းတင်ထွေးကို ပြန်မေးလိုက်၏။

'နှမတော်တို့က တရုတ်အမဲကို မစားပါဘူး။ ဒီဇာတ်ထဲမှာ ဘယ်သူတွေစားတယ်ဆိုတာ နှမတော်လည်း သိချင်ပါတယ်။ ပြီးတော့ ခုကြွလာတာ ဘယ်ပုဂ္ဂိုလ်လည်းဆိုတာလည်း သိပါရစေ'

'ဒုန်း'

'တယ် ညည်းက ငါ့ကိုမယုံဘူးပေါ့၊ ဟုတ်လား။ ဟော့ အမေပဲခူးတလိုင်းတဲ့။ ရောက်လေရာ မစိုင်းဘူးနော်။ ငါ့ကို လာမရိုင်းနဲ့။ ချိုနဲ့ တစ်ချက်တွတ်လို့ အူထွက်သွားမယ် ယုံရဲ့လား'

'ယုံပါတယ် ယုံပါတယ်။ သမီးတော်တို့ သိပါတယ်'

နတ်ဝင်နေသော နန်းတင်ထွေးက ဖနောင့်နှင့်ပေါက်လျက် ဒေါသတကြီး ပြောဆိုကြိမ်းဝါးနေလေရာ ကျွန်ုပ်၏ ဇနီးသည်က ရိုသေသမှုဖြင့် တောင်းပန်စကားပြောဆိုနေလေ၏။

'အေး မင်းတို့က လေးစားမှန်းတော့ ငါသိတယ်။ ဒါပေမဲ့ မင်းတို့အဖွဲ့ထဲက ငမူးသမား သောကြာသားက ငါ့ကို မလေးစားဘူး ဟော့၊ အဲဒါ မင်းတို့သိလား'

နန်းတင်ထွေးစကားသံကြောင့် ဇနီးဖြစ်သူ မျက်မှောင်ကြုတ်ကာ အနောက်ဘက်ရှိ ကျွန်ုပ်ကို ပြန်လှည့်ကြည့်ပြန်၏။ ကျွန်ုပ်မှာ နတ်ဝင်သူပြောနေသည့် စကားသံများကို အားလုံးကြားနေရသည်ဖြစ်ရာ မည်သူမည်ဝါကို ရည်ညွှန်းပြောဆိုနေမှန်း ချက်ချင်းရိပ်မိသွား၏။ ထို့ကြောင့် ဇနီးသည်ကြားလောက်အောင် အသံတိုးတိုးဖြင့် လှမ်းပြောလိုက်၏။

'ဟော့ သက်တင်ကိုပြောတာ ဖြစ်လိမ့်မယ်'

'ဟုတ်တယ်၊ ဟုတ်လိမ့်မယ်၊ ဖြစ်နိုင်တယ်'

ဇနီးသည်က ကျွန်ုပ်၏စကားကို ထောက်ခံရင်း ခေါင်းတညိတ်ညိတ် ပြုလျက် ပြောလေ၏။ ပြီးနောက် နတ်ဝင်နေသူ နန်းတင်ထွေးကိုပင် တလေးတစား ပြန်၍ပြော၏။

'အမေပြောတာ မှန်ပါတယ်။ ဒီအတွက် သမီးတော်တို့က တောင်းပန်ပါတယ်။ အမေ ဗွေမယူပါနဲ့။ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ပေးပါ'

'အေးဟော့ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်။ နောက်တစ်ခါဆိုရင်တော့ အဆိုးမဆိုနဲ့။ ကြားလား'

နန်းတင်ထွေးမှာ ပြောပြောဆိုဆို သူ၏လက်နှစ်ဖက်ဖြင့် သူမ၏နဖူးကို ရိုက်လိုက်၏။ ခဏအတွင်းမှာပင် နန်းတင်ထွေးမှာ နဂိုအတိုင်းပြန်ဖြစ်ကာ ဟိုကြည့်၊ ဒီကြည့်ဖြင့် ငေးကြောင်ကြောင်ဖြစ်နေရှာ၏။ သူမ၏ဘေး၌ ဝိုင်းအုံနေကြသော ယိမ်းသမများနှင့် ကျွန်ုပ်၏ ဇနီးသည်တို့ကိုကြည့်ကာ အံ့သြနေပုံရ၏။

'ကျွန်မ ဘာတွေဖြစ်သွားတာလဲ ဖာတ်ဆရာ'

'ဘာတွေဖြစ်သွားတာလဲတော့ မေးမနေနဲ့။ တို့လည်း ဘာပြောရမှန်း မသိတော့ဘူး'

'ကဲ ကဲ အချိန်မရှိဘူး။ ပြည်ဖုံးကားချလိုက်တော့။ အော်ပရာ ဆက်ကမယ်'

ကျွန်ုပ်မှ တိုင်ဖုံးကြားမှထွက်လာပြီး ပြောလိုက်ရာ ကားဆွဲတို့က ပြည်ဖုံးကားချလိုက်၏။ ထိုအခါမှ နန်းတင်ထွေးနှင့် ယိမ်းသမများ ဇာတ်စင်အောက်သို့ ဆင်းသွားကာ နောက်ပိုင်းဆက်ကမည့် အော်ပရာအစီအစဉ်ကို ပြင်ဆင်ကြတော့၏။

ကျွန်ုပ်နှင့် ဇနီးသည်တို့ကား ဇာတ်စင်ဘေးရှိ အခန်းပတ်ချာလည်သို့ အကဲခတ်ကြည့်ရှုပြီးနောက် တီးဝိုင်းခေါင်းဆောင် သက်တင်၏ အခန်းသို့ဝင်ကာ သေချာစွာ စစ်ဆေးကြည့်ကြလေ၏။ သက်တင်ကား တီးဝိုင်းရှိရာတွင် သွားရောက်တီးမှုတ်နေရသဖြင့် သူ၏အခန်းထဲတွင် မရှိပေ။ ထို့ကြောင့် သက်တင်၏အခန်းထဲတွင် ကျွန်ုပ်တို့ဇနီးမောင်နှံ စိတ်ကြိုက်ရှာဖွေ၍ရ၏။

'တွေ့လား ဟောဒီချိုင့်ထဲမှာ ဝက်သားဟင်းတွေ။ ဒါ ရွာထဲက ယူလာတာဖြစ်မယ်'

'ဒီကောင်တွေ တော်တော်ဆိုးတဲ့ကောင်တွေပဲ။ ဒီလောက်ပြောထား၊ တောင်းပန်ထားလျက်နဲ့ မရှိမသေ မလေးမစားလုပ်တာ။ တောက်၊ အမေရ ဒီတစ်ခါ မလေးစားတဲ့ကောင်တွေကိုပဲ ဒဏ်ခတ်ပါ'

ကျွန်ုပ်က စိတ်ထဲ ဒေါသဖြစ်ဖြစ်နှင့် တစ်ယောက်တည်း အော်ပြောလိုက်၏။ ဇနီးသည်ကမူ ဝက်သားဟင်းချိုင့်ကိုယူကာ ရုံပြင်သို့ထွက်၍ သွားသွန်လေ၏။ ဇာတ်စင်ပေါ်တွင် မြန်မာသံစဉ်ဖျော်ဖြေမှု၊ အော်ပရာ၊ စတိတ်ရှိုး၊ ပြဇာတ် စသည့် အစီအစဉ်များ တစ်ခုပြီး တစ်ခု တင်ဆက်သွားရာ ညဥ့် ၂ နာရီကျော်သည့်တိုင် အေးချမ်းစွာ ကပြနိုင်ခဲ့၏။

ထို့ကြောင့် ဇာတ်ပွဲအနေဖြင့် ကပြရန် နှစ်ပါးခွင်နှင့် နောက်ပိုင်းဇာတ်ထုပ်ကြီးနှစ်ခုသာလျှင် မိုးအလင်းကပြရန် ကျန်၏။ ဂီတမှူးသက်တင်တို့၏ တီးဝိုင်းအဖွဲ့မှာ နှစ်ပါးသွားကပြီးသည်နှင့် ဝိုင်းသိမ်းကာ အိပ်စက်အနားယူ၍ရလေ၏။ အချို့ကား မအိပ်မီ ပွဲဈေးတန်းသို့လျှောက်ကာ လက်ဖက်ရည်သောက်သူသောက်၊ မုန့်စားသူစားကြ၏။ ပြီးမှ ဇာတ်ရုံသို့လာကာ အိပ်တတ်ကြ၏။

ဂီတမှူးသက်တင်ကား တီးဝိုင်းသိမ်းပြီဆိုသည်နှင့် သူ့အခန်းသို့ ပြန်လာကာ လက်ကျန်မော့တတ်သူဖြစ်မှန်း ကျွန်ုပ်သိ၏။ ထို့ကြောင့် ကျွန်ုပ်မှာ နှစ်ပါးသွားစတင်က၍ ဂီတဝိုင်းသိမ်းပြီဆိုသည်နှင့်သက်တင်ကို ဂရုပြု၍ကြည့်နေမိ၏။ ကျွန်ုပ်စောင့်ကြည့်နေစဉ်အတွင်းမှာပင် သက်တင်မှာ သူ့အခန်းသို့ ဝင်သွား၏။ မကြာမီ အခန်းအတွင်းမှ ပြန်ထွက်လာကာ ဟိုအခန်းဝင်၊ သည်အခန်းဝင် ပြုနေ၏။ ထိုအခြေအနေကိုသိသော ကျွန်ုပ်မှာ သက်တင်အနီးသို့ အမြန်ထသွားလိုက်၏။

'ဟော့ကောင် သက်တင် ... ဘာလဲ။ မင်းရဲ့ဟင်းချိုင့်ကို လိုက်ရှာနေတာ မဟုတ်လား။ မင်းဟင်းကို ငါတို့ယူပြီး သွန်ပစ်လိုက်ပြီ။ သူများတွေကို မင်းလိုက်ပြီး ရမ်းမနေနဲ့။ အပြစ်ရှိတာက မင်းကိုယ်မင်း ဆိုတာကိုလည်း သတိထား။ နောက်တစ်ခါဆို ငါ ညကြေးဖြတ်ပြီလို့ မင်း မှတ်ထားလိုက် ကြားလား'

သက်တင်ကား ကျွန်ုပ်ကို ဘာမျှပြန်မပြော။ မကျေမနပ်မျက်နှာထားဖြင့် ကျွန်ုပ်အနီးမှ ထွက်သွား၏။ ဇာတ်ရုံနောက်ပေါက်မှ

ထွက်သွားသော သက်တင်၏ခြေလှမ်းများကိုကြည့်၍ သက်တင် ဘယ်ကိုရှေးရှုထွက်သွားမှန်း ကျွန်ုပ်သိနေ၏။ သို့သော် ကျွန်ုပ် ရေငုံနှုတ်ပိတ်၍သာ နေလိုက်၏။ နှစ်ပါးသွားကပြီးသည့်နောက် ပဲခူးမယ်တော် ဇာတ်ထုပ်ကြီးကို ကပြရန် ဆိုင်းဝိုင်းမှ နတ်သံပစ်၍နေ၏။ ထိုစဉ် ဇာတ်ရုံနောက်ပေါက်မှ လူတစ်ယောက် အပြေးဝင်လာကာ -

'ကျွန်တော့်ကို ကယ်ပါဦးဗျာ ကယ်ကြပါဦး၊ အောင်မယ်လေး ကျွန်တော့်နောက်က လိုက်လာနေတယ်၊ ကယ်ကြပါဦးဗျို့'

'ဝုန်း ဒိုင်း'

'အောင်မယ်လေးဗျ သေပါပြီဗျာ'

ဇာတ်ရုံထဲသို့ အပြေးဝင်လာသဖြင့် အပေါက်ဝဘေး၌ ကပ်လျက်ခင်းထားသော ခုတင်စောင်းဖြင့် ခလုတ်တိုက်မိပြီး ချော်လဲကျသွားသူ၏အသံက ဇာတ်ရုံနောက်ဘက်တွင် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ထို့ကြောင့် ကျွန်ုပ်မှာ အပြေးထသွားကြည့်ရာ သက်တင်ဖြစ်နေမှန်း သိရ၏။

'ကျွန်တော့်နောက်က ကျွဲလိုက်ဝှေ့နေလို့။ ကယ်ပါဦး ဇာတ်ဆရာရယ်။ ကျွန်တော် တကယ်ပြောနေတာပါ'

'ကဲ ကျွဲလိုက်ဝှေ့တဲ့အန္တရာယ်က ဘာမှမစိုးရိမ်နဲ့တော့။ အခုအရေးကြီးတာ မင်းခြေထောက် ပြဲကွဲသွားတဲ့ ဒဏ်ရာက အရေးကြီးတယ်။ သွေးတိတ်အောင် ဆေးလိမ်းကြရအောင်၊ လာ'

ကျွန်ုပ်က ပြောပြောဆိုဆို သက်တင်ကို တွဲမခေါ်၍ သူ့အခန်းသို့ လိုက်ပို့ပေးကာ ဆေးဝါးလိမ်းထည့်ပေးလိုက်၏။ သက်တင်ကား ကျွဲလိုက်ဝှေ့ခံရသည့်အဖြစ်ကြောင့် တစ်ကိုယ်လုံး တုန်ခါနေ၏။ ကျွန်ုပ်ကား သက်တင်ကို လိုက်ဝှေ့သောကျွဲကို ဓာတ်ရုံအတွင်းအပြင် လိုက်ရှာကြည့်သော်လည်း မတွေ့ရသည်က တစ်ကြောင်း၊ နံနက်အရုဏ်တက် လေးနာရီအချိန်ဖြစ်နေ၍တစ်ကြောင်းကြောင့် သက်တင်ပြောစကားကို ယုံရန် အခက်တွေ့လာ၏။

သို့သော် ညဦးပိုင်း နန်းတင်ထွေး နတ်ကတော်ယိမ်းကစဉ်နတ်ဝင်စဉ်အခါက ပြောသွားသည့်စကားများက ကျွန်ုပ်နားတွင် ပဲ့တင်ထပ်မျှ ပြန်၍ကြားယောင်လာ၏။

ထိုအခါ ကျွန်ုပ်ရင်တစ်ခုလုံး သိမ့်သိမ့်တုန်ကာ တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထသွားမိပြန်၏။

'ဟော့ အမေပဲခူးတလိုင်းနော်။ ရောက်လေရာ မစိုင်းဘူး။ ငါ့ကို လာမရိုင်းနဲ့။ ချိုနဲ့ တစ်ချက်တွတ်လို့ အူထွက်သွားမယ်မှတ်'

ဓာတ်စင်ပေါ်မှ အမေပဲခူးမယ်တော် ဟစ်ကြွေးသံနှင့် ရှာစားကျော်၏ ဆိုင်းချက် လိုက်ဖက်လှသည်ဖြစ်ရာ မူလကြောက်စိတ်ဓာတ်ခံရှိနေသူ ကျွန်ုပ်အဖို့ ဆိုင်းပတ်မချက်အတီးကြောင့် တစ်ကိုယ်လုံးတုန်ခါသွားရပြန်ပါ၏။

ထိုစဉ် -

'အောင်မယ်လေးဗျ၊ ကျွန်တော့်ကို ကျွဲကြီးလိုက်ဝှေ့နေတယ်။ ကျွဲကြီးလိုက်ဝှေ့နေတယ်။ ကျွန်တော်ကြောက်တယ်၊ ကယ်ကြပါဦးဗျို့။ ကျွန်တော် တရုတ်အမဲ မစားတော့ပါဘူး၊ မစားတော့ပါဘူး'

သက်တင်ကား အိပ်ပျော်ရင်းမှ မကြာခဏ ယောင်ယမ်း၍ ထအော်နေရာ မိုးစင်စင်လင်း၍ ပဲခူးမယ်တော် ဓာတ်ထုပ်ကပြီးမှ ယောင်ယမ်းခြင်းကိစ္စ ပျောက်တော့၏။ ကျွန်ုပ်တို့ဇနီးမောင်နှံမှာလည်း ထိုညက ဓာတ်ပွဲကပြခြင်း မပြီးဆုံးမီကာလအတွင်း စိုးရိမ်မှုသောကများနှင့် နပန်းလုံးနေခဲ့ရာ ဓာတ်ထုပ်ပြီး၍ ပြည်ဖုံးကားချမှပင် သက်ပြင်းချကာ စိတ်ချမ်းသာမှု ရခဲ့ကြရ၏။

သက်တင်တစ်ယောက်ကမူ ထိုနေ့ညမှစ၍ ဝက်သား (တရုတ်အမဲ) ကို စားရန် ရှောင်ကြဉ်လိုက်တော့၏။ သို့သော် သူ့ကိုယ်တွင် ရရှိခဲ့သည့် ဒဏ်ရာ (ထိုညက ပြေးလွှားရင်း မှောက်လျက်လဲ၍ရခဲ့သော ခြေသလုံးမှ ဒဏ်ရာနှင့် အိပ်နေရင်း ယောင်ယမ်း၍ ထပြေးရာမှ ဓာတ်စင်တိုင်နှင့် ဆောင့်မိ၍ နဖူး၌ ကွဲခဲ့ရသော အမာရွတ်) တို့ သည်ကား သေရာပါ အမှတ်အသားအဖြစ် သူ့ကိုယ်၌ စွဲထင်ကျန်ရစ်နေသည်ကိုကား ဂီတမှူး သက်တင်တစ်ယောက် ငြင်းဆန်၍မရနိုင်သည်ကို ကျွန်ုပ်တို့ ဇနီးမောင်နှံနှစ်ယောက် ယနေ့တိုင် သက်သေရှိနေပါလေ၏။

◆ ◆ ◆

## အစိမ်းသေ

နံနက်လေးနာရီထိုးသည်နှင့် ဒေါ်ရင်မြတစ်ယောက် ဘူတာရုံသို့ရောက်ပြီး အကြော်တဲမှာ မီးမွေးပြီးသားဖြစ်သည်။ သူမ အကြော်တဲက ဘူတာရုံစကြံနှင့် ကပ်လျက်ရှိသော ရပ်ကွက်ဘက်ခြမ်းက လမ်းမနံဘေးမှာရှိသည်။ သည်အကြော်တဲလေးမှာ ဒေါ်ရင်မြ အကြော်ရောင်းလာခဲ့သည်မှာ အငယ်ဆုံးသမီးလေး ငွမ်းပုံတစ်သက်ဖြစ်သည်။ ငွမ်းပုံပင် ဆယ်တန်းကျောင်းသူ အပျိုကြီးဖားဖားဖြစ်ကာ အသက် ၁၆ နှစ်ပင် ရောက်လေပြီ။

သည်ဘူတာရုံလေးကား ရန်ကုန်မြို့တွင်းသွား မြို့ပတ်ရထားဆိုက်ကပ်နားရာ ဆင်ခြေဖုံးဘူတာရုံလေးဖြစ်သည်။ နံနက် (၅) နာရီမှ အစပြု၍ မြို့ပတ်ရထားများ စတင်ပြေးဆွဲရာ သည်ဘူတာရုံလေးသည်လည်း နံနက် (၅) နာရီမှ ည (၉) နာရီထိ လူသူမပြတ် စည်ကား

လျက် ရှိသည်။ ထိုသို့ လူသူမပြတ်ရှိနေသည်ကို အမှီပြု၍ပင် ဒေါ်ရင်မြ အကြော်ရောင်းစားနေခြင်း ဖြစ်သည်။ သားသမီး ၆ ယောက်၊ မိသားစု (၈) ယောက်၏ စားဝတ်နေရေးမှာ ဒေါ်ရင်မြယောကျ်ား ဦးအောင်၏ လုပ်စာတစ်ခုတည်းဖြင့် မလုံလောက်ပေ။

ထို့ပြင် သားသမီးလေးယောက်၏ ကျောင်းစရိတ်က ရှိသေးပြန်ရာ ထိုစရိတ်ကိုကာမိစေရန် အကြော်ရောင်းရခြင်းလည်း ဖြစ်သည်။ ဦးအောင်ကတော့ နံနက်စောစော အလုပ်ထသွားရသူဖြစ်ရာ ဒေါ်ရင်မြကို ဝိုင်းမကူနိုင်။ သို့သော် နံနက် (၄) နာရီထိုးသည်နှင့် အိပ်ရာမှထကာ ဒေါ်ရင်မြ အကြော်ရောင်းရာ အကြော်တဲဆီသို့ ပစ္စည်းပစ္စယအချို့ကို ကူသယ်ပေးသည်။ ပြီးနောက် အိမ်၌ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီးနောက် ထမင်းချိုင့်ဆွဲကာ အလုပ်သို့သွားတော့သည်။

ထိုအချိန်ဝယ် အကြီးဆုံးသားဖြစ်သူ ရှစ်တန်းကျောင်းသားက အိပ်ရာမှထကာ မိခင်ဖြစ်သူ ဒေါ်ရင်မြအကြော်ဆိုင်သို့သွားကာ ဝိုင်းကူလုပ်ပေးသည်။ မကြာမီ အငယ်ကလေးများ တစ်ယောက်ပြီးတစ်ယောက် နိုးလာကာ အကြော်ဆိုင်သို့ အကြော်လာယူပြီး နံနက်စာအဆာပြေ စားကြမည်။ (၉) နာရီထိုးသည်နှင့် အကြီးလေးယောက်က လွယ်အိတ်ကိုယ်စီလွယ်ကာ ကျောင်းသွားကြမည်။ ငါးနှစ်သားနှင့် သုံးနှစ်သမီးလေးတို့ကို အကြော်ဆိုင်ခေါ်သွားကာ ထားခဲ့ကြမည်။ ဒေါ်ရင်မြက ထိုကလေးနှစ်ယောက်ကို ဘေးမှာထားရင်း အကြော်ကြော်ကာ ရောင်းမည်။

အကြော်ကို မနက်ပိုင်းတစ်ချိန် များများကြော်ထားပြီး တစိမ့်စိမ့်ရောင်းသည်။ နေ့လယ်ပိုင်း ထပ်မကြော်။ ညနေ သုံးနာရီကျမှ တစ်ခါထပ်ကြော်ကာ အကြော်ကုန်သည်ထိ ထိုင်ရောင်းပြီး အကြော်ကုန်မှ ဆိုင်သိမ်းကာ အိမ်ပြန်သည်။ ထိုအချိန်တွင် အိမ်၌ ဒေါ်ရင်မြ ယောကျ်ား ဦးအောင်ရော၊ ကျောင်းတက်သည့် သားသမီးလေးယောက်ပါ ပြန်ရောက်နေပြီဖြစ်ရာ ညနေစာကို မိသားစု ဝိုင်း၍စားသောက်ကြသည်။ ပြီးလျှင် တီဗီမှလာသော ရုပ်သံဇာတ်လမ်းတွဲကို ပြီးဆုံးသည်ထိ ထိုင်ကြည့်ပြီးမှ အိပ်ရာဝင်ကြသည်။ နောက်တစ်နေ့ နံနက် ၄ နာရီထိုးတော့ ထုံးစံအတိုင်း ဒေါ်ရင်မြတစ်ယောက် အကြော်တဲနှင့် နပန်းလုံးရပြန်တော့သည်။

'ရင်မြ ယောဒီမှာ ဓာတ်ဘူးတွေထားခဲ့ပြီ။ ငါသွားတော့မယ်'

'တကတည်းတော် ... ရေနွေးလေးများ ဓာတ်ဘူးထဲ ထည့်သွားလေမလား အောက်မေ့ပါတယ်။ ဟင်း ...'

ဒေါ်ရင်မြ မည်သို့ပြောပြော ဦးအောင်က နောက်သို့ပြန်လှည့်မကြည့်။ ဓာတ်ဘူးတင်ထားခဲ့ပြီး အကြော်ဆိုင်ထဲမှ ချက်ချင်းပြန်ထွက်သွားသည်။ နောက်ဆုံး ဒေါ်ရင်မြကိုယ်တိုင်ထကာ ပွက်ပွက်ဆူနေသည့် ရေနွေးအိုးကို မီးဖိုပေါ်မှချကာ အကြော်ဒယ်အိုးကို မီးဖိုပေါ်သို့ တင်လိုက်ရသည်။ ပြီးသော် ရေနွေးအိုးထဲမှ ရေနွေးများကို ဓာတ်ဘူး သုံးဘူးထဲသို့ လက်ဖက်ခြောက်ခတ်ကာ လောင်းထည့်လိုက်သည်။

'ဟီး ဟီး ဟီး ဟီး'

'ရဲ ရဲ'

နံနက်လေးနာရီ စွန်းခါစဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေရာ အကြော်ကြော်သည့် အသံကပင် အတော်ကျယ်လောင်နေသည်။ ဒေါ်ရင်မြ ဘာကိုမျှ ဂရုမစိုက်အား။ အကြော်ကိုသာ ဂရုစိုက်ကြော်နေသည်။ ၅ နာရီထိုးသည်နှင့် ရထား ဆိုက်တော့မည်။ ထိုအခါ အကြော်လာစားနေကျ ခရီးသည်တချို့ ရောက်လာကြတော့မည်။

သည်အတွက် အကြော်မျိုးစုံကြော်ပြီး ထားဖို့လိုသည်။ ရထား က နံနက်ပိုင်းအချိန်တွင် ခပ်စိတ်စိတ်လာသည်။ ခရီးသည်မပြတ်ရှိ သည်။ နံနက်လင်းအားကြီးမို့ လူတိုင်း ဗိုက်ဆာကြသည်။ ဘူတာရုံ မှာက အစားအသောက်ဆိုင်ရှားသည်။ ဒေါ်ရင်မြအကြော်ဆိုင်တစ်ဆိုင် သာရှိ၍ ထိုအချိန်တွင် လူကျကာ အလွန်ဈေးရောင်းကောင်းသည်။

'ဖလပ် ဖလပ် ဖလပ်'

အကြော်ကြော်နေရင်းမှ လူတစ်ယောက်လျှောက်လာသံကြား ၍ အသံလာရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ဘာကိုမျှ သဲသဲကွဲ ကွဲ မမြင်ရ။ ခြေသံကလည်း ကြားရတစ်ချက် မကြားရတစ်ချက်။ ဒေါ်ရင်မြ ဆက်မတွေး။ အကြော်ဒယ်အိုးထဲမှ အကြော်တချို့ကို ဆီစစ်၊ ဆန်ခါထဲ ထည့်လိုက်ပြီး နောက်ထပ်၍ အကြော်ထည့်ကြော်နေသည်။

'ဖလပ် ဖလပ် ဖလပ် ဖလပ်'

လမ်းလျှောက်လာသံက ဒေါ်ရင်မြနားထဲမှာ အတိုင်းသားကြား နေရသည်။ ဒီနေ့တော့ စောစောစီးစီး ဈေးဦးပေါက်ပြီဟု ဒေါ်ရင်မြ စိတ်ထဲ အကြော်ကြော်ရင်း အပြင်သို့ တစ်ချက်မျှော်ကြည့်လိုက်သည်။ လေးနာရီခွဲစသာရှိသေး၍ ပြင်ပအလင်းရောင်က မှုန်ပျပျသာရှိသည်။ အကြော်တဲအတွင်း၌ အကြော်ကြော်နေသော မီးဖိုအလင်းရောင်နှင့် ရေနံဆီမီးခွက်၏ အလင်းရောင်ကြောင့် ထင်ထင်လင်းလင်း ရှိသော်လည်း ပြင်ပအလင်းရောင်နှင့်ကား ကွာခြားလွန်းနေသည်။

ထို့ပြင် အလင်းရောင်အတွင်းမှ အပြင်သို့ကြည့်မရသော ကြောင့်လည်း ခေတ္တခဏမှာ ဘာကိုမျှ သဲသဲကွဲကွဲမမြင်ရချေ။ လမ်းလျှောက်လာသံကသာ အကြော်တဲနှင့် တဖြည်းဖြည်းနီးလာပြီးနောက် ခြေသံမှာ ပြန်ပျောက်သွားပြန်သည်။

'ဟီး ဟီး ဟီး ဟီး'

မကြာမီ ငိုညည်းသံတစ်ခုက ဆက်တိုက်ထွက်ပေါ်လာပြန် သည်။ ထိုအသံကြောင့် ဒေါ်ရင်မြ သူ၏ဘေးဘီဝဲယာသို့ ငေးမျှော် ကာ စူးစိုက်ကြည့်လိုက်သည်။ အကြော်ဆက်ကြော်မည့် လုပ်ငန်းကို လည်း ခေတ္တရပ်ကာ ထွက်ပေါ်လာနေသည့်အသံတို့ကို စူးစူးစိုက်စိုက် နားထောင်ကြည့်လိုက်သည်။

'ဖလပ် ... ဖလပ် ... ဖလပ် ... ဖလပ်'

လမ်းလျှောက်သံက ထပ်မံပေါ်လာသည်။ ထို့ကြောင့် ရေနံ ဆီမီးခွက်တိုင်ကို မြှင့်လိုက်သည်။ အလင်းရောင်တစ်ခု လျော့နည်း

သွားသောကြောင့် အကြော်တဲအတွင်းမှာ အမှောင်တစ်ဝက်ဝင်လာသည်။ ထိုအခါ ပြင်ပသို့ လှမ်းကြည့်ရသည်မှာ ပို၍အဆင်ချောသည်။ ဘူတာရုံ စကြံတစ်ဖက်ပေါ်တွင် ခွေးတစ်ကောင် လှဲအိပ်နေသည်ကို မြင်တွေ့ရသည်။

'ဝုတ် ဝုတ်'

ခဏအတွင်းမှာပင် ခွေးက ထဟောင်လိုက်သည်၊ ဟောင်နေသည့်ခွေးက စကြံပေါ်မှနေ၍ မီးရထားသံလမ်းနှစ်လမ်းဘက်သို့ ကြည့်ကာ ဆက်ဟောင်နေသည်။ ဒေါ်ရင်မြ စိတ်ဝင်တစားဖြင့် ခေါင်းကိုဆန့်ကာ ရထားသံလမ်းဆီသို့ မျှော်ကြည့်သည်။ ခွေးမှလွဲ၍ ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ။ ထိုစဉ် -

'ဖလပ် ဖလပ် ဖလပ် ဖလပ်'

ခြေသံတစ်သံက စကြံဘက်မှ အကြော်တဲရှိရာသို့ လာနေသည့်ပမာ အတိုင်းသားကြားလိုက်ရသည်။ အကြော်တဲနားရောက်သည်နှင့် ခြေသံက ပျောက်သွားသည်။ အကြော်ဝယ်မည့်သူ ရောက်လာပြီအထင်နှင့် တဲရှေ့သို့ ဒေါ်ရင်မြ သေချာစွာကြည့်သည်။ လူအရိပ်အယောင်ကိုမျှ မတွေ့ရ။

ဒေါ်ရင်မြ နားမလည်နိုင်။ ခေါင်းရှုပ်သွား၍ မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်သည်။ သည်နေရာမှာ ဈေးရောင်းလာခဲ့သည်မှာ ကြာပြီ။ ဤသို့သော အတွေ့အကြုံမျိုး တစ်ခါမျှ မကြုံခဲ့ရသေး။

လေးနာရီထိုး မီးမွေးပြီး အကြော်တစ်ဒယ် ကြော်ပြီးသည်နှင့် မကြာခင် အကြော်ဝယ်သူ ရောက်လာစမြဲပင်။

ယခုလည်း ခြေသံကြားတိုင်း အကြော်လာဝယ်သူ ရောက်လာပြီဟု ထင်မှတ်ခဲ့သည်။ သို့သော် ခြေသံကြား၍ လူကိုမတွေ့ရ။ ဘယ်လိုဖြစ်တာပါလိမ့်။ ဒေါ်ရင်မြ ခေါင်းနပန်းကြီးကာ နှုတ်မှ ဘုရားတလိုက်မိသည်။ တစ်ကိုယ်လုံးလည်း ကြက်သီးတဖျန်းဖျန်းထသွားသည်။ ထိုစဉ် ခွေးက ရထားသံလမ်းဘက်သို့ စူးစူးစိုက်စိုက်ကြည့်ကာ စူးစူးဝါးဝါး ဆက်ဟောင်နေသည်။

'ဝုတ် ဝုတ် ဝုတ်'

'ဟီး ဟီး ဟီး ဟီး'

ခွေးဟောင်သံကြားမှ တညည်းညည်းဖြင့် ညည်းနေသံကိုလည်း အတိုင်းသားကြားနေရသည်။ ဒေါ်ရင်မြ တဖြည်းဖြည်း ကြောက်စိတ်ဝင်လာကာ ပရိတ်တရားတစ်ပုဒ်ကို ခပ်တိုးတိုးလေး ရွတ်ဆိုလိုက်သည်။ အကြော်ဆက်ကြော်ရန်ပင် ခေတ္တခဏ မေ့သွားသည်။

'ဖလပ် ဖလပ် ဖလပ် ဖလပ်'

ခြေသံက အကြော်တဲဆီမှ ခပ်လှမ်းလှမ်းဆီသို့ ပြန်ထွက်သွားသည့်ပမာ ကြားနေရသည်။ စကြံပေါ်ရှိခွေးက အကြော်တဲဘက်သို့ လှည့်ကြည့်ကာ ဆက်၍ဟောင်နေပြန်သည်။ ဒေါ်ရင်မြ ဘယ်လိုမှ နားမလည်နိုင်တော့။

'အင်း ဒီနေ့မှ ခါတိုင်း အကြော်စားနေကျ ဖောက်သည်တွေ ဘာကြောင့်နောက်ကျနေမှန်း မသိဘူး'

ဒေါ်ရင်မြ တွေးမိတွေးရာတွေးရင်း အလိုမကျ ဖြစ်နေမိသည်။ တစ်ဆက်တည်း မိုးမြန်မြန်လင်းစေရန်နှင့် ရထားမြန်မြန်လာပါစေဟု ကျိတ်၍ ဆုတောင်းလိုက်မိပြန်သည်။

'ချလွှမ်'

'ဒုတ်'

'အမလေးတော့'

ဒေါ်ရင်မြအနောက်ဘက်ရှိ ပန်းကန်၊ ခွက်၊ ဇလုံများ မှောက်ကျသွားသံကြောင့် ဒေါ်ရင်မြ အလန့်တကြား ထအော်လိုက်မိသည်။ အော်ပြီးပြီးချင်း ထိုင်ရာမှထထွက်ရန် ဟန်ပြင်ကာ အကြော်အိုးကို တစ်ချက်ကြည့်လိုက်သည်။ အကြော်ဒယ်အိုးထဲတွင် အကြော်တချို့ တူးကြွပ်နေသည်ကို မြင်ရ၍ ထိုအကြော်များကို လှမ်းဆယ်ကာ အကြော်ဒယ်အိုးကိုလည်း မီးဖိုပေါ်မှယူပြီး အောက်သို့ချ၍ ရေနွေးကရားအိုးကို တင်ထားလိုက်သည်။

မကြာမီ ဒေါ်ရင်မြ အကြော်တဲအတွင်းမှ အပြင်သို့ထွက်ရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်

'အောင်မယ်လေး ကယ်ကြပါဦး၊ သရဲခြောက် ... သရဲခြောက်လို့'

အော်သံနှင့်အတူ ကမူးရှူးထိုးပြေးလာသူနှင့် ဒေါ်ရင်မြ ပက်ပင်းတိုးကာ ဝင်တိုက်မိရင်း အကြော်တဲရှေ့မှာ နှစ်ယောက်သား လဲကျသွားကြသည်။

'ဟင် ဒေါ်လေးမြ'

'ဟဲ့ နင် ရွှေကြည်မဟုတ်လား'

'ဟုတ် ဟုတ်ကဲ့'

'အောင်မယ်လေး ဒါ ဘယ်လိုများ ဖြစ်လာရတာလဲ။ ငါ့ကို ပြောစမ်းပါဦး'

'ပြောပြပါ့မယ် ဒေါ်လေးရယ်။ ရေနွေးကြမ်းလေး တစ်ခွက် အရင်သောက်ပါရစေဦး'

နှစ်ယောက်သား လဲကျရာမှထကာ အကြော်တဲအတွင်း ဝင်လိုက်ကြသည်။ ပြီးနောက် ရွှေကြည်က ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်ပြီး ဘေးဘီဝဲယာသို့ မလုံမလဲဝှေ့ကြည့်လိုက်သည်။ ခဏကြာသော်-

'ဒီလိုဒေါ်လေးရဲ့ ဒီနေ့ကျမှ ကျွန်မယောက်ျားက ဈေးကြို မလိုက်ဘူးဆိုလို့ ခေါင်ရထားမီရအောင် ကျွန်မ စောစောထွက်လာခဲ့တာ။ ဘူတာရုံလည်းရောက်ရော ဒေါ်လေးဆိုင်က မီးရောင်မြင်တော့ အကြော်စားမယ်ဆိုပြီး ဟိုဘက် ပလက်ဖောင်းဆီကနေ ဒီဘက်ကို ဖြတ်ကူးလာတာ။ လား လား သံလမ်းအလယ်မှာ ဆံပင်ရှည်ကြီးဖားလျားချပြီး အင်္ကျီ၊ လုံချည်ကလည်း ကပိုကရိုနဲ့ တဟီးဟီးငိုနေတာကို တွေ့လိုက်ရတယ်လေ။ ကျွန်မက လူအောက်မေ့ပြီး ကူညီမလို့

သူ့နားတိုးသွားတော့ သူက မတ်တပ်ရပ်၊ ခါးထောက်ပြီး မျက်လုံးကြီးပြူးလို့ ကျွန်မကိုကြည့်နေတာများ ကြောက်စရာကောင်းလိုက်တာ ဒေါ်လေးရယ်။ အဲဒါနဲ့ ကျွန်မ တစ်ချိုးတည်း ဒီဘက်ပြေးလာတာ တစ်ခါ အုန်းပင်လောက်ရှိတဲ့ အရပ်ကြီးနဲ့ လူတစ်ယောက် လျှောက်လာနေတာကို တွေ့ရပြန်ရော။ အဲဒါကြောင့် မျက်စိမှိတ်ပြီး ဒေါ်လေး အကြော်တဲဆီကို ပြေးလာခဲ့ရတာ။ ဟူး မောလိုက်တာနော်'

'အင်း ငါ ထင်တော့ထင်သားဟ။ ကဲ ကဲ ညည်းလက်တွေလည်း အေးစက်နေတာပဲ။ ရေနွေးကြမ်းကို ပူပူလေးငှဲ့သောက်လိုက်ဦး။ ငါလည်း ခုမှ အကြော်ထပ်ကြော်ရမယ်'

ဒေါ်ရင်မြက ပြောရင်းဆိုရင်းမှ စောစောက အောက်သို့ချထားခဲ့သည့် အကြော်ဆီဒယ်အိုးကို မီးဖိုပေါ်သို့ ပြန်တင်ကာ အကြော်ဆက်ကြော်ရန် ပြင်ဆင်တော့သည်။

'ဒါနဲ့ နေပါဦး၊ ဒေါ်လေးကရော အပြင်ကို ဘာဖြစ်လို့ ထွက်လာရတာလဲ'

'အေး ငါလည်း ဒီမှာ အကြော်ရောင်းလာတာ ကြာပါပြီဟာ။ ဒီနေ့လိုအဖြစ်မျိုး တစ်ခါမှ မကြုံဖူးပါဘူး။ မနက်တိုင်း ဒီတဲမှာ အစောကြီး အကြော်လာကြော်နေကျပဲ။ ဒီနေ့ညကျမှအေ တဟီးဟီး ငိုညည်းသံလည်း ကြားရပြီးတော့ တဖျပ်ဖျပ်နဲ့ လမ်းလျှောက်သံကလည်း ဒီတဲကိုလာလိုက်၊ ဒီတဲကနေ ပြန်ထွက်သွားလိုက်နဲ့။ ဒီကြားထဲ တဲထဲက အိုး၊ ခွက်၊ ဇလုံတွေပါ အလိုလိုပြုတ်ကျတော့ ငါ့စိတ်ထဲ

မသက်ာတော့ဘူးအေ။ အမှန်အတိုင်းပြောရရင် ငါလည်း နည်းနည်း ကြောက်လာတယ်။ အဲဒါကြောင့် အပြင်ထွက်ပြီး နည်းနည်းလေ့လာ ရင်း၊ ကြောက်စိတ်လည်း ပြေရင်းပေါ့အေ။ အပြင်ထွက်အလာမှာ ညည်းနဲ့ဝင်တိုက်မိတာ။ အင်း ခုမှ သတိရတော့တယ်။ ဒါပဲဖြစ်ရမယ်'

ဒေါ်ရင်မြကြ တစ်ယောက်တည်းပြောရင်း မှတ်ချက်ပေးနေ သည်ကိုကြည့်ကာ ရွှေကြည် နားလည်ရခက်သွားသည်။ ထို့ကြောင့်

'နေပါဦး ဒေါ်လေးရဲ့၊ ဒေါ်လေး ဘာကိုပြောနေတာလဲ။ ကျွန်မလည်း မသိရဘူးလား'

'ဩော် သိရပါတယ်အေ။ မနေ့က နေဝင်ရီတရော ဒီအချိန် ဒီဘူတာမှာ ရထားတိုက်တာ လူနှစ်ယောက် ပွဲချင်းပြီးသေသွားတယ် လေ။ လင်မယားနှစ်ယောက်လို့ ပြောသံကြားတယ်။ မယားဖြစ်သူက လမ်းဖြတ်အကူးမှာ ယောကျ်ားလုပ်သူက အမီလိုက်ဆွဲတာ မမီလိုက် ဘဲ နှစ်ယောက်လုံး ရထားအကြိတ်ခံရတာလေ'

'ဟုတ်ပြီ ဒါဆို အဲဒီ သေသွားတဲ့လူတွေ မကျွတ်မလွတ် ဘဲ ခြောက်လှန့်တာဖြစ်မယ်'

'အေးပေါ့အေ၊ သူတို့ခမျာ သူတို့ကိုယ်သူတို့ သေတယ်လို့ တောင် ထင်မှတ်ချိန်ရလိုက်ကြမှာ မဟုတ်ဘူး။ ဒါကြောင့်လည်း သူတို့ဆီမှာ အစွဲတွေ ကပ်ပါသွားကြမှာပေါ့။ အဲဒီအစွဲစိတ်ကပဲ သူတို့ ကို မကျွတ်မလွတ်အောင် ဖန်တီးတာပဲ။ သံသရာလည်ရတဲ့ဒုက္ခ မသေးလှပါကလားနော်'

'ဒါဆို အဲဒီလိုသေတာ အစိမ်းသေပေါ့နော်'

ဒေါ်ရင်မြ ပြန်မဖြေတော့။ ခေါင်းညိတ်ဖြေရင်း အကြော်အိုး ထဲသို့ အကြော်များထည့်ကာ ကြော်နေသည်။ မကြာမီ ရထားဥသြသံ ကြားရလေရာ ရွှေကြည် အကြော်တဲမှ ခပ်သုတ်သုတ်ထထွက်သွား သည်။ ပြင်ပဝန်းကျင်တွင် အလင်းရောင်က ဖြန့်ဖြူးထားပြီးဖြစ်ရာ ဘူတာရုံကလေးသည် အနက်ရောင်ဝတ်ရုံကို လဲလှယ်ဝတ်ဆင်ကာ နံနက်ခင်းအဖြူထည်ဝတ်စုံသစ်နှင့် လှပခံ့ညားစွာ တည်ရှိနေပါ တော့သည်။

◆ ◆ ◆

# မဟူရာဝိညာဉ် စံအိမ်ကြီး

'မဟူရာစံအိမ်ဆိုတာ ဒီအိမ်ပဲ'

ဆိုက်ကားဆရာက ခြံဝင်းတစ်ခုရှေ့၌ ဆိုက်ကားထိုးရပ်ရင်း ခြံဝင်းထဲမှ အိမ်မည်းကြီးဆီသို့ လက်ညှိုးညွှန်ကာ ပြောလိုက်လေ၏။ ကိုလေးမောင် ဆိုက်ကားပေါ်မှ မဆင်းသေးဘဲ ခြံဝမုခ်ဦး၌ ချိတ်ဆွဲထားသော ဆိုင်းဘုတ်လေးကို လှမ်းဖတ်လိုက်သည်။

'မဟူရာစံအိမ်'

စိတ်ထဲမှ တိုးတိုးလေးဖတ်ပြီး ဆိုက်ကားပေါ်မှဆင်းကာ မိမိ၏ လက်ဆွဲအိတ်တို့ကိုလည်း ဆိုက်ကားပေါ်မှ အောက်သို့ချ၍ ဆိုက်ကားခ ရှင်းပေးလိုက်၏။ ဆိုက်ကားဆရာ လှည့်ထွက်သွားသည်နှင့် ကိုလေးမောင်လည်း မဟူရာစံအိမ်ကြီး၏ ခြံဝင်းတံခါးဆီသို့ ဦးတည်လိုက်၏။

'ဒီခြံဝင်းတံခါးကို သော့ခတ်ထားတာ ဘယ်လောက်တောင် ကြာနေပြီလဲ မသိဘူး။ သံချေးတက်နေလို့ သော့တောင်ဖွင့်လို့မရဘူး။ ငါ ဘယ်လိုလုပ်ရမလဲ'

ခြံဝင်းတံခါးကိုဖွင့်ရင်း ကိုလေးမောင် စဉ်းစားကာ ညည်းတွားနေမိ၏။ သော့တံဖြင့် အကြိမ်ကြိမ် ကြိုးစားဖွင့်ကြည့်၏။ မရ။ ချွေးများပင် စို့ထွက်လာသဖြင့် ရပ်တန့်ကာ စဉ်းစားစဉ် အတွေးတစ်ခု ရသဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ အနီးဝန်းကျင်သို့ မျက်လုံးဝေ့ကစားကြည့်လိုက်၏။

မနီးမဝေးမြေပေါ်တွင် ကျောက်ခဲတစ်လုံးကို လှမ်းမြင်လိုက်ရသဖြင့် သွားကောက်ယူလိုက်၏။ ပြီးနောက် ခြံဝင်းတံခါးရှိ သော့ခလောက်ကို ထိုကျောက်ခဲတုံးဖြင့် ရိုက်ချလိုက်၏။ ချက်ချင်းမပွင့်၊ လေးငါးဆယ်ချက်လောက် ထုရိုက်ပါမှ သော့ခလောက် ပြုတ်ထွက်သွား၏။ ပွင့်ထွက်သွားသည့် ခြံတံခါးကို အသာပြန်စေ့ထားကာ အတွင်းဘက် မဟူရာစံအိမ်ကြီးဆီသို့ ဆက်၍လျှောက်သွားလိုက်၏။

လမ်းလျှောက်သွားရင်းမှ နှစ်ထပ်အိမ်ကြီး မည်းမည်းထည်းထည်းကြီးကို ငေးကြည့်ကာ စူးစမ်းလေ့လာနေ၏။ ရှေးဟောင်းအိမ်ပုံစံ၊ အင်္ဂလိပ်တို့ ဆောက်လေ့ဆောက်ထရှိသည့် ဒီဇိုင်းဖြစ်၏။ အိမ်မိုးကျောက်ပြားများမှလွဲ၍ တစ်အိမ်လုံး မည်းမည်းမှောင်နေ၏။ ရေနံချေးကို ဆေးအနက်ရောင်ဖြင့် ရောစပ်ကာ အထပ်ထပ်သုတ်ထားခဲ့ဟန် တူ၏။ အောက်ထပ်နံရံများတွင် အုတ်ကွက်ဖော်ထား၍ အုတ်တစ်ထပ်၊ ပျဉ်တစ်ထပ်ဟု ခန့်မှန်းမိ၏။

ဤသို့ နက်မှောင်သော အရောင်အဆင်းကြောင့်ပင် မဟူရာစံအိမ်ဟူ၍ ကင်းပွန်းတပ်ခဲ့ပုံရ၏။ သို့သော် မဟူရာစံအိမ်ကို အဝေးမှ အထင်အရှားမြင်နိုင်စေရန်ကိုမူ စံအိမ်ကြီး အပေါ်ထပ်၊ အောက်ထပ်ရှိ တံခါးကျည်းပေါင်များကို ဆေးအဖြူရောင်သုတ်ထားခြင်းဖြင့် အိမ်ကြီး၏ ရုပ်လုံးကို ဖော်ပေးထားလေ၏။

ထိုမဟူရာစံအိမ်ကြီးသည် ခြံဝင်းကျယ်ကြီး၏အလယ်တွင် အနက်ရောင်ကို ဝတ်ဆင်ထားသည့် တောက်ပြောင်လှပသော နတ်သမီးလေးတစ်ပါးထိုင်၍ အလှပြနေသည့်နှယ်တူ၏။ ထိုခြံဝင်းကျယ်ကြီးကား ပေ (၂၀၀) ဝန်းကျင်ခန့် ကျယ်ဝန်းပုံရ၏။ စံအိမ်ကြီး၏ ဘေးတစ်ဖက်တွင် အပန်းဖြေနားနေရန် အလှပန်းရောင်စုံတို့ စိုက်ပျိုးထားကာ ခုံတန်းလျား၊ ဒန်းပုခက်တို့ဖြင့် ပန်းခြံသဏ္ဌာန် ပုံဖော်ထား၏။

ဤအိမ်ကြီး၏ တစ်ခြမ်းတွင်ကား အိမ်တန်းလျားတစ်ခုနှင့် ကားဂိုထောင်ရှိ၏။ စင်စစ် အိမ်တန်းလျားမှာ ထိုအိမ်ကြီး၏ အိမ်ဖော်များနေရန် ဖြစ်ဟန်တူလေ၏။ ကားဂိုထောင်ကား အိမ်တန်းလျားနှင့် ကပ်လျက်ရှိ၏။ သို့သော် ကားဂိုထောင်ရော၊ အိမ်တန်းလျားပါ လူမနေသည်မှာ ကြာမြင့်ဟန်ရှိ၏။ အိမ်မိုးသွပ်များ တချို့တစ်ဝက် လန်ကျနေသည်ကို တွေ့ရ၏။

'မဟူရာစံအိမ်ကြီးက ကျုပ်တို့ ဘိုးဘွားအစဉ်အဆက် ပိုင်ဆိုင်လာခဲ့တဲ့ အိမ်ကြီးဗျ။ ကျုပ်တို့ အဘိုးအဘွားမပြောနဲ့ အဲဒီ အဘိုး၊ အဘွားရဲ့ အဖေ၊အမေကစပြီး ကျုပ်တို့အဖေ၊အမေအထိ မျိုးနွယ်တစ်ခု

လုံး နေလာခဲ့ကြတာဗျ။ ကျုပ် အိမ်ထောင်စပြီး ကျစဉ်တုန်းကတော့ ခဏနေပါသေးတယ်။ နောက်တော့ ဒီအိမ်ကြီးမှာ ကျွန်တော်တို့ လင်မယားနှစ်ယောက်တည်း မနေရဲတော့တာနဲ့ ရန်ကုန်ကိုပြောင်းလာခဲ့ကြတာ။ ဒီအိမ်ကြီးဟာ တစ်ခုခုထူးဆန်းနေတာတော့ အမှန်ပဲ။ ကျွန်တော် ကြုံခဲ့ရတာတွေလည်း အများကြီးပဲ။ ဒါပေမဲ့ ပြောမပြချင်ဘူးဗျာ။ တချို့က ကိုယ်တွေ့မဟုတ်ရင် မယုံကြဘူးလေ။ အဲဒီတော့ စာရေးဆရာက အတွေ့အကြုံအသစ်တွေ ရချင်တယ်၊ ဗဟုသုတတွေ လိုချင်တယ်၊ တကယ်လည်း စာရေးနေတဲ့သူဆိုတော့ အဲဒီ မဟူရာစံအိမ်ကြီးမှာ ခဏသွားနေကြည့်ပါလား။ စာတစ်ပုဒ်တော့ ကောင်းကောင်း ရလိမ့်မယ် ထင်တယ်။ စာရေးဆရာပျော်ရင်လည်း ကြိုက်သလောက်နေဗျာ။ ဒီအိမ်ကြီးဟာ ကျုပ်ပိုင်ဆိုင်တဲ့ အိမ်ပဲ။ ရှေ့ ဟောဒီမှာ ခြံဝင်းနဲ့ အိမ်ကြီးရဲ့သော့တွေ။ ကြိုက်တဲ့အချိန်သာ သွားပေတော့။ အေး တစ်ခုတော့ရှိတယ်၊ ခင်ဗျား ကိုယ်တွေ့ ထူးခြားမှုတွေ ရှိခဲ့ရင်တော့ ကျွန်တော့်ကို ပြန်ပြောပြနော်၊ ကြားလား'

ကိုလေးမောင်နားထဲတွင် သူ၏မိတ်ဆွေ ကိုထင်အောင် ပြောခဲ့သော စကားများက အလိုအလျောက် လာကြားသယောင်ရှိလာသည်။ ကိုထင်အောင်တို့ ဇနီးမောင်နှံ မိသားစုမှာ ကိုလေးမောင်နှင့် အလွန်ခင်မင်ရင်းနှီးထားကြသူများဖြစ်၍ ကိုလေးမောင်ရေးသော စာအုပ်များကို တစ်ခါတစ်ရံ သူတို့၏ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်လေ့ရှိ၏။ ထို့ကြောင့် အလုပ်သဘောအရလည်း ဆက်သွယ်ပတ်သက်နေကြကာ ဆွေမျိုးရင်းချာပမာ ပို၍ခင်မင်ကြ၏။

တစ်နေ့ ကိုလေးမောင်တစ်ယောက် နယ်သို့ထွက်၍ စာသွားရေးမည့်အကြောင်း စကားစပ်မိရာမှ ကိုထင်အောင်က မိမိပိုင် မဟူရာစံအိမ်ကြီးသို့ သွားရောက်လိုပါက သွားရောက်နိုင်ကြောင်းနှင့် မဟူရာစံအိမ်ကြီး၏ စိတ်ဝင်စားဖွယ်အချို့ကို ပြောမိရာမှ ကိုလေးမောင်စိတ်ဝင်စားသွားခြင်းဖြစ်၏။ ထိုအခါ ကိုလေးမောင် ပထမတည်ထားသည့်ခရီးစဉ်ကိုဖျက်ကာ မအူပင်မြို့ရှိ မဟူရာစံအိမ်ကြီးသို့ ရောက်လာခဲ့ခြင်း ဖြစ်၏။

ကိုလေးမောင် အတွေးဆုံးတော့ အိမ်ကြီး၏ ဆင်ဝင်အောက်သို့ရောက်ကာ အိမ်ကြီး၏အဝင်ဝ တံခါးပေါက်၌ ရပ်မိလျက်သားဖြစ်နေ၏။ လက်ထဲမှ သော့တံဖြင့် အိမ်တံခါးမှ သော့ခလောက်ကိုဖွင့်လိုက်၏။ အသာအယာပင် သော့ပွင့်သွား၏။ တံခါးရွက်နှစ်ရွက်ကို လက်ဖြင့်အသာတွန်းဖွင့်လိုက်၏။

'ကျွီ ... ကျွီ'

အဖွင့်အပိတ်နည်းသော တံခါးရွက်တို့မှ မြည်လာသော အသံက အိမ်ကြီးထဲသို့ပင် ပျံ့နှံ့ဝင်ရောက်၍ တန်ပြန်အသံလှိုင်းတို့ကိုဖြစ်ပေါ်စေ၏။ ထို့ကြောင့် ကိုလေးမောင် အိမ်ကြီးထဲသို့ ချက်ချင်းမဝင်သေးဘဲ ခေတ္တရပ်ကာ အိမ်ကြီးအတွင်းသို့ လှမ်းကြည့်ရင်း အကဲခတ်လိုက်၏။

အလင်းရောင်ရှိသော နေ့လယ်ခင်းဖြစ်လင့်ကစား အိမ်ကြီး၏ အတွင်းဘက်ပိုင်းမှာ မည်းမှောင်၍နေ၏။ မှန်တံခါးရွက်တစ်ခုမှ

ထိုးဖောက်ဝင်ရောက်သည့် အလင်းတန်းတစ်ခုကြောင့် နေရာတစ်ခုကို လှမ်းမြင်နေရပြီး ထိုနေရာမှာ အိမ်ကြီးအပေါ်ထပ်သို့တက်သည့် လှေကားခြေရင်းဘက်ဖြစ်ကြောင်း သိရလေ၏။

'ဘုတ်'

'ဘုတ်'

ကိုလေးမောင်က အိမ်ကြီးအတွင်းသို့ လူမဝင်သေးဘဲ သူ့ဆီ ပါလာသည့် လက်ဆွဲအိတ်နှစ်လုံးကို လှမ်းပစ်ထည့်လိုက်၏။ အိမ်ကြီးမှာ လုံနေသောကြောင့် အိတ်ကျသံတို့မှာ ကျယ်လောင်စွာဖြင့် အသံလှိုင်းရိုက်ကာ ထွက်ပေါ်လာ၏။ ခေတ္တကြာမှ ကိုလေးမောင် အိမ်ကြီးအတွင်းသို့ တစ်လှမ်းချင်းလှမ်းဝင်ရင်း ကိုယ်ကိုလှည့်ပတ်ကာ အကဲခတ်ကြည့်လေ၏။

သည့်နောက် အလင်းရောင်တန်းရှိနေသည့်နေရာသို့သွားကာ ခေတ္တရပ်ကြည့်ရင်းမှ မျက်စိကို အလေ့အကျင့်လုပ်ပေးလေရာ မကြာခင် အိမ်ကြီးအတွင်းပိုင်းရှိ အရာအားလုံးတို့ကို မြင်ရတော့၏။ ချက်ချင်းပင် အောက်ထပ်ရှိ ပြတင်းပေါက်တံခါးတို့ကို ဖွင့်လိုက်ပြီး ဧည့်ခန်းဆက်တီခုံတွင် ခေတ္တဝင်ထိုင်လိုက်ကာ အပန်းဖြေလိုက်၏။

'ဖလပ် ဖလပ် ဖလပ် ဖလပ်'

ကိုလေးမောင်ခေါင်းပေါ်မှ ကပ်၍ပျံသွားသော လင်းနို့များကြောင့် အမှတ်တမဲ့ လန့်သွား၏။ သို့သော် လင်းနို့တွေမှန်း သိသောအခါ ကြောက်စိတ်မရှိတော့။ တစ်ဆက်တည်း အိတ်ထဲမှ ဓာတ်မီး

တစ်လက်ကိုကိုင်ကာ အပေါ်ထပ်သို့ တက်လာခဲ့၏။ လက်နှိပ်ဓာတ်မီး ရောင်ကြောင့် လင်းနို့များ ဟိုပျံသည်ပျံနေသည်ကို တွေ့မြင်ရလေ၏။

အိမ်အပေါ်ထပ်တွင် အိပ်ခန်းလေးခန်းရှိ၏။ အိပ်ခန်းသုံးခန်း မှာ သော့ခတ်ထားလျက်ရှိပြီး တစ်ခန်းသာလျှင် ပွင့်လျက်ရှိ၏။ ထို အခန်းထဲတွင် ခြင်ထောင်၊ ခုတင်၊ မွေ့ရာ၊ ခေါင်းအုံး၊ စောင်နှင့် ဖက်လုံးကအစ အဆင်သင့်တွေ့ရ၏။ ထို့ကြောင့် ထိုအခန်း၌ သူနေထိုင် ရန် ဆုံးဖြတ်လိုက်ပြီး သူ၏ အသုံးအဆောင်ပစ္စည်းများကို ထိုအခန်း ထဲသို့ သယ်လိုက်၏။

အခန်းထဲရှိ ပင့်ကူမျှင်များနှင့် ဖုံအညစ်အကြေးများကို ကိုယ် တိုင်သန့်ရှင်းရေးလုပ်ပြီးနောက် သောက်ရေရရန် ဦးစွာကြိုးပမ်းရ၏။ အိမ်အပေါ်ထပ်၌ပင် အိမ်သာ၊ ရေချိုးခန်းတွဲလျက်ရှိရာ ဘုံဘိုင်ခေါင်း မှပင် ရေကို အလွယ်တကူရသောကြောင့် ဦးစွာ ကိုယ်လက်သန့်စင် လိုက်၏။

ပြီးနောက် အိမ်အပေါ်ထပ်သို့ လှည့်လည်ကြည့်ရှုအကဲခတ် ပြီး မိမိအနားယူမည့်အခန်း၌ တစ်မှေးအိပ်စက်လိုက်၏။ အိပ်ရာမှ တစ်ရေးနိုးလာသည့်အချိန်တွင် ညနေ ၄ နာရီထိုးပြီဖြစ်ရာ ညနေစာ အတွက် စီမံရန် အိမ်အပေါ်ထပ်မှ ဆင်းလာခဲ့၏။

အိမ်မကြီးတံခါးကို သော့ခတ်ပြီး ခြံဝင်းတံခါးနှစ်ချပ်ကို စေ့ထားခဲ့ပြီးနောက် မအူပင်မြို့လယ်ဘက်ဆီသို့ ခြေကျင်လျှောက်သွား လိုက်၏။ မကြာမီ သူလိုချင်သော အစားအသောက်ပစ္စည်းများ စုံလင်

စွာ ဝယ်ယူပြီးသောအခါ မဟူရာစံအိမ်ကြီးဆီသို့ ဆိုက်ကားငှားစီးကာ ပြန်လာခဲ့လေ၏။

ကိုလေးမောင် မဟူရာစံအိမ်ကြီးသို့ ပြန်ရောက်လာသည့် မရှေးမနှောင်းမှာပင် နေမင်းသည် အနောက်ယွန်းယွန်းသို့ ငုပ်လျှိုးပျောက်ကွယ်ရန် တာဆူနေလေပြီ။ မကြာမီ အလင်းရောင်သည် အဝေးသို့ ဆုတ်ခွာသွားသကဲ့သို့ အမှောင်ကတ္တီပါစက တဖြည်းဖြည်းခြုံလွှမ်းလာစပြု၏။ ကိုလေးမောင်တစ်ယောက်တည်း ယမကာတစ်ခွက် မော့သောက်ရင်းဖြင့် ညဦးကို နှုတ်ဆက်နေဘိသို့ ရှိလေ၏။

× × ×

'ဖလပ် ဖလပ် ဖလပ် ဖလပ်'

'ရှပ် ရှပ် ရှပ် ရှပ်'

တိတ်ဆိတ်ငြိမ်သက်နေသော ညမှောင်မှောင်ထဲတွင် လမ်းလျှောက်သံနှင့် လင်းနို့ငှက်ပျံသန်းသံတို့က ရောယှက်စွာ ပေါ်လာနေ၏။ ကိုလေးမောင် ထိုအသံကို နားစွင့်ထောင်လျက်ရှိ၏။ သူ၏ အခန်းတွင်း၌ထွန်းထားသော ဝါဆိုဖယောင်းတိုင်မီး၏ အလင်းရောင်က အခန်းတစ်ခုလုံး လင်းနေရုံမက အပြင်ဘက်ဝရန်တာသို့တိုင် အလင်းပျံ့လျက်ရှိလေ၏။

'ဖလပ် ဖလပ် ဖလပ်'

'ချလွမ်'

'ဒုန်း'

တစ်ခုခုကျကွဲသံနှင့် ထိခိုက်သံတို့က ပြိုင်တူပေါ်ထွက်လာပြန်၏။ အရက်ကို ဖိမ်ခံသောက်ရင်း နားစွင့်နေသည့် ကိုလေးမောင် စိတ်ထဲ စနိုးစနောင့်ဖြစ်သွား၏။ ထို့ကြောင့် လက်ထဲရှိ အရက်ခွက်မှ အရက်တစ်ကြိုက်မော့သောက်ပြီးနောက် အခန်းအပြင်ဘက် ဝရန်တာသို့ ထွက်လိုက်၏။

ဝရန်တာပေါ်မှ အသင့်ကိုင်ထားသော ငါးထောင့်ထိုးလက်နှိပ်ဓာတ်မီးဖြင့် အောက်ထပ်သို့ လှမ်းထိုးလိုက်၏။ ဓာတ်မီးရောင်ကြောင့် အိမ်အောက်ထပ်ရှိ ဧည့်ခန်းနှင့် အခြားအိပ်ခန်း အစီအရီတို့ကို လှမ်းမြင်ရ၏။ ဧည့်ခန်းဆက်တီခုံများနှင့် မလှမ်းမကမ်းတွင် မီးသီးတစ်လုံး ကျကွဲနေသည်ကို အထင်းသားမြင်တွေ့ရ၏။

'ဩော် ဒါ စာစာက လင်းနို့တွေပျံရင်း တိုက်မိပြီး ကျကွဲသွားတာ ဖြစ်လိမ့်မယ်။ ဟင်း'

သက်ပြင်းချကာ နောက်ကြောင်းပြန်၍ မိမိအခန်းထဲပြန်ဝင်ရန် ခြေလှမ်းလှည့်ကာ တာစူလိုက်၏။ ထိုစဉ် အိပ်အောက်ထပ်မှ အတင်းပြေးဝင်လာသော ခြေသံတို့ကို ကြားလိုက်ရ၏။

'ရှပ် ရှပ် ရှပ် ရှပ်'

'ဒုန်း ဒုန်း ဒုန်း ဒုန်း'

ခြေသံများမှာ တစ်ဦးတစ်ယောက်တည်းမဟုတ်။ နှစ်ယောက်၊ သုံးယောက်ဝင်လာသကဲ့သို့ ထင်ရ၏။ ကိုလေးမောင် နောက်သို့ပြန်လှည့်ကာ အပေါ်ထပ်ဝရန်တာမှ အောက်ထပ်တံခါးမကြီးသို့ ဓာတ်မီး

ဖြင့် ထိုးကြည့်လိုက်၏။ တံခါးမကြီးကား လေတိုးသံကြောင့် တံခါးရွက်နှစ်ရွက်မှာ လှုပ်နေသည်ကို တွေ့ရ၏။

'ငါ အိမ်အပေါ်ထပ်ကိုမတက်ခင် ဒီတံခါးမကြီးကို ပိတ်ခဲ့တယ် အောက်မေ့ပါတယ်'

ကိုလေးမောင် နောက်ကြောင်းပြန်ကာ စဉ်းစားကြည့်လိုက်၏။ သို့သော် သေသေချာချာမသိ၊ ဝေဝေဝါးဝါးဖြစ်နေသောကြောင့် သူ့အပြစ်ဟုယူဆကာ ဓာတ်မီးထိုး၍ အပေါ်ထပ်မှ အောက်ထပ်သို့ဆင်းလာခဲ့၏။ ပြီးနောက် အောက်ထပ် အိမ်အဝင်တံခါးမကြီးကို သေချာစွာပိတ်လျက် အပေါ်ချက်၊ အောက်ချက်တို့ကို သေချာစွာထိုးပိတ်လိုက်၏။

တံခါးရွက်ကိုလည်း ဖွင့်ရ မရ သေချာစွာဆွဲဖွင့်ကြည့်ပြီးနောက်မှ အိမ်ပေါ်ထပ်သို့ ပြန်တက်လာကာ သောက်လက်စအရက်ကို ဆက်သောက်နေလိုက်၏။

စီးကရက်ကို ဖွာရှိုက်ရင်း အတွေးကိုဆက်ပြန်ရာ -

'ဆရာလေးမောင် လောကမှာ တစ္ဆေသရဲရှိတယ်ဆိုတာ ယုံလား'

'အင်း ကျွန်တော်ကတော့ ကိုယ်တွေ့မမြင်ဖူးသေးတော့ ယုံလား မယုံလားဆိုတာကို ဝန်မခံရဲသေးဘူး။ ဒါပေမဲ့ ဘုရားဟောမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်ဘုံရှိတယ်။ အဲဒီအပါယ်ဘုံထဲက ပြိတ္တာ၊ အသူရကာယ်ဆိုတာတွေဟာ တကယ့်ကို

ကြောက်စရာရုပ်ဆင်းအင်္ဂါတွေနဲ့ ဒုက္ခကြီးတွေ ခံစားနေကြတယ်ဆိုတာ တော့ စာပေအရ ကျွန်တော်ယုံကြည်တယ်'

'ကဲပါ၊ ကျွန်တော်ကလည်း ကိုယ်တွေ့လက်တွေ့သမားပါ။ အဲဒါကြောင့် ဆရာလေးမောင် ကျွန်တော့်ရဲ့ မဟူရာစံအိမ်ကြီးကို အရောက်သွားပြီး လေ့လာကြည့်ပါလို့ တိုက်တွန်းတာပါ။ ဒီတော့မှ ကိုယ်တွေ့လက်တွေ့ ကြုံရ၊ သိရမယ်လေ။ အဲဒီအခါကျမှ ဆရာနဲ့ ကျွန်တော် ဆက်ပြီး ဆွေးနွေးကြတာပေါ့'

ကိုထင်အောင်ပြောခဲ့သော စကားများကို ပြန်လည်ကြားယောင်ကာ ထိုင်ရာမှထရပ်ရင်း ခေါင်းကို ခါယမ်းလိုက်သည်။ တစ်ဆက်တည်း ဝရန်တာအပြင်သို့ထွက်ကာ အောက်ထပ်သို့ လှမ်းကြည့်လိုက်သည်။ မီးရောင်မထိုးသဖြင့် မည်းမည်းမှောင်နေသည်။ သို့သော် သူ့မြင်ကွင်းထဲမှာ အိမ်မကြီးအဝင်ဝ၌ လူရိပ်တချို့ ဝင်လိုက်ထွက်လိုက်ပြုနေသည်ကို တွေ့နေရ၏။

ကိုလေးမောင် ခေါင်းကို တစ်ချက်ဆတ်ကာ ယမ်းခါလိုက်ပြန်၏။ သူ့မျက်လုံးအိမ်တို့ကိုလည်း လက်နှစ်ဖက်ဖြင့် ပွတ်သပ်လိုက်၏။ ပြီးနောက် အောက်ထပ်တံခါးမကြီးဆီသို့ ထပ်၍ လှမ်းကြည့်လိုက်၏။ မသဲကွဲသော လူရိပ်များ ဝင်ချည်ထွက်ချည် လုပ်နေကြသည်ကို တွေ့ရရာ သူ့တစ်ကိုယ်လုံး ကြက်သီးတဖျန်းဖျန်းထသွား၏။

အနည်းငယ်မူးဟန်ရှိသော အရက်ရှိန်များပင် ဘယ်ရောက်သွားသည် မသိ။ သူ့မျက်စိကို မယုံကြည်စွာဖြင့် အသာပြန်မှိတ်ကာ

ခေတ္တနားနေပြီးမှ ပြန်ထပ်ကြည့်၏။ ထုံးစံအတိုင်း ယောကျ်ားသဏ္ဍာန်၊ မိန်းမသဏ္ဍာန် လူရိပ်များက ဝင်လိုက်၊ ထွက်လိုက် ပြုနေကြ၏။ ကိုလေးမောင် ချက်ချင်း အခန်းထဲသို့ပြန်ဝင်ကာ အရက်ကို နှစ်ခွက်ငှဲ၍ အမြန်အဆန်သောက်လိုက်၏။

'ရှပ် ရှပ် ရှပ် ရှပ်'

'ဒုန်း ဒုန်း ဒုန်း ဒုန်း'

ခြေသံအပြင်း၊ အလျှော့အသံများကလည်း သူ့နားထဲမှာ အတိုင်းသား ကြားနေရ၏။ ကိုလေးမောင် အနည်းငယ်ကြောက်စိတ်ဝင်သွား၏။ သို့သော် အရက်အရှိန်က ချက်ချင်းပြန်တက်လာသည်မို့ ကြောက်စိတ်မှာ လွင့်စဉ်သွားကာ ရဲဆေးပြန်ပေါ်လာပြန်၏။ အရက်ခွက်ကို နောက်တစ်ကြိမ် ထပ်ဆင့်မော့ပြီးနောက် အခန်းထဲမှ ပြန်ထွက်ကာ ဝရန်တာမှနေ၍ ဓာတ်မီးရောင်ဖြင့် အောက်ထပ်သို့ ထိုးကြည့်ပြန်၏။

မီးရောင်ထိန်ထိန်အောက်တွင် တံခါးမကြီးကား ပိတ်လျက်ရှိ၏။ လူအရိပ်အယောင်မဆိုထားနှင့် မည်သည့်အရိပ်အယောင်ကိုမျှ ရိုးတိုးရိပ်တိပ် မမြင်ရချေ။

အတန်ကြာအောင် ဓာတ်မီးဖြင့် ထိုးကြည့်နေစဉ် -

'ဘုတ်'

အပေါ်ထပ်တက်သည့်လှေကားမှ အသံကြားရပြန်ရာ ဓာတ်မီးရောင်ဖြင့် အမြန်ထိုးကြည့်လိုက်၏။ ကြောင်တစ်ကောင် ခုန်ချလာ

ကြောင်းတွေ့ရမှ စိတ်သက်သာရာ ရသွားကာ မိမိအခန်းအတွင်းသို့ ပြန်ဝင်၍ အရက်သုံးလေးခွက် ဆက်သောက်လိုက်၏။ မကြာခင် အရက်အရှိန်တက်ကာ အိပ်ချင်လာသောကြောင့် ညစာပင်မစားတော့ဘဲ ခုတင်ပေါ်တက်အိပ်လိုက်ရာ ခဏအတွင်းမှာပင် အိပ်ပျော်သွား၏။ ထိုအခါမှ အားလုံးကို သူမေ့ထားနိုင်တော့၏။

× × ×

'ဒုန်း ဒုန်း'

'ဘုန်း'

'ချလွမ်'

ဝုန်းဒိုင်းကျဲနေသောအသံများကြောင့် ကိုလေးမောင် အိပ်ရာက လန့်နိုးလာ၏။ မီးတိုင်ထွန်း၍ နာရီကြည့်လိုက်တော့ သုံးနာရီထိုးခါနီးလေပြီ။ အိမ်အောက်ထပ်မှ အသံမျိုးစုံတို့ကို ကြားနေရပြန်ရာ ကိုလေးမောင်စိတ်ထဲ ဇဝေဇဝါဖြစ်သွားရပြန်၏။ ထို့ကြောင့် ဓာတ်မီးဖြင့် အောက်ထပ်သို့ မီးထိုးကြည့်ရာ တံခါးရွက်ပွင့်နေသည်ကို တွေ့ရ၏။ ပြတင်းပေါက်မှန်တံခါးအချို့လည်း ကွဲကျနေသည်ကို မြင်ရ၏။

ကိုလေးမောင် ဓာတ်မီးထိုးကာ အောက်ထပ်သို့ ဆင်းလာလိုက်၏။ တံခါးမကြီးပွင့်နေသည်ကို သူ ထူးဆန်းအံ့သြနေမိ၏။ သူကိုယ်တိုင် သေချာကျနစွာ ချက်များထိုးပိတ်ထားခဲ့သည်ကို သူ ကောင်းစွာမှတ်မိနေ၏။ သို့သော် အပြင်တွင် တပေါင်း၊ တန်ခူး လေရူးကဝေ့တိုက်နေသဖြင့် ပြတင်းတံခါးများ ဘောင်ဘင်ခတ်နေသည်ကို

သတိပြုမိ၏။ တံခါးမကြီးကို ပြန်ပိတ်ရင်း တံခါးချက်တို့ကို စစ်ဆေးကြည့်လိုက်၏။

တံခါးမကြီး တံခါးချက်တို့မှာ အံဝင်ခွင်ကျမရှိသည်ကတော့ ကျိန်းသေ၏။ အပေါ်ချက်မှာ ချောင်နေ၍ အောက်ချက်မှာ ချော်နေ၏။ ထို့ကြောင့် လေကြမ်းနှင့်ထိတွေ့သည့်အခါတွင် တံခါးရွက်တို့မှာ နှဲ၍ လှုပ်သကဲ့သို့ဖြစ်ကာ အပေါ်ချက်ပြုတ်ကျပြီး ပွင့်သွားကြောင်း သတိပြုမိတော့၏။ ထို့ကြောင့် သော့ခလောက်ဖြင့် သေချာစွာခတ်ထားလိုက်၏။

ပြတင်းတံခါးများကို ညဦးက ပိတ်ရန်မေ့ခဲ့သည့်အဖြစ်ကိုလည်း မိမိကိုယ်ကို ပြန်၍အပြစ်တင်ရင်း တံခါးရွက်တို့ကို အားလုံးပိတ်ခဲ့လိုက်၏။ ပြီးနောက် အပေါ်ထပ်သို့ လှေကားအတိုင်း ပြန်တက်လာခဲ့၏။ စိတ်ထဲတွင် မတင်မကျစိတ်ကြောင့် လေ့လာအကဲခတ်ချင်မှု ဖြစ်လာလေရာ ဓာတ်မီးကို ခေတ္တပိတ်လိုက်၏။ လှေကားအလယ်တွင် ခေတ္တရပ်ရင်း အမှောင်ထဲတွင် ကြည့်မြင်နိုင်အောင် မျက်စိကို ခေတ္တမှိတ်ထားလိုက်ပြန်၏။

'ဒုန်း'

'အမလေး'

တစ်ယောက်ယောက်က သူ့ကိုယ်ကို ဝင်တိုက်သွားသဖြင့် ယိုင်လဲသွားကာ အလန့်တကြားအော်ရင်း အောက်လှေကားထစ်သို့ ခြေချော်ကျသွား၏။ ထို့ကြောင့် လက်ထဲမှဓာတ်မီးဖြင့် မီးထိုးကြည့်

လိုက်၏။ ဘေးဘီဝဲယာဝန်းကျင်တွင် မည်သည့်အရိပ်အယောင်မျှ မတွေ့ရချေ။ သို့သော် ခြေသံများကမူ ကြားနေရဆဲရှိလေ၏။

ကိုလေးမောင်စိတ်ထဲ မခံချိမခံသာဖြစ်လာ၏။ အရက်မူးပြေသွားသည်ဆိုသော်လည်း ရီဝေဝေရှိနေသေးရာ သူကြုံတွေ့နေသည်များကို တိတိပပသိချင်သည့်ဆန္ဒက သူ့ကိုလှုံ့ဆော်ပေးလျက်ရှိ၏။ ထို့ကြောင့် ဓာတ်မီးကိုမထွန်းတော့ဘဲနှင့် အိမ်အပေါ်ဘက်ထပ်သို့ လက်ရန်းကိုင်၍ စမ်းတက်ခဲ့လေ၏။

'ဒုန်း'

'ဘယ်သူလဲ'

'ဒုန်း'

'ဘာလဲကွ'

သူ့ရှေ့မှ သူ့ကိုယ်ကိုတိုက်၍ အိမ်အောက်ထပ်သို့ ဆင်းသွားသကဲ့သို့ သူ့ကိုယ်ကို နောက်မှတိုက်၍ အိမ်အပေါ်ထပ်သို့ တက်သွားသည်ကို သူ မမြင်ရသော်လည်း သူသိနေ၏။ အတိုက်ခံရတိုင်း သူ့ခန္ဓာကိုယ်မှာ ယိုင်လဲသွားရ၏။ လက်ရန်းကိုကိုင်ထား၍သာလျှင် သူ့ကိုယ်မှာ အောက်သို့ကျမသွားရခြင်းဖြစ်၏။

သည်လိုနှင့် သူ့အခန်းကိုပြန်ရောက်၏။ ဆေးလိပ်ဘူးနှင့်ကုလားထိုင်ခုံကိုယူကာ ဝရန်တာသို့ပြန်ထွက်၏။ ပြီးနောက် ဆေးလိပ်ကို မီးညှိဖွာလိုက်ရင်း အမှောင်ထဲမှာပင် အောက်ထပ်သို့ လှမ်းကြည့်နေလိုက်၏။ လှုပ်လှုပ်ရှားရှား အရိပ်များနှင့် လှုပ်လှုပ်ရှားရှားအသံ

များကို မြင်ကြားနေရစဉ်အတွင်း ကြောက်စိတ်များကိုဖယ်ကာ ငယ်ဆရာတော် ဦးသုစိတ္တဟောကြားခဲ့သည့် တရားကို နှလုံးသွင်းဆင်ခြင်လျက် နေလိုက်၏။

'ဒကာကြီး တစ္ဆေ၊ သရဲ၊ မှင်စာ၊ ဥစ္စာစောင့် စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်နေကြတာတွေကို ဗုဒ္ဓက ပေတ - ပြိတ္တာဆိုတဲ့ စကားလုံးတစ်လုံးတည်းနဲ့ ဟောကြားခဲ့ပါတယ်။ ဝေမာနိကပြိတ္တာလို့လည်း ခေါ်ပါတယ်။ အဲဒီပြိတ္တာဖြစ်ရခြင်းကလည်း လောဘကြောင့်ပဲ ဒကာကြီး။စွဲလမ်းတပ်မက်တဲ့စိတ်နဲ့သေရင် ပြိတ္တာဘုံကိုရောက်တယ်။ တကယ်တော့ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ ငရဲဘုံတွေဟာ အင်မတန်ဆင်းရဲတွင်းနက်ပြီး ဒုက္ခအကြီးအကျယ်ခံစားနေကြရလို့ အဲဒီဘဝက ကျွတ်လွတ်ရအောင် အမျှဝေသံကြားလိုကြတယ်။ ဒါကြောင့် ရုပ်အဆင်း၊ အနံ့နဲ့ဖြစ်စေ၊ အသံနဲ့ဖြစ်စေ သတိပေးကြတယ်။ အဲဒါကို တချို့လူတွေက သရဲခြောက်တယ်လို့ ဆိုကြတယ်။ အမှန်က လူတွေပေးဝေတဲ့ အမျှအတန်းကို ယူချင်ကြတာပါ'

တရားကို နှလုံးသွင်းရင်း ငေးကြည့်နေရာ ခေတ္တကြာလတ်သော် အုံးမောင်းခေါက်သံကြားရ၏။ မကြာမီ အရုဏ်ဦး အလင်းရောင်ဖျော့ဖျော့ကို စတင်မြင်စပြု၏။ သည်တော့မှ မြင်ရ၊ ကြားရသော ကိစ္စများ ရုတ်ခြည်းပျောက်ကွယ်သွား၏။ ထိုအခါ ကိုလေးမောင်တစ်ယောက် မျက်နှာသစ်၊ ရေမိုးချိုး၊ အဝတ်အစားလဲကာ မဟူရာ စံအိမ်ကြီးမှ ထွက်လာခဲ့၏။

မအူပင်မြို့လယ်သို့ လျှောက်လှမ်းနေသော သူ၏ ခြေလှမ်းများမှာ သွက်လက်မြန်ဆန်နေ၏။ အဘယ်ကြောင့်ဟူမူ ဆာလောင်မွတ်သိပ်နေသော သူ၏ဗိုက်ထဲသို့ နံနက်စာအဖြစ် အစားအစာများ ဖြည့်တင်းရန်ကြောင့် ဖြစ်လေ၏။

× × ×

ကိုလေးမောင်တစ်ယောက် မဟူရာစံအိမ်ကြီး၌ ၃ ရက်ဆက်၍ နေခဲ့၏။ ၃ ညဆက်၍ အိပ်ခဲ့၏။ ထိုသို့ အိပ်ခဲ့သည့် ညစဉ်ညစဉ်တိုင်း လှုပ်ရှားနေသော ဝိညာဉ်တို့နှင့် ထိပ်တိုက်တွေ့ဆုံကြုံခဲ့ရသည်ချည်း ရှိ၏။ ကိုလေးမောင်မှာ စာရေးဆရာလည်းဖြစ်၊ ကိုယ်တွေ့မြင်သိကြားရမှ ယုံကြည်သောစိတ်ရှိရာ ကြောက်စိတ်ကင်းသူဖြစ်၏။ ဤစိတ်ထားရှိ၍သာလျှင် တော်သေး၏။ သို့မဟုတ်ပါက မဟူရာစံအိမ်ကြီးထဲ၌ပင် ကိုလေးမောင်တစ်ယောက် ကံကုန်သွားနိုင်ပေ၏။

မဟူရာစံအိမ်ကြီးမှ ပြန်လာခဲ့ပြီးနောက် ကိုထင်အောင်ထံသို့ သွားကာ မဟူရာစံအိမ်ကြီး၏သော့ကို ပြန်အပ်လိုက်၏။ တစ်ဆက်တည်း ဇာတ်လမ်းရှည်ကြီးကိုလည်း ဝတ္ထုတစ်ပုဒ်ပမာ စီကာပတ်ကုံး ပြောပြလိုက်၏။ ကိုထင်အောင်ကား ကိုလေးမောင်ပြောပြသမျှ သေချာစွာ နားထောင်ရင်း ခေါင်းတညိတ်ညိတ် ရှိနေရှာ၏။

ကိုလေးမောင် ဇာတ်စုံခင်းပြီး တိတ်ဆိတ်သွားမှ –

'ဒါဆိုရင် အခု ကျွန်တော်နဲ့ ခင်ဗျားနဲ့ မဟူရာစံအိမ်ကြီး အကြောင်း ဆက်ပြောလို့ရပြီ။ ကျွန်တော် အစောကြီးကတည်းက

ခင်ဗျားကို ပြောပြချင်နေတာ။ ဒါပေမဲ့ ခင်ဗျားက အယုံအကြည်မရှိရင် ကျွန်တော်ပြောတာတွေ အလကားဖြစ်ကုန်မယ်လေ။ အင်း မဟူရာ စံအိမ်ကြီးရဲ့ သက်တမ်းဟာ အခုဆိုရင် နှစ်ပေါင်းတစ်ရာကျော်သွားပြီ။ အခုထက်ထိ စိတ်ဝင်စားစရာကောင်းနေတုန်းပဲ'

ကိုထင်အောင်က လေးလေးပင်ပင်ဆိုရင်း စကားကို ခေတ္တဖြတ်ကာ ကိုလေးမောင်၏အခြေအနေကို အကဲခတ်လိုက်၏။ ထိုအခါ ကိုလေးမောင်က စိတ်မရှည်စွာဖြင့် အလျင်စလို ပြန်ပြောလိုက်လေ၏။

'ကိုထင်အောင် မဟူရာစံအိမ်ကြီးနဲ့ပတ်သက်ပြီး ခင်ဗျားကြားဖူးတာတွေ၊ ခင်ဗျားသိခဲ့တာတွေမှန်သမျှ အားလုံး ပြောပြစမ်းပါဗျာ။ ကျုပ် မဟူရာစံအိမ်ကြီးကို အရမ်းစိတ်ဝင်စားမိလို့ပါ။ အခုအတိုင်းဆိုရင် ကျုပ်အတွက် ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်လာနိုင်တယ်'

'ဒီလိုဗျ မဟူရာစံအိမ်ကြီးဟာ နယ်ချဲ့အင်္ဂလိပ်တွေ မပြေးခင်လေးမှာတင် အင်္ဂလိပ်မြို့ပိုင်နေဖို့ ဆောက်ပေးခဲ့တဲ့ အိမ်ဗျ။ အဲဒီမြို့ပိုင်လည်း အဲဒီအိမ်ပေါ်မှာပဲ သူ့ကိုယ်သူ အဆုံးစီရင်သွားတယ်။ နောက် မြို့ပိုင်တစ်ဦးပြောင်းလာတော့လည်း မျိုးချစ်ပြောက်ကြားတွေရဲ့ လုပ်ကြံမှုကို ခံလိုက်ရပြန်တယ်။ အဲဒီနောက်ပိုင်းတော့ ဖက်ဆစ်ဂျပန်တွေဝင်လာပြီး မအူပင်မြို့ကို သိမ်းပိုက်လိုက်ရာမှာ အဲဒီအိမ်ကြီးဟာ ဂျပန်ကင်ပေတိုင်ရုံး ဖြစ်သွားပြန်ပါရောဗျို့။ အဲဒီအချိန်မှာ ကျွန်တော်တို့အဘိုးရဲ့အဖေက တော်လှန်ရေးသမားပေါက်စ ဖြစ်နေတယ်'

'ဒါဆိုရင် ကိုထင်အောင်တို့မျိုးရိုးက ဘယ်ဆိုးလို့လဲ'

'ဩော် အဲဒီအချိန်က ကိုယ့်တိုင်းပြည် သူများလက်ထဲ ရောက်နေတော့ မြန်မာလူမျိုးတိုင်း ရင်နာလွန်းလို့ မျိုးချစ်စိတ်ထက် သန်နေတဲ့ အချိန်လေဗျာ။ ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီး ကျားထက်ဆိုးဆိုတဲ့စကားလို ဂျပန်နဲ့ မိတ်ဖွဲ့ပြီး နယ်ချဲ့အင်္ဂလိပ်ကို မောင်းထုတ်ပြီးကာမှ ဖက်ဆစ်ဂျပန်တွေကပါ ကျုပ်တို့ရေမြေသဘာဝ ကို မက်မောပြီး သိမ်းပိုက်မယ်ကြံစည်လာလို့ ဘီအိုင်အေတပ်နဲ့အတူ မျိုးချစ်တော်လှန်ရေးသမားတွေက အဲဒီ ဖက်ဆစ်ဂျပန်တွေကို ပြန်ပြီး တိုက်ခိုက်ခဲ့ရပါပကော။ အဲဒီမှာလည်း ကျုပ်တို့ဘိုးလေးပါတယ်'

'ဟုတ်ပါပြီ။ ကိုထင်အောင်တို့ဘိုးလေးက မျိုးချစ်တော်လှန် ရေးသမားဆိုတာ ယုံပါတယ်'

ကိုထင်အောင်က စကားစကို မကြာခဏဖြတ်တောက်နေ တတ်သဖြင့် ကိုလေးမောင်က စိတ်မရှည်စွာဖြင့် ခနဲ့တဲ့တဲ့ ဝင်ပြော လိုက်၏။ သည်တော့မှ ကိုထင်အောင်တစ်ယောက် ရယ်ကျဲကျဲဖြစ် ကာ စကားဆက်လေ၏။

'ဆိုပါတော့ဗျာ။ အဲဒီ ဖက်ဆစ်ဂျပန်တွေကို မောင်းထုတ်ရာ မှာ အဲဒီအိမ်ကြီးမှာပဲ ဂျပန်ငပု သုံးလေးယောက် သေသွားရတယ်လို့ ပြောတယ်။ တော်လှန်ရေးပြီးတော့ အဲဒီအိမ်ကြီးက သရဲခြောက်တယ်လို့ ဒီမြို့မှာ နာမည်ကြီးတော့ တာပါပဲ။ အဲဒီအချိန်က မအူပင်မြို့ပေါ်မှာ အိမ်ခြေက လေးငါးရာလောက်သာ ရှိတာလေ။ သရဲခြောက်လို့ ဘယ် သူမှ မနေရဲတော့ ကျုပ်တို့ ဘိုးလေးက အဲဒီအိမ်ကြီးမှာ သွားတက်ပြီး

နေလာလိုက်တာ ဘိုးလေး၊ ဘွားလေး ဆုံးတဲ့အထိပဲ။ အဲဒီနောက်ပိုင်း ကျုပ်ရဲ့ အဘိုးအဘွား၊ ကျုပ်ရဲ့ အဖေ၊ အမေနဲ့ ကျုပ်လက်ထက်တိုင်အောင်ဆိုပါတော့ဗျာ။ သြော် မဟူရာစံအိမ်ကြီးလို့ စပြီးအမည်ပေးခဲ့တာတော့ ကျုပ်ရဲ့အဖေဗျ'

'အင်း ကိုထင်အောင်လည်း အဲဒီ မဟူရာစံအိမ်ကြီးမှာ နေခဲ့ဖူးတာဆိုတော့ ခင်ဗျားလည်း ထူးခြားတာလေးတွေ ကြုံခဲ့မယ်ထင်တယ်။ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ကိုယ်တွေ့ကြုံတာလေးတွေ လေ့လာကြည့်ရအောင်'

'ပြောရရင်တော့ အရပ်အခေါ် သရဲခြောက်တယ်ပေါ့ဗျာ။ ဒါပေမဲ့ စာပေတွေထဲမှာ ရေးကြသလို မျက်လုံးပြူးပြူး၊ ကိုယ်လုံးထွားထွား၊ လျှာကြီးရှည်ရှည် စသည်ဖြင့် အဲဒီလို ကြောက်စရာကောင်းလောက်အောင်တော့ ကျွန်တော် မတွေ့၊ မမြင်ခဲ့ဘူးဗျ။ ခြောက်လှန့်တာတွေ ရှိတယ်။ အသံတွေကြားရတယ်။ အပုပ်နံ့တွေပေးတယ်။ လူတွေလိုသွားလာဝင်ထွက်နေတဲ့သဏ္ဌာန်တွေ စသည်ဖြင့်ပေါ့ဗျာ။ အဲဒါတွေကိုတော့ ကျွန်တော်ကိုယ်တွေ့မျက်မြင်ပဲ။ ကျွန်တော့်စိတ်အထင်တော့ ဒီစံအိမ်ကြီးကို အစွဲပြုပြီး မကျွတ်မလွတ်သေးတဲ့ ဝေမာနိက ပြိတ္တာတွေလို့ ကျွန်တော်ထင်တယ်'

'ဖြော်င်း'

'မှန်လိုက်လေဗျာ၊ ကျုပ်မြင်တွေ့ခဲ့ရတာလည်း ခင်ဗျားနဲ့ တစ်ပုံစံတည်းပဲ။ အဲဒီတော့ ကျွန်တော် ခင်ဗျားကို အကြံပေးချင်တာ

က အဲဒီအိမ်ကြီးဆီသွားပြီး မကျွတ်မလွတ်သေးတဲ့ ခင်ဗျားအမျိုးအဆွေတွေအပါအဝင် တခြားသူတွေကိုပေါ့ဗျာ ရည်စူးပြီး သူတို့အတွက် အလှူဒါနလေးပြုပြီး အမျှအတန်းပေးဝေစေချင်တယ်။ ဘယ့်နှယ်လဲ'

'ကျုပ်ကလည်း စိတ်ကူးပြီးသားပါ။ အဖော်စောင့်နေတာ။ ခုတော့ ခင်ဗျားတစ်ယောက် အဖော်တိုးလာပြီဆိုတော့ ကျန်တဲ့သူတွေကို ကျွန်တော် လက်မထောင်ပြီး ပြောလို့ရတာပေါ့။ ခက်တာက ကျုပ်မိန်းမကတောင် သူမမြင်မတွေ့ရတော့ မယုံဘူးလေဗျာ။ ဒါတွေကလည်း သူ့အကြောင်းနဲ့သူ၊ သူ့ကံနဲ့သူ တိုက်ဆိုင်မှ မြင်တွေ့ခွင့်၊ သိခွင့်ရကြတာကိုး။ အမျှအတန်းပေးဝေဖို့ သတိပေးတာလည်း ဖြစ်နိုင်တာပဲလေ။ ကဲပါ၊ လာမယ့် သုံးလေးရက်အတွင်း အဲဒီ မဟူရာစံအိမ်ကြီးဆီကို ခင်ဗျားနဲ့ကျုပ် သွားပြီး ဒါနပွဲလေး ပြုပေးလိုက်တာပေါ့ဗျာ'

ကိုလေးမောင် ခေါင်းညိတ်သဘောတူသဖြင့် နောက်သုံးရက်အကြာတွင် ကိုထင်အောင်နှင့် ကိုလေးမောင်တို့နှစ်ယောက်အပါအဝင် ကိုထင်အောင်မိသားစုတို့ လိုက်ပါလျက် မဟူရာစံအိမ်ကြီးသို့ သွားလိုက်ကြ၏။ သံဃာတော် အရှင်သူမြတ်တို့ကို ပင့်ဖိတ်လျက် ပစ္စည်းလေးပါး လှူဒါန်းကာ ဆွမ်းဆက်ကပ်ကြ၏။ သံဃာတော်အရှင်သူမြတ်တို့မှ ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပေးကြ၏။ ပြီးလျှင် ပြုသမျှ ကုသိုလ်အဖို့ဘာဂကို ထိုအိမ်အတွင်းရှိ မကျွတ်မလွတ်သေးသူများနှင့် ဝေနေယျများစွာ သတ္တဝါတို့အား ရည်စူး၍ အမျှအတန်းပေးဝေလိုက်ကြ၏။

ထိုညက မဟူရာစံအိမ်ကြီးသည် မည်းမည်းမှောင်မှောင် ညမိုက်ညကာလတွင် တိတ်ဆိတ်ငြိမ်သက်စွာ လဲလျောင်းအိပ်မောကျ လျက်ရှိ၏။ သံသယစိတ်ဖြင့် စူးစမ်းလိုသော ကိုထင်အောင်နှင့် ကိုလေး မောင်တို့ နှစ်ဦးသာလျှင် မိုးလင်းခါနီးမှ အိပ်ပျော်သွားကြ၏။ ယခင် လို အသံဗလံများနှင့် ရုပ်သဏ္ဍာန်များကို မမြင်၊ မကြားရ၍ အံ့သြ နေမိကြ၏။ သည့်ထက်ပို၍ အံ့သြစရာသည်ကား မိုးစင်စင်လင်းမှ ကိုထင်အောင်၏ဇနီးသည် ပြောသောစကား ဖြစ်လေ၏။

'ညက ကျွန်မ အိပ်မက် မက်တယ်။ အိပ်မက်ထဲမှာ ကိုထင် အောင်တို့ အဘိုးအဘွားရော၊ အဖေနဲ့အမေပါ ပါတယ်။ တခြားလူ တွေလည်း ပါတယ်။ သူတို့အားလုံးက ဒီအိမ်က ထွက်သွားကြဖို့ ကျွန်မကို လာနှုတ်ဆက်ပြီး ကိုယ်စီကိုယ်စီ ထွက်သွားကြတာ ကျွန်မ အထင်းသားတွေ့နေရတယ်။ သူတို့အားလုံး လန်းလန်းဆန်းဆန်းနဲ့ ပြုံးပြုံးရွှင်ရွှင်ပါပဲ'

◆ ◆ ◆

## ဘဝဟောင်းက အကြောင်းဆက်

ငယ်သူငယ်ချင်း မြင့်ဦးမောင်တစ်ယောက် သူနေထိုင်ရာ မော်ကျွန်းမြို့တွင် အိမ်ခြံမြေတစ်လုံးကို အမွေအဖြစ်ရလိုက်၏။ မျိုးရိုးအစဉ်အဆက် နေထိုင်လာခဲ့ပြီးနောက် တစ်ဦးတည်းသော သားဖြစ်သူ မြင့်ဦးမောင်မှာ မိဘများမကွယ်လွန်မီလေးမှာပင် ထိုအိမ်ခြံမြေကို အမွေအဖြစ်ရခဲ့ခြင်းဖြစ်၏။ မြင့်ဦးမောင်မှာ လူပျိုလူလွတ်ဖြစ်သောကြောင့် ထိုအိမ်ခြံမြေမှာပင် သူတစ်ဦးတည်း နေထိုင်ရ၏။ ထို့ကြောင့် သူငယ်ချင်းဖြစ်သူ ကျွန်ုပ်အား အလည်လာရန် ဖိတ်ခေါ်လိုက်ခြင်းဖြစ်၏။

ကျွန်ုပ်သည် အလယ်တန်းကျောင်းသားဖြစ်ခဲ့စဉ်က မော်ကျွန်းရှိ အဖေ၏အစ်မ ကြီးဒေါ်အိမ်တွင်နေကာ အလယ်တန်းပညာများကို သင်ယူခဲ့ဖူးလေ၏။ ထိုစဉ်က မြင့်ဦးမောင်မှာ ကျွန်ုပ်နှင့် တစ်တန်းတည်းအတူနေ ပညာသင်ခဲ့ရသော ငယ်သူငယ်ချင်းတစ်ယောက်ဖြစ်ခဲ့ဖူး၏။ အလယ်တန်းမှ အထက်တန်းအထိ ပညာသင်

ယူခဲ့ကြသူများဖြစ်သောကြောင့် သံယောဇဉ်ရှိကြ၏။ တက္ကသိုလ်ကျောင်းသားဘဝရောက်မှပင် သူနှင့်ကျွန်ုပ်လမ်းခွဲကာ ပညာသင်ခဲ့ကြရ၏။

ထိုအချိန်မှစ၍ မြင့်ဦးမောင်နှင့် ကျွန်ုပ်မှာ အတန်ငယ်ဝေးကွာ သွားခဲ့ပြီး ကျွန်ုပ်မှာ မော်ကျွန်းနှင့်လည်း အလှမ်းဝေးခဲ့ရ၏။ ရန်ကုန်မြို့တွင် တက္ကသိုလ်ပညာများကို ဘွဲ့ရသည်ထိ သင်ယူတတ်မြောက်ခဲ့သော်လည်း မြင့်ဦးမောင်ကမူ ဆယ်တန်းအောင်ရုံမျှဖြင့် ကျောင်းမှထွက်ကာ စီးပွားရေးကို ဇောက်ချလုပ်ကိုင်ခဲ့၏။ တောနေလူတန်းစားဖြစ်၍ တောသူတောင်သား မိဘများ၏ သဘောထားအတိုင်း တောင်ယာလယ်လုပ် ဓားမခုတ်အလုပ်များနှင့်သာ ကျေနပ်ရောင့်ရဲနေခဲ့လေ၏။

သို့သော် မြင့်ဦးမောင်နှင့် ကျွန်ုပ်မှာ လူချင်းဝေးကြသော်လည်း စာအဆက်အသွယ်ကား လုံးဝမပြတ်တောက်ခဲ့။ ကျွန်ုပ်က မအူပင်သို့ မသွားရောက်နိုင်သော်လည်း မြင့်ဦးမောင်က ရန်ကုန်သို့ ဈေးဝယ်လာသည့်အခါတိုင်း ကျွန်ုပ်ထံမပျက်မကွက် လာရောက်တွေ့ဆုံလေ့ရှိ၏။ ထို့ကြောင့် မြင့်ဦးမောင်နှင့်ကျွန်ုပ်မှာ သံယောဇဉ်ပြတ်တောက်၍ မသွားခဲ့ချေ။ ထိုသံယောဇဉ်ဖြင့် ကျွန်ုပ်အား မော်ကျွန်းသို့ အလည်လာရန် ဖိတ်ခေါ်ခြင်းဖြစ်၏။

သို့ဖြစ်ရကား ကျွန်ုပ်မှာ အလုပ်မှခွင့်တစ်ပတ်ခန့်ယူပြီး သူငယ်ချင်းမြင့်ဦးမောင်ရှိရာ မော်ကျွန်းမြို့သို့သွားရောက်ခဲ့၏။ မြင့်ဦးမောင်

အမွေရထားသော ခြံဝင်းကြီးမှာကား လမ်းဘေးတစ်ဖက်တွင်ရှိရာ ခြံဝင်းကျယ်ကြီးဖြစ်၍ အိမ်ကြီးမှာလည်း နှစ်ဆောင်ပြိုင် အိမ်ကြီးဖြစ်၏။ မြင့်ဦးမောင်တစ်ယောက် တည်းနေရသည်မှာ လွန်စွာပျင်းစရာကောင်း ၍ ညဦးပိုင်းဆိုလျှင် ကြက်သီးထစရာကောင်းလှ၏။ ကျွန်ုပ်သည်ပင် မြင့်ဦးမောင်နှင့်တွဲ၍နေလင့်ကစား စိတ်ထဲမှာ စိုးတထင့်ထင့်ဖြစ်နေမိ၏။ ဘာကို ကြောက်နေမှန်းတော့ ကျွန်ုပ်ကိုယ် ကျွန်ုပ်မသိပါချေ။

မြင့်ဦးမောင်မှာ တစ်ယောက်တည်း လူပျိုလူလွတ်ဖြစ်၍ ထမင်းချိုင့်မှာစားသူဖြစ်ကာ ကျွန်ုပ်စားချင်သည်များကို မှာ၍ ကျွေး၏။ ထို့ပြင် ကျွန်ုပ်နှစ်သက်သော ဝီစကီကိုလည်း ကြိုက်သလောက် သုံးဆောင်နိုင်ရန် ဝီစကီပုလင်း လေး၊ ငါးလုံး ဝယ်ယူပေးထား၏။ ကျွန်ုပ်မှာ စိတ်ထဲကြောက်ရွံ့နေမိသောကြောင့် တစ်ခါတည်းအိပ်ပျော် သွားစေရန် ရေချိန်မှန်သည်ထိ မလျှော့တမ်းသုံးဆောင်၏။ မြင့်ဦးမောင် က နာမည်ပျက်ရုံသာသောက်သဖြင့် ဝီစကီ တစ်လုံးကုန်သွားချိန်တွင် ကျွန်ုပ်မှာ အတော်မူးသွားလေ၏။ ထို့ကြောင့် ထမင်းပင်မစားနိုင် တော့ဘဲ အိပ်ရာစောစောဝင်ခဲ့လေတော့၏။

ကျွန်ုပ် မည်မျှအိပ်ပျော်သွားသည်မသိ၊ ကျွန်ုပ်အိပ်ရာက လန့်နိုးလာသောအခါ တစ်အိမ်လုံး မည်းမည်းမှောင်နေလေ၏။ နေရာ စိမ်းဖြစ်သောကြောင့် ကျွန်ုပ်မှာ မီးဖွင့်ရန်မီးခလုတ်နှင့် မီးထွန်းရန် မီးခြစ်နှင့်ဖယောင်းတိုင် (သို့မဟုတ်) မီးအိမ်တို့ကို မည်သို့ ရှာဖွေရ မည်မှန်းမသိ ဒုက္ခဖြစ်နေရ၏။ ထို့ကြောင့် နီးစပ်ရာနေရာ တစ်ကြောသို့

လက်ဖြန့်ကာ ရှာဖွေစမ်းသပ်ကြည့်လိုက်၏။ နှုတ်မှလည်း သူငယ်ချင်း မြင့်ဦးမောင်ကို အသာခေါ်ကြည့်၏။

'မြင့်ဦးမောင်..သူငယ်ချင်း၊ မြင့်ဦးမောင်'

'ဝုန်း..ဒုန်း..ချလွမ်'

မှောင်မှောင်မည်းမည်းထဲတွင် မမြင်မစမ်းဖြင့်စမ်းနေရသော လက်က မည်သည့်အရာကို ထိခိုက်မိသွားသည်မသိ အသံဗလံများ ထွက်လာ၏။ တစ်ခုခုကျကွဲသံများဖြစ်၏။ ထိုအသံများကြောင့် မြင့်ဦးမောင် လန့်နိုးလာပုံရ၏။

'မျိုးဆင့်..မင်း အိပ်ရာက နိုးလာတာလား။ နေဦး၊ ငါ မီးထွန်းပေးမယ်'

မကြာမီ မြင့်ဦးမောင် ထ၍မီးထွန်းပေးမှုကြောင့် မီးအိမ်မှ မီးအလင်းရောင်ထွက်ကာ အနီးအနားသို့ သဲကွဲစွာလှမ်းမြင်နေရ၏။ မြင့်ဦးမောင်မှာ မီးထွန်းပြီးသည်နှင့် အိပ်ရာပေါ်ပြန်တက်ကာ အိပ်လေ၏။ လှဲအိပ်နေရင်းမှလည်း ကျွန်ုပ်အား လှမ်းပြော၏။

'မျိုးဆင့်..အိမ်သာသွားချင်ရင်တော့ မီးတိုင်ကိုင်ပြီး အနောက်ဘက်ဝင်သွား၊ အိမ်ထဲမှာတင် အိမ်သာရှိတယ်။ အပေါ့သွားချင်ရင်တော့ ဟိုဘေးနားမှာ ဆီးခွက်ရှိတယ်။ ဆီးခွက်ထဲသာ သွားလိုက်။ ငါအိပ်တော့မယ်။ ထမင်းစားချင်ရင်လည်း အဲဒီနားက စားပွဲပေါ်မှာ အဆင်သင့်ချူးထားတယ်။ စားလိုက်။ ဘာမှအားမနာနဲ့'

ပြောပြောဆိုဆို မြင့်ဦးမောင်အသံပျောက်သွားပြီး ခဏ အကြာတွင် ဟောက်သံပေါ်လာတော့၏။ ကျွန်ုပ်မှာ ဆီးသွားချင်၍ အိပ်ရာမှလန့်နိုးလာခဲ့ရသူဖြစ်ရာ ဆီးခွက်ထဲတွင် ဆီးကိုအရင်သွား လိုက်၏။ ဆီးသွားပြီးနောက် အိပ်ရာပေါ်ပြန်လှဲ၍အိပ်ရန် ဟန်ပြင် လိုက်စဉ် ဗိုက်ထဲတွင် ဆာလောင်မွတ်သိပ်မှုဝေဒနာက စ၍လာ ပြန်၏။ ထို့ကြောင့် အသင့်ရှိနေသောထမင်းကို အနည်းငယ်ယူစားလိုက်၏။

ထမင်းစားနေစဉ် ကျွန်ုပ်၏ထမင်းဝါးသံသည်ပင် ညဥ့် အမှောင်ထဲဝယ် သဲသဲကွဲကွဲပြန်ကြား၍နေ၏။ ဟင်းခတ်သည့် ဇွန်းသံ၊ ထမင်းနယ်သံမှအစ တစ်ခုမကျန်အတိုင်းသားကြားနေရ၏။ ထမင်းစား နေရင်း စိတ်ထဲမှတစ်ခုခုကို သတိရသွားသဖြင့် အနီးရှိစားပွဲပေါ်မှ ကျွန်ုပ်၏လက်ပတ်နာရီကိုယူကာ အချိန်ကို ကြည့်လိုက်၏။ ညဥ့် တစ်နာရီခွဲရှိလေပြီ။

မကြာမီ ထမင်းစားခြင်းကို အဆုံးသတ်ကာ အိပ်ရာထဲ ပြန် မလှဲခင် ဆေးလိပ်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း မရေရာသော စဉ်းစား ခန်းကို အစပြုတွေးနေမိလေ၏။ ထိုစဉ် အိမ်အပေါ်ထပ်မှ လမ်းလျှောက် သံတစ်သံကို အတိုင်းသားကြားလိုက်ရ၏။ အရာအားလုံး တိတ်ဆိတ် ငြိမ်သက်နေရာ မိမိ၏အသက်ရှူသံသည်ပင် လေမုန်တိုင်း တိုက်သံ နီးပါးအတိုင်းကြားနေရလေရာ အိမ်အပေါ်ထပ်မှ လူတစ်ယောက် လမ်းလျှောက်သံမှာလည်း ထင်ထင်ရှားရှားပင် ကြားနေရ၏။

'ဖလပ်..ဖလပ်..ဖလပ်..ဖလပ်'

ကျွန်ုပ်အသာငြိမ်ကာ အိမ်အပေါ်ထပ်မှခြေသံကို သေချာစွာဂရုပြုအာရုံစိုက် နားထောင်လိုက်၏။ ခြေသံက အိမ်အပေါ်ထပ်တွင် တောင်နှင့်မြောက်ကို ခေါက်တုံ့ခေါက်ပြန်လျှောက်နေသော ခြေသံဖြစ်၏။ အနိမ့်အမြင့်၊ အကွာအဝေးညီမျှ၏။ ယောကျ်ားတစ်ယောက်ခြေသံထက် မိန်းမတစ်ယောက်ခြေသံမှန်း ခန့်မှန်းသိသာနိုင်၏။ အလေးအပင်မရှိ ပေါ့ပေါ့ပါးပါးလျှောက်သံဖြစ်၏။ သို့ရာတွင် ညကြီးမင်းကြီး တိတ်ဆိတ်ငြိမ်သက်နေချိန်ဖြစ်၍ ပေါ့ပေါ့ပါးပါး လမ်းလျှောက်သံသည်ပင် ကြောက်လန့်တုန်လှုပ် ဖွယ်ဖြစ်ပါ၏။

'ဘုရား..ဘုရား..ဒါ သရဲခြောက်တာပဲဖြစ်မယ်။ ဒီအိမ်ကြီးထဲမှာ ငါနဲ့မြင့်ဦးမောင်ကလွဲလို့ တခြားဘယ်သူမှရှိတာမှ မဟုတ်တာ'

ကျွန်ုပ် ထိတ်လန့်စွာတွေးတောနေစဉ်မှာပင် ကျွန်ုပ်အနီးရှိ မီးအိမ်မှ အလင်းရောင်မှာ ဖျတ်ခနဲငြိမ်းသွား၏။ အခန်းအတွင်း၌ လေမတိုက်ပါဘဲနှင့် မီးညွန့်ပျောက်သွားသည်မှာ အလွန်ထူးဆန်းလှ၏။ တစ်ယောက်ယောက်က လာရောက်မီးမှုတ်သွားသကဲ့သို့ ထင်ရ၏။

အလင်းရောင်ပျောက်သွားသဖြင့် ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများထသွား၏။ ထို့ကြောင့် အမှောင်ထဲမှပင် မလှမ်းမကမ်း၌ရှိနေသည့် မြင့်ဦးမောင်အိပ်နေသော ခုတင်ဆီသို့ စမ်း၍သွားလိုက်၏။ ထိုအချိန်ထိတိုင် အိမ်အပေါ်ထပ်မှ လမ်းလျှောက်သံမှာ အတိုင်းသားကြားနေရဆဲရှိ၏။

ကျွန်ုပ်ခုတင်ပေါ်သို့ရောက်ပြီး မျက်စိမှိတ်၍အိပ်စဉ် မြင့်ဦးမောင်ထံမှ ဟောက်သံကြားရ၏။ ကျွန်ုပ်မှာ မြင့်ဦးမောင် ဟောက်သံကြောင့် အိပ်မရသည့်အပြင် အပေါ်ထပ်မှ လမ်းလျှောက်သံကပါ ခြောက်လှန့်နေလေရာ မည်သို့မျှအိပ်မရတော့ချေ။ ထို့ကြောင့် အရက်ထသောက်ရန် စိတ်ကူးသော်လည်း မကြာသေးခင်ကမှ ထမင်းစားထားသောကြောင့် အခက်တွေ့ရပြန်၏။ ထိုစဉ်-

'အမယ်လေးဗျ..မခေါ်ပါနဲ့။ ကျွန်တော်မလိုက်ဘူး။ ကျွန်တော့်ကို မခေါ်ပါနဲ့'

မြင့်ဦးမောင်အသံက အလန့်တကြားထွက်လာကာ သူ့ခန္ဓာကိုယ်ကပါ လှုပ်လှုပ်ရှားရှားဖြစ်သောကြောင့် ကျွန်ုပ်၏ကိုယ်ကို ထိခိုက်မိသွားရာ မြင့်ဦးမောင်အိပ်ရာမှ လန့်နိုးပြီးထထိုင်လိုက်၏။ ထို့ကြောင့်-

'မြင့်ဦးမောင်..မင်း ဘာဖြစ်တာလဲ။ ဘာတွေယောင်နေတာလဲ။ ကဲ..အိပ်ရာက လန့်နိုးရင်လည်း ထပြီးမီးထွန်းကွာ။ ငါလည်း ဒီမှာအိပ်လို့မရဘူးဖြစ်နေတယ်'

ကျွန်ုပ်က မီးထထွန်းရန် မြင့်ဦးမောင်ကို ပြောရ၏။ ချက်ချင်းပင် မြင့်ဦးမောင် မီးအိမ်တွင် မီးထွန်းညှိပြီးနောက်ရေဘူးမှ ရေကိုအဝသောက်ပြီး ခုတင်နှင့် မလှမ်းမကမ်းရှိ ဆက်တီစားပွဲမှာထိုင်ကာ ဆေးလိပ်တိုကိုမီးညှိကာ ဖွာရှိုက်နေလေ၏။ ကျွန်ုပ်လည်း တွေ့ကြုံသမျှ ကိုမြင့်ဦးမောင်နှင့် တိုင်ပင်ရန် ခုတင်မှထကာ ဆက်တီစားပွဲမှာပင် သွားထိုင်လိုက်၏။ ပြီးနောက် မြင့်ဦးမောင်ကို ကျွန်ုပ်ကပင် စတင်မေးလိုက်၏။

'နေပါဦး၊ စောစောက မင်းအိပ်ရင်း ဘာတွေယောင်နေတာလဲ။ ဘာတွေမြင်ရလို့လဲ'

'အိပ်မက်ထဲမှာ ငါ့ရဲ့အဘွားတော်တယ်ဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက်က သူနဲ့အတူလာနေဖို့ လာခေါ်နေတယ်။ အဲဒီအဘွားဆိုတာကို ငါတစ်ခါမှ မမြင်ဖူးဘူး။ သူပြောတာကတော့ လက်ရှိဒီဘဝက အဘွားရဲ့ အဘွားတော်တယ်လို့ပြောတယ်။ ဘာတွေမှန်းလည်းမသိဘူး။ အဲဒါကြောင့် ငါမလိုက်ဘူးဆိုပြီး အော်ပြောပြီး ထွက်ပြေးတာ မောလိုက်တာကွာ၊ ခုထိ အမောမပြေသေးဘူး'

'အေး..မင်းရဲ့ ဟောဒီအိမ်ကြီးကတော့ တကယ့်ကို ထူးဆန်းရာနေရာတစ်ခုပဲ။ ငါလည်း အိမ်အပေါ်ထပ်က လမ်းလျှောက်သံနဲ့ ဟောဒီမီးတိုင်ကို တမင်မီးလာငြိမ်းတာကြောင့် လန့်ပြီး အိပ်ရာထဲဝင်လာတာ။ ဒါပေမဲ့ အိပ်မရပါဘူးကွာ။ ဒီကြားထဲ မင်းကပါ လန့်အော်တော့ ငါဘာလုပ်ရမှန်းမသိလို့ မင်းကိုလှုပ်နှိုးလိုက်ရတာ။ ကဲ... တို့ဘာဆက်လုပ်ကြမလဲ။ မင်း အိမ်အပေါ်ထပ်က လမ်းလျှောက်နေသံ ကြားလား'

ကျွန်ုပ်၏အမေးကို မြင့်ဦးမောင်က ခေါင်းခါပြရင်း ကျွန်ုပ်အား ငေးကြောင်စွာကြည့်နေ၏။ မြင့်ဦးမောင်ကို ကြည့်ရသည်မှာ အမောမပြေသေးဘဲ ရင်တုန်ပန်းတုန်ရှိနေဆဲဖြစ်ဟန်ရှိလေ၏။ ထို့ကြောင့် ကျွန်ုပ်ကပင်စတင်၍ သူ့ကိုပြောရ၏။

'ကဲ..မြင့်ဦးမောင်၊ ခုမှ နှစ်နာရီထိုးပဲ ရှိသေးတာ။ မိုးလင်းဖို့ အဝေးကြီးလိုသေးတယ်။ အရက်သောက်ချင်ရင်သောက် မသောက်ချင်ရင်တော့ ကြိတ်မှိတ်ပြီးသာအိပ်လိုက်ကြစို့ ... လာ'

ကျွန်ုပ်က ပြောပြောဆိုဆိုဖြင့် ခုတင်ဆီသို့ ထသွားလေရာ မကြာမီ မြင့်ဦးမောင်လည်း အနောက်မှ ထလိုက်လာ၏။ မီးတိုင်ကို ထွန်းထားဆဲဖြစ်သော်လည်း မကြာမီ မီးတိုင်မှာ သူ့အလိုအလျောက် မီးငြိမ်းသွားမှန်း ကျွန်ုပ်သတိထားမိလေ၏။ ထို့ကြောင့် စောင်ကို ခေါင်းမြီးခြုံကာ မျက်လုံးကိုအတင်းမှိတ်၍ အိပ်ရာအတန်ကြာသော အခါ ကျွန်ုပ်မှာ ဘာကိုမျှ သတိမရတော့ပေ။

× × ×

'မင်းကတော့ အဘွားကို သိမှာမဟုတ်ဘူး။ အဘွားက မင်း ဟောဒီလူ့ဘဝကိုမရောက်မီ ဟိုးလွန်ခဲ့တဲ့ သက်တမ်းလေးရာကျော်က မင်းရဲ့အစ်မကြီးဖြစ်ခဲ့ဖူးတယ်လေ။ အဲဒီအချိန်တုန်းက မင်းက အဘွားရဲ့မောင်ငယ်ပေါ့။ ကျန်ခဲ့တဲ့ လူ့ဘဝလေးသက်တမ်းကပေါ့ကွယ်။ အဲဒီဘဝမှာလည်း မင်းက လူ့လောကက အစောကြီး ထွက်သွားပြီး အဘွားရဲ့မြေးအဖြစ် လူ့ဘဝကို ပြန်ရောက်လာပြန်တယ်။ သည့်နောက်တော့ မင်းနဲ့အဘွားနဲ့ ဘဝတွေခြားသွားကြတယ်။ အဘွားလည်း လူ့ဘဝကထွက်သွားရပေမယ့် အဘွားရဲ့ခန္ဓာကိုယ်ကြီးကို မင်းတို့အိမ်ခြံမြေထဲမှာပဲ မြှုပ်နှံထားခဲ့လေတော့ သံယောဇဉ် မပြတ်နိုင်တဲ့ အဘွားဟာ ဒီနေရာမှာပဲ ခုထိနေရတုန်းပေါ့'

'ကျွန်တော့်ကို ဒါတွေ ဘာဖြစ်လို့လာပြောနေရတာလဲ။ ကျွန်တော့်ကို ဘာလုပ်ခိုင်းမလို့လဲ။ ကျွန်တော် ဘာမှနားမလည်ဘူး။ ကျွန်တော်ကြောက်တယ်'

'မင်း ဘာမှကြောက်စရာမလိုပါဘူး။ အဘွားရှင်းပြတာကို မင်း သေချာနားထောင်ပါ။ ပြီးရင် အဘွားပြောတဲ့အတိုင်း လုပ်ပေးပါ။ အဘွားရဲ့မျိုးဆက်ဆိုလို့ မင်းတို့နှစ်ယောက်ပဲရှိတော့တာ။ ဒါကြောင့် ဒီအိမ်ကို မင်းတို့နှစ်ယောက်လာအောင် အဘွားကပဲ လုပ်လိုက်တာ။ ဒီအိမ်ခြံမြေကြီးထဲမှာ အဘွားအပြင် မင်းတို့ရဲ့ အဘိုးအဘွားငါးယောက်တိတိရှိတယ်။ မင်းတို့မယုံရင် မြေကြီးတူးကြည့်ရင် သိလိမ့်မယ်'

'ဒါနဲ့ကျွန်တော့်သူငယ်ချင်းမြင့်ဦးမောင်နဲ့ ဘယ်လိုပတ်သက်လို့လဲ။ သူ့ကို အသိပေးတဲ့သူကလည်း အဘွားပဲ။ ဘာဖြစ်လို့ သူ့ကို ခေါ်နေတာလဲ'

'သူက ဒီအိမ်မှာ အဘွားမနေနိုင်အောင် နည်းအမျိုးမျိုးနဲ့ လုပ်တယ်လေ။ သူဟာ အဘွားရဲ့မြေး ဖြစ်ခဲ့ဖူးတဲ့အပြင် မင်းနဲ့လည်း ညီအစ်ကိုတော်ခဲ့ဖူးတယ်။ အဲဒါကြောင့် အဘွားက သူ့ကို သည်းညည်းခံနေတာ။ နောက်ဆုံးပြောမရရင်တော့ သူ့ကိုအဘွားနဲ့ ခေါ်ထားမလို့ သူ့ကိုခေါ်လိုက်တာ။ ကဲပါ။ မင်းတို့တစ်တွေ အဘွားနဲ့ အတူမနေချင်ရင်တော့ မင်းတို့ဘဝကို ပြောင်းမှဖြစ်မယ်။ အကောင်းဆုံးက သာသနာပြုပြီး အဲဒီကောင်းမှုကို အဘွားကိုအမျှပေးပါ။ အဘွားလည်း ဒီဘဝ

ကြီးက ကျွတ်ချင်ပြီကွယ်။ အဘွားကို သနားရင် အဘွားပြောတဲ့အတိုင်း ပြုလုပ်ပေးပါကွယ်'

'ဒီမှာ..ဒီမှာ'

ကျွန်ုပ်လှမ်းခေါ်နေစဉ်မှာပင် အဘွားဆိုသူမှာ ကျွန်ုပ်၏ မြင်ကွင်းမှ ပျောက်ကွယ်သွားလေ၏။ ထိုအခါ ကျွန်ုပ်ဦးခေါင်းကို ခါယမ်းလိုက်လေရာ ကျွန်ုပ်မှာ အိပ်ရာမှလန့်နိုးလာကြောင်းသိရ၏။ ပြန်တွေးကြည့်ရာ စောစောကဖြစ်စဉ်မှာ ကျွန်ုပ်အိပ်ပျော်သွားစဉ် အိပ်မက်မက်နေခြင်းဟု သိရတော့၏။

မကြာမီ အရုဏ်လင်းလာပြီဖြစ်ရာ မြင့်ဦးမောင်ကို အိပ်ရာမှနှိုး၍ နံနက်စာစားရင်း ညကကိစ္စများကို ပြန်ပြောင်းဆွေးနွေးရင်း ရှေ့ဆက်ရမည့်ခရီးကို တိုင်ပင်ကြရ၏။ မြင့်ဦးမောင်ရော ကျွန်ုပ်ပါ တိုက်ဆိုင်စွာဖြင့် ကိစ္စတစ်ခုတည်း နွယ်ယှက်နေသည်ကိုပင် နှစ်ဦးသား အံ့ဩမိကြ၏။

'မြင့်ဦးမောင်..မင်းက ငါ့ထက်ပိုပြီးအရေးကြီးတယ်။မင်းက သူတို့ကို ဒီအိမ်မှာမနေနိုင်အောင် အမြဲတမ်းလုပ်နေလို့ သူတို့ဆီကို မင်းကိုခေါ်မယ်ပြောတယ်။ အဲဒါ မင်းဘဝအမြန်ပြောင်းမှ ဖြစ်မယ်လို့လည်း သတိပေးတယ်'

'နေပါဦး၊ ငါက ဘဝပြောင်းရအောင် ရှာန်ရတဲ့သူမှ မဟုတ်တာ'

'ဟ‥အဲဒီလို ဘဝပြောင်းဖို့ပြောတာ မဟုတ်ဘူးထင်တယ်။ သာသနာပြုရမယ်ဆိုတော့ ဘုန်းကြီးဝတ်ခိုင်းတာဖြစ်နိုင်တယ်။ အဲဒီတော့ မင်း ဘာမှမပြောနဲ့။ ဒီရက်ထဲမှာ ဘုန်းကြီးခဏဝတ်လိုက်၊ ကျန်တာ ငါကူညီမယ်။ဘယ့်နှယ်လဲ'

'အေးလေ‥မင်းက ဆန္ဒရှိနေမှတော့ မင်းပြောတဲ့အတိုင်း လုပ်ကြည့်တာပေါ့'

ကျွန်ုပ်၏စကားကို မြင့်ဦးမောင်နာခံသဖြင့် ထိုနေ့ညနေ မှာပင် နီးစပ်ရာဘုန်းတော်ကြီးကျောင်းသို့သွားကာ သင်္ကန်းစီး၍ ရဟန်းခံလိုက်၏။ ကျွန်ုပ်မှာလည်း ထိုအိမ်ကြီးထဲ၌ တစ်ယောက်တည်း မနေရဲသဖြင့် မြင့်ဦးမောင်ရဟန်းခံရာ ဘုန်းကြီးကျောင်းမှာ ပင်လိုက်နေရလေ၏။

နောက်တစ်နေ့နံနက်တွင် မြင့်ဦးမောင်တစ်ဖြစ်လဲ ဦးပဇ္ဇင်း ဦးပညာဝံသနှင့်အတူ အိမ်ကြီးသို့ ခေတ္တပြန်ကာ ရာဇဝင်ကြောင်း တချို့ကို ဖော်ထုတ်စုံစမ်းမှုပြုမိလေ၏။ အိမ်ခြံဝင်း၏ အရှေ့မြောက်ထောင့်ရှိ နတ်ကွန်းတစ်ခုအနီးတွင် တစ်ပေနီးပါးခန့်ရှိ ကျောက်တိုင်ပြားတစ်ခုရှိ၏။ ထိုကျောက်တိုင်ပြားကို လှုပ်နှဲ့ကြည့်ရာတွင် အောက်၌ အဆက်အစပ်ရှိသော အရာဝတ္ထုများရှိကြောင်း ခန့်မှန်းမိ၏။

ထို့ကြောင့် ကျောက်တိုင်ပြား၏ ဘေးပတ်လည်မှ မြေကြီးများကို တူးဖော်ကြည့်လိုက်ရာ မြေကြီးထဲတွင် အဆင့်ဆင့်နစ်မြုပ်

ထားခဲ့သော မှန်ခေါင်းသုံးခေါင်းနှင့်အင်္ဂတေအခေါင်းနှစ်ခုကို တစ်ခုပေါ် တစ်ခုထပ်ဆင့်တင်၍မြှုပ်ထားမှန်း သိရတော့၏။ ထိုအခါ-

'ဒီအိမ်ခြံမြေကြီးထဲမှာ အဘွားအပါအဝင် မင်းတို့ရဲ့ အဘိုး၊ အဘွား ငါးယောက်တိတိရှိတယ်။ မင်းတို့မယုံရင် မြေကြီးကို တူးကြည့်ရင် သိလိမ့်မယ်' ဟူ၍ အိပ်မက်ထဲမှာလာပြောသော အဘွား၏ စကားကို သွား၍အမှတ်ရမိ၏။ တူးဖော်ရရှိသော အခေါင်းများထဲတွင် အရိုးစုများမှ စကားလာပြောနေသည်ကို ကျွန်ုပ်ရော မြင့်ဦးမောင်ပါ လက်တွေ့သိရှိရလေရာ ကျွန်ုပ်မှာ ခေါင်းနားပန်းကြီးကာ ကြက်သီးမွေးညင်းများပင် ထသွားရ၏။သင်္ကန်းဝတ်ထားသော မြင့်ဦးမောင် တစ်ဖြစ်လဲ ဦးပဉ္ဇင်းဦးပညာဝံသကတော့ တည်တည်ငြိမ်ငြိမ်နှင့် ခပ်မဆိတ်ငြိမ်နေ၏။

အတန်ကြာမှ သက်ပြင်းရှည်ကြီးကိုချလျက်-

'အင်း‥ညက ကျုပ်ကို အိပ်မက်လာပေးတယ်။ ကျုပ် ဘုန်းကြီးဝတ်တာမြန်လို့ သူတို့ခေါ်လို့မရတာတဲ့။ အဲဒါကျုပ်ပြုတဲ့ ကောင်းမှုကို ဒီနေ့မှာ သူတို့ဆီလာပြီး အမျှပေးဝေပါလို့ လာပြော သွားတယ်။ ကျုပ် အဲဒါကြောင့် ဒီနေ့ဒီနေရာကို လာခဲ့တာပဲ။ ကဲ… ကဲ… ကျုပ်တို့နှစ်ယောက် အရင်ဘဝဟောင်းက တော်စပ်ခဲ့ဖူးတဲ့ အမိအဖ၊ အဘိုးအဘွားနဲ့ ဆွေမျိုးအားလုံးကို ကျုပ်တို့ပြုခဲ့တဲ့ ကုသိုလ် ကောင်းမှုတွေအတွက် အမျှပေးဝေလိုက်ကြရအောင်' ဟူ၍ဆိုကာ ကျွန်ုပ်ကို လက်တို့၍ နှစ်ဦးသားညီတူစွာဖြင့် အမျှ ပေးဝေလိုက်ကြ၏။

ကျွန်ုပ်တို့နှစ်ဦး သာဓုခေါ်ဆိုပြီးချိန်တွင် အနီးရှိ နတ်ကွန်းမှ အမေရုပ်တုတစ်ခု လဲပြိုကျသွားသံကြားလိုက်ရသဖြင့် နတ်ကွန်းသို့ သွားကြည့်ရာ အမှန်ဖြစ်နေကြောင်း တွေ့ရ၏။

ထိုညက ဦးပဥ္စင်းဦးပညာဝံသနှင့် ကျွန်ုပ်တို့နှစ်ဦး အိမ်ကြီး၌ ညအိပ်ကြရာတွင် ယခင်ကလို ခြောက်လှန့်သံများ မကြားရသည့် အပြင် လမ်းလျှောက်သံများလည်း လုံးဝကင်းရှင်းသွား၏။ နံနက်လင်း လုလုအချိန်တွင် ဦးပဥ္စင်းရော ကျွန်ုပ်ပါ ပြိုင်တူအိပ်မက်မက်ကြ၏။ ထိုအိပ်မက်မှာ ယခင်က ထိုအိမ်ကြီး၌ စွဲလမ်းတပ်မက်စွာ နေနေကြရသော ဘိုးစဥ်ဘောင်ဆက် အဘိုး၊ အဘွားတို့မှာ ကျွန်ုပ်တို့ ပေးဝေသော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှရကြ၍ ကောင်းမွန်သော ဘုံဘဝသို့ ကူးပြောင်းသွားပြီဖြစ်ကြောင်း ကျွန်ုပ်တို့အား လာရောက် ပြောဆိုသည့် အိပ်မက်ပင်ဖြစ်၏။

ဦးပဥ္စင်းနှင့် ကျွန်ုပ်တို့နှစ်ဦး အိပ်မက်ဆင်တူမက်သည်မှာ ထူးဆန်းလှသော်လည်း ထို့ထက်ပိုထူးဆန်းသည်မှာကား ကျွန်ုပ်နှင့် မြင့်ဦးမောင်တစ်ဖြစ်လဲ ဦးပဥ္စင်းတို့မှာ လွန်ခဲ့သောဘဝများဆီက ညီအစ်ကိုတော်စပ်ခဲ့ကြခြင်းနှင့် ဘဝဟောင်းက အဘိုး၊ အဘွားတို့နှင့် နှစ်ဦးသားတိုက်တိုက်ဆိုင်ဆိုင် လာရောက်တွေ့ဆုံ၍ ကုသိုလ်ကောင်းမှု ပြုပေးခဲ့ရခြင်းအကြောင်းဆက်များပင် ဖြစ်လေ၏။

◆ ◆ ◆

## သာစုခေါ်၍မရပါ

အကြီးသန်းမှာ ကျွန်တော်တို့အိမ်နှင့် ဘေးချင်းယှဉ် အိမ်ဘေး၌ နေထိုင်သောသူဖြစ်သည်။ ကျွန်တော်တို့နှင့်အတူ မြို့သစ်လေးမှာ နေလာခဲ့သည်မှာ အနှစ်နှစ်ဆယ်ကျော်ရှိလေပြီ။ ဟိုယခင်က အကြီးသန်းတွင် ယောက်ျားနှင့်သားတစ်ယောက်ရှိသည်။ မြို့သစ်ရောက်ပြီး ငါးနှစ်လောက်ကြာတော့ သူ၏ ယောက်ျားသေဆုံးသွားသည်။ သည့်နောက်ပိုင်း သူ၏ တစ်ဦးတည်းသောသားကလည်း မိန်းမယူသွားသည်။ အကြီးသန်း၏ သားဖြစ်သူ မောင်ကျော်စွာက မိန်းမယူပြီးသည်နှင့် အကြီးသန်းနှင့် အတူမနေ၊ မော်ဘီရှိ ယောက္ခမများနှင့် လိုက်နေသည်။

ထိုအချိန်မှစ၍ အကြီးသန်းတစ်ယောက် တစ်ဦးတည်း နေထိုင်လာခဲ့သည်။ အကြီးသန်းကား ဝန်ထမ်းအငြိမ်းစားဖြစ်သည့်

အပြင် စည်းကမ်းစနစ်တကျ သုံးစွဲစုဆောင်းလာခဲ့သောကြောင့် သူ့တွင် ငွေပိုငွေလျှံလေးများရှိသည်။ ထိုငွေတို့ကို ဘဏ်တွင်ထည့်၍ အတိုးကို ယူစားသည်။ ထို့ပြင် ရပ်ကွက်ထဲတွင်လည်း အတိုးဖြင့် ငွေချေးငှား သည်။ အိမ်ပေါင်၊ ပစ္စည်းပေါင်အချို့ကိုလည်း လက်ခံသည်။ ထို့ကြောင့် ရပ်ကွက်ထဲတွင် အကြီးသန်းသည် ထင်ပေါ်သူ ထိပ်တန်း စာရင်းဝင်ဖြစ်ရသည်။

အကြီးသန်းဆိုလျှင် ရပ်ကွက်ထဲရှိ ဂေါပကမ္မောရုံ သာသနာ့ အကျိုးဆောင်များမှစ၍ အရက်သမား၊ ဆိုက်ကားသမားအဆုံး မသိ သူဟူ၍မရှိ။ ထိုလူတော်တော်များများ အကြီးသန်းနှင့် ကင်းသည်ဟူ၍ သိပ်မရှိ။ အကြီးသန်းက စကားပြောဆိုးသော်လည်း လက်တွန့်ခြင်း သိပ်မရှိ။ ပေးကမ်းစွန့်ကြဲမှုဒါနကို ဝါသနာပါသည်။ ထို့ကြောင့် မကြာခဏ ဘုန်းတော်ကြီးကျောင်းများသို့ သွားကာ ရဟန်းသိက္ခာ ထပ်ပေးခြင်း၊ ပစ္စည်းလေးပါး ဆွမ်း၊ ဆေး၊ ကျောင်းသင်္ကန်း လှူဒါန်း ခြင်း၊ နေ့စဉ် အစိမ်းကြော်ပြုခြင်းအပြင် မည်သည့် ကုသိုလ်ရေးမဆို ပါဝင်လှူဒါန်းခဲ့သည်မှာလည်း အကြိမ်ကြိမ်ပင်ဖြစ်သည်။

သို့ရာတွင် အကြီးသန်းထံမှ ငွေချေးငှားပြီး ပြန်မဆပ်ပါက ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား ပြောဆိုတတ်သည်မှာလည်း အကြီးသန်း၏ အကျင့်တစ်ခုဖြစ်သည်။ ကတိတည်မှုကြိုက်သော အကြီးသန်းနှင့် အလွယ်ချေးငှားသူတို့၏ ကတိမတည်ပွဲကြောင့် ရပ်ကွက်ထဲမှာ ဖြစ်ခဲ့ရ သည့် ရန်ပွဲကလည်း အကြိမ်ကြိမ်ရှိခဲ့သည်။

'ဟော့..ပိုက်ဆံဆိုတာ အလကားမရဘူး။ ငါ့မှာရှိတဲ့ ပိုက်ဆံတွေကလည်း ငါ့ရဲ့ချွေးနဲ့သွေးနဲ့ရင်းပြီး ရှာထားလို့ရခဲ့တဲ့ ပိုက်ဆံတွေ။ အလကားကောက်ရလာခဲ့တာ မဟုတ်ဘူး။ သူများငွေကို ချေးငှားတယ်ဆိုရင် ပြန်ဆပ်ဖို့တော့ မမေ့ကြနဲ့ပေါ့။ ခုဟာက ယူတုန်းကတော့ အဖေကယ်ပါ၊ အမေကယ်ပါနဲ့။ ဆပ်ရမယ့်အချိန် ကျတော့ မသိချင်ယောင်ဆောင်နေကြတယ်။ အေး..ငါ မကြည်ဖြူဘဲယူတဲ့ ပိုက်ဆံမှန်သမျှ အဆိပ်ချည်းပဲဆိုတာ မှတ်ထားလိုက်ကြ'

တကယ်တမ်းတွင် အကြီးသန်း စိတ်ဆိုး၍ပြောတုန်းခဏတာဖြစ်သည်။ ဘယ်သောအခါမှ အမှတ်မထား။ နောက်တစ်ခါထပ်လာ၍ အကြီးသန်းထံ ချွဲချွဲနွဲ့နွဲ့ကလေးပြောဆိုတတ်ပါက ထပ်၍ချေးငှားလိုက်စမြဲသာဖြစ်သည်။ ထိုလူစားထဲတွင် အရက်သမား ပြဲပျော်တို့အုပ်စု ပါသည်။ ပြဲပျော်၊ ပေါက်စ တစ်ယောက်စာတို့ လူစုသည် အရက်ကို ခုံမင်ကြသူများဖြစ်ကြသည်။ အသက်သုံးဆယ်ကျော်လေးဆယ်ဝန်းကျင်လူရွယ်များဖြစ်ပြီး ရပ်ကွက်ထဲတွင် ကျပန်းလုပ်ကိုင်စားသောက်နေကြသည့် လူပျိုကြီးစာရင်းဝင်များ ဖြစ်ကြသည်။

သူတို့အဖွဲ့ကား ရပ်ကွက်ထဲရှိအိမ်တချို့မှ လက်သမားခေါ်ခိုင်းခြင်း၊ ပန်းရံခေါ်ခိုင်းခြင်း၊ သန့်ရှင်းရေးလုပ်ခိုင်းခြင်း၊ အုန်းပင်တက်ခိုင်းခြင်း ကိစ္စများကို အုပ်စုလိုက်သွားရောက် လုပ်ကိုင်ပေးကြပြီး ရရှိသည့်လုပ်အားခကို ခွဲဝေ၍တစ်ဖန် အရက်သောက်ဖို့ငွေကို ဘုံချန်ကာ အရက်ဝိုင်းဖွဲ့သောက်သည့်အုပ်စုဖြစ်သည်။ သူတို့အဖွဲ့သည် ဆိုင်ရာ

ဆွေမျိုးမိဘနေအိမ်များရှိသော်လည်း အရက်မူးလာပါက ကြုံရာထိုးအိပ်တတ်သည့်လူများဖြစ်ရာ များသောအားဖြင့် အကြီးသန်းခြံဝင်းထဲရှိ ကွပ်ပျစ်မှာ သူတို့အားလုံး၏ အိပ်စက်ရာဘုံအိပ်ရာဖြစ်သည်။

'ဟဲ့ . . သေချင်းဆိုးလေးတွေ။ ငါ့ခြံထဲဝင်ပြီး ငါ့ကွပ်ပျစ်ပေါ်မှာ လာအိပ်ကြရအောင် နင်တို့ကို ဘယ်သူက ခွင့်ပြုချက်ပေးထားလို့လဲ။ အမယ်လေးလေး . . စောစောစီးစီး အရက်နံကို ထောင်းနေတာပဲ။ ကဲ . . သွားကြ,သွားကြ၊ နေစရာမရှိလည်း အရက်ဆိုင်မှာသာ သွားနေကြပေတော့'

နံနက်မိုးလင်း၍ ပြဲပျော်၊ ပေါက်စတို့အုပ်စု သူ့ခြံဝင်းထဲမှ ကွပ်ပျစ်ပေါ်၌ အိပ်နေသည်ကိုမြင်သော် တွေ့ရာမဆိုင်း အတိုင်းတိုင်းအပြည်ပြည်ကြားအောင် အော်တော့သည်။ ထိုအခါ ပြဲပျော်၊ ပေါက်စတို့အုပ်စုက ဘာမျှပြန်မပြော၊ အသာငြိမ်ကုတ်၍ အိမ်ခြံဝိုင်းအတွင်းမှ ထွက်သွားကြလေ့ရှိသည်။

သို့ရာတွင် မကြာသောရက်တစ်ရက်တွင် ထိုအုပ်စုအား အကြီးသန်းကခေါ်ယူကာ ခြံဝင်းအတွင်း ခြံသန့်ရှင်းရေးလုပ်ခိုင်း ကာ အရက်ဖိုးပေးလေ့ရှိပြန်သည်။ ထို့ကြောင့် ပြဲပျော်၊ ပေါက်စတို့ အရက်မူးလာ၍ အိမ်မပြန်နိုင်။ စံချိန်တင်သည့် အခြေအနေတိုင်း အကြီးသန်း အိမ်ခြံဝင်းလေးထဲမှ ကွပ်ပျစ်လေးမှာ သူတို့အုပ်စု၏ လဲလျောင်းအိပ်စက်ရာ အမိန့်ရနေရာ ဖြစ်ခဲ့လေသည်။

သည်လိုနှင့် မြို့သစ်ကလေးက အရွယ်တင့်ကာ အပျိုဖြန်း မလေးဖြစ်လာချိန်တွင် အကြီးသန်းက အရွယ်ရင့်ကာ အသက်ခုနစ်ဆယ်တွင်း ရောက်လာခဲ့သည်။ နဂိုကတည်းက ဆွေမျိုးသားချင်းနည်းပါးလှသည့်အထဲ ယောက်ျားဆုံးပါးပြီး အိမ်ထောင်ကျသားနှင့်ပါ ခွဲနေရလေရာ အကြီးသန်းမှာ တစ်ယောက်ထီးတည်း ဘဝကို ရုန်းကန်နေရရှာသည်။ သို့သော် ငွေရင်းငွေနှီးရှိသူဖြစ်၍ အတိုးပေးစားခြင်းမှ အမြတ်ငွေရခြင်း၊ အငြိမ်းစားလစာရခြင်းတို့ဖြင့် အကြီးသန်း၏ ဝင်ငွေမှာ သုံးငွေထက်များသောကြောင့် စုမိဆောင်းမိရှိလှသည်။ ထိုစုဆောင်းငွေများထဲမှ တချို့တစ်ဝက်လှူဒါန်းပြီး အကြီးသန်းအမြဲအာရုံကျလေ့ရှိသည့်အတိုင်းလည်း တစ်ခုမဟုတ်တစ်ခုကို လှူဖြစ်အောင်လှူသည်။

'အကြီးသန်း အခုနေတဲ့ အကြီးသန်းအိမ်ကြီးကို အကြီးသန်းသေသွားရင် ဘယ်သူ့ကို ပေးခဲ့မှာတုံး'

'ဟ..ငါသေသွားရင် ငါ့ရဲ့တစ်ဦးတည်းသောသား ပိုင်တာပေါ့။ သူ့ကိုပဲ ပေးခဲ့ရမှာပေါ့။ ဒါပေမဲ့ အေး..ငါက ငါမသေခင် အလှူဝဝလှူဦးမှာအေ့။ နောက်ဆုံး လှူစရာမရှိရင် ဒီအိမ်ကိုရောင်းပြီး လှူဦးမှာ'

'ဒါပေါ့၊ ဒါ မှန်တာပေါ့။ အကြီးသန်းမှာ ငိုစားရယ် စားမယ့်သူလည်း မရှိဘူးဆိုတော့ အကြီးသန်းရှာဖွေရသမျှ လှူဒါန်းဖို့ချည်းပဲပေါ့။ အကြီးသန်းက ကုသိုလ်ကောင်းပါတယ်'

အကြီးသန်း အိမ်ခြံဝင်းက ပေလေးဆယ်ခြောက်ဆယ်။ အိမ်ကြီးက နှစ်ပင်သုံးခန်း၊ ပျဉ်ထောင်သွပ်မိုး နှစ်ထပ်အိမ်ကြီးဖြစ်သည်။ အကြီးသန်း အသက်ခုနစ်ဆယ်ကျော်တော့ တစ်ခါတစ်ရံ ကျန်းမာရေး ချို့တဲ့လာသည်။ နှစ်ထပ်အိမ်ကြီးထဲတွင် တစ်ယောက်တည်းနေရသောကြောင့် အဖော်ရလိုရငြား အကြီးသန်း အိမ်အပေါ်ထပ်ကို ညားခါစ လင်မယားစုံတွဲကို ငှားလိုက်သည်။

တစ်အိမ်တည်းတွင် အပေါ်ထပ် အောက်ထပ်နေကြရသူများဖြစ်သောကြောင့် မမြင်ချင်၊ မကြားချင်သော်လည်း မြင်နေရ၊ ကြားနေကြရသည်။ အကြီးသန်းကား အသက်အရွယ်ကြီးရင့်သူ ဖြစ်သည့်အပြင် ရှေးလူကြီးဆန်သောကြောင့် မြင်တွေ့သမျှ ရင်ထဲမထား၊ ဗြောင်ပြောပြောတတ်သည်။

'ညည်းတို့က စည်းကမ်းမရှိကြဘူး။ အမှိုက်ကိုလည်း သူ့နေရာနဲ့သူ မပစ်ဘူး။ ပြီးတော့ ညဘက်စားပြီးတဲ့ ထမင်းပန်းကန်တွေကိုလည်း ညက ချက်ချင်းမဆေးဘူး။ နောက်ပြီး ရေတုံကင်တော့ မနှိပ်ဘူး။ နှိပ်ပြီးသားရေကျတော့ ဘာသုံးသလဲမမေးနဲ့။ ဒါ့အပြင် အလုပ်က ပြန်လာကြတာနဲ့ နှစ်ယောက်သား တွတ်ထိုးနေလိုက်ကြတာကလည်း တကတည်း မပြောလိုက်ချင်ဘူး။

ညဘက်ဆိုရင်ငါက ကိုးနာရီထိုးတာနဲ့ အိမ်ပိတ်ပြီး အိပ်တာအကျင့်ပါနေတာ။ ညည်းတို့ရောက်လာမှ ငါ့မှာ အိမ်တံခါးပိတ်ဖို့စောင့်ရတာကလည်း နေ့စဉ်ရက်ဆက်ဖြစ်နေပြီ။ ကိုးနာရီကိုတော့ အိမ်

ကိုပြန်လာကြဖို့ သတိထားကြမှပေါ့။ ခုတော့ ညည်းတို့က ဗိဒိယိုရဲ့ သွားကြည့်တာ ဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီမှ ပြန်လာတော့ ငါအိပ်ရေး ပျက်တာပေါ့။ ဒီအတိုင်းဆိုရင်တော့ ဒီလကုန်ရင် ညည်းတို့ကို မထား တော့ဘူး'

အိမ်ငှားသမား လူငယ်ဇနီးမောင်နှံက အကြီးသန်း၏ ညည်း တွားချက်၊ ပွားချက်ကို ညည်းမခံနိုင်ကြ။ ခြောက်လစာချုပ်ဆိုသော် လည်း သုံးလေးလနှင့် ဆင်းသွားသည်။ နောက်တစ်ဦး အိမ်ငှားတင် သော်လည်း ထိုနည်းလည်းကောင်း၊ နှစ်လ၊ သုံးလနှင့်ပင် အိမ်ငှား ဇာတ်လမ်း ပြတ်ရသည်ချည်းရှိသည်။ ကြာတော့ အကြီးသန်း အိမ်ငှား မတင်တော့။ တစ်ယောက်ထီးတည်းနေသည်။ ကူဖော်လောင်ဖက် အဖြစ် အရက်သမားဘွဲ့ခံ ပြဲပျော်နှင့်ပေါက်စတို့ကို တောက်တိုမည်ရ ခေါ်ခိုင်းရင်း နေလာခဲ့သည်။

ထိုအခိုက် အကြီးသန်း၏ တစ်ဦးတည်းသောသားဖြစ်သူ မှော်ဘီတွင် ဆုံးပါးသွားရှာသည်။ အကြီးသန်း ဖြေမဆည်နိုင်လောက် အောင် အငိုကြီးငိုသည်။ သို့သော် ကိုယ်ဖြစ်ချင်တိုင်းမဖြစ်သော လောကကြီး၏နိယာမကို အကြီးသန်း ဘာသာတရားနဲ့ ဖြေသိမ့်လိုက်ရ သည်။ သို့ရာတွင် မတည်မြဲသော လူ့ဘဝ၏အနှစ်သာရကို သိထားသူ ပီပီ သူမသေခင် သူပိုင်ဆိုင်ထားသမျှကို ရသင့်ရထိုက်သူများကို ခွဲဝေပေးရန် အကြီးသန်း ဆုံးဖြတ်ခဲ့မိသည်။ သူ့တွင် အမျိုးဟူ၍ သားတစ်ယောက်တည်းသာရှိလေရာ သားဆုံးပါးသွား သည့်အခါတွင်

သား၏ဇနီးသည်နှင့် သားမွေးထားခဲ့သည့် မြေးသုံးယောက်သည်သာ သူ၏အမွေကို ဆက်ခံရမည့်သူများဖြစ်ကြသည်။

ထို့ကြောင့် သူမကွယ်လွန်မီ သူပိုင်ဆိုင်သော အိမ်၊ ခြံနှင့် ဘဏ်ငွေအားလုံးကို မြေးသုံးယောက်အမည်နှင့် လွှဲထားလိုက်သည်။ လတ်တလော အကြီးသန်းသုံးစွဲငွေအတွက်ကား လစဉ်အတိုး အမြတ်ငွေများကိုသုံး၍ မလောက်ငှပါက ဘဏ်စာရင်းမှ ထုတ်ယူသုံးစွဲသည်။ သို့ရာတွင် သူ့တွင် ထူးထူးခြားခြားသုံးစရာမရှိ။ တစ်ကိုယ်ရည် တစ်ကာယသမားမို့ နေ့စာညစာကို တစ်ခါတည်းချက်ထားရုံမျှနှင့် ပြီးသည်။ ကျန်သည့်ကိစ္စ ငွေကုန်စရာသိပ်မရှိ။ အလှူအတန်းလှူ ရန်သာရှိသည်။

တစ်ခါတစ်ရံ မော်ဘီမှ ချွေးမနှင့် မြေးများက သူတို့နှင့် လာနေရန်နှင့် သူ့အိမ်ခြံဝိုင်းကို ရောင်းချရန် ပြောကြသည်။ အကြီးသန်းက အိမ်တိုင်မင်သူဖြစ်ရကား သူ့အိမ်မှာပင် တစ်ယောက်တည်း နေရသည်ကို သဘောကျစွာ ချွေးမနှင့် မြေးများစကားကို ဆန့်ကျင် ကာနေခဲ့သည်။

မမြဲသောရုပ်နာမ်တရား၏ ဖောက်ပြန်မှုဒဏ်ကြောင့် အကြီးသန်း မကြာခဏ နေမကောင်းဖြစ်လေ့ရှိသည်။ သို့ရာတွင် အိမ်နီးနားချင်းများက ကောင်းမွန်စွာ ဝိုင်းဝန်းပြုစုကြသောကြောင့် အကြီးသန်း အားကိုးရခဲ့သည်။ ထို့ပြင် သူပေးကမ်းကျွေးမွေးထား သည့် ပြဲပျော်၊ ပေါက်စတို့အုပ်စုကလည်း အကြီးသန်းကိစ္စဆိုလျှင် မူးသည်ဖြစ်စေ၊

မမူးသည်ဖြစ်စေ အချိန်မရွေးခိုင်းသည့်အတိုင်း အပြေးလာ၍ လုပ်ကိုင်ပေးလေ့ရှိသည်။

ထို့ကြောင့် အကြီးသန်းက သူ့အိမ်တိုင်ကလေးကိုမင်သည်။ သူ့ရပ်ကွက်ကလေးကိုခင်သည်။ မြိန်ရာဟင်းကောင်း ခင်ရာဆွေ မျိုး ဆိုသည့်စကားကဲ့သို့ အကြီးသန်းက သူနေထိုင်ရာဝန်းကျင်ရှိ လူများကို သူ၏ဆွေမျိုးရင်းချာသဖွယ် သဘောထားကာ ရပ်ရွာ သာရေး၊ နာရေးများတွင်လည်း သူကရှေ့ဆုံးမှ ပါဝင်လှုဒါန်းခဲ့သည်။

'အင်း‥ခုတစ်လော အကြီးသန်းတစ်ယောက် အတော်လေးပိန်ချုံးသွားတယ်နော်'

'ဩော်‥ညည်းတို့ကလည်း အကြီးသန်းအသက်ကိုလည်း မေးကြည့်ဦးလေ။ အသက်က ရှစ်ဆယ်ကျော်နေပြီ'

'အေး‥အသက်ကကြီး၊ ကျောထောက်နောက်ခံ သားသမီးက မရှိဆိုတော့ ခုလိုနာမကျန်းဖြစ်တဲ့အခါ ကူဖော်လောင်ဖက်မရှိတာ စိတ်ပျက်စရာကြီးပါအေ'

'ဒါပေမဲ့လည်း တို့ရပ်ကွက်က အကြီးသန်းကို ဆွေမျိုးရင်းချာလိုဖြစ်နေလို့ ကြုံတဲ့၊အားတဲ့လူကဝင်ပြီး ကူညီလုပ်ကိုင်ပေးနေတာပဲလေ။ ခုဆို အကြီးသန်းအိမ်ဘေးက မနုက အားလုံးတာဝန်ယူပြီး လုပ်ကိုင်ပေးနေတယ်။ အကြီးသန်းကလည်း သူ့ကို အလကားမခိုင်းရှာပါဘူး။ စရိတ်ပေးပါတယ်။ မနုလည်းအဆင်ပြေ၊ အကြီးသန်းလည်းအဆင်ပြေပေါ့အေ'

တဖြည်းဖြည်းအသက်အရွယ်ကြီးရင့်လာသည့် အကြီးသန်းတစ်ယောက် မကြာခဏ လူကြီးရောဂါ ဖောက်လာတတ် သည်။ ထိုအခါ ဆေးခန်းသွားပြရန်၊ ဆေးတိုက်ရန်နှင့် အစားအစာ ကျွေးမွေးရန်၊ ကိုယ်,လက်,ခြေ နှိပ်နယ်ပေးရန်စသည်ဖြင့် အကူလူ ဆေးပေးမီးယူလိုလာသည်။ ချွေးမနှင့်မြေးများထံ လှမ်းအကြောင်းကြားသော်လည်း နာတာရှည်ရောဂါမဟုတ်၍ ချွေးမနှင့်မြေးများက ခဏလာကြည့်ပြီး ပြန်သွားကြသည်သာ။ ထို့ကြောင့် အရပ်ဆွေမျိုး မနုကိုသာ အားကိုး၍ နေရတော့သည်။

မနုကလည်း စေတနာပါသည်။ အကြီးသန်းကို မိဘရင်းသဖွယ် သဘောထားကာ ချီးဝတ်၊ သေးဝတ်ကအစ လျှော်ဖွပ်ပေးကာ ထမင်းဟင်းကအစ ချက်ပြုတ်ကျွေးမွေးပြုစုသည်။ လိုအပ်ပါက ဆေးခန်း၊ ဆေးဝယ်လည်း ကိုယ်တိုင်လိုက်ပါဆောင်ရွက်သဖြင့် အကြီးသန်းအတွက် အစစအရာရာ အဆင်ပြေရှာသည်။ အကြီး သန်း နေမကောင်းဖျားနေသည့် ညဘက်များတွင် အကြီးသန်း၏ အိမ်မှာနေ၍ ညအိပ်နေရင်း ပြုစုပေးသည်။ သည်လိုပြုစုရင်းနှင့်ပင် အကြီးသန်း နေပြန်ကောင်းလာသည်။

အကြီးသန်း နေကောင်းလာသည်နှင့် နံနက်မိုးလင်းဆိုလျှင် လမ်းမပေါ်သို့ ရောက်ပြီးဖြစ်သည်။ တုတ်ကောက်ကိုအားယူ၍ ရပ်ကွက်ထဲ လမ်းလည်လျှောက်သည်။ မုန့်ဟင်းခါးဆိုင်၊ ကွမ်းယာဆိုင်၊ လက်ဖက်ရည်ဆိုင်တွေမှာထိုင်၍ ရပ်၍လည်းကောင်း၊ ရပ်ကွက်သတင်း စနည်းနာသည်။

နိုင်ငံရေးအကြောင်းကလည်း အတော်စိတ်ဝင်စားတတ်သေးသည်ဖြစ်ရာ ရွယ်တူယောက်ျားကြီးများနှင့်တွေ့လျှင် မြိန်ရေယှက်ရေ ပြောဖြစ်သေးသည်။ ပြီးလျှင် အတိုးချေးငှားထားသူများထံ လှည့်လည်၍ အတိုးငွေတောင်းခံပြီးမှ ကြံ့ရာဌာနမှ ဟင်းချက်စရာဝယ်ကာ အိမ်ပြန်လာတတ်သည်။

သည်လိုနှင့် အကြီးသန်း၏အသက် ရှစ်ဆယ့်ငါးနှစ်ထဲဝင်ရောက်လာသည်။ ဇရာ၏နှိပ်စက်မှု ပွင့်လင်းမြင်သာမှုက ခါးကုန်းခြင်းလက်ဆောင်ကို ပြလိုက်သည်။ သို့သော် အကြီးသန်း အိမ်ထဲမှာကုတ်၍ အငြိမ်မနေ။ တုတ်ကောက်ကိုအားပြု၍ ရပ်ကွက်ထဲ လျှောက်မြဲ၊ လည်မြဲဖြစ်သည်။

ဖြစ်ချင်တော့ တစ်ရက်အိပ်ရာခုတင်မှထပြီး မျက်နှာသစ်ရန်ပြင်ဆင်စဉ် အိမ်ထဲမှာ ချော်လဲသွားသည်။ သမံတလင်းမို့ ခြေတစ်ဖက်နာသွားကာ လမ်းလျှောက်၍မရတော့။ ထို့ကြောင့် ဆရာဝန်ပင့်ကာဆေးကုသရသည်။

တစ်နေ့သက်သာမလိုနှင့် ရက်ကြာလာတော့ အစားအသောက်ကပါ ပျက်လာသည်။ လမ်းမလျှောက်နိုင်ခြင်းကြောင့် အကြီးသန်း စိတ်ဓာတ်ကျသွားဟန်ရှိသည်။ အိပ်ရာထဲမှာ လှဲနေရသည့် လူမမာဘဝဖြစ်နေရခြင်းကြောင့် မနုက သူ၏ ချွေးမနှင့် မြေးများထံအကြောင်းကြားလိုက်သည်။ မြေးတစ်ယောက် ချက်ချင်းလိုက်လာသည်။ ပြီးနောက်အကြီးသန်းကို သူတို့နေထိုင်ရာ မော်ဘီသို့ ကားငှား၍

ခေါ်သွားကြသည်။ အကြီးသန်းကိုပြုစုရန် မနုကိုပါ တစ်ပါတည်း ခေါ်သွားသည်။

အကြီးသန်းတွင် ကွယ်လွန်သွားသည့် တစ်ဦးတည်းသော သားမှမွေးသည့် မြေးသုံးယောက်ရှိကြောင်း သိရသည်။ ထိုမြေးသုံးယောက်ကို အကြီးသန်းက မသေခင်အမွေခွဲဝေပေးထားပြီးဖြစ် သည်။ ထို့ကြောင့်အကြီးသန်းကို မော်ဘီသို့ခေါ်သွားပြီး နှစ်ရက် အကြာတွင် အကြီးသန်းနေထိုင်ရာမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်မှ အကြီးသန်းစုဆောင်းငွေ သိန်းအစိတ်ကို လာ၍ထုတ်ယူသွားကြသည်။

'အကြီးသန်းကတော့ ဒီတောင်က ကျော်မယ့်ပုံမပေါ်ပါ ဘူး။ အဲဒါကြောင့် မေတ္တာရှင်(ရွှေပြည်သာ)ရဲ့တရားကို နာချင်တယ်လို့ ပြောတယ်။ ဘယ်လောက်ကုန်ကုန် ပင့်ပေးပါလို့ပြောနေတယ်။ အဲဒါ ကူညီကြပါဦး။ ကျွန်မကတော့ အကြီးသန်းရဲ့ ဝေယျာဝစ္စတွေကို လုံးပန်းနေရတော့ နားရတယ်မရှိပါဘူး။ သူ့ချွေးမနဲ့ သူ့မြေးတွေက သူ့အနားတောင်သိပ်ကပ်ကြတာမဟုတ်ဘူး။ ကျွန်မကတော့ အကြီး သန်း ဝဋ်ပါလာတယ် ထင်တာပဲ။ မတတ်နိုင်ဘူးလေ၊ ဝဋ်ရှိသမျှ ခံရမှာပေါ့'

မနုက ရပ်ကွက်ထဲပြန်လာစဉ် ညည်းတွားသွားသည်။ မနု မော်ဘီပြန်ရောက်သွားပြီး နောက်တစ်ရက်တွင် ကျွန်တော်တို့ထံ ဖုန်းဝင် လာသည်။

'အကြီးသန်း ည(၁၀)နာရီက ဆုံးသွားတယ်။ သတိက တော့ အရမ်းကောင်းပါတယ်။ မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော် ရဲ့တရားကို နာချင်လွန်းလို့ ဆရာတော်မလာသေးဘူးလားလို့ မေးရင်း နဲ့ပဲ ဆုံးသွားရှာတယ်'

တကယ်တမ်းက ကျွန်တော်၏အမျိုးသမီးမှာ မေတ္တာရှင် (ရွှေပြည်သာ)ထံသို့သွား၍ အကြီးသန်း၏ ဖြစ်စဉ်နှင့်ဆန္ဒကို ပြောပြပြီး ပင့်ဖိတ်ရန် ကြိုးစားခဲ့သည်။ ဆရာတော်ကား နိုင်ငံခြားသို့ ကြွရောက် နေသဖြင့် ပင့်ဖိတ်၍မရကာ လက်လျှော့၍ ပြန်လာခဲ့ခြင်းဖြစ်သည်။

အကြီးသန်းကား ရဟန်းဒကာ၊ ရဟန်းအမကြီးဖြစ်သည့် အပြင် သီမ်၊ ကျောင်း အလှူရှင်မကြီးတစ်ဦးလည်း ဖြစ်လေသည်။ သည့်အတွက် အကြီးသန်းသေလျှင် ကောင်းရာဘုံသို့ ရောက်လေ မည်ဟု အားလုံးက ယုံကြည်ကြသည်။ သည်ကြားထဲ တရားတော် ကို နာကြားရန် စိတ်ဆန္ဒပြင်းပြစွာဖြင့် ကွယ်လွန်သွားရသောကြောင့် သုဂတိဘုံသို့ လားလိမ့်မည်ဟု လူအများက တစ်ထစ်ချ မှတ်ယူ ကြသည်။

သို့သော် ထိုညမှာပင် အကြီးသန်းနေထိုင်ရာ၊ အကြီးသန်း ပိုင်ဆိုင်ရာ နှစ်ထပ်အိမ်ကြီးတွင် တစ်ညလုံး တဒုန်းဒုန်းကျဲ၍ သရဲ ခြောက်သည့်သတင်းက ကြီးထွားသွားသည်။ အကြီးသန်းမရှိစဉ် အကြီးသန်းအိမ်ကို စောင့်ရှောက်ပေးကြသည့် သရဲမကြောက်၊ဘာ မကြောက် အရက်သမား ပြဲပျော်၊ ပေါက်စတို့ပင် ထွက်ပြေးခဲ့ရသည်။

အကြီးသန်း သွားရောက်သေဆုံးရာ မော်ဘီအိမ်တွင်တော့ ဘာမျှမမြင်ရ၊ မကြားရ၊ မတွေ့ရ။ ဘာအရိပ်အယောင်မျှမရှိဟု ဆိုကြသည်။ သည်ကြားထဲ အကြီးသန်းချွေးမက သူ့အိမ်တွင် အကြီးသန်းဆုံးသည့်အတွက် အသုဘရက်လည်ကို သူ့အိမ်မှာတင် ပြုလုပ်မည်ဟုဆိုသည်။ မနုအပါအဝင် အကြီးသန်းနေထိုင်ခဲ့ရာရပ်ကွက်မှ လူအချို့ကမူ အကြီးသန်း၏အိမ်၌လည်း ဆွမ်းသွတ်လုပ်သင့် ကြောင်း ထင်မြင်ချက်ပေးကြသည်။ သို့ရာတွင် အကြီးသန်းချွေးမ ကလက်မခံ။ ထို့ကြောင့် အကြီးသန်း၏ရုပ်ကလာပ် အသုဘချပြီး အချိန်မှစ၍ မနုကလည်း ကိုယ်နေထိုင်ရာရပ်ကွက်သို့ ပြန်လာခဲ့သည်။

ထိုညမှာပင် သော့ပိတ်ထားသော အကြီးသန်း၏ နှစ်ထပ်အိမ်ကြီးမှ ခြေနင်းသံများကို ထင်ထင်ရှားရှားကြားရပြီး အမွှေးရနံ့များရကြောင်း၊ အကြီးသန်းအိမ်နှင့်ကပ်လျက်နေကြသူ မနုနှင့် ကျွန်တော်၏ဇနီးသည်တို့က နံနက်မိုးလင်းသောအခါ ပြောပြကြသည်။ အိမ်စောင့်၊ ခြံစောင့်လုပ်ပေးကြသည့် အရက်သမား ပြဲပျော်၊ ပေါက်စ တို့ကလည်း အမှန်ဖြစ်ကြောင်း ထောက်ခံချက်ပေးကာ နောက်ရက်များတွင် အကြီးသန်းအိမ်၌ မစောင့်ရဲတော့ကြောင်း ပြောကြသည်။

သည်လိုနှင့် အကြီးသန်း၏ အသုဘရက်လည်ကို မော်ဘီရှိ အကြီးသန်းဆုံးရာ ချွေးမအိမ်မှာလုပ်လိုက်သည်။ အကြီးသန်းနေခဲ့ရာ ဌာနေမှလူများ ရက်လည်ကိုသွားပြီး ပြန်လာခဲ့ကြသည်။ အကြီးသန်း၏အိမ်၌ သရဲခြောက်သည့်အကြောင်း သူ့ချွေးမကို ပြောပြ၍

ဆွမ်းသွတ်ပေးရန်သင့်ကြောင်း အကြံပေးကြည့်သည်။ ချေးမက လက်မခံ။

'သူ့အိမ်ကိုသူ စိတ်ဓွဲပြီးနေမယ်ဆိုရင်လည်း နေပါစေ။ နောက်တော့မှ ဘုန်းကြီးပင့်ပြီး အမျှပေးဝေလိုက်မယ်။ ဒီမှာ သူ့အတွက် ရက်လည်ဆွမ်းသွတ်တာကလည်း သူ့ကိုအမျှအတန်းပေးဝေတာပဲလေ။ သူ သာဓုခေါ်နိုင်မှာပါ။ ကျွန်မကတော့ ရက်လည်ကို တစ်နေရာတည်းမှာပဲ လုပ်ချင်တယ်။ လူကြီးတွေကလည်း ဒီလိုပဲပြောတယ်'

မနုနှင့် ဌာနေရပ်ကွက်သူအချို့ စိတ်မကောင်းစွာ ပြန်လာခဲ့ကြသည်။ ထိုညမှာလည်း အကြီးသန်းအိမ်ထဲမှ လမ်းလျှောက်သံများနှင့် အမွှေးရနံ့များကိုရရှိကြောင်း ပတ်ဝန်းကျင်ရှိ လူတိုင်းလိုလို မှတ်ချက်ပေးကြသည်။ ထို့ထက်ထင်ရှားသောဖြစ်စဉ်တစ်ခုမှာကား အိမ်နီးချင်းမိန်းမနှစ်ဦးအား အကြီးသန်းမှ အိပ်မက်ပေးကာ အော်ဟာစ်အကူအညီတောင်းခြင်းပင်ဖြစ်သည်။

'ငါ့ကိုကူညီပါဦးအေ။ ငါ့အတွက် ရည်စူးလို့ ကုသိုလ်ကောင်းမှုတွေလုပ်ပြီး အမျှအတန်းပေးဝေကြပါ။ ငါ ဒီနေရာမှာပဲ သာဓုခေါ်ဖို့စောင့်နေပါတယ်။ ငါ့ကိုသနားကြပါအေ။ ငါသာဓုခေါ်ပြီး ဘဝပြောင်းချင်လှပါပြီ။ ကူညီကြပါဦးအေ'

အိပ်မက်ထဲတွင် အိမ်နီးချင်း ဒေါ်မြနှင့် မရင်ဆွေတို့အား လာရောက် တောင်းပန်တိုးလျှိုးပြောနေသည့် အကြီးသန်းကို ကြည့်ရသည်မှာ အလွန်သနားစရာကောင်းကြောင်း ပြောကြသည်။

သို့ဖြစ်ရာ မော်ဘီဠ် ဆွမ်းသွတ်သည့်အမှုကို အကြီးသန်း မရလေသလား။ အကြီးသန်းသည် မော်ဘီဠ် သေဆုံးကွယ်လွန်ခဲ့သော်ငြားလည်း သူနေထိုင်ရာ သူပိုင်ဆိုင်ရာနေရပ်ရှိ အိမ်ကြီးကို စွဲလမ်းသွားခဲ့၍ ဤသို့ဖြစ်ရခြင်းဟု ပတ်ဝန်းကျင်လူတို့က သတ်မှတ်ကြသည်။ သည်အတွက် အကြီးသန်းအပေါ် စိတ်မကောင်းဖြစ်ရရှာသည်။

သို့ရာတွင် အကြီးသန်း၏ ချွေးမနှင့်မြေးများမှ သူပိုင်ဆိုင်ရာအိမ်သို့လာရောက်၍ ကုသိုလ်ကောင်းမှုကို မည်သည့်အခါမျှ ပြုလေမည်မသိ။ မည်သို့အမျှပေးဝေမည်လည်း မရေရာ။ သည်အတွက် အကြီးသန်းတစ်ယောက် သာဓုခေါ်၍မရနိုင်ဖြစ်နေရရှာပါသည်။ အကြီးသန်းဘဝကား ရင်နာစရာနှင့် ဘဝသင်ခန်းစာယူ ဖွယ်ဖြစ်တော့သည်။

အိမ်ရာငွေကြေးများကို ချွေးထွက်ခံ၍ ကိုယ်တိုင်ရုန်းကန်လှုပ်ရှားရှာဖွေခဲ့သော်ငြားလည်း သေလွန်သည့်အခါ ကိုယ်မပိုင်ထားခဲ့ရရှာသည့်အဖြစ်အပြင် သုဂတိသို့လားရန် သာဓုခေါ်ရန် အမျှပေးဝေမည့် အခြေအနေကင်းခြင်းကပင် ရင်နာစရာကောင်း ပါဘိတော့သည်။

ထို့ကြောင့်ပင် အကြီးသန်း၏နှစ်ထပ်အိမ်ကြီးဆီမှာ လမ်းလျှောက်သံ တည်ညံသည် ပတ်ဝန်းကျင်လူတို့အတွက် တုန်လှုပ်ချောက်ချားဖွယ် ကောင်းနေပါတော့သည်။

◆ ◆ ◆

## အသည်းတောင်းသူ

ခွဲစိတ်အထူးကုပါရဂူကြီး ဦးအောင်သန်းတစ်ယောက် စိတ်လှုပ်ရှားကာ သူ့အခန်းအတွင်းတွင် လူးလာခေါက်တုံ့လျှောက် နေမိသည်။ စိတ်ဂဏှာမငြိမ်ဖြစ်နေသောကြောင့် ဘာလုပ်၍ ဘာကိုင် ရမည်မှန်းမသိဖြစ်နေသည်။ သို့ရာတွင် မကြာသေးမီက သူနှင့်ခင်မင် ရင်းနှီးသော အသည်းအထူးကု ဆရာဝန်ကြီးဦးမောင် မောင်ပြောခဲ့သော စကားများကို အထပ်ထပ်ပြန်ကြားယောင်နေမိသည်။

'ကိုအောင်သန်း··ကျွန်တော်တို့အားလုံးက ဆရာဝန် အချင်း ချင်းဆိုတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောကြတာပေါ့ဗျာ'

'ကိုမောင်မောင်··ပြောစရာရှိတာပြောပါ။ အမိကက ကျွန်တော့်သမီးလေးအတွက် အခြေအနေ'

'ဒါကိုပဲ ကျွန်တော်ပြောမှာပါ။ သမီးလေးကို ကျွန်တော် ကုလာတာ အခုဆိုရင် နှစ်လကျော်သွားပြီ၊ အခြေအနေက ပြန် မကောင်းလာဘူး။ အမိကကတော့ သူ့အသည်းက ဘာမှလုပ်လို့ မရတော့ဘူး။ ဒီတော့ သမီးလေးအသက်ရှင် ချမ်းသာအောင်ဆို ရင် အသည်းအစားထိုးမှဖြစ်မယ်'

'ဒါဆိုရင် အသည်းအစားထိုးပြီး အမြန်ကုပေးပါလားဗျာ'

ဒေါက်တာဦးအောင်သန်းက အလျင်စလိုပြောလိုက်သော် လည်း ဒေါက်တာဦးမောင်မောင်က ချက်ချင်းပြန်မဖြေသေးဘဲ အတော်အတန်စဉ်းစားပြီးမှ သက်ပြင်းချရင်းပြန်၍ပြောသည်။

'ဒီလိုရှိပါတယ် ကိုအောင်သန်း··လူတစ်ယောက်အသက် ရှင်ဖို့ရာ နှလုံးတို့၊ အသည်းတို့ဟာ အင်မတန်အရေးကြီးပါတယ်။ အဲဒီအတွက် အစားထိုးရမယ်ဆိုရင်လည်း အဲဒီအစားထိုးရမယ့် နှလုံး၊ အသည်းတို့ ကောင်းမွန်နေဖို့ အရေးကြီးတယ်။ အနာအဆာ မရှိတဲ့ အသည်းမျိုးပေါ့ဗျာ။ အင်း··ကျွန်တော်တို့တိုင်းပြည်မှာ သိပ်ပြီး မထွန်း ကားသေးတော့ လူကိုယ်မှာရှိတဲ့ ကိုယ်ခန္ဓာအားလုံးကို လှူတဲ့လူဆိုလို့ ရှိတော့ရှိတယ် ရှားပါးတယ်။ ပြီးတော့ အဲဒီသူတို့လှူတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကလည်း သူတို့ကွယ်လွန်ချိန်ကျမှ ရမှာလေဗျာ။ သမီးလေးက နောက်ထပ် အသက်ရှင်နေထိုင်ဖို့ တစ်ပတ်ပဲလိုတော့ တယ်။ အဲဒီတစ်ပတ်အတွင်းမှာ သူ့ရဲ့အသည်းကို အစားမထိုးနိုင်ရင် တော့ ကျွန်တော်လည်း ဘယ်လိုမှ မကယ်တင်နိုင်တော့ဘူး။ ခင်ဗျား

ဆုတောင်းပေးရမှာက ဒီတစ်ရက်၊ နှစ်ရက်အတွင်းမှာ အသည်းလှူမယ့်သူ ရောက်လာပါစေလို့ပဲ။ ကဲ … ကျွန်တော်သွားမယ်။ ခင်ဗျား ဆုတောင်းပြည့်ဝပါစေ'

ဒေါက်တာမောင်မောင် ထွက်သွားသည့်တိုင် နေရာမှာ ငိုင်၍ကျန်ရစ်ခဲ့သူ ဦးအောင်သန်းတစ်ယောက် ကျောက်ဆစ်ရုပ်များဖြစ်သွားသလားမသိ။ တော်တော်ကြာကြာ ရပ်နေမိပြီးမှ သူ့ရုံးခန်းသို့ပြန်လာကာ ဦးမောင်မောင်ပြောသွားသည့်စကားများကို ပြန်လည်ကြားယောင်နေမိသည်။ သည့်အတွက် ဦးအောင်သန်းတစ်ယောက် အသည်းအလှူရှင်ရောက်လာပါစေဟု ဆုတောင်းနေရုံမှတစ်ပါး အခြားမရှိတော့။ ခဏနေတော့ သမီးလေးအခန်းရှိရာ လူနာဆောင်သို့ သွားလိုက်သည်။ သမီးအေးမြတ်မိုး၏ဘေးတွင် မိခင်ဖြစ်သူ ဒေါ်သဇင်ရှိနေသည်။ ဒေါ်သဇင်လည်း ပင်ပန်းနွမ်းနယ်နေပုံရသည်။ ထို့ပြင် ငိုရှိုက်ထားရသည့်အတွက် မျက်ခွံများမို့မောက်နေရှာသည်။ သူမလည်း ဦးအောင်သန်းနှင့်ထပ်တူ သမီးလေးအကြောင်း သိထားပြီလေရာ သမီးကို မကယ်တင်နိုင်သည့်အတွက် သူ့ကိုယ်သူ ဝမ်းနည်းနေမိသည်။

ဦးအောင်သန်းက ခုတင်နားတွင်ရပ်ကာ သမီးကို ငေးကြည့်လျက် ဇနီးဖြစ်သူ ဒေါ်သဇင့်ပခုံးလေးကို လက်ဖဝါးလေးဖြင့် ဆုပ်နယ်ပေးလိုက်သည်။ ကြင်နာမှုပေးမှန်းသိမှ ဒေါ်သဇင်ရင်ထဲ မချိတင်ကဲဖြစ်ကာ မျက်ရည်များ တွဲခိုကျလာသည်။ သမီးလေး အေးမြတ်မိုးကတော့ မျက်စိမှိတ်ထားလျက် ရောဂါကို ကြိတ်မှိတ်ခံစားနေရပုံရ

သည်။ ဒေါ်သဇင်ထိုင်ရာမှ ဖြည်းညင်းစွာထရပ်လိုက်ပြီး ဦးအောင်သန်းကို မျက်နှာချင်းဆိုင်ကာ မျက်ရည်စတို့ကို သုတ်လျက်က တိုးတိုးလေးမေးလိုက်သည်။

'သမီးအတွက် ဘာထူးသေးလဲကို'

'ဘာမှတော့ သိပ်မထူးပါဘူး။ ဒါပေမဲ့ ကိုမောင်မောင်ကတော့ ဒီကြားထဲ အသည်းလှူမယ့်သူလာရင် သူ ချက်ချင်းခွဲစိတ်ပြီး အသည်းအစားထိုးပေးမယ်တဲ့။ ကိုယ်လည်း အသည်းလှူမယ့်သူရောက်လာရင် ချက်ချင်းသတင်းပေးဖို့ ဆိုင်ရာတွေကို ပြောထားပါတယ်။ ခုအခြေအနေမှာတော့ သမီးလေးအတွက် ဆုတောင်းပေးနေရုံကလွဲပြီး ကိုယ်လည်း ဘာမှမတတ်နိုင်ဘူး။ ဒီအကြောင်းတွေကို သမီးလေး မသိစေနဲ့နော်'

ဒေါ်သဇင်က မျက်ရည်ထွက်ကျရင်း ခေါင်းညိတ်ဖြေဆိုလိုက်သည်။ ဦးအောင်သန်းက ဒေါ်သဇင့်ပခုံးနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်နယ်ရင်း အကြင်နာပေးပြီး ပြန်ထွက်သွားသည်။ ဒေါ်သဇင်က သမီးလေးအေးမြတ်မိုး၏ ခုတင်ဘေးတွင်ထိုင်ကာ သမီးကိုငေး၍ တစိမ့်စိမ့်ကြည့်နေရှာသည်။

တကယ်တော့ ခွဲစိတ်အထူးကုပါရဂူကြီး ဦးအောင်သန်းနှင့် အထက်တန်းပြဆရာမ ဒေါ်သဇင်တို့တွင် အေးမြတ်မိုးဟူသည့် တစ်ဦးတည်းသော သမီးလေးတစ်ယောက်သာရှိသည်။ သမီးလေးက ချစ်စရာကောင်းပြီး လိမ္မာယဉ်ကျေးသည်။ ပညာတော်သည်။

ဆယ်တန်းကို နှစ်ချင်းပေါက်အောင်မြင်ခဲ့သူဖြစ်သည်။ လူတိုင်းက လည်း သူမကိုချစ်ခင်ကြသည်။ ဆရာဝန်သမီးပီပီ စည်းကမ်းစနစ် တကျဖြင့် ကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့သည်။ ငယ်စဉ်က ကျန်းမာဝဖြိုး၍ ချစ်စရာကောင်းလာသည်နှင့်အမျှ အရွယ်ရောက် တော့လည်း ယဉ်ကျေးသိမ်မွေ့ခြင်းနှင့် အေးမြတည်ကြည်မှုအပြုံး ကြောင့် လူကြီး၊ လငယ်မရွေး ချစ်ခင်နှစ်သက်ခဲ့ကြသည်။ သည်အချိန် အေးမြတ်မိုး ဆယ်တန်းအောင်မြင်ပြီး တက္ကသိုလ်တက်ရောက်မည်ပြု စဉ် ကံကြမ္မာကသူမကို ကျောင်းတက်ခွင့်မပေး၊ ဆေးရုံတက်ခွင့်ပေး လိုက်သည်။

သည်တော့မှ သူမဆီမှာ အသည်းရောဂါဖြစ်တည်နေမှန်း ရုတ်တရက်သိလိုက်ရသည်။ သို့သော် ဖခင်ဆရာဝန်မို့ မိတ်ဆွေ ဆရာဝန်များက ကိုယ်ဖိ ရင်ဖိ ကုသပေးကြသည်။ အသည်းအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကြပ်မတ်ကုသပေးသည်။ ရောဂါက သက်သာမလာ၊ ပို၍ဆိုးရွားလာကာ နောက်ဆုံး အသက်ကိုပင် ပေးဆပ်ရမည့်အခြေအနေရောက်လာသည်။ သည့်အတွက် ဖခင် ဦးအောင်သန်းနှင့် မိခင် ဒေါ်သဇင်တို့ ခြေမကိုင်မိ လက်မကိုင်မိဖြင့် ဘယ်နေ့ အသက်ထွက်မလဲဟူ၍ စောင့်ဆိုင်းကြည့်ရှုရင်း အသည်းလှူ မည့်သူ အမြန်လာဖို့ ဆုတောင်းပေးနေရတော့သည်။

× × ×

ငါးရက်မြောက်နေ့။

အေးမြတ်မိုး အသက်ရှင်ရန် နောက်ထပ်နှစ်ရက်သာလိုတော့သည်။ ဖခင်ဦးအောင်သန်း သမီးအနားမှ မခွာနိုင်။ မိခင်ဒေါ်သဇင်လည်း သမီးဘေးမှမခွာ။ သမီးလေးကတော့ သူ့ရောဂါကို သူသိနေပြီးအားလျှော့ထားသည်လားမသိ၊ စကားမပြော၊ တုတ်တုတ်မျှမလှုပ်။ တစ်ခါတစ်ရံမှသာ မိခင် ဖခင်တို့ကို မျက်လုံးလှန်ကြည့်ကာ နှုတ်ဆက်နေသည့်အလား။

လူနာလာရောက်သတင်းမေးကြသည့် မိတ်ဆွေဆရာဝန်များနှင့် အပေါင်းအသင်းရောင်းရင်းများမှာလည်း အေးမြတ်မိုး၏အဖြစ်ကိုကြည့်ကာ ရင်ထုမနာဖြင့် ဝမ်းနည်းသွားကြရသည်သာ။ အေးမြတ်မိုးအသက်ရှူနေပုံကို ကြည့်နေလျက်မှ ကျန်လူအားလုံးကို ရင်မောနေကြရသည်။ ထိုအချိန်တွင် ဦးအောင်သန်းထံသို့ ဖုန်းဝင်လာသည်။

ဦးအောင်သန်း ဖုန်းနှင့် စကားပြောအပြီးတွင် -

'သဇင်..ဒီမှာ သမီးလေးကို မင်းကြည့်ပြီးစောင့်ရှောက်ထားလိုက်ပါ။ ကိုယ်အရေးပေါ်ခွဲစိတ်ခန်းထဲ ခဏဝင်ပေးရမယ်။ ကဲ..ကိုယ်သွားပြီ'

ဦးအောင်သန်း ပြောဆိုပြီးထွက်သွားသည်။ ဒေါ်သဇင်သမီးလေး ခုတင်ဘေးမှာ စောင့်ကျန်ရစ်သည်။ ဦးအောင်သန်း ခွဲစိတ်ခန်းသို့ အမြန်သွားကာ ဆောင်ရွက်စရာကိစ္စများကို ဆောင်ရွက်လုပ်ကိုင်လိုက်သည်။ ဆရာဝန်ဆိုသည်က ကိုယ့်သွေးသားနှင့် ကိုယ့်သွေးသားမဟုတ်သူများဟူ၍ ခွဲခြားနေ၍မရ။ လူတိုင်းအပေါ် သာတူညီမျှ

ထားလျက် ကျန်းမာရေးအတွက် ထာဝရပြုစုစောင့် ရှောက်ရမည့် တာဝန်ရှိသူများ မဟုတ်ပါလေလား။

'ဒီမှာ ဒေါက်တာ..ကျွန်မသားလေးအခြေအနေ'

ခွဲစိတ်ခန်းမှထွက်လာသော ခွဲစိတ်ဆရာဝန် ဦးအောင်သန်းအား ခွဲစိတ်ခန်းအဝ၌ ရပ်စောင့်နေသော အသက်ငါးဆယ်ကျော်ခန့်ရှိ ခပ်မှိုင်းမှိုင်းအမျိုးသမီးကြီးက အားကိုးတကြီးမေးလိုက်သည်ကို ဦးအောင်သန်းက သက်ပြင်းမောချရင်း ခေါင်းခါဖြေလိုက်သည်။ ခဏအတွင်းမှာပင် ငိုသံများလွှမ်းမိုးသွားကာ စောစောက အမျိုးသမီးကြီးလဲကျသွား၍ ဆေးရုံဝန်ထမ်းများ အပြေးသွားကာ အကူအညီပေးလိုက်ကြသည်။

ဦးအောင်သန်း သူ၏အခန်းသို့ရောက်တော့ ခွဲစိတ်ခန်းမှထွက်လာသည့် အဝတ်အစားများကိုလဲ၍ ဝတ်ဆင်လိုက်သည်။ ထိုအချိန် အခန်းအတွင်းသို့ ဆရာမတစ်ဦးဝင်လာသည်။ ဦးအောင်သန်းရှေ့မှာ ရိုကျိုးစွာရပ်လျက် တစ်ခုခုပြောရန် ကြိုးစားသယောင် ဟန်ပြင်သည်။

'ဆရာမ..ဘာပြောစရာရှိလို့လဲ။ ပြောလေ'

'ဟို..ဆရာ့သမီးကိစ္စပါ'

'ဘယ်..ဘယ်လို၊ ကျွန်တော့်သမီး ဘာဖြစ်လို့လဲဟင်။ ဆရာမ..ကျွန်တော့်သမီးက ဘာဖြစ်သွားလို့လဲ'

ဦးအောင်သန်း အမောတကောမေးရင်း အခန်းထဲမှ ထွက်သွားဟန် ပြင်လိုက်သည်။

ဆရာမက ဦးအောင်သန်းရှေ့မှ ပိတ်ကာရပ်ရင်း-

'ဒီလိုပါဆရာ..စောစောက ဆရာအော်ပရေးရှင်းလုပ်တဲ့ လူနာက အက်ဆီးဒင့်ဖြစ်တဲ့လူနာပါ။ သူ့မှာ တခြားဘာရောဂါမှ မရှိပါဘူး။ အဲဒါ လူနာရှင်ဆီက ဆရာ့သမီးအတွက် အစားထိုးရမယ့်အသည်းကို အလှူခံရင် မဖြစ်ဘူးလားလို့ ဆရာ့ကိုလာသတိပေးတာပါ။ ဖြစ်နိုင်မယ်ဆိုရင် ဆရာအမြန်စီစဉ်စေချင်တယ်'

ဆရာမ ပြောသည့်စကားများကို သေချာနားထောင်ပြီး ခေတ္တစဉ်းစားလိုက်ကာ ဦးအောင်သန်းခွဲစိတ်ခန်းရှိရာသို့အပြေးသွားကာ စောစောကလဲကျသွားသည့် လူနာရှင်ကို ရှာဖွေရာ မတွေ့။ ထို့ကြောင့် တာဝန်ကျရုံးခန်းသို့သွားကာ စောစောက လူနာရှင် မိန်းမကြီးကို မေးမြန်းရှာဖွေရာ ယခုပင်ထွက်သွားကြောင်း သိရသဖြင့် ဆေးရုံအောက်ထပ်သို့ အပြေးဆင်းခဲ့ရသည်။ ဓာတ်လှေကားဖြင့် ဆင်းခဲ့ရ၍ လေးထပ်ရှိသောအောက်ထပ်သို့ ခဏအတွင်းမှာပင် ရောက်ရှိသွားသည်။

နေရာမှာရပ်ရင်း ဟိုဒီဝန်းကျင်သို့ ဝေ့ဝဲကြည့်လိုက်သည်။ ခဏရပ်ပြီး စဉ်းစားရင်း အတွေးရသည်နှင့်အပေါ်ထပ်မှ အောက်ထပ်သို့ဆင်းသည့် လှေကားဝ၌ ခေတ္တရပ်စောင့်လိုက်သည်။ မကြာ

မီ သူမျှော်လင့်နေသည့် မိန်းမကြီးမျက်ရည်တွဲလွဲဖြင့် ရောက်လာသည်။ ဦးအောင်သန်းကိုမြင်တော့ အံ့ဩသလို ပြန်ကြည့်သည်။

'ကျွန်မသားလေး သေသွားပြီဆိုတာ တကယ်ပဲလားဟင်။ ကျွန်မ မယုံနိုင်ဘူးဆရာရယ်။ ကျွန်မသားနဲ့ကျွန်မလွှန်ခဲ့တဲ့ တစ်နာရီလောက်ကမှ အတူတူစကားပြောခဲ့ကြသေးတာလေ။ အဲဒီမှာ ကျွန်မစားဖို့ တစ်ခုခုသွားဝယ်မယ်ဆိုပြီး ထွက်သွားတာ လမ်းမရောက်တော့ ခုလို ကားတိုက်ခံလိုက်ရတာပါပဲ။ ကျွန်မ ဘယ်လို ဖြေရမှာလဲရှင်။ အဟင့်··ဟင့်··ဟင့်'

မိန်းမကြီးက ငိုရှိုက်၍ရှင်းပြပြီးသည်နှင့် အားပါးတရငိုချလိုက်သည်။ ဦးအောင်သန်း ခေတ္တဘာပြော၍ပြောရမှန်းမသိဖြစ် နေစဉ် တယ်လီဖုန်းမြည်လာသည်။ လက်ကိုင်ဖုန်းကိုကိုင်၍ နားထောင်ရာ ဆရာဝန်ဦးမောင်မောင်ဖြစ်နေသည်မို့ အလျှင်စလိုမေးမြန်းရာ ဆရာဝန် ဦးမောင်မောင်က အမြန်ပြန်ပြောသည်။

'ကိုအောင်သန်း··ခင်ဗျားဆီမှာ အက်ဆီးဒင့်ကေ့စ်တစ်ခု ရောက်လာပြီး ဆုံးသွားပြီဆို။ အဲဒါ ခင်ဗျား အသည်းအမြန်အလှူခံပြီး ယူလာပေးလေ။ ကျွန်တော် ခုချက်ချင်း အသည်းအစားထိုးပေးမယ်။ ကြားလား'

တယ်လီဖုန်းစကားပြောသံ ပျောက်သွားသည်။ မိန်းမကြီးက မလှုပ်မယှက်ငေးကြည့်နေသည်။ ဦးအောင်သန်းကြာရှည်မနေနိုင်တော့သဖြင့် အလျှင်စလိုပြောလိုက်သည်။

‘ဒီလိုရှိပါတယ် အစ်မကြီးရယ်၊ သေခြင်းတရားဆိုတာက မြဲတဲ့တရားမှ မဟုတ်တာဘဲ။ ခုမြင် ခုပျောက်ပဲလေ။ ဒီတော့ တရားနဲ့ဖြေပါ။ အစ်မကြီးရဲ့သားကို ကျွန်တော်ကိုယ်တိုင် အသက်ရှင် အောင် အော်ပရေးရှင်းလုပ်ပေးတာပဲ။ ဒါပေမဲ့ ဆေးရုံကိုရောက်လာတာ အရမ်းနောက်ကျသွားတယ်။ အဲဒီတော့ ဒီလိုလုပ်ပါ။ သေတဲ့လူလည်း သေသွားပြီ။ အဲဒီသေတဲ့လူရောအစ်မကြီးပါ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုသလို အစ်မကြီးရဲ့သား ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို ဒီဆေးရုံမှာ လှူခဲ့ပေးပါလားဗျာ။ နော်’

‘ကျွန်မ အဲဒါတွေ နားမလည်ဘူး’

‘ဒီလိုပါ..အစ်မကြီးရဲ့သား ကိုယ်ပေါ်မှာရှိတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးကို ကျွန်တော်တို့ကို လှူခဲ့မယ်ဆိုရင် ကျွန်တော်တို့ကလည်း အရေးပေါ်လိုအပ်နေတဲ့လူတွေရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေနဲ့ခွဲစိတ်ကုသပြီး လဲလှယ်ပေးလိုက်ရင် အဲဒီလူနာရှင်တွေ အသက်ဆက်ရှင်သွားတာပေါ့။ အဲဒီတော့ အစ်မကြီးတို့သားအမိလည်း ကုသိုလ်ရတာပေါ့လေ။ ပြီးတော့ သင်္ဂြိုဟ်ဖို့ကိုလည်း ကျွန်တော်တို့ကပဲ တာဝန်ယူပေးသွားမှာလေ။ ပြီးရင် အစ်မကြီးလှူချင်တာလှူ၊ သုံးချင်တာသုံးဖို့ ကျွန်တော်တို့က ထောက်ပံ့ပေးဦးမှာပါ။ ဘယ့်နှယ်လဲ၊ ရှင်းပြီလား’

မိန်းမကြီးက အတန်ငယ်စဉ်းစားပြီးမှ ခေါင်းညိတ်ဖြေသည်။ ဦးအောင်သန်း ဝမ်းသာသွားကာ ထိုမိန်းမကြီးကို သူ၏ ရုံးခန်းသို့ခေါ်လာ၍ လက်မှတ်ရေးထိုးခိုင်းကာ သုံးဖို့ငွေအနည်းငယ်ပေးကာ ပြန်

လွှတ်လိုက်သည်။ သူက ခွဲစိတ်ခန်းသို့ အမြန်ပြေးကာ ကောင်းမွန်သောကိုယ်အင်္ဂါအစိတ်အပိုင်းများကို ခွဲစိတ်ယူလိုက်တော့သည်။

ပြီးလျှင် အသည်းကိုယူကာ အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်လက်ထဲသို့ ဝကွက်အပ်လိုက်သည်။ ဒေါက်တာမောင်မောင်ကို ယုံကြည်ထားပြီးဖြစ်ရာ စိတ်မပူပန်တော့။ စိတ်ထဲမှာ သမီးလေး အသက်ရှင်ကျန်းမာလာတော့မည်ကို တွေးရင်း ဒေါက်တာဦးအောင်သန်း ပျော်နေမိလေသည်။

× × ×

အေးမြတ်မိုး၏ ခုတင်ဘေးပတ်လည်တွင် ဦးအောင်သန်းနှင့်ဒေါ်သဇင်အပါအဝင် ဆရာဝန်မိတ်ဆွေတချို့ သမီးလေး အေးမြတ်မိုးကို စောင့်စားကြည့်ရှုနေကြသည်။ အေးမြတ်မိုးကား မကြာခင်ကမှ ခွဲစိတ်ခန်းမှ ထွက်လာရသည်ဖြစ်ရာ မေ့ဆေးမပြယ်သေး၍ ဘာကိုမျှ မသိရှာပေ။ ထိုစဉ် အသည်းအထူးကုဆရာဝန်ကြီး ဦးမောင်မောင်ထိုနေရာသို့ ရောက်လာသည်။ ထိုစဉ်မှာပင် အေးမြတ်မိုး၏ မျက်လုံးများ တဖြည်းဖြည်းပွင့်လာကာ လက်ကလေးများလည်း လှုပ်ရှားစပြုလာလေသည်။

'သမီး··သမီး သတိရလာပြီနော်'

'ငါ့သမီးလေး သတိရလာပြီ။ ဝမ်းသာပါတယ် ကိုအောင်သန်းရယ်'

'ကျွန်တော့်တာဝန် ကျေပွန်ပါတယ်နော်'

သမီးလေးအေးမြတ်မိုး သတိရလာသည်ကို မြင်တွေ့ကြရသည့် ဦးအောင်သန်းနှင့်ဒေါ်သဇင်တို့မှာ ဟန်မဆောင်နိုင်တော့ ဘဲ ဝမ်းသာအားရဖြစ်နေရှာသည်။ သူတို့မိသားစု၏ ဝမ်းသာကြည် နူးမှုကို မြင်တွေ့ရသည့် အသည်းအထူးကုဆရာဝန်ကြီး ဦးမောင်မောင်က လည်း ဝမ်းသာစကားဆိုသဖြင့် ဦးအောင်သန်းပတ်ဝန်းကျင်ကို သတိ ထားမိသည်။

ထို့ကြောင့် -

'ကွန်ဂရက်ကျူလေးရှင်းပါ ကိုမောင်မောင်'

'ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး'

ဦးမောင်မောင်က ဦးအောင်သန်းတို့ကို နှုတ်ဆက်ကာ ပြန်သွားသည်။ အခြားမိတ်ဆွေဆရာဝန်တချို့လည်း နှုတ်ဆက်၍ ပြန်သွားကြသည်။ အေးမြတ်မိုးခုတင်ဘေး၌ ဦးအောင်သန်းနှင့် ဒေါ်သဇင်တို့နှစ်ဦးသာ ကျန်ရစ်သည်။

'သမီး‥နေကောင်းတယ်နော်'

အေးမြတ်မိုးက ခေါင်းညိတ်ဖြေသည်။ ပြီးသော် ဒေါ်သဇင် ၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်၍ သူမ၏ရင်ခွင်ထဲသို့ ဆွဲသွင်းကာ ဖက်ထားလိုက်သည်။ မိဘ၏ နွေးထွေးမှုကို ခံယူလိုသည့် အေးမြတ် မိုး၏ဆန္ဒကိုသိနေသည့် ဒေါ်သဇင်က သမီးလေး၏ ပါးနှစ်ဖက်ကို ရွရွလေးနမ်းရှုံ့ပေးလိုက်သည်။ သားအမိနှစ်ဦး၏ ကြည်နူးမှုကိုကြည့်

ရင်း ဦးအောင်သန်းစိတ်ကျေနပ်စွာဖြင့် ထိုနေရာမှထွက်လာကာ သူ၏ ရုံးခန်းသို့ လာလိုက်သည်။

× × ×

အေးမြတ်မိုး ခွဲစိတ်ပြီးသည်မှာ ရက်သတ္တတစ်ပတ်ပင် ပြည့်ခဲ့လေပြီ။ ကျန်းမာသန်စွမ်း၍ အစားအသောက်များလည်း ဟိုးယခင်နေထိုင်ကောင်းစဉ်ကအတိုင်း စားသောက်၍ရသည်။ အသွားအလာပြု၍လည်းရသည်။ ထို့ကြောင့် အသည်းအထူးကု ဆရာဝန်ကြီး ဦးမောင်မောင်က အိမ်သို့ပြန်၍အနားယူရန် ဆေးရုံမှ ဆင်းခွင့်ပြုလိုက်သည်။

ဒေါ်သဇင်မှာ ဆေးရုံမှ ဆင်းခွင့်ရသဖြင့် အထူးဝမ်းသာသွားရသည်။ သူမအနေဖြင့် သမီးအေးမြတ်မိုးဆေးရုံတက်သည့်အချိန်မှစ၍ ကိုယ်ခွဲမရှိ၊ တစ်ချိန်လုံး လူနာစောင့်လုပ်ခဲ့လေရာ ပင်ပန်းနွမ်းနယ်နေပြီဖြစ်သည်။ ထို့ကြောင့် အိမ်သို့ပြန်၍ အနားယူချင်နေခဲ့သည်မှာ ကြာလေပြီ။ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဦးအောင်သန်းလည်း သမီးအတွက် ယခုမှ သက်ပြင်းချနိုင်ရှာလေ တော့သည်။

ထိုနေ့ ညနေပိုင်းက သားအမိသားအဖ သုံးယောက်သားအိမ်ရှိထမင်းစားပွဲတွင် မျက်နှာချင်းဆိုင် ထမင်းစားကြရသည်မှာ မြိန်ယှက်စရာကောင်းလှသည်။ ညပိုင်း အိပ်စက်အနားယူတော့ ဒေါ်သဇင်က သမီးလေးကို စိတ်မချသေး၍ သမီးလေးနှင့်အတူ သွားအိပ်သည်။ ဦးအောင်သန်းက တစ်ယောက်တည်းအိပ်သည်။

ညနေပိုင်းက ထမင်းစားကောင်းထားသဖြင့် စောစောစီးစီး အိပ်ရာဝင်ခဲ့ကြသည်။ ဒေါ်သဇင်နှင့်သမီးအေးမြတ်မိုးတို့နှစ်ယောက် ခုတင်ပေါ်ခေါင်းချသည်နှင့် ချက်ချင်းအိပ်ပျော်သွားကြသည်။ ဦးအောင်သန်းတစ်ယောက်သာလျှင် ဧည့်ခန်းဆက်တီတွင် စာဖတ်နေဆဲရှိသည်။ တဖြည်းဖြည်းညဥ့်နက်သည်ထက်ညဥ့်နက်လာသည်။ သန်းခေါင်ယံပင်ရောက်ခဲ့ပြီ။

စာဖတ်နေရင်းမှ မျက်လုံးများမှေးစင်းလာပြီဖြစ်၍ ဦးအောင်သန်း ဧည့်ခန်းမှထကာ အိပ်ရာသို့ထလာသည်။ အိပ်ရာ ခန်းရောက်သည်နှင့် အိပ်ရာပေါ်ပစ်လှဲကာ အိပ်ချလိုက်သည်။ ချက်ချင်းအိပ်ပျော်သွားသည်။ ညဘက် ပကတိတိတ်ဆိတ်ငြိမ်သက် လျက်ရှိသည်။

'ဒုန်း'

အေးမြတ်မိုးနားထဲမှာ အသံအကျယ်ကြီးကြားရပြီး သူနှင့် မတိမ်းမယိမ်းအရွယ်ရှိ လူရွယ်တစ်ယောက်ပေါ်လာသည်။ အသံ နှင့် မတိမ်းမယိမ်းမှာပင် အေးမြတ်မိုးခုတင်ဘေးသို့ ထိုလူရွယ် ရောက်ရှိလာကာ မတ်တတ်ရပ်လျက်မှ အေးမြတ်မိုးကို မျက်လုံးပြူး၍ စိမ်းစိမ်း ကြည့်နေသည်။ သူ၏ ဟန်ပန်အမူအရာမှာ အလိုမကျသည့် သဘောရှိ သည်။

မကြာမီ အေးမြတ်မိုးကို လက်ညှိုးထိုး၍-

'နင့်ဆီက ငါ့ဥစ္စာ ပြန်ပေး'

အသံအကျယ်ကြီး အော်ပြောလိုက်သည်။ အေးမြတ်မိုးက ချက်ချင်းခေါင်းခါ၍ ဖြေလိုက်သည်။ ထိုအခါ လူရွှယ်က ခါး ထောက်ပြီး မျက်လုံးပြူးပြူးဖြင့် အေးမြတ်မိုးကို ထပ်မံကြည့်ကာ-

'နင်က ဘာလဲ၊ ငါ့ဥစ္စာလည်း ယူသေးတယ်။ ငါ့ကိုလည်း မလေးမစားနဲ့။ ဒီမှာ ငါ့ရဲ့ဥစ္စာ နင့်ခန္ဓာကိုယ်ထဲမှာ ရှိနေတယ်လေ။ နင် ငါ့ဆီက ဘာမှခွင့်မတောင်းဘဲ ယူသွားတာ။ အခုငါပြန်လိုချင် တယ်။ ငါ့ကို ချက်ချင်းပြန်ပေးမလား၊ မပေးဘူးလား'

လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောနေသဖြင့် အေးမြတ်မိုး ကြောက်လန့်ကာ နောက်သို့ တဖြည်းဖြည်းဆုတ်လိုက်သည်။ ထိုသို့ နောက်ကိုဆုတ်ပါများသွားသောအခါ ခုတင်ခေါင်းရင်းနှင့် သူမ၏ ဦးခေါင်းတို့ ထိသွားသဖြင့် ခေါင်းအနည်းငယ်နာကာ အိပ်ရာမှ လန့်နိုးသွားသည်။

ထိုအခါမှ -

'အောင်မယ်လေး'

အေးမြတ်မိုး အိပ်ရာကလန့်နိုးကာ ချက်ချင်းထထိုင်လိုက် သည်။ သူမ၏ လှုပ်ရှားမှုကြောင့် ဘေးတွင်အိပ်ပျော်နေသာ ဒေါ်သဇင်လည်း အိပ်ရာက နိုးလာသည်။

'သမီး..သမီး..ဘာဖြစ်လို့ ထထိုင်နေတာလဲဟင်။ အမေ့ ကိုပြော၊ သမီး ဘာဖြစ်သလဲ'

ကြောက်ကြောက်ရွံ့ရွံ့ ထထိုင်နေသော သမီးငယ်ကိုကြည့်ကာ ဒေါ်သဇင် စိုးရိမ်စွာမေးမြန်းလိုက်သည်။ သမီးငယ်အေးမြတ်မိုးက ဟိုဒီကြည့်ကာ ဂဏှာမငြိမ်ဖြစ်နေသည်။

'ဟင်း‥ဧကန္တ ငါ့သမီး အိပ်မက်မက်ပြီး လန့်နေတာမဟုတ်လား'

အေးမြတ်မိုးက ခေါင်းညိတ်အဖြေပေးသည်။ သည်တော့မှ ဒေါ်သဇင်က သမီးငယ်၏ ကိုယ်လုံးလေးကို လှမ်းဖက်တွယ်ထားပြီး အတန်ကြာမှ ခေါင်းအုံးပေါ်သို့ ရွှေ့ပြောင်းတင်ကာ-

'သမီးဘေးမှာ မေမေတစ်ယောက်လုံးရှိတာပဲ သမီးရယ်၊ ဘာကြောက်စရာရှိလဲ။ အိပ်မက်ဆိုတာက မက်ချင်ရာမက်တာ။ အိပ်မက်ကို စိတ်ထဲမှာ စွဲမထားနဲ့၊ ကြားလား။ အိပ်‥အိပ်တော့နော်'

ဒေါ်သဇင်က ပြောဆိုပြီး သမီးငယ်ကိုယ်လေးအား ဘေးသို့စောင်းစေပြီးလျှင် ကျောကုန်းအား သူမ၏လက်ကလေးများဖြင့် ကလေးတစ်ယောက်ပုတ်သိပ်သကဲ့သို့ ပုတ်သိပ်ပေးလေရာ မကြာမီ သမီးငယ် အေးမြတ်မိုးပြန်လည် အိပ်ပျော်သွားတော့သည်။

× × ×

ဖခင်ဦးအောင်သန်းက ဂျူတီကျ၍ ဆေးရုံသွားရသည်။ မိခင်ဒေါ်သဇင်က အိမ်မှာလုပ်ကိုင်စရာများကို လုပ်ကိုင်ခဲ့ပြီး နောက်လူမမာသတင်းမေးရန် ခဏထွက်သွားသည်။ သမီးအေးမြတ်မိုး

တစ်ယောက်သာ အိမ်မှာကျန်ရစ်ခဲ့သည်။ ပျင်းပျင်းရှိသည်မို့ လက်တော့(ပ်)ဖြင့် ဂိမ်းကစားနေသည်။ အတော်လေးကြာတော့ အေးမြတ်မိုး မျက်လုံးများ မှေးဆင်းလာသည်။ ထို့ကြောင့် လက်တော့(ပ်)ကိုပိတ်ကာ ဧည့်ခန်းဆက်တီပေါ်တွင် အိပ်ပျော်သွားတော့သည်။

မည်မျှအိပ်ပျော်သွားသည်မသိ သူ့ရှေ့ရှိ လူရုပ်တစ်ယောက်ထံမှ စကားပြောသံကြောင့် သူ့အတွေးများ သက်ဝင်လှုပ်ရှားစပြုလာသည်။

'ဘာဖြစ်လို့ အိပ်ချင်ယောင်ဆောင်နေရတာလဲ။ ငါလာ တာမသိချင်ယောင်ပြုနေတာလား။ ဟား..ဟား..ဟား'

လူရုပ်က သူမကို မထီလေးစားသရော်သလို ဟားတိုက်ရယ်ကာ စိမ်းစိမ်းကြည့်နေသည်။ အတန်ကြာမှ လက်ညှိုးထိုးကာ-

'နင် ငါ့အသည်းကို ယူထားတာ ငါ့ကိုပြန်ပေး။ ငါ့အသည်းကိုယူတာ ငါ့ကို ဘာဖြစ်လို့ခွင့်မတောင်းတာလဲ။ ငါ လုံးဝမကျေနပ်ဘူး။ ငါ့အသည်းကို ခုချက်ချင်းပြန်ပေး။ နင်မပေးရင် နင့်အသက်ကိုပါ ငါပြန်ယူရလိမ့်မယ်'

လူရုပ်က သူမကို လက်ညှိုးထိုးပြောပြီး တဖြည်းဖြည်းနှင့် သူမထံ လျှောက်လာနေသည်။ အေးမြတ်မိုးကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်ခါနေသည်။ တစ်ယောက်တည်းမို့ ပို၍အားငယ်နေရှာသည်။

ထို့ကြောင့် -

'ကျွန်မ··ဘာမှမသိဘူး၊ ကျွန်မ ဘာမှမသိဘူး။ သွား·· သွား··အနားမကပ်နဲ့'

သူမထံသို့ လူရွယ်က တဖြည်းဖြည်းတိုးကပ်လာနေသည်မို့ ကြောက်ကြောက်ဖြင့် ထွက်ပြေးရန် ကြိုးစားပြင်ဆင်အော်ဟစ်နေ စဉ်–

'ဟဲ့··သမီး၊ မေမေ့ကို ဘာဖြစ်လို့နှင်ထုတ်နေရတာလဲ။ သမီးရဲ့မေမေလေ။ သေချာကြည့်ပါဦး သမီးရဲ့'

အိမ်ထဲသို့ဝင်လာသည့် ဒေါ်သဇင်မှာ သမီးငယ်၏ အော်သံကြောင့် သမီးအနီးသို့သွားကာ ထွေးပွေ့ရင်းပြောလိုက်သည်။ သည်တော့မှ အေးမြတ်မိုး အသိပြန်လည်ဝင်ရောက်ကာ မိခင်ဖြစ်သူကို တအံ့တသြငေးကြည့်နေပြီး ဘေးဘီသို့လည်း လိုက်ရှာကြည့်နေသည်။

'သမီး··ဘယ်သူ့ကို ရှာနေတာလဲ။ ဒီဧည့်ခန်းထဲမှာ မေမေနဲ့ သမီး နှစ်ယောက်တည်းပဲ ရှိနေတာလေ'

'မဟုတ်ဘူး မေမေ၊ စောစောက သမီးနဲ့မတိမ်းမယိမ်း လူရွယ်တစ်ယောက် သမီးဆီကိုလာပြီး စိတ်ဆိုးမာန်ဆိုးနဲ့ သူ့အသည်းကို ပြန်ပေးဆိုပြီး လာတောင်းနေတယ်။ အဲဒါ··'

'ဘယ်··ဘယ်လို၊ သူ့အသည်းကိုပြန်လာတောင်းနေတယ်။ ဟုတ်လား'

'ဟုတ်တယ် မေမေ။ သမီးက သူ့ဆီက အသည်းကိုသူ့ဆီမှာ ခွင့်မတောင်းဘဲနဲ့ ယူသွားတာတဲ့။ အဲဒါ မကျေနပ်လို့ ပြန်လာတောင်း

တာ။ ပြန်ပေးရင်ပေး၊ မပေးရင် သမီးရဲ့အသက်ကိုပါ ယူသွားမယ်လို့ ခြိမ်းခြောက်နေလို့ သမီးက ကြောက်ပြီး လန့်အော် နေမိတာ။ အဲဒီအချိန် မေမေပြန်ရောက်လာတာနဲ့ သူထွက်ပြေး သွားတယ်ထင်တယ်။ သမီးတော့ သူ့ကိုသိပ်ကြောက်တယ်မေမေ။ ခုတစ်လော ညတိုင်း သူရောက်ရောက်လာပြီး သူ့အသည်းကို ပြန် တောင်းတောင်းနေတယ်။ သမီးရဲ့ဝမ်းထဲမှာ သူ့အသည်းတကယ်ရှိ နေတာလားဟင်'

အေးမြတ်မိုးက ဖြစ်ကြောင်းကုန်စင်ပြောပြကာ သူသိချင် တာကို မေးလိုက်သဖြင့် ဒေါ်သဇင်ပြန်ရှင်းရခက်သွားသည်။ ထို့ကြောင့် စကားလမ်းကြောင်းကို ပြောင်းပစ်လိုက်သည်။

'သမီးကလည်း‥စောစောက သမီးခဏလေးအိပ်ပျော် သွားတုန်း အိပ်မက်မက်နေတာပါ။ ငါ့သမီးက ခုမှကျန်းမာလာခါစ ဆိုတော့ သွေးသားတွေက မတည်ငြိမ်သေးဘူးလေ။ လာပါ၊ သမီး ဖေဖေလာမှ သွေးပေါင်နဲ့တခြားစစ်ဆေးစရာရှိတာလေးတွေ ပြန်စစ် ဆေးကြည့်တာပေါ့။ လာ‥မေမေနဲ့သမီး ထမင်းအတူတူ သွားစားကြရ အောင်နော်'

ဒေါ်သဇင်က သမီးလက်ကိုဆွဲကာ ဧည့်ခန်းမှထွက်လာရင်း ထမင်းစားခန်းသို့ ဦးတည်လျှောက်သွားလိုက်တော့သည်။

ညနေပိုင်း ဦးအောင်သန်းပြန်လာတော့ ဒေါ်သဇင်နှင့် ဦးအောင်သန်းတို့ ခေါင်းချင်းဆိုင်ကာ သမီးအေးမြတ်မိုးအကြောင်း

တိုင်ပင်ခဲ့ကြရသည်။ သမီးအေးမြတ်မိုးရိပ်မိမည်စိုး၍ သူမအလစ်မှာ တိုးတိုးတိတ်တိတ် ဆွေးနွေးရခြင်းဖြစ်သည်။

'အင်း..သမီးပြောပြတာနဲ့ဆိုရင်တော့ ဟုတ်တယ်။ အသည်းပိုင်ရှင်လူရွယ်က သူ့အသည်းကိုပြန်လာတောင်းတာဖြစ် နိုင်တယ်။ တကယ်တော့ အသည်းကိုလှူခဲ့တဲ့သူက သူကိုယ်တိုင်မှ မဟုတ်တာလေ။ အသည်းလှူတဲ့အချိန်မှာ သူက သေပြီးသွားပြီလေ။ သူ့အမေဆီမှာ ကိုယ်ကအလှူခံခဲ့လို့သာ သူ့အမေက ကြည်ကြည်ဖြူဖြူ လှူသွားခဲ့တာ။ တကယ်တွေးကြည့်တော့ အသည်းပိုင်ရှင်က သူ့အမေ မဟုတ်တာဘဲလေ။ အင်း..ဒါဆိုရင် တခြားနည်းလမ်းတော့ မမြင်တော့ဘူး။ ဘာသာရေးအရ လုပ်မှရမယ်နဲ့တူတယ်။ ကိုယ် ဆရာတော်ကြီးတစ်ပါးပါးဆီသွားပြီး မေးလျှောက်ကြည့်မယ်လေ။ သဇင်ကတော့ သမီးလေးစိတ်ချမ်းသာအောင် ကြည့်ရှုပြောဆိုထိန်းထားပေးနော်'

ဒေါ်သဇင် ခေါင်းညိတ်ဖြေဆိုပြီးနောက် ဦးအောင်သန်း အပြင်သို့ ခေတ္တထွက်သွားသည်။ ထိုအချိန် သမီးအေးမြတ်မိုးတစ်ယောက် သူမ၏အိပ်ခန်းအတွင်း၌ တီဗွီဂိမ်းကစားနေသည်။ မကြာမီ ဦးအောင်သန်းပြန်ရောက်လာပြီး ဒေါ်သဇင်အား ဘုန်းတော်ကြီးမိန့်တော်မူသမျှ အကြောင်းစုံပြောပြသည်။

'အဓိက,ကတော့ သဇင်ရယ်..ဟိုအသည်းပိုင်ရှင် လူငယ်လေးကို ရည်မှန်းပြီး ကိုယ်တို့ အလှူတစ်ခုပြုပေးရမယ်။ သူက

ရုတ်တရက်ကွယ်လွန်သွားခဲ့ရတာဆိုတော့ သူ့ကိုယ်ကိုစွဲလမ်းတပ်မက်စိတ်ဖြစ်နေတယ်။ အဲဒါကြောင့် သူ့ခန္ဓာကိုယ်က တစ်ခုခုယူတာကို သူမကြိုက်ဘူးဖြစ်နေတာပေါ့။ ဒီစိတ်ကြောင့် ပြိတ္တာဘုံရောက်နေပြီး ခုလိုသမီးလေးဆီလာပြီး ခြိမ်းခြောက်နေတာလေ။ ကဲပါ၊ မနက်ဖြန်ပဲ ဘုန်းကြီးကျောင်းမှာ အဲဒီကလေးအတွက် ရည်စူးလှူပြီး ရေစက်ချအမျှပေးဝေလိုက်ကြရအောင်။ သမီးအတွက်လည်း ကောင်းသွားတာပေါ့'

နောက်တစ်နေ့ ဦးအောင်သန်း၊ ဒေါ်သဇင်နှင့်သမီးလေးအေးမြတ်မိုးတို့ မိသားစုသုံးယောက် ဘုန်းတော်ကြီးကျောင်းသို့ သွားကာ ဆွမ်း၊ သင်္ကန်း၊ ဆေးတို့ကို လှူဒါန်း၍ မကြာသေးမီက ကားတိုက်၍ ကွယ်လွန်သွားခဲ့ရရှာသည့် လူငယ်လေးအတွက် ရည်မှန်းပြီး ရေစက်ချအမျှပေးဝေလိုက်ကြသည်။ ထိုသို့ ရေစက်သွန်းချအမျှပေးဝေနေစဉ် ထိုလူငယ်လေးမှာ အေးမြတ်မိုးတို့နှင့် မနီးမဝေးမှာရပ်လျက် သာဓုခေါ်ဆိုနေကြောင်း အေးမြတ်မိုးမြင်လိုက်ရသည်ဟု ပြန်ပြောပြသည်။

ထိုညက အေးမြတ်မိုးတစ်ယောက် အိပ်ရာသို့ဝင်ပြီး အိပ်ရမည်ကိုကြောက်၍ မိခင်ဒေါ်သဇင်ကိုခေါ်၍ အတူအိပ်ရသည်။ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အိပ်ပျော်သွားစဉ် အိပ်မက်ထဲ၌ ထိုလူငယ်ဝင်ရောက်လာခဲ့ပြန်သည်။ သို့ရာတွင် ယခင်ကလို မာကျောခက်ထန်ခြင်းမရှိဘဲ သူမအားလာရောက်နှုတ်ဆက်ပြီး သန့်ရှင်းစင်ကြယ်သော အဝတ်အစား

များ ဝတ်ဆင်လျက် အထက်အရပ်သို့ပျံတက်သွားကြောင်း အေးမြတ်မိုး မျက်လုံးထဲမှာ အတိအကျတွေ့လိုက်ရသည်။

ထိုအကြောင်းကို နံနက်မိုးသောက်အလင်းရောက်၍ ပြန်တွေးကြည့်လိုက်သောအခါ အိပ်မက်တစ်ခုကို ပြန်သတိရနေသကဲ့သို့ မှတ်မှတ်ရရရှိနေသည်ကိုတော့ အေးမြတ်မိုးသာ အသိဆုံး ဖြစ်သည်။ အသည်းတောင်းသူကား ထိုနေ့မှစ၍ ပျောက်ချင်းမလှပျောက်၍ သွားခဲ့သည်မှာ အေးမြတ်မိုးတစ်သက်ပင် ဖြစ်ပါတော့သည်။

◆ ◆ ◆

# မြေဖြူရှင်မ

ကျွန်ုပ်တည်ထောင်သော ပန်းကမ္ဘာဇာတ်အဖွဲ့ကြီးသည် ဝါးခယ်မမြို့၌ သုံးည ကပြတင်ဆက်ခဲ့ပြီးနောက် ကျုံမငေးမြို့သို့ ဆက်၍ကူးလာခဲ့၏။ ကျုံမငေးစွယ်တော်ပွဲရက်ကား အတော်ဝေးသေး၏။ ထို့ကြောင့် ကန်ထရိုက်ပွဲ(ငှားပွဲ)မရချေ။ သို့ရာတွင် ကျုံမငေး၌ စွယ်တော်ပွဲရက်မှလွဲ၍ ဇာတ်အဝင်အထွက် နည်းပါးနေသည်က တစ်ကြောင်း၊ ဇာတ်ရုံ(ရုပ်ရှင်ရုံဟောင်း)ရှိနေသည်က တစ်ကြောင်းမို့ ကျွန်ုပ်တို့ ပန်းကမ္ဘာဇာတ်ဖွဲ့အနေဖြင့် (Ownshow) အုန်းရှိုး ဇာတ်ဆရာသွင်းပွဲ ကပြရ၏။

ကျွန်ုပ်၏ ပန်းကမ္ဘာဇာတ်ပွဲမှာ ရန်ကုန်ဇာတ်ပွဲဖြစ်သောကြောင့် သီတင်းကျွတ်လပြည့်မှစတင်၍ ပွဲထွက်လာခဲ့ပြီးသည့် နောက် ရန်ကုန်သို့ ပြန်မလာတော့ဘဲ ရောက်သည့်အရပ်၌ ကန်ထရိုက်ပွဲဖြစ်စေ၊

အုန်းရှိုး(ဇာတ်ဆရာသွင်းပွဲ)ဖြစ်စေ တစ်ခုမဟုတ်တစ်ခုကပြရန် ကြိုတင်စဉ်းစားပြီးမှ ရောဝတီတိုင်းဒေသကြီးတစ်ကြောသို့ စုန်ဆင်း လာခဲ့သော ဇာတ်အဖွဲ့ကြီးဖြစ်၏။ ဇာတ်အဖွဲ့တွင် အဖွဲ့သား(၅၀)ခန့်မျှပါရှိရာ ဇာတ်ပွဲကြီးတစ်ခုဖြစ်၏။ ပန်းကမ္ဘာ ဇာတ်အဖွဲ့၏ ငှားပွဲတည်နေရာကား လမ်းမတော်(၁၀)လမ်းထိပ်တွင် ဆိုင်းဘုတ်တင် ရုံးခန်းဖွင့်ပေးထား၏။

ထို့ကြောင့် မြန်မာပြည်အနှံ့အပြားမှ ဇာတ်ငှားပွဲရရှိပါက ဇာတ်အဖွဲ့နှင့် အချိတ်အဆက်ပြုရန်လည်း ပွဲငှားဌာနနှင့် ဇာတ်အဖွဲ့ မန်နေဂျာတို့ကို ပြောဆိုထားပြီးသားဖြစ်၏။ သို့ရာတွင် ရန်ကုန်မှ ဇာတ်အဖွဲ့ စတင်ထွက်လာပြီးသည်နှင့် ကန်ထရိုက်ပွဲကို ဦးစားပေး ကပြပြီးနောက် နီးစပ်ရာမြို့ရွာဒေသများရှိ ဇာတ်ရုံများ၌ ဝင်ရောက်ကရန် အုန်းရှိုးပွဲများကိုလည်း ဇာတ်၏ရှေ့ပြေးမန်နေဂျာနှင့် ကြိုတင်စီစဉ်ထားလေ့ရှိ၏။ သို့မှသာ ဇာတ်သမားများ၏ စားဝတ်နေရေး အဆင်ပြေသကဲ့သို့ ဇာတ်ဆရာ၏ ကုန်ကျစရိတ်မှာလည်းသက်သာမည်ဖြစ်၏။

ဇာတ်ကနေစဉ် ထမင်းကျွေးရသည်ထက် ဇာတ်မကဘဲ အသားလွတ်ထမင်းထိုင်ကျွေးနေရသည့်ကိစ္စမှာ ကျွန်ုပ်တို့ ဇာတ်ဆရာများအတွက် အလွန်အခက်အခဲရှိသော တာဝန်ကြီးတစ်ခုဖြစ်၏။ အဖွဲ့သား(၅၀)ကျော်၏ နေ့စဉ်ထမင်းနှစ်နပ်စာမှာ တစ်ရက် တလေအားဖြင့် မထောင်းသာလှသော်လည်း လေးငါးဆယ်ရက်၊ တစ်ပတ်ထိုင်ကျွေးရပြီ ဆိုပါက ဇာတ်ဆရာအိမ်ပြန်၍ ပုဆိုးပေါင်၊ အင်္ကျီပေါင်ရကိန်းဆိုက်ရတော့၏။ ကန်ထရိုက်ပွဲဖြစ်စေ၊ အုန်းရှိုးပွဲဖြစ်စေ ဇာတ်ကနေရ

သည်ဆိုလျှင် ဇာတ်ရှုံးသော်မှ ထမင်းစရိတ်တော့ရနိုင်သေး၏။ ထို့ကြောင့် ဇာတ်ရုံတစ်ရုံ၌ ဇာတ်ကရပြီဆိုသည်နှင့် ထိုဇာတ်ရုံကပြီးပါက နောက်ထပ်ဇာတ်ရုံကူးကနိုင်ဖို့အရေးဇာတ်၏ ရှေ့ပြေးမန်နေဂျာနှင့် ကျွန်ုပ်တို့ဇာတ်ဆရာများ ခေါင်းချင်းဆိုင်တိုင်ပင်ရသည်များမှာ အလွန်ဦးနှောက်ခြောက်စရာပင် ကောင်းလှပေ၏။

ဇာတ်သူဇာတ်သားတို့ကား ဝါသနာကို အရင်းတည်၍ အနုပညာကို ပုံဖော်နေကြရသူများဖြစ်ကြသည့်အပြင် စားဝတ်နေရေးအတွက် ပူပင်စရာမရှိသဖြင့် စိတ်အေးလူအေးနေနိုင်ကြ၏။ ဇာတ်ရုံတစ်ရုံမှ ဇာတ်ရုံတစ်ရုံသို့ ကူးပြောင်းစဉ်ကာလ ခရီးသွားလာမှု ပင်ပန်းရုံကလွဲပြီး ကျန်သည့်အပိုင်းမှာ သိပ်မခံစားရ။ တစ်ခါတစ်ရံ ဇာတ်ဆရာမှ ညကြေး ခုနှိမ်လိုက်သည့်အခါ ငွေတိုငွေစပြတ်၍ လက်တိုလက်တောင်း သုံးစွဲစားသောက်ရန် ခက်ခဲခြင်းမျှလောက်သာ စိတ်ညစ်ဖွယ်ရှိ၏။ သို့ရာတွင် ဇာတ်ရုံတစ်ရုံ၌ ဇာတ်ဆရာက သုံးညကလျှင် တစ်ညသာ စပေါ်ငွေကို ခုနှိမ်သဖြင့် များသောအားဖြင့် အဆင်ပြေကြသည်က များ၏။ ယခုဝါးခယ်မ၌ ကခဲ့သည့်ပွဲမှာ ကန်ထရိုက်ပွဲဖြစ်၍ ကျွန်ုပ်ဇာတ်ဆရာရော ဇာတ်သူဇာတ်သားအားလုံးပါ အဆင်ပြေကြ၏။ သို့သော် ရှေ့ဆက်၍ ငှားပွဲမရသောကြောင့် ထိုင်၍နားနေရမည့်အစား ဇာတ်ရုံရှိသော ကျုံမငေးတွင် ဝင်ရောက်ကပြရန် စဉ်းစားဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။ ဇာတ်ရုံဟုဆို သော်လည်း ကွက်လပ်ကြီးထဲတွင်

ဓာတ်စင်သီးသန့် ဆောက်လုပ်ထားသော ဓာတ်ရုံကားမဟုတ်။ လူနေအိမ်ခြေ ရပ်ကွက်အလယ်တွင်ရှိသော ယခင်ရုပ်ရှင်ရုံအဟောင်းကြီး တစ်ခုဖြစ်၏။ ဓာတ်ခုံခပ်နိမ့်နိမ့် ဖြစ်သော်လည်း ပရိသတ်ကြည့်ရန် ခုံတန်းလျားများကအစ အဆင်သင့်ရှိ၏။ ရုပ်ရှင်ရုံဟောင်းကြီးဖြစ်၍ ဓာတ်ရုံဖွဲ့စည်းပုံမှာ ရုပ်ရှင်ရုံအတိုင်း အပြင်အဆင်ရှိလေ၏။

ကျွန်ုပ်တို့ဓာတ်အဖွဲ့သူအဖွဲ့သားတို့သည် ထုံးစံအတိုင်း ကျုံမငေးဓာတ်ရုံသို့ရောက်သည်နှင့် ဓာတ်ရုံအတွင်း ဓာတ်ခုံနောက်ကျောတွင် နေရာအသီးသီးယူကြလေ၏။ ညာဘက်ခြမ်းတွင် တီးဝိုင်း၊ လူရွှင်တော်၊ မင်းသားနှင့် လူလွတ်များနေရာယူရပြီး ဘယ်ခြမ်းတွင် မင်းသမီး၊ ယိမ်း၊ ဓာတ်ဆရာနှင့်အတွဲများအပါအဝင် ဆိုင်းအဖွဲ့တို့က အသီးသီးနေရာယူကြ၏။ ကျုံမငေးဓာတ်ရုံကား စတိတ်ခုံအကျယ် အနည်းငယ်ကျဉ်းသည်ကြောင့် ဓာတ်သူဓာတ်သားတို့ ခပ်ကျဉ်းကျဉ်းသာ နေရာရကြ၏။ ထို့ပြင် မီးမှောင်မည်းနေသဖြင့် နေ့ခင်းကြောင်တောင်ပင် ဖယောင်းတိုင်ထွန်း၍ အလုပ်လုပ်ကြရ၏။

ဓာတ်ရုံ၏ထုံးစံအရလည်း ဓာတ်အဖွဲ့ကို ညနေ(၆)နာရီ နေဝင်သည့်အချိန်မှ မီးစတင်ပေးလေ့ရှိရာ နေ့ဘက်တွင် မီးပိတ်ထားမြဲ ရှိ၏။ ဓာတ်ခွင်ဆင်သူ ကျွန်ုပ်၏ ဓာတ်အဖွဲ့သားတချို့ကား ဓာတ်ရုံသို့ရောက်သည်နှင့် ကားလိပ်ခွင်၊ မီးခွင်စသည်တို့ကို ပြင်ဆင်ကြလေ၏။ ဓာတ်မန်နေဂျာမှလည်း ကြော်ငြာလှည့်ရန်၊ ဖျာလက်မှတ်

ရောင်းရန် ကိစ္စများကို အားချင်းစီစဉ်နေရှာ၏။ ကျွန်ုပ်တို့ ဇာတ်ဆရာ ဇနီးမောင်နှံကား ဇာတ်သူဇာတ်သားများ စားသောက် ရန်အတွက် ချက်ပြုတ်ရေးကို ဦးစားပေးဆောင်ရွက်ရ၏။

တချို့ဇာတ်သမားတို့ကား ဇာတ်ရုံအပြင်သို့ ထွက်လည်ကြ၍ တချို့မှာကား မိမိတို့နေရာ၌ တစ်ရေးတစ်မောအိပ်အနားယူနေကြ၏။ နောက်ပိုင်း မင်းသားကြီးအပါအဝင် လူရွှင်တော်တစ်သိုက်နှင့် တီးဝိုင်း အဖွဲ့သားတို့ကား ဝိုင်းထိုင်၍ ပိုကာဆွဲ၍ နေကြ၏။ ကျွန်ုပ်ကား ထမင်းချက် ထင်အောင်ကို ဟင်းချက်စရာများ သွားဝယ်ခိုင်းပြီးနောက် ဇာတ်စင်ပေါ်သို့ လေ့လာရန် တက်လာခဲ့၏။

ထိုစဉ် ကားဆွဲ ဇင်အောင်က-

'ဇာတ်ဆရာ··ဟောဒီဇာတ်ခုံညာဘက်ထောင့်မှာ မြေက မူကြီးတစ်ခုရှိတယ်။ ကားလိပ်က အဲဒီအပေါ်ကျနေတယ်။ ဘယ် လိုလုပ်ရမလဲ'ဟု ဆိုသဖြင့် ကျွန်ုပ်မှာ ဇင်အောင်ပြရာနေရာသို့ သွား ကြည့်လိုက်၏။

မြေကမူမှာ ဇာတ်ခုံပျဉ်ချပ် မျက်နှာပြင်ပေါ်သို့ပင် ကျော် တက်စပြုနေ၏။ ထိုမြေကမူမှာ လက်အုပ်ဦးချွန်ကဲ့သို့ဖြစ်ကာ ထို မြေကမူပေါ်ဝယ် အမွေးတိုင်၊ ဖယောင်းတိုင်အတိုအစများအပြင် ကြွေခွက်ငယ်တစ်ခွက်ကိုလည်း တွေ့လိုက်ရ၏။ သို့ရာတွင် ကြွေခွက် ငယ်ထဲတွင် ဘာတစ်ခုမျှ မရှိချေ။

'ကျွန်တော် ဒီကမူကို ဖြိုလိုက်ရမလား'

'ဟ..အဲဒီလိုလုပ်လို့ မဖြစ်သေးဘူးကွ။ သူ့ရပ်သူ့ရွာ သူ့အကြောင်းရှိလိမ့်မယ်။ ဒီမြေကမူကို ဒီအတိုင်းထားပြီး မင်းတို့ ကားဆင်စရာရှိတာ ဆက်ပြီးသာ ဆင်သွားကြ။ ငါရုံပိုင်နဲ့ သွားတွေ့ လိုက်ဦးမယ်'

ကျွန်ုပ်က ဇင်အောင်တို့ ကားခွင်အဖွဲ့ကို ညွှန်ကြားပြော ဆိုပြီး ဇာတ်ရုံပိုင်ရှင်ထံသို့ ထွက်လာလိုက်၏။ ဇာတ်ရုံပိုင်ရှင် ဦးအောင်ထွန်းမှာ ဇာတ်ရုံနှင့်မနီးမဝေးရှိအိမ်တွင်နေ၏။ ကျွန်ုပ် လာ သည်ကိုမြင်သော ဇာတ်ရုံပိုင်ရှင်ဦးအောင်ထွန်းက အိမ်ဝမှထွက်၍ကြို ကာ နှုတ်ခွန်းဆက်စကားဆိုလေ၏။

'ဇာတ်ဆရာ..လာ၊ ကျွန်တော်တောင် ဇာတ်ရုံဘက်အခုပဲ ထွက်လာတော့မလို့။ ဘယ့်နှယ် အားလုံးအဆင်ပြေရဲ့လား'

'အဆင်ပြေပါတယ်။ နောက်ဘက်ခြမ်းမှောင်တာကလွဲ ရင်ပေါ့'

'ဟုတ်တယ် ဇာတ်ဆရာ၊ ကျွန်တော်လည်း နောက်ဘက် ခြမ်းကို အကာတွေဖွင့်ဖို့ စဉ်းစားပါသေးတယ်။ ဒါပေမဲ့ ညဘက် ဇာတ်ကတဲ့အခါကျရင် မလုံမခြုံဖြစ်မှာစိုးတာနဲ့ ဒီအတိုင်းကြည့်နေ ရတာ။ ခက်တာက နေ့ဘက် မီးမရလို့ပါ။ မီးရရင်တော့ ကျွန်တော် မနှမြောပါဘူး။ မီးဖွင့်ပေးမှာပါ။ ကဲ..လာ၊ ထိုင်ပါဦး။ ရေနွေးကြမ်း သောက်'

ကျွန်ုပ်က ဦးအောင်ထွန်းအိမ်ဧည့်ခန်းရှိ ဆက်တီထိုင်ခုံပေါ်တွင် ဝင်ထိုင်လိုက်၏။ ဦးအောင်ထွန်းက ဆက်တီစားပွဲပေါ်ရှိ ရေနွေးဇန်းထဲမှ ရေနွေးအိုးကို ပန်းကန်လုံးထဲသို့ငှဲ့ကာ ကျွန်ုပ်အား ရေနွေးကြမ်းတစ်ခွက် ကမ်းပေး၏။ ကျွန်ုပ်က ရေနွေးကြမ်းတစ်ခွက်ကိုသောက်ရင်း အတန်ကြာငြိမ်သက်ကာ ဧည့်ခန်းကို အကဲခတ်ကြည့်ရှုနေမိ၏။ အတန်ကြာမှ-

'ကျွန်တော် ဦးအောင်ထွန်းကို တစ်ခုမေးချင်လို့'

'မေးပါ ဇာတ်ဆရာ၊ ဇာတ်ဆရာ ဘာသိချင်လို့လဲ'

ဦးအောင်ထွန်းက ကျွန်ုပ်၏အမေးကို အလျင်အမြန်ပင် ပြန်ဖြေ၏။ အားတက်သရော ပြောပြချင်ပုံရ၏။

'ဒီလိုပါ..ဇာတ်ရုံညာဘက်ကထောင့်မှာ မြေကမူတစ်ခုဖြစ်နေတယ်။ အဲဒီမြေကမူမှာ ဖယောင်းတိုင်၊ အမွှေးတိုင်အတိုအစတွေနဲ့ ကြွေရေခွက်တစ်ခွက်လည်း တွေ့ရတယ်။ အဲဒါ..'

'ဟာ..တော်ပါသေးရဲ့၊ ဇာတ်ဆရာ တွေ့ပြီးလာမေးတာကံကောင်းတယ်။ ကျွန်တော်လည်း ကြိုမပြောထားမိဘူး။ ဒီအကြောင်းက ဒီဇာတ်ရုံမှာ အဓိကအချက်ပဲ ဇာတ်ဆရာရဲ့။ ဇာတ်ဆရာတို့တော့ ယုံ,မယုံမသိဘူး'

ဦးအောင်ထွန်းက ကျွန်ုပ်၏စကားကို ဖြတ်၍ပြောပြီး နောက်ခေတ္တရပ်ကာ ကျွန်ုပ်ကို အကဲခတ်ကြည့်နေ၏။ ထို့ကြောင့် ကျွန်ုပ်က သူ့အား ဆက်၍မေးရပြန်၏။

'ပြောပါဦး ဦးအောင်ထွန်း၊ ယုံသင့်တာတော့ ယုံရမှာပေါ့ဗျာ။ အဓိကက အကြောင်းရင်းဖြစ်စဉ်ပဲလေ'

'ဒီလို ဇာတ်ဆရာရေ..ဒီရုံကြီးကို ကျွန်တော်က သူများဆီကတစ်ဆင့် ပြန်ဝယ်ခဲ့တာလေ။ အဲဒီလို ကျွန်တော်ပြန်ဝယ်ခဲ့စဉ်ကတည်းက ဒီဖြစ်စဉ်ကလည်း ကျွန်တော့်ဆီတွဲလျက်ပါလာခဲ့တယ်။ ဒီဇာတ်ရုံကြီးက ပထမရုပ်ရှင်ရုံကြီးပါ။ ကျွန်တော့်လက်ထက်ကျမှ ဇာတ်ရုံဖြစ်သွားတာ။ ဆိုတော့ကာ ပထမပိုင်ရှင်တွေ လက်ထက်ကတည်းက ဒီရုပ်ရှင်ရုံကြီး လူဝင်ကောင်းအောင်၊ လာဘ်လာဘရရှိအောင်ဆိုပြီး အဲဒီကုန်းကမူငယ်လေးစဖြစ်လာတဲ့ ပေါက်စအချိန်လေးကတည်းက သူတို့က ဖယောင်းတိုင်၊ အမွှေးတိုင်ထွန်းပြီး ဆုတောင်းပတ္ထနာတွေ ပြုခဲ့တယ်ပေါ့ဗျာ။ နောက်တော့ သူတို့ကို အိပ်မက်ပေးတယ်လို့ပြောတယ်။ မြွေဖြူမောင်နှမ စောင့်ရှောက်နေတဲ့အကြောင်း၊ သူတို့အတွက် နို့ရည်တိုက်ကျွေးဖို့အကြောင်း ခဏခဏ အိပ်မက်ပေးတာနဲ့ ပထမရုပ်ရှင်ရုံပိုင်ရှင် လင်မယားက အိပ်မက်အတိုင်း ဆောင်ရွက်ပေးခဲ့တယ် ဆိုပါတော့ဗျာ'

ဦးအောင်ထွန်းက ရှည်လျားစွာ စကားပြောလိုက်ရ၍ အာခေါင်ခြောက်သွားသည့်အလား အနီးရှိရေနွေးကြမ်းတစ်ခွက် ကို ငုံ့သောက်ကာ စကားစကို ခေတ္တဖြတ်ထား၏။ ကျွန်ုပ်မှာ စကား စရပ်သွားသည့်အတွက် အားမလိုအားမရဖြစ်ကာ ဦးအောင်ထွန်း

ဆက်ပြောလာမည့် စကားတို့ကို မျှော်လင့်တကြီးစောင့်နေရရှာ၏။ မကြာမီ ဦးအောင်ထွန်းထံမှ စကားသံထွက်လာသည်။

'အဲဒီလို မြွေဖြူမောင်နှမ အိပ်မက်ပေးတဲ့အတိုင်း ဇာတ်ရုံထဲက မြေကမူလေးမှာ ရုပ်ရှင်ပြတဲ့ညတိုင်း နို့ရည်တိုက်ကျွေးပြီး အစိုင္ဘာန်ပြုခဲ့တယ်။ အကြောင်းကြောင့် အကျိုးဖြစ်လာတယ်လို့ ပြောရမယ်။ စီးပွားက တစ်ရှိန်ထိုးတက်လာတော့တာပဲဗျာ။ ဒီကျုံမငေးမှာ ကိုယ်ပိုင်ကားဝယ်စီးနိုင်တာ အဲဒီလင်မယားနှစ်ယောက် ဦးဆုံးလို့ ပြောကြတယ်။ အဲ··စီးပွားကျချင်လာတော့လည်း အနှောင့်အယှက်က အလိုလိုဝင်လာတော့တာပါပဲ'

ဦးအောင်ထွန်းက တစ်ခါစကားကြောကိုဖြတ်ကာ မနီးမဝေးသို့ လှမ်းကြည့်နေလိုက်ပြီး သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။ ပြီးမှ-

'တစ်နေ့မှာ သူတို့လင်မယားဆီကို ဘိုးတော်တစ်ယောက် ပေါက်ချလာတယ်။ သူတို့လင်မယားရဲ့ ရှေ့ဖြစ်နောက်ကြောင်းတွေကို ဟောပြောပြတော့ သည်၏မလွဲမှန်လှချည်ရဲ့ဆိုပြီး အဲဒီဘိုးတော်ကို သူတို့လင်မယားနှစ်ယောက်က ဆရာတင်လိုက်တယ်။ အဲဒီမှာ ဇာတ်လမ်းက ကြမ်းတော့တာပါပဲ'

'ဘယ်လိုဖြစ်ပြီး ဇာတ်လမ်းက ကြမ်းသွားရတာလဲ'

ကျွန်ုပ်က ဦးအောင်ထွန်းစကားကို ဆက်မေးလိုက်သဖြင့် ဦးအောင်ထွန်းက ကျွန်ုပ်အား မျက်လုံးပြူးမျက်ဆန်ပြူးကြည့်လျက်မှဆက်၍ပြောရှာ၏။

'ကြမ်းပါပကောလားဗျာ။ အဲဒီရုပ်ရှင်ရုံပိုင်ရှင် လင်မယား ယုံကြည်နေတဲ့ မြွေဖြူမောင်နှမဆိုတာ တကယ်တော့မလိုတဲ့ စီးပွား ရေးအတိုက်အခံသမားတွေက သူတို့လင်မယားကို အတိုက်အခံပြု လုပ်ထားတာလို့ ဘိုးတော်ကဆိုတယ်။ အဲဒီအတွက် သူက ကာကွယ် နှိမ်နင်းပေးမယ်ပေါ့ဗျာ။ ဒီလိုနဲ့ မြွေဖြူမောင်နှမ မလာနိုင်အောင် စည်းတား၊ ဓာတ်ဆင်၊ ဆေးကြိမ်လုံးနဲ့ရိုက်တာ မြွေဖြူမောင်နှမ သေလုမြောပါး ခံစားကြရတယ်လို့ ပြောသံကြားရတယ်။ အဲဒီ နောက် ပိုင်းမှာတော့ ပိုင်ရှင်လင်မယားလည်း ကွဲကြ၊ ဘိုးတော်လည်း အနာကြီး ရောဂါဖြစ်ပြီး ဒီအရပ်က ထွက်ပြေးသွားရနဲ့ နောက်ဆုံး ဒီရုံကြီးကို ကျုပ်ဆီလာပြီး ရောင်းတော့တာပါပဲ။ ကျုပ်လည်းငွေကလည်း လက် ထဲမှာရှိနေတာရယ်၊ အနုပညာကို ဝါသနာပါတာရယ်ကြောင့် ဇာတ်ရုံ ထောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီရုံကြီးကို ဝယ်ခဲ့တာ'

ဦးအောင်ထွန်း စကားကို အဆုံးသတ်လျက် အနီးရှိ ရေနွေး ကြမ်းအိုးမှ ရေနွေးတစ်ခွက်ငှဲ့၍ သောက်လိုက်၏။ ကျွန်ုပ်စိတ်ထဲ၌ ဘဝင်မကျတကျဖြစ်နေသည်မို့ သိချင်သည့်ကိစ္စကို ဆက်၍မေးမိ၏။

'ဒါဆို ဦးအောင်ထွန်း ဒီဇာတ်ရုံကို ဝယ်ပြီးတဲ့နောက်ပိုင်း မှာရော စောစောက မြွေဖြူမောင်နှမကို ဆက်ပြီးယုံကြည်ခဲ့လား၊ စွန့်ပစ်ခဲ့လား'

'အင်း..ကျွန်တော်တော့ ယုံတယ်လည်းမဟုတ်ဘူး။ မယုံ ဘူးလည်းမဟုတ်ဘူး။ လောကမှာ ကိုယ်မမြင်မတွေ့ရတိုင်း မယုံ

ဘူးလို့တော့ ပြောလို့မရဘူးလေ။ ပြီးတော့(၃၁)ဘုံဆိုတာကလည်း ရှိပြီးသားဆိုတော့ ကျွန်တော်ကတော့ လက်ခံတယ်။ မယုံဘူးဆို ပေမယ့်လည်း မစော်ကားဘူး။ အားလုံးကို မေတ္တာပို့တယ်။ ကျွန်တော် ပထမပိုင်ရှင်တွေလုပ်တဲ့အတိုင်းပဲ ပွဲရှိတဲ့၊ ကမယ့်ညမှာဆိုရင် ထုံးစံ အတိုင်း မြွေဖြူမောင်နှမကို ရည်မှန်းပြီး နို့ခွက်တစ်ခွက်နဲ့ ဖယောင်းတိုင်၊ အမွှေးတိုင်ဆက်ပေးလိုက်တယ်။ အဲဒီအတွက် ကျွန်တော့မှာ ဘာ အနှောင့်အယှက်မှ မဖြစ်ခဲ့ဘူး။ ဒီနေ့ထိ အားလုံး အဆင်ပြေနေတယ်။ အဲဒါကြောင့် ဇာတ်ဆရာတို့အနေနဲ့လည်း ဘာပဲဖြစ်ဖြစ် သမားရိုးကျ လုပ်လာခဲ့တဲ့ အစဉ်အလာအတိုင်း လုပ်စေချင်တယ်။ ဒီအတွက် ကုန်ကျ စရိတ် ဘာမှမရှိလောက်ပါဘူး။ ဘယ့်နှယ်လဲ'

'အင်း..ကျွန်တော်တို့ကလည်း နယ်တကာလှည့်ဇာတ်က နေကြရတဲ့သူဆိုတော့ သူ့အရပ်၊ သူ့ဇာတ်တော့လိုက်ပြီးကရတော့ မှာပေါ့။ အဲဒီအတွက် စိတ်ထဲမှာ ဘာမှမရှိပါဘူး။ ဦးအောင်ထွန်း ပြောတဲ့အတိုင်း လုပ်ပါ့မယ်'

ကျွန်ုပ်က ဇာတ်ရုံပိုင်ရှင် ဦးအောင်ထွန်းနှင့်စကားပြော ဆိုပြီးနောက် ဇာတ်ရုံသို့ ပြန်လာခဲ့လိုက်၏။ ထိုညက ဇာတ်မကရ သေးသောညဖြစ်၍ အေးဆေးစွာပင် အနားယူအိပ်စက်မိ၏။ သို့ရာတွင် ညဉ့်ဦးယံ၌ ကျွန်ုပ်ထံသို့ မြွေဖြူကြီးတစ်ကောင်လာ ရောက်သည့် အိပ်မက်ကြောင့် ကျွန်ုပ်မှာ တစ်ရေးနိုးပြီးချိန်မှစ၍ မိုးလင်းသည့်တိုင် ပြန်၍အိပ်မရပါလေတော့။

ယနေ့ည ဇာတ်စတင်ကကြရမည်ဖြစ်သောကြောင့် နံနက်ပိုင်းကပင် အိပ်ရာမှ စောစီးစွာထ၍ လုပ်ငန်းများကို ခွဲစိတ်၍ စီမံမိန့်ကြားရလေ၏။ ထမင်းဟင်းချက်ပြုတ်ရေး၊ ဇာတ်ကြော်ငြာလှည့်ရေး၊ ဖျာထိုင်ခုံရောင်းချရေးနှင့် ဇာတ်ထုပ်အသစ်၊ ပြဇာတ်အသစ်၊ အော်ပရာအသစ်များတိုက်ဖို့အရေးစသည်ဖြင့် လုပ်ငန်းများကို အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်နေရရာ နေ့လယ်ထမင်းစားချိန်သို့ ရောက်မှန်းမသိရောက်သွား၏။

ထမင်းစားပြီးသောအခါ မင်းသား၊ မင်းသမီးတို့နှင့်အတူ ဇာတ်သမားများ စုစည်း၍ အော်ပရာ၊ ပြဇာတ်နှင့် ဇာတ်ထုပ် အသစ်များကို တိုက်ကြရလေ၏။ ကျွန်ုပ်တို့၏ ပန်းကမ္ဘာဇာတ်အဖွဲ့ကြီးမှာ ရှေးရိုးမြန်မာမှုသဘင်ကို အစဉ်အလေးထား အလေးဂရုပြုကပြကြရသည်ဖြစ်ရာ ဇာတ်ကြီးတစ်ဖွဲ့၏ သမားစဉ်မပျက်အော်ပရာ၊ ပြဇာတ်နှင့် နောက်ပိုင်းဇာတ်ထုပ်ကြီးများကို မပျက်မကွက် တင်ဆက်ကပြပေးလေ့ရှိရာ မြန်မာဇာတ်သဘင်ကြိုက်သူတို့အတွက် အသည်းစွဲဇာတ်အဖွဲ့တစ်ခု ဖြစ်နေရ၏။ ထို့ကြောင့် ဇာတ်ရုံတစ်ရုံတွင် တစ်ညလျှင် ဇာတ်ထုပ်တစ်ထုပ် ကပြရန် ဇာတ်ထုပ်သုံးထုပ်တိုက်ခဲ့ပြီး ကပြခဲ့ပြီးလည်းဖြစ်၏။

သို့ရာတွင် အရပ်ဒေသတစ်ခုသို့ တစ်ခါတစ်ရံတွင် နှစ်ခါပြန်ဝင်ရောက်ကပြရသည့်အခါမျိုးရှိလေရာတွင် ကပြပြီးဇာတ်ထုပ်မဖြစ်စေရဘဲ ဇာတ်ထုပ်အသစ်ကပြရန်ကိုမူ အရေးပေါ်ဇာတ် တိုက်၍

ကပြကြရလေ့ရှိ၏။ ကျုံမငေးမြို့သို့ မနှစ်က ဝင်ရောက်ကပြဖူးပြီး ဖြစ်ရာ ပရိသတ်ကြည့်ပြီး ပြဇာတ်၊ ဇာတ်ထုပ်များဖြစ်နေ သောကြောင့် ပြဇာတ်နှင့် ဇာတ်ထုပ်အသစ်ကို ပြောင်း၍ကရန် ဇာတ်တိုက်ကြရခြင်း ဖြစ်၏။

ကျွန်ုပ်တို့ဇာတ်အဖွဲ့၌ လိုက်ပါလာကြသူ မင်းသား၊ မင်းသမီး မှအစ လူရွှင်တော်နှင့် ယိမ်းသမအဆုံး အားလုံးမှာ ဝါရင့် အနုပညာရှင် များဖြစ်ရာ ဇာတ်တိုက်စရာ သိပ်မလိုချေ။ အကြောင်း အချက်ပြရုံဖြင့် စင်ပေါ်တွင် ဟန်မာန်အပြည့် သရုပ်ဆောင်နိုင်ကြသူများ၏။ ထို့ကြောင့် ခေတ္တခဏ ဇာတ်တိုက်ပြီးသည်နှင့် ကိုယ့်အခန်းကိုယ်ဝင်ကာ အနားယူ နေကြလေ၏။ ညနေ (၅)နာရီ ကျော် သည်နှင့် ဆိုင်းဝိုင်းပတ်မသံနှင့် စည်တိုလင်းကွင်းသံပေးသည် ကိုကြားရ၏။

ပတ်မသံ၊ လင်းကွင်းသံကြားသည်နှင့် ရပ်ကွက်ထဲမှ ကလေး လူငယ် လူရွယ်တချို့ ဇာတ်ရုံထဲ အပြေးဝင်ရောက်လာကြ၏။ ကားခွင် မီးခွင်ဆင်သူ တာဝန်ခံဦးဆန်းထွန်းက သူ၏ တပည့်နှစ်ယောက်နှင့် အတူ မီးခွင်ချိန်၍နေ၏။ ထမင်းချက်မောင်တူးက ဇာတ်ရုံနောက်ပိုင်း တွင် ညစာထမင်းဟင်းခွဲဝေပေးလျက်ရှိ၏။ ကျွန်ုပ်ကမူ ဇာတ်ရုံဝ၌ ဖျာလက်မှတ်ထိုင်ရောင်းနေသော လူရွှင်တော်ဘောစိထံသွား၍ လက် မှတ်ရောင်းရမှုအခြေအနေကို အကဲခတ်ကြည့်ရှုနေမိ၏။

ကျွန်ုပ်၏ဇနီးသည် ဇာတ်ဆရာမကား ဘုရားတရားကိစ္စ၊ နတ်ကိစ္စ၊ ရိုးရာကိစ္စများကို အမြဲဦးဆောင်လုပ်ကိုင်ဆောင်ရွက်တတ်သူ

ပီပီ ဇာတ်စင်ပေါ်ရှိ ဘုရားပွဲနှင့် လမိုင်းပွဲများကို ပြင်ဆင်နေရှာ၏။ ပြီးလျှင် ဇာတ်စင်၏ ညာဘက်ကုန်းကမူလေးသို့သွား၍ ဖယောင်းတိုင်၊ အမွှေးတိုင်များထွန်းညှိကာ နို့ခွက်တစ်ခွက်တင် ပူဇော်ပသ အမိဋ္ဌာန် ပြုနေလေ၏။ မကြာမီ ဇာတ်ရုံဝန်းကျင်တစ်ခွင်တွင် အမှောင်ရိပ်သန်း လာပြီဖြစ်၍ ဇာတ်ရုံထဲ၌ မီးလင်းလာလေ၏။ ထို့ကြောင့် ရွာစားကျော် စိန်ဘာဘူ၏လက်ထောက် စိန်လှအောင် ပတ်ဝိုင်းအတွင်းဝင်ကာ လက်စွမ်းပြတီးပေးနေ၏။

ဆိုင်းဝိုင်းအသံကြောင့် ပွဲကြည့်ပရိသတ်တဖွဲဖွဲ ရုံထဲ ဝင်လာကြ၏။ ဆိုင်းဝိုင်းဘေး၌ ဝိုင်းအုံကာ နားထောင်ကြည့်ရှုနေ၏။ ကလေးငယ်တချို့ကား ဆိုင်းသံကြောင့် ပျော်ရွှင်မြူးတူးကာ ခင်းထား သော ဖျာများပေါ်တွင် ကခုန်၍တစ်မျိုး၊ ဒိုင်ဗင်ပစ်၍ တစ်သွယ် ခုန်ပေါက်ကစားနေကြ၏။ ပွဲကြည့်ပရိသတ်ကား ဝင်လာကြည့်ရှုပြီး နောက် တချို့ပြန်ထွက်သွားကြ၏။ ကျိုးတိုးကျဲတဲ ဖျာလက်မှတ်လာ ဝယ်သူအချို့လည်း တွေ့နေရ၏။ ခဏကြာလျှင် ဇာတ်ရုံအတွင်း၌ ပရိသတ်များမှာ ဝင်သူ,ထွက်သူများဖြင့် စည်ကား၍နေလေ၏။

ဇာတ်စင်ရှိ ပြည်ဖုံးကားကြီးမှာလည်း မီးဆလိုက်ရောင်စုံ တို့ကြောင့် စွင့်စွင့်ကားကားဖြင့် ပန်ရ၍ လှပနေ၏။ မကြာမီ ခေတ် ပေါ်ဝိုင်းကပါ သံစုံတီး၍ ဆိုင်းဝိုင်းနှင့် နှစ်ဝိုင်းပြိုင် ညှော့ခံလေသော အခါ ပရိသတ်တို့မှာ ပို၍အုံကြွကာ ဇာတ်ရုံထဲတွင် ကြက်ပျံမကျ စည်ကား၍လာလေ၏။ ဇာတ်ရုံနောက်ဘက်ပိုင်းတွင်ကား မင်းသား၊

မင်းသမီးနှင့် ယိမ်းသမတို့မှာ မိတ်ကပ်ကိုယ်စီ၊ အဝတ်အစား ကိုယ်စီ ဝတ်ဆင်၍ ဇာတ်ထွက်ရန် အဆင်သင့်ပြင်ဆင်ကာ တာဆူ၍နေ၏။

'ရွှေပွဲလာဧည့်ပရိသတ်များရှင်..မကြာမီမှာ ပန်းကမ္ဘာ ဇာတ် အဖွဲ့ကြီးရဲ့ ဖျော်ဖြေတင်ဆက်မှုအခန်းကဏ္ဍကို စတင်တော့မှာဖြစ်တဲ့ အတွက် ကျေးဇူးပြုပြီး ရုံပြင်သို့ ခေတ္တခဏ ထွက်ခွာပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်ရှင်'

ဇာတ်အဖွဲ့မှ ရုံခါ(ပရိသတ်များ ရုံထဲမှ ထွက်ခွာစေခြင်း) နေကြောင်း ပြောဆိုပြီးနောက်မှ ရုံဝင်လက်မှတ်ဖြင့်ဇာတ်ရုံထဲသို့ လူပြန်သွင်းစပြုပြီဖြစ်ရာ ကျွန်ုပ်တို့ဇာတ်ဆရာလင်မယားမှာ ရုံပေါက်ကို တစ်လှည့်စီစောင့်ကြရလေ၏။ ကျွန်ုပ်တို့၏ဇာတ်အဖွဲ့ ကပြခြင်းကို ညစဉ်ညတိုင်း ညကိုးနာရီခွဲတွင် စတင်ကျင်းပလေ့ရှိရာ ထုံးစံအတိုင်း ကိုးနာရီခွဲသည်နှင့် ဇာတ်ကရန်စတင်လိုက်တော့၏။ ဇာတ်အဖွဲ့သူ အဖွဲ့သားတို့မှာ နေ့စဉ်ကပြနေခဲ့ကြပြီးဖြစ်ရာ ကိုယ့်အလုပ်၊ သူ့အလုပ်ကို တိတိကျကျ ဆောင်ရွက်လုပ်ကိုင်ကြသဖြင့် ဟာကွက်မရှိ ကြည့် ကောင်းနေ၏။

ဘုရားကန်တော့ခန်း၊ အပျိုတော်ယိမ်း၊ အော်ပရာ၊ မြန်မာ သံစဉ်ဖျော်ဖြေမှု၊ ပြဇာတ်စသည်ဖြင့် အစီအစဉ်အတိုင်း ကပြကြ ရာတွင် ပြဇာတ်ပြီးလျှင် ညတစ်ဝက်ကျိုးကာ အားလပ်ချိန် ခေတ္တ ပေးရ၏။ ထိုအချိန်တွင် လူဝင်အားကောင်းလျှင် ဇာတ်ဆရာ (သို့မဟုတ်) ကန်ထရိုက်က ရုံဖွင့်မပေးဘဲတောင့်ခံကာ ဝင်လာသမျှလူကို ရုံဝင်ခယူ

၍ သွင်းလေ့ရှိ၏။ ပွဲကြည့်ပရိသတ်နည်းပါမှ ပထမညတွင် ဇာတ် အမြည်းပေးသည့်သဘော ရုံဖွင့်ပေးလိုက်တတ်ကြ၏။ ကျွန်ုပ်တို့ ဇနီးမောင်နှံမှာလည်း အလုပ်က သင်ပေးလာသည်ဖြစ်ရာ ကောင်းစွာ ဆုံးဖြတ်နိုင်လာပြီဖြစ်၏။ ထိုညက ပထမဦးဆုံးညဖြစ်၍ ပရိသတ် နည်းပါးသော်လည်း ဇာတ်ရင်းကြေးကာမိ၍ စိတ် ချမ်းသာခဲ့ကြရ၏။

သည်လိုနှင့် ထိုကျုံမငေးဇာတ်ရုံတွင် (၃)ညဆက်၍ကဖြစ် သွား၏။ ညတိုင်းတွင် ပွဲကြည့်ပရိသတ်မှာ ရုံပြည့်ရုံလျှံအားပေးမှု မရှိသော်လည်း ဇာတ်ကြေးအရင်းရ၍ ဇာတ်ကောင်းသတင်းရရှိ သောကြောင့် ထိုအရပ်၌ ဇာတ်လာကရသည်မှာ အချည်းနှီးမရှိ ကြောင်း ဝမ်းသာကြရလေ၏။ ထိုအကျိုးဆက်အဖြစ် ကန်ထရိုက် ပွဲတစ်ခုကို ထိုဇာတ်ရုံမှာပင် လက်ခံလိုက်ကြရ၏။ သို့ရာတွင် ကန်ထရိုက်ပွဲရက်မှာ တစ်ပတ်ခန့်ဝေးကွာခြားနားနေ၍ သုံးည ဇာတ်ကပြီးနောက် ထိုဇာတ်ရုံ မှာပင် ခေတ္တခဏနားခိုရန် ဇာတ်ရုံ ပိုင်ရှင်ဦးအောင်ထွန်းထံ ခွင့်ပန်ရာ အဆင်ပြေခဲ့လေ၏။

'ဇာတ်ဆရာ..ဇာတ်ဆရာ..ဟိုမှာ ဝင်းသူဝမ်းတွေ လျှောပြီး သတိလစ်နေလို့ လိုက်ကြည့်ပေးပါဦး'

ဇာတ်နားပြီး နောက်သုံးရက်မြောက်နေ့ နံနက်ပိုင်းတွင် ကားဆွဲဇင်အောင်က မိမိထံသို့ ရောက်လာကာ အလန့်တကြားလာ ပြော၏။ ဇင်အောင့်စကားကြောင့် ဝင်းသူရှိရာအခန်းသို့ ကျွန်ုပ် ထလိုက်ကြည့်၏။ ဝင်းသူ အိပ်ရာနေရာတွင် ဇာတ်သမားအချို့ရှိနေ

ကာ ဝင်းသူအား ဝိုင်းဝန်းပြုစုနေကြပုံရ၏။ ကျွန်ုပ်က ထိုအုပ်စုကြားမှတိုးဝင်၍ ဝင်းသူ၏အခြေအနေကို အကဲခတ်ကြည့်ကာ မေးမြန်းစုံစမ်းမှုပြုလိုက်၏။

'ဝင်းသူ··ဘယ်လိုနေလဲ။ ဝမ်းက အခုထိ မရပ်သေးဘူးလား'

'ဟုတ်တယ်၊ ဝမ်းက ခုထိမရပ်သေးဘူး။ အထက်လန်အောက်လျှောဖြစ်တာ။ အကောင်းဆုံးက ဆေးရုံဖြစ်ဖြစ်၊ ဆေးခန်းဖြစ်ဖြစ် သွားပြတာကောင်းမယ်'

'ဟုတ်တယ်၊ သူ့ကြည့်ရတာ အားအင်အတော်ကုန်ခမ်းနေပုံရတယ်။ စိတ်ချရအောင် ဆေးရုံခေါ်သွားတာ အကောင်းဆုံးပဲ'

ဝင်းသူကား အိပ်ရာထက်တွင် ပက်လက်အနေအထားဖြင့် စကားမပြောနိုင်။ အသက်ကိုပင် မှန်မှန်ရှူနေရပုံပေါက်၏။ ဘေးနားရှိ ဇာတ်သားအချို့မှ သူတို့အထင်နှင့်အမြင်ကို ကျွန်ုပ်အား ဝင်ရောက်ပြောဆိုနေကြ၏။

'ကဲ··ဒါဆိုရင် ဒီမြို့မှာ ဆေးရုံရှိတယ် ပြောတယ်။ ကဲ··လာ၊ သူ့ကို ဆေးရုံတင်ဖို့ လုပ်ကြစို့'

ကျွန်ုပ်ကပင် ဦးဆောင်၍ ဇာတ်အဖွဲ့သားတို့အား ဝင်းသူကို ဆေးရုံတင်ဖို့အရေး လှုံ့ဆော်ပေးလိုက်ရ၏။ မကြာမီဝင်းသူကို ကျုံမငေးတိုက်နယ်ဆေးရုံမှာ တင်ထားလိုက်၏။ ဝင်းသူ ဆေးရုံတက်နေစဉ် သူ့အား ကူညီစောင့်ရှောက်ရန်နှင့် စားရေးသောက် ရေးကအစ

ကျွန်ုပ်ဓာတ်ဆရာကပင် တာဝန်ယူစီစဉ်ပေးခဲ့ရလေ၏။ သည်လိုနှင့် ကျွန်ုပ်တို့ ကန်ထရိုက်ကရန် ဓာတ်ကူးရမည့်နေ့သို့ ရောက်လာ၏။

'ဓာတ်ဆရာ..ဟောဟိုမှာ လူရွှင်တော်ရေမွှေးတစ် ယောက် ဝမ်းလျှောပြီး သတိလစ်နေပြန်ပြီ'

ကျွန်ုပ်မှာ ဓာတ်ကူးရန်အတွက် မော်တော်ဆိပ်သို့ ပစ္စည်းများသယ်ချရန် စီစဉ်နေချိန်ဖြစ်၍ ဓာတ်၏ရှေ့ပြေးမန်နေဂျာအား လူရွှင်တော်ရေမွှေး၏ အခြေအနေကို သွားရောက်ကြည့်ကာ လိုအပ်သလို စီစဉ်ရန်လည်း ညွှန်ကြားလိုက်ရ၏။ မကြာမီ ဓာတ်မန်နေဂျာ ပြန်ရောက်လာကာ လူရွှင်တော်ရေမွှေးကိုလည်း ကျုံမငေးဆေးရုံသို့ တင်ပို့ထားခဲ့ရကြောင်း လာပြောပြ၏။

ကျွန်ုပ်မှာ ဓာတ်ကူးရန်ဆဲဆဲ ဤသို့ဖြစ်ရခြင်းအတွက် အလွန်အမင်းစိတ်ညစ်သွားရ၏။ ကျွန်ုပ်တို့ ဓာတ်အဖွဲ့ဓာတ်ကူးရမည့်ဓာတ်ရုံမှာ လပွတ္တာအနောက်ဘက်၌ဖြစ်သောကြောင့် ဓာတ်သူဓာတ်သားအားလုံးကို တစ်လုံးတစ်စည်းတည်း အပါခေါ်သွားချင်၏။ သို့ရာတွင် ဝင်းသူနှင့်ရေမွှေးမှာ ကျုံမငေးဆေးရုံ၌ အရေးပေါ်တက်၍ ဆေးကုသမှုခံယူနေရရာ တစ်ပါတည်းခေါ်သွား၍ မရနိုင်ပေ။ ထို့ကြောင့် ဓာတ်အဖွဲ့မန်နေဂျာကို အစောင့်ထားခဲ့၍ ကျန်အဖွဲ့သားများကို ကျွန်ုပ်မှဦးဆောင်ကာ ဓာတ်ကမည့် ဓာတ်ရုံသို့ ရွှေ့ပြောင်းခဲ့ရလေ၏။

ဓာတ်ကမည့်ဓာတ်ရုံ၌ ရောက်ရှိပြီး ပစ္စည်းများချ၍နေရာထိုင်ခင်း စီစဉ်ပြီးချိန်တွင် ညနေပိုင်း နေဝင်မိုးချုပ်ဖြစ်သွား၏။ ဓာတ်ရုံ၌

မိုးမထွန်းညိုရသေးသောကြောင့် အမှောင်ထုက လက်ဝါး ကြီးအုပ်ရန် ပတ်ဝန်းကျင်ကို အရောင်ပြ၍ နေ၏။ ထိုစဉ်-

'ဝုန်း'

'ဗုန်း'

ဓာတ်ရုံအတွင်းမှ ကျယ်လောင်သောအသံများ အစီအရီ ထွက်ပေါ်လာသဖြင့် ကျွန်ုပ်မှာ နားနေရာအခန်းဆီမှ လှမ်း၍ ကြည့်လိုက်မိ၏။ လက်ထောက်ပြဓာတ်မင်းသမီးလေး ဥမ္မာစိုးတစ်ယောက် ကိုယ်ယိမ်းထိုးလျက် လက်နှစ်ဖက် ခါးထောက်ကာ အသံကျယ်ကျယ်ပြောဆိုနေ၏။ သူမဘေးတွင် အဖွဲ့သူအဖွဲ့သားတချို့ ရှိကာ သူမကိုလှေ့လာနေကြ၏။

'ဟဲ့··ငါ ဘယ်သူမှတ်လို့ ဒီအတိုင်းကြည့်နေတာလဲဟေ့။ ဘာလဲ၊ မင်းတို့က ငါ့ကို မလေးမစားလုပ်ကြတာလားဟင်။ ငါက တော့ မင်းတို့အားလုံးကို စောင့်ရှောက်ပေးလိုက်ရတာ။ ငါ့ကိုကျ တော့ မသိချင်ယောင်ဆောင်တယ်။ ဓာတ်ဆရာကို ငါလုံးဝမကျေ နပ်ဘူးဟေ့။ ဘယ်မှာလဲ ဓာတ်ဆရာ၊ ဟင်'

အသံနှင့် မရှေးမနှောင်းမှာပင် ယိမ်းသမတစ်ဦးက ကျွန်ုပ်ထံ အပြေးလာ၍ခေါ်၏။ ထို့ကြောင့် ကျွန်ုပ်ထလိုက်သွားရ ၏။ ဥမ္မာစိုးကား ကျွန်ုပ်ကိုမြင်သော် မျက်ထောက်နီကြီးဖြင့် ကြည့် ရင်းလက်ကို ခါးထောက်လျက်မှ ကိုယ်ကိုဘယ်ညာယိမ်းကာ အောက်နှုတ်ခမ်းကို ဖိကိုက်ကာ-

'ဟေ့..ဒီမှာ၊ နင့်ကောင်တွေ ငါ့ကြောင့် အခုဆေးရုံမှာ ရောက်နေတာတောင် မမှတ်သေးဘူးလား။ ငါ့ကို ဘာမှတ်သလဲ ဟေ့။ ငါ ဒီ့ထက်ဒေါသထွက်လာရင် နင့်လူတွေအားလုံး သေကုန်မယ်။ ကြားလား'

'ကျွန်တော်မျိုးမတို့ အမိုက်အမှားတွေကို ဖွေမယူပါနဲ့။ ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါတယ်။ ကြွလာတဲ့ပုဂ္ဂိုလ်က ဘယ်သူလဲ ဆိုတာ နှုတ်ဖွင့်တော်မူပါ။ ဘာလုပ်ပေးရမလဲဆိုတာလည်း ပြောပါ။ အားလုံးအဆင်ပြေအောင် ဆောင်ရွက်ပေးပါ့မယ်'

ကျွန်ုပ်ကိုယ်စား ယိမ်းခေါင်းဆောင် မသဇင်က ဝင်ပြော၏။

ဥမ္မာစိုးက အနီးပတ်လည်ရှိ လူများကို လိုက်ကြည့်ပြီး နောက်မှ–

'ဟေ့..ငါက မြွေဖြူရှင်မဟေ့၊ မသိရင် မှတ်ထား။ ငါတို့ မောင်နှမရဲ့အစာတွေကို ခိုးကြောင်ခိုးဝှက်ယူစားတာ နင်တို့အဖွဲ့ထဲ ကပဲ။ ခုတော့ ဘာဖြစ်နေကြပြီလဲ၊ တွေ့တယ်မဟုတ်လား။ ခုချိန်ထိ ငါ သူတို့ကို သတ်လို့ရသေးတယ်။ ကြားလား'

ဥမ္မာစိုးထံမှ စကားကြောင့် ကျွန်ုပ်မှာ ခေါင်းနားပန်းကြီး သွားရ၏။ ထို့ကြောင့် ကျွန်ုပ်ဘေးရှိ မသဇင်နှင့်တိုင်ပင်ကာ မသဇင် ကိုပင် ပြန်၍ပြောခိုင်းလိုက်ရ၏။

'ကဲပါ မြွေဖြူရှင်မရယ်..ကျွန်တော်မျိုးမတို့အဖွဲ့က ဇာတ်ဦး စီးကစပြီး ဇာတ်အဖွဲ့သားအားလုံး တောင်းပန်ပါတယ်။ ဆေးရုံတက်

နေကြတဲ့ လူငယ်တွေကလည်း မလိမ်မိုးမလိမ္မာလေးတွေမို့ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့ ဘယ်လိုများပြန်ပြီး လုပ်ဆောင်ပေးရမလဲဆိုတာ အမိန့်ရှိပါ'

ဥမ္မာစိုးက တော်တော်နှင့် စကားပြန်မပြော။ မျက်ထောက်နီကြီးဖြင့် လူများကိုလျှောက်ကြည့်ကာ အတန်ကြာမှ-

'အေး..ကောင်းပြီ။ ဒီတစ်ခါတော့ ငါခွင့်လွှတ်လိုက်မယ်။ ဒါပေမဲ့ ငါတို့ဌာနကိုလာပြီး ငါတို့ကြိုက်တဲ့အစာကို ကျွေးရမယ်။ အဲဒီလိုမှမလုပ်ရင် နင်တို့ကို ခွင့်မလွှတ်ဘူးဟေ့။ သိပြီလား'

'ဟုတ်..ဟုတ်ကဲ့၊ သိပါပြီ။ စိတ်ချပါ မြွေဖြူရှင်မရယ်။ ဇာတ်ဦးစီးနဲ့ အမှားကျူးလွန်သူတွေကိုယ်တိုင် မြွေဖြူရှင်မတို့ရှိရာကိုလာပြီး အစားအစာနဲ့တကွကျွေးမွေးပြီး လာတောင်းပန်ပေးပါ့မယ်။ ကျွန်မတို့ အဖွဲ့သားအားလုံးကိုသာ ဒီနေ့ကစပြီး ခွင့်လွှတ်ပေးပါနော်၊ တောင်းပန်ပါတယ်'

'ဝုန်း..ဗုန်း'

မသဇင်၏ လျှောက်လဲချက်အပြီးတွင် ဥမ္မာစိုးတစ်ယောက် ဝုန်းခနဲထခုန်ပြီးနောက် မနီးမဝေးတွင် ဗုန်းခနဲပြုတ်ကျကာ ခွေခွေလေးလဲနေရှာ၏။ ထိုအခါမှ ဘေးရှိအဖွဲ့သားတို့က ထွေးပွေ့လိုက်ကြရာ မကြာမီသတိရလာ၏။ ဥမ္မာစိုးက သတိရလာသော်လည်း စောစောကအဖြစ်အပျက်နှင့် သူမပြောဆိုခဲ့သည်များကိုကား သူမ လုံးဝမမှတ်မိတော့ချေ။

'ဟုတ်တယ် ဓာတ်ဆရာ၊ စောစောက နတ်ဝင်သွားတုန်းက မြွေဖြူရှင်မပြောတာ ဟုတ်တယ်။ အဲဒီကျုံမင်းဓာတ်ရုံမှာ ဓာတ်ဆရာတို့က စင်အောက်ကကုန်းကမူလေးမှာ နေ့စဉ်လိုလို နွားနို့ကို ဆက်ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်ထွန်း ဆက်သခဲ့တယ် မဟုတ်လား။ အဲဒါ ဝင်းသူနဲ့ရေမွှေးက နည်းနည်းမိုးချုပ်တာနဲ့ အဲဒီနွားနို့ကို ယူသောက်ပစ်တာနေ့တိုင်း ကျွန်မတို့မြင်တယ်။ ကျွန်မ ဓာတ်ဆရာတို့ကို ပြန်မပြောရဲလို့ မပြောဘဲနေခဲ့တာ။ ခုတော့ ဒီကောင်တွေ အဲဒီမြွေဖြူရှင်မရဲ့နွားနို့ကို ခိုးသောက်လို့ဝမ်းလျှော သွားခဲ့ကြတာကိုး။ ကံကောင်းလို့ တော်ပါသေးရဲ့။ ဘာပဲဖြစ်ဖြစ် ဓာတ်ဆရာရယ်၊ ဒါတွေက မယုံလို့လည်းမဖြစ်ဘူး။ အဲဒါကြောင့် ဓာတ်ဆရာ ကျုံမင်း ပြန်လိုက်သွားပြီး မြွေဖြူရှင်မပြောသလို လုပ်ပေးပါနော်'

မသဇင်က ကျွန်ုပ်အား ရိုသေစွာဖြင့် တောင်းခံနေရှာ၏။ ကျွန်ုပ်၏အာရုံထဲတွင်လည်း နတ်ဝင်ပြောသွားသည့် မြွေဖြူရှင်မ၏ စကားသံများနှင့် ဆေးရုံပေါ်ရောက်နေသည့် ကျွန်ုပ်တို့ဓာတ်အဖွဲ့မှဝင်းသူနှင့် လူရွှင်တော်ရေမွှေးတို့၏ မျက်နှာကို ပြန်၍မြင်ယောင်မိလေရာ မသဇင်ပြောသည့်အတိုင်း ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချခဲ့ရတော့၏။

ထို့ကြောင့် နောက်တစ်နေ့ နံနက်စောစောတွင် ကျုံမင်းသို့ ကူးလာပြီးနောက် ဝင်းသူနှင့် ရေမွှေးတို့ နှစ်ယောက်ကို ဆေးရုံတွင် ဦးစွာသွားတွေ့ရ၏။ ထိုအခါ သူတို့နှစ်ဦးကိုလည်း မြွေဖြူရှင်မမှ

အိပ်မက်လာပေးပြီး သူ့အားလာရောက်တောင်းပန်ပါက ခွင့်လွှတ်မည့်အကြောင်းလာပြောသည်ကို ပြောရ၏။

ကျွန်ုပ် ဆေးရုံသို့ ရောက်ရှိသွားချိန်တွင် သူတို့နှစ် ယောက်မှာ အကောင်းပကတိဖြစ်လျက် ကျန်းမာနေပြီဖြစ်ရာ ဆေးရုံမှလည်း ဆေးရုံဆင်းခွင့်ပေးထားပြီးဖြစ်လေ၏။

ထို့ကြောင့် ကျွန်ုပ်မှာ ဝင်းသူနှင့်ရေမွှေးတို့နှစ်ယောက်ကို ခေါ်ဆောင်၍ ယခင်ကျွန်ုပ်တို့အဖွဲ့ ဇာတ်ကခဲ့ရာ ကျုံမငေးဇာတ်ရုံသို့လာခဲ့ရ၏။ ပြီးနောက် ရုံပိုင်ရှင် ဦးအောင်ထွန်းကို အကြောင်းအကျိုးပြောကာ မြွေဖြူရှင်မတောင်းဆိုသည့်အတိုင်း နွားနို့ကို ဆက်၍ ဖယောင်းတိုင်၊ အမွှေးတိုင်များထွန်းကာ ကျွန်ုပ်အပါအဝင် ဝင်းသူနှင့် ရေမွှေးတို့က တောင်းပန်ခဲ့ရလေ၏။ ထိုအခါမှ ကျွန်ုပ်စိတ်ထဲ ရှင်းလင်းသွားကာ စိတ်ကြည်လင်လန်းဆန်းရတော့၏။

နောက်ပိုင်း ဇာတ်ရုံများတွင်လည်း မည်သည့်အနှောင့်အယှက်ကိုမျှ မတွေ့မကြုံရပါဘဲနှင့် ထိုနှစ်တစ်နှစ်လုံး ကျွန်ုပ်၏ ပန်းကမ္ဘာဇာတ်အဖွဲ့ကြီးမှာ မနားတမ်းကပြရကာ အောင်မြင်ခဲ့ရပါတော့၏။

◆ ◆ ◆

# ပန်တျာမင်းသမီးဝိညာဉ်

ကျွန်ုပ်တည်ထောင်သော ပန်းကမ္ဘာဇာတ်အဖွဲ့ကြီးသည် ဓနုဖြူမြို့၌ ကပြတင်ဆက်ပြီးသည့်နောက် အောက်ပိုင်း ရန်ကုန်နှင့် နီးကပ်သော ဝါးတစ်ရာကျေးရွာသို့ ပွဲကူးခဲ့ရ၏။ ဝါးတစ်ရာ ကျေးရွာ၌ ကျွန်ုပ်တို့၏ ဇာတ်အဖွဲ့မှာ ကပြခဲ့ဖူးခြင်းမရှိချေ။ ထို့ကြောင့် တစ်ရက် ကြိုတင်၍ ပွဲကူးလာခဲ့၏။ ဝါးတစ်ရာကျေးရွာမှာ လှိုင်မြစ် (ဝါးတစ်ရာမြစ်)နှင့် ယုန်သလောက်ချောင်း (ခေါ်)ဝက် လာချောင်း ပေါက်ဝတို့ ဆုံစည်းရာဘေးတွင်တည်ရှိသောရွာကြီးဖြစ်၏။

အိမ်ခြေထောင်ကျော်ရှိ၍ စီးပွားရေးအသင့်အတင့် ကောင်းမွန်သော အိမ်ထောင်စုများရှိကြောင်း အိမ်ကြီးအိမ်ကောင်းများကိုကြည့်၍ မှတ်ချက်ချမိ၏။ ဝါးတစ်ရာကျေးရွာနေလူတို့မှာ လယ်ယာကိုင်းကျွန်း စိုက်ပျိုးလုပ်ကိုင်သူများရှိသကဲ့သို့ ငါးဖမ်းခြင်းဖြင့် အသက်မွေးသူများလည်း ရှိကြ၏။ တစ်နည်းအားဖြင့် ဝါးတစ်ကျေးရွာသည် ကုန်စည်ကူး

သန်းရောင်းဝယ်ရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် အစစအရာရာ စည်ပင်တိုးတက်နေသောရွာကြီးတစ်ရွာဟု ဆိုနိုင်လောက်ပေ၏။

ကျွန်ုပ်ကား စပ်စုတတ်သူပီပီ ဝါးတစ်ရွာကျေးရွာမြေပေါ် ခြေချမိသည်နှင့် ပတ်ဝန်းကျင်အနေအထားကို လေ့လာကာ တစ်ကိုယ်တည်းမှတ်ချက်ပေးနေမိလေ၏။ ကျွန်ုပ်တို့ဇာတ်အဖွဲ့မှာ ရေလမ်းမှ ပွဲကူးခဲ့ရသဖြင့်ပင်ပန်းခြင်းအလျဉ်းမရှိဘဲ သက်သက်သာသာရှိကြ၏။ ဝါးတစ်ရာမော်တော်ဆိပ်မှနေ၍ ဇာတ်ရုံရှိရာသို့ စက်ပစ္စည်းများကို လှည်းများဖြင့် တစ်ဆင့်သယ်ယူကြရ၏။ ဇာတ်ခုံကား ကျွန်ုပ်တို့ ရောက်သည့်အချိန်တွင် တည်ဆောက်နေဆဲဖြစ်ရာ ဇာတ်ပစ္စည်းအချို့ကို စုပုံ၍ပင်ထားကြရ၏။

ထို့ကြောင့် ကျွန်ုပ်မှာ ဇာတ်ပွဲငှားသူကန်ထရိုက်ကိုမြင့် သောင်းခေါ်ရာနောက်သို့ လိုက်ခဲ့ရာ ဝါးတစ်ရာရွာအတွင်းသို့ ရောက်ခဲ့ရ၏။ ပွဲငှားကိုမြင့်သောင်းမှာ စိတ်သဘောထားကောင်း မွန်ဖြူစင်သူတစ်ဦးဖြစ်မှန်း ဆက်ဆံကြည့်မှသိရ၏။ သူ၏ဇနီးသည်ကလည်း အေးဆေး၍ ဖော်ရွေပျူငှာကာ ကျွန်ုပ်အား ထမင်းဖြင့် ဧည့်ခံ ကျွေးမွေးကြလေ၏။ ကိုမြင့်သောင်းတို့ဇနီးမောင်နှံမှာ လူငယ်များဖြစ်သော်လည်း ဘာသာရေး၊ သာသနာရေး ဦးစားပေး ဆောင်ရွက်ကြသူများ ဖြစ်မှန်း သတိထားကြည့်မိ၏။

ကျွန်ုပ်တို့ဇာတ်အဖွဲ့ ဝါးတစ်ရာကျေးရွာသို့ လာခဲ့ရခြင်းမှာ ဝါးတစ်ရွာကျေးရွာရှိ မင်းဗန္ဓုဘုရားပွဲတော်၌ ဇာတ်ပွဲကရန် ဖြစ်လေ၏။ မင်းဗန္ဓုဘုရားပွဲတော်မှာ နှစ်စဉ်ကျင်းပနေကျ ဘုရားပွဲတော်ဖြစ်၍ အလွန်စည်ကားလှသည်ဟု သိရ၏။ ဘုရားပွဲတော်ကို သုံးရက်ကျင်းပ လေ့ရှိရာ ကျွန်ုပ်တို့၏အဖွဲ့မှာ ထိုသုံးရက်တိုင်အောင် ကပေးကြရ မည်ဖြစ်၏။ ကျွန်ုပ်တို့ဇာတ်အဖွဲ့အားလာ ရောက်ငှားရမ်းသူမှာ ကိုမြင့်သောင်းဖြစ်သော်လည်း သူကား ဂေါပကအဖွဲ့ဝင်မဟုတ်ပေ။ ဘုရားဂေါပကအဖွဲ့ဝင်လူကြီးများမှ အားကိုးတကြီးဖြင့် ခိုင်းစေသူ သာဖြစ်မှန်း သိရပြန်လေ၏။

မည်သို့ဆိုစေ ကိုမြင့်သောင်းတို့ဇနီးမောင်နှံနှင့် ရင်းနှီးခင် မင်ခွင့်ရခြင်းမှာ ကျွန်ုပ်အတွက် အလွန်အကျိုးများလှ၏။ ကျွန်ုပ်တို့ ဇာတ်အဖွဲ့ ဝါးတစ်ရာကျေးရွာသို့ စတင်ရောက်ရှိစဉ်ကပင် ကျွန်ုပ်အား ထမင်းခေါ်ကျွေးရုံမျှမကဘဲ ကျွန်ုပ်၏ဇာတ်အဖွဲ့သူ၊ အဖွဲ့သားများ စားသုံးရန်ကိုလည်း ဟင်းစားများစီမံပေးခဲ့သည့် ကျေးဇူးကား ကြီးမားလှပေ၏။ မည့်သည့်ပွဲငှားကန်ထရိုက်မှ ဇာတ်အဖွဲ့အား ထမင်း ကျွေးရိုး ထုံးစံမရှိပေ။ တစ်ခါတစ်ရံ ဘုန်းကြီးပျံ၊ မယ်တော်ပျံပွဲများနှင့် တိုက်ဆိုင်ပါမှ ပွဲငှားအဖွဲ့က ထမင်းကျွေးလေ့ရှိ၏။

ကျွန်ုပ်တို့ ဇာတ်အဖွဲ့အနေဖြင့် ဇာတ်ရုံ၌သာ ကပြလေ့ ရှိရာ ဗလာပွဲကပြခြင်း မရှိခဲ့ပေ။ တစ်ခါတစ်ရံရင်းနှီးကျွမ်းဝင်သော ပွဲငှား သူတို့နှင့် ဆုံ၍ဘုရားပွဲ၊ ဘုန်းတော်ကြီးပျံပွဲတို့၌သာလျှင် ဗလာပွဲ

ကပေးလေ့ရှိ၏။ ယခုလည်း ပွဲငှားကိုမြင့်သောင်း၏ ချိုပြေသော စကားကြောင့် ဝါးတစ်ရာကျေးရွာရှိ မင်းဗန္ဓုဘုရားပွဲတော်တွင် ဗလာပွဲကပေးရန် ရောက်လာခဲ့ခြင်းဖြစ်လေ၏။ ကျွန်ုပ်အနေဖြင့် ဤဝါးတစ်ရာကျေးရွာသို့ တစ်ခါဖူးမျှ ရောက်ရှိခဲ့ဖူးခြင်းမရှိချေ။

သို့သော် ဝါးတစ်ရာကျေးရွာမြေပေါ်သို့ ခြေချမိသည်နှင့် ကျွန်ုပ်၏စိတ်ထဲ တစ်မျိုးဖြစ်ကာ ကြက်သီးမွေးညင်းများ ထသွားမိလေ၏။ ပြီးနောက် ကိုမြင့်သောင်းမှ ဝါးတစ်ရာကျေးရွာအတွင်းသို့ လိုက်လံပြသသည့်အခါတွင်ကား ကျွန်ုပ်မှာ ဤနေရာသို့ အကြိမ် ကြိမ်အခါခါ ရောက်ခဲ့ဖူးသူတစ်ဦးပမာ အားလုံးကို မှတ်မိနေသလို ရှိလေ၏။ ကျွန်ုပ်ကိုယ်ကျွန်ုပ်ပင် အံ့အားသင့်ကြီးသင့်ရ၏။ ထိုအခါ ကျွန်ုပ် အိပ်မက်၊ မက်စဉ်အခါက စိတ်စွဲလမ်းခဲ့မိသော အိပ်မက်ထဲမှ မြင်ကွင်းများ ဖြစ်လေမလားဟူ၍ပင် ဇဝေဇဝါတွေးမိပြန်လေ၏။

'ကျွန်တော်တို့ ဒီနယ်က ကပြက်ကချော်နယ်မဟုတ်ဘူး ဇာတ်ဆရာရဲ့။ ပုဏ္ဏရိကဆိုတဲ့ မွန်မင်းက ခရစ်နှစ် (၇၅၄)ခုနှစ်လောက်မှာ ရမ္မာနဂရာမြို့ကြီးကို ဒီနေရာမှာတည်ခဲ့တယ်လို့ ဟံသာဝတီ(၃၂)မြို့မှတ်တမ်းမှာ အဆိုရှိတယ်။ နောက်ပြီး ဟံသာဝတီ နိုင်ငံတော်ကို သိမ်းမြန်းအုပ်ချုပ်ခဲ့တဲ့ မွန်ဘုရင် မဟူရာ(ခေါ်) ရာဇာဓိရာဇ်မင်းကလည်း မြန်မာသက္ကရာဇ်(၇၀၀)ပြည့်နှစ်မှာ အင်္ဂပူမြို့ကြီးကို ဖားအိုင်(အင်္ဂပူ၊အင်းမ)ဆိုပြီး ချဲ့ထွင်ခဲ့ပြန်တယ်။ အဲဒီအခါမှာ ရမ္မာနဂရာမြို့ကြီးရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ လှိုင်မြစ်အနောက်ဘက်ကမ်းက

ထန်းတစ်ပင်၊ ကျွန်းငှ၊ ပဒန်၊ ကစင်၊ ညောင်တုန်းနဲ့ တာကေးနယ်များ ကိုပါ ဖားအိုင်မြို့ကြီးအတွင်း နယ် မြေခံရွာများအဖြစ် သိမ်းသွင်းခဲ့တယ် လို့ ဆိုတယ်'

ကိုမြင့်သောင်းက ဝါးတစ်ရာရွာအတွင်းသို့ လမ်းလျှောက် လိုက်ပြရင်းမှ ကျွန်ုပ်အား ဇာတ်ကြောင်းကုန်စင်ရှင်းပြနေလေ၏။ ကျွန်ုပ် ကား လမ်းလျှောက်ရင်းမှ ကိုမြင့်သောင်းပြောသမျှ စိတ်ဝင်တစား နားစိုက်ထောင်ကာ ငြိမ်နေမိ၏။

'ဟောဟိုကရွာလေးက သံဒင်းရွာလို့ခေါ်တယ်လေ။ အဲဒီ ရမ္မာနဂရာမြို့ကြီးတည်ထောင်ပြီးချိန်က သူရဲစီးအမတ်ငသံထင်ကို ဂုဏ်ပြုမြှောက်စားသောအားဖြင့် သူ့ရဲ့ဇာတိရွာကို ငသံထင်ရွာလို့ သမုတ်စေခဲ့တယ်။ အခုတော့ သံဒင်းရွာလို့ခေါ်လာကြတာပေါ့လေ။ ဒီလိုပါပဲ၊ အဲဒီအချိန်က ဘုရင့်ရေတပ်တော်မှာ ယော်ကားထောင် မှူးကြီးအဖြစ် အမှုတော်ထမ်းခဲ့တဲ့ မင်းဗန္ဓုဆိုတာလည်း ရှိခဲ့တယ်။ အဲဒီတပ်မှူးကြီး မင်းဗန္ဓုဟာ သူ့ရဲ့ရေတပ်တော်သားများနဲ့ စုပေါင်း ပြီး လှိုင်မြစ်(ဝါးတစ်ရာမြစ်)ရယ် ယုန်သလောက်ချောင်း(ခေါ်) ဝက်လာ ချောင်းပေါက်ဝတို့ဆုံရာ မြစ်ကမ်းနဖူးမှာ စေတီတော်ကြီးတစ်ဆူကို တည်ခဲ့ကြတယ်။ ကာလကြာညောင်းပြီး မြစ်ကမ်းပါးရေတိုက်စားရာ ကမ်းပါးပြိုခဲ့တာကြောင့် စေတီကြီးလည်း ပြိုပျက်ခဲ့ရတယ်။ အဲဒါ ကြောင့် ရွာရဲ့အတွင်းပိုင်း အရှေ့ဘက်ကုန်းတွင်းပိုင်းကိုရွှေ့ပြီး စေတီကြီး ကို အသစ်ပြန်လည်တည်ဆောက်ခဲ့ကြပြန်တယ်။ စေတီတော်ကြီးရဲ့

ဘွဲ့တော်ကိုလည်း မင်းဗန္ဓုလို့ မှည့်ခေါ်ကြတယ်။ အခု ဇာတ်ဆရာတို့ ပွဲကရမှာ အဲဒီမင်းဗန္ဓုစေတီတော်ကြီးရဲ့ ဘုရားပွဲတော်ပေါ့'

ကိုမြင့်သောင်းရှင်းပြမှ ကျွန်ုပ်မှာ မင်းဗန္ဓုစေတီတော်ကြီးနှင့် ပတ်သက်၍ အနည်းငယ်မျှ သိရှိသွားရတော့၏။

ကျွန်ုပ်နှင့် ကိုမြင့်သောင်းတို့နှစ်ဦး ဇာတ်ရုံသို့ ပြန်ရောက် လာချိန်တွင် ဇာတ်ရုံမှာ တည်ဆောက်ပြီးစီးနေရုံမျှမက ကျွန်ုပ်၏ ဇာတ်အဖွဲ့သူ ,အဖွဲ့သားများပင် ဇာတ်ရုံအတွင်း၌ နေရာယူခင်း ကျင်း ထားရှိကြပြီးဖြစ်လေ၏။ ကျွန်ုပ်အား ဇာတ်ရုံသို့လိုက်ပို့ပြီးနောက် ကိုမြင့်သောင်းပြန်သွားလေ၏။ ကျွန်ုပ်လည်း ကိုမြင့်သောင်း ပြန်သွား ပြီးနောက် ဇာတ်ရုံအတွင်းသို့ဝင်ကာ ဇာတ်အဖွဲ့သူ၊အဖွဲ့သားတို့၏ နေထိုင်စားသောက်မှုတို့ကို အကဲခတ်ကြည့်ရှုပြီးနောက် ကျွန်ုပ်အတွက် သတ်မှတ်ထားသော အခန်းအတွင်းသို့ဝင်ကာ ကျောခင်း၍ အနားယူ လိုက်တော့လေ၏။

× × ×

ပွဲကရက်မဟုတ်သောကြောင့် ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ အဖွဲ့သူ၊အဖွဲ့သားတို့မှာလည်း အေးဆေးစွာအနားယူကြရ၏။ ပွဲဈေး တန်းမှာလည်း ပွဲမကသေးသောကြောင့် လူသွားလူလာကင်း ရှင်းကာ တစ်ယောက်စ၊ နှစ်ယောက်စသာလျှင် မြင်ကြရ၏။ ဈေးသည်မှာ လည်း တစ်ဦးစ၊ နှစ်ဦးစသာလျှင်ရှိလေ၏။ လဆန်း(၁၃) ရက်

ညဖြစ်သောကြောင့် လရောင်မှာလည်း ညဥ့်နက်သည်နှင့် ပို၍ ထွန်းလင်းတောက်ပလျက်ရှိ၏။

ကျွန်ုပ်မှာ ညဥ့်(၁၀)နာရီထိုးနေသည့်တိုင် အိပ်မပျော်နိုင်ဘဲရှိလေ၏။ ထို့ကြောင့် ဇာတ်ရုံထဲမှ ဇာတ်ရုံအပြင်သို့ထွက်ကာ ညကာလ၏ သဘာဝရှုခင်းကို ငေးမောကြည့်ရှုနေမိ၏။ ထိုအခါ ကျွန်ုပ်၏စိတ်ထဲတွင် မင်းဗန္ဓုစေတီတော်ပုရိဂုဏ်သို့သွားကာ စောင်းတီးချင်စိတ်ဖြစ်ပေါ်လာပြန်၏။ ကျွန်ုပ်သည် စောင်းကို ကောင်းစွာတီးခတ်နိုင်သူဖြစ်၏။ ကျွန်ုပ်ရောက်လေရာအရပ်တို့၌လည်း သာယာဖွယ်ကောင်းသည့် ညဥ့်အခါရောက်တိုင်း စောင်းတီးလေ့ရှိလေ၏။

ယခုနေ့ညတွင်လည်း လရောင်က မပြည့်တပြည့် လင်းလက်ပေးနေသည့်အပြင် မြောက်လေကလည်း ဖြည်းဖြည်းညင်းညင်း တိုးဝှေ့ကျီစယ်နေပြန်သည်မို့ ကျွန်ုပ်ရင်တွင်းရှိ အနုပညာ ခံစားချက်တို့ပွင့်အန်ထွက်ကျလာမိ၏။ ထို့ကြောင့် ဇာတ်ရုံအတွင်းသို့ပြန်ဝင်၍ စောင်းကိုယူပြီးလျှင် မင်းဗန္ဓုဘုရားရင်ပြင်တော်ပေါ်သို့ ကျွန်ုပ်တစ်ယောက်တည်း တက်လာခဲ့မိတော့လေ၏။ စေတီ တော်ရင်ပြင်ပေါ်တွင် လူသူကင်းရှင်းလျက် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

ကျွန်ုပ်သည် စေတီ၏အနောက်ဘက် ကြာသပတေးထောင့်သို့သွားကာ နေရာထိုင်ခင်းတစ်ခုကိုရွေး၍ ထိုင်ပြီးသည့် နောက် စောင်းတီးခြင်းအလုပ်ကိုစလေ၏။ ကျွန်ုပ်သည် စောင်းကြိုး များကို

ထိခတ်ကစားရင်းမှ အလိုအလျောက်ထွက်ပေါ်လာသည့် တေးသီးချင်းကို ကျွန်ုပ်မှလိုက်၍ ညည်းတွားနေမိပါလေ၏။

'ရွှေပြည်တော်သည် ××× မောင်မယ်စုံညီ ××× မြန်း×× ဘယ်ဝယ်မှန်းဆ ××× လွမ်းနိုင်ပြီ ××× လွမ်းနိုင်ပြီ ×××မြေညီညီ ခင်းပါလို့ ××× သဲငွေပြန်××× ဘိန်း

လွမ်းပုံကို မဖန်တီးနိုင်ဘု××× မြိုင်ကြီးသေလာငှ×××ဖော်ကွာသူဆွေးစေဖို့လေး×××'

ကျွန်ုပ်မှာ စောင်းကိုတီးခတ်ရင်း တေးသီချင်းကို မှိန်း၍သီဆိုနေမိရာ မျက်လုံးမှာ မှေးစင်းထားမိလေ၏။ သို့သော် ကျွန်ုပ်တီးခတ်နေသော စောင်းခတ်သံများကား လွဲချော်ခြင်းအလျှင်းမရှိ ချေ။ ကျင့်သားရပြီးသား စောင်းသမားတစ်ယောက်၏ လက်ကျ သံပမာနှယ်ပီပြင်လှမှန်း ကျွန်ုပ်ကိုယ်ကျွန်ုပ်သတိထားမိ၏။ ထိုစဉ် မြောက်လေတစ်ချက်က ခပ်ပြင်းပြင်းလေး တိုးဝှေ့တိုက်ခတ်လိုက်သည်မို့ မှိန်းထားသည့် ကျွန်ုပ်မျက်လုံးမှာ ဖျတ်ခနဲဖွင့်ကြည့်မိလိုက်၏။

ထိုအခါ ကျွန်ုပ်၏မျက်လုံး၌ မြင်တွေ့နေရသည့် ပုံရိပ်ကိုကျွန်ုပ်အံ့အားသင့်သွားသဖြင့် ခေါင်းကိုခါယမ်းကာ မူးမိုက်တွေဝေမှုကို ဖျောက်ဖျက်ပစ်လိုက်၏။ ပြီးနောက် ကျွန်ုပ်ရှေ့မှ ပုံရိပ်ကိုနောက်တစ်ခါ အေးဆေးစွာထပ်ကြည့်လိုက်မိ၏။ မြစိမ်းရောင်မင်းသမီးတစ်ပါး ကျွန်ုပ်အနားရောက်ရှိနေသလားဟုပင် မှတ်ထင်

မိ၏။ ထိုမင်းသမီးလေးသည် ကျွန်ုပ်၏စောင်းတီးခတ်သံနှင့် ကျွန်ုပ်၏တေးသီချင်းသီဆိုမှုတို့ကို ငြိမ်၍နားထောင်နေရှာ၏။

ထိုမင်းသမီးလေးဝတ်ဆင်ထားသည့် အဝတ်အစားတို့မှာ ရှေးခေတ်နန်းဝတ်နန်းစား အဝတ်အစားများဖြစ်၏။ ထို့ပြင် နက်မှောင်၍ ရှည်လျားသော ဆံနွယ်စတို့ကို သူမ၏ဘယ်ဘက်ရင် ဘတ်ပေါ်သို့ ဖြေလျှော့ချထားသည်မှာ ယဉ်စစဖြင့် ချစ်စရာ ကောင်းလှ၏။ ကျွန်ုပ်မှာ ကျွန်ုပ်၏ဇာတ်ထဲမှ ဇာတ်မင်းသမီးတစ်ဦးဦးက ဇာတ်အဝတ်အစားများဝတ်ကာ ကျွန်ုပ်ရှိရာလာ၍သီချင်း လာနားထောင်နေသည်လားဟုမှတ်ထင်ပြီး ကျွန်ုပ်ရှေ့မှမင်းသမီးကို သေချာစွာအကဲခတ်ကြည့်ရှုမိပြန်၏။

ထိုစဉ် ကျွန်ုပ်နှာခေါင်းဝ၌ စံပယ်ပန်းရနံ့ မွှေးကြိုင်လှိုင်လာလေ၏။ ထိုရနံ့ကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွားမိ၏။ မြစိမ်းရောင်မင်းသမီးလေးကား ကျွန်ုပ်ရှေ့၌ ငြိမ် ထိုင်လျက် ကျွန်ုပ်အား စိုက်ကြည့်ကာ ကျွန်ုပ်သီဆိုနေသော သီချင်းသံနှင့် တီးခတ်နေသောစောင်းသံတို့ကို စိတ်ဝင်တစား နားထောင်နေလေ၏။ ထို့ကြောင့် ကျွန်ုပ်မှာသီဆိုနေသော တေးသီချင်းကို အပြီးသတ်သွားစေရန် တစ်ပိုဒ်ချင်း,တစ်ပိုဒ်ချင်း ဆက်၍တီးခတ်နေမိ၏။

ကျွန်ုပ်သည် တေးသီချင်းကို သီဆိုတီးခတ်စဉ်တိုင်း ခံစားချက်အပြည့်ဖြင့် သီဆိုတီးမှုတ်တတ်လေ့ရှိရာ ထိုအခါတိုင်း မျက်လုံးကိုမှိန်း(မှိတ်)ထားလေ့ရှိ၏။ ယခုလည်း ခံစားချက်အပြည့်ဖြင့်

တေးသီချင်းကို သီဆိုတီးမှုတ်ရာ မျက်လုံးကို မှေးစင်းထားခဲ့၏။ မကြာမီ တေးသီချင်းဆုံးသွား၏။ တီးခတ်သီဆိုမှုတို့မှာလည်း ပြီးဆုံးသွားသဖြင့် ကျွန်ုပ်၏ မျက်လုံးများပွင့်လာကာ အရာရာကို သဲကွဲစွာ မြင်တွေ့နေရ၏။ ထိုအခါမှ သတိတရဖြစ်ကာ စောစောက ကျွန်ုပ်ရှေ့၌ ထိုင်၍နားထောင်နေသော မြစိမ်းရောင်မင်းသမီးလေးကို သွား၍ သတိရမိလေ၏။

ထိုမြစိမ်းရောင်မင်းသမီးလေးကား ကျွန်ုပ်၏အရှေ့တွင် ယခု မရှိတော့။ ကျွန်ုပ်စိတ်ထဲ သက်ာမကင်းဖြစ်မိ၍ ဘေးဘီဝဲယာသို့ လှည့်ပတ်ကြည့်ရှုသော်လည်း မင်းသမီး၏အရိပ်အယောင်ကိုမျှ မမြင်ရတော့ချေ။ ထိုအခါ ကျွန်ုပ်ကိုယ်ကျွန်ုပ်ထင်မှတ်မှားခြင်းဟု သံသယဝင်ကာ ထိုနေရာမှထ၍ ဇာတ်ရုံသို့ပြန်လာခဲ့မိ၏။ စေတီတော်ရင်ပြင်ပေါ်၌ကား ကျွန်ုပ်တစ်ယောက်တည်းသာလျှင် ရှိချေ၏။

ညဥ့်သန်းခေါင်ယံကျော်လွန်ပြီဖြစ်၍ ဖြာယှက်ကျနေသော လ၏အလင်းရောင်ကြောင့် လောကမြေပြင်သည် ပီပြင်စွာ ကြည်လင်သန့်စင်လျက်ရှိ၏။ ထိုလရောင်ကြောင့်ပင် အရာရာကို သဲကွဲစွာမြင်တွေ့နိုင်လေ၏။ ထို့အတူ မြောက်လေအေးအေးကလည်း တသွေးသွေးဖြူးနေပြန်ရာ ထိုညသည် လွန်စွာသာယာဖွယ်ကောင်းသော ညတစ်ညဟုပင်တင်စားရပေတော့မည်။

'မောင်တော်စက္က‥ခုလိုနှမတော်နဲ့ တွေ့ဆုံရတာ ပျော်ရွှင်ချမ်းမြေ့ပါစ မောင်တော်'

'ဘယ့်နှယ့်ပြောလိုက်တာလဲ နှမတော်ရယ်။ မောင်တော်လို အညတြစောင်းသမားတစ်ယောက်ကို ဂုဏ်သတင်းကျော်ကြား၊ ပကာသန ပေါ်လွှားတဲ့ ရွှေမင်းသမီးလေးတစ်ပါးက ခုလိုလက်ခံ တွေ့ဆုံခွင့်ပေးတာကိုကပဲ မောင်တော်စက္ကုအတွက် ကြည်နူးဝမ်းသာရပါတယ် နှမတော်ရှင်စောမယ်ရယ်'

'အို..မောင်တော်ရယ်'

နှမတော်ရှင်စောမယ်က စက္ကု၏ရင်ခွင်ဆီသို့ ခေါင်းတိုးဝင်ကာ မှီတွယ်လိုက်သဖြင့် စက္ကုကလည်း ရှင်စောမယ်ကိုယ်လေးကို သိုင်းဖက်ထားလိုက်မိ၏။ စက္ကုနှင့် ရှင်စောမယ်တို့နှစ်ဦးသားမှာ လပြည့်ညရောက်တိုင်း ချိန်းဆိုကာ တွေ့ဆုံလေ့ရှိ၏။

ရှင်စောမယ်ကား ရမ္မာနဂရာမြို့တော်ကြီးဆီမှ နာမည်ကျော်ကြား လူသိများ၍ ဘုရင့်ရွှေနားတော်ပေါက် ကချေသည် ရွှေမင်းသမီးတစ်ယောက်ဖြစ်၏။ စက္ကုမှာကား ရမ္မာနဂရာမြို့တော်ဝန်းကျင်ရှိ မင်းဗန္ဓု၏လေ့တပ်မှ လှော်ကားသားများ(လှေထိုးသား၊ လှေလှော်သားများ)စခန်းချတပ်စွဲနေထိုင်ရာ လှော်ကားရွာတွင်နေထိုင်သူ သာမန်အရပ်သားမျှသာဖြစ်၏။ စက္ကု၏ဖခင်မှာ ကျွမ်းကျင်သော လှေထိုးသားကြီးတစ်ဦးဖြစ်၏။ စက္ကုသည်ကား ဖခင်ကြီး၏ကောင်းမှုကြောင့် ဘုရင့်နန်းတွင်း၌ စောင်းတီးပညာဖြင့် ဖျော်ဖြေ ခွင့်ရသော စောင်းဆရာကြီး ဝဇီရထံတွင် စောင်းပညာသင်ခွင့်ရခဲ့၏။ စောင်းဆရာကြီး ဝဇီရမှာ စက္ကု၏ဖခင် လှေထိုးသား ဦးဝဏ္ဏ၏ မွေးစားဖခင်ဖြစ်၏။ ထို့ကြောင့်

ပင် စက္ကမှာ စောင်းဆရာကြီး ဝဇီရထံ၌ စောင်းပညာသင်ယူရုံမျှမက တစ်ခါတစ်ရံနန်းတွင်းသို့တိုင်အောင် ဆရာကြီးနှင့်အတူ လိုက်ပါခွင့်ရခဲ့၏။

မင်းသမီးရှင်စောမယ်ကား နန်းတွင်း၌ အလွန်ထင်ပေါ်ကျော်ကြား၍ နန်းတွင်းသူ နန်းတွင်းသားတို့ ကြိုက်နှစ်သက်သော ကချေသည်တစ်ဦးဖြစ်၏။ လွန်စွာအကကောင်းသော မင်းသမီးဟူ၍ ကင်ပွန်းတပ်ကြ၏။ ထို့ကြောင့် တပ်မှူးလေးသီဟကျော်စွာက မင်းသမီးလေးရှင်စောမယ်ကို မျက်စိကျလေ၏။ ရှင်စောမယ်ကား တပ်မှူးလေးသီဟကျော်စွာထက် စောင်းသမားလေးစက္ကကို ပို၍ စိတ်ဝင်စား၏။ ပို၍တွယ်တာ၏။

ထို့အတူ စောင်းသမားလေး မောင်စက္ကသည်လည်း ကချေသည်မလေး ရှင်စောမယ်ကို တစ်ခါမျှ တွေ့ကြုံဆုံစည်းရုံမျှဖြင့် ချစ်ခင်စွဲလမ်းမိခဲ့ရ၏။ စက္ကနည်းတူ ရှင်စောမယ်သည်လည်း စက္ကကို တွေ့ရုံမျှဖြင့် ရင်ခုန်ခဲ့ရသည်ကို စက္ကနှင့်ရှင်စောမယ်တို့ နောက်တစ်ကြိမ်ဆုံသည့်အခါတွင် စက္ကသိခွင့်ရခဲ့ပါ၏။ သည်လိုနှင့်ရှင်စောမယ်တို့နှစ်ဦးချစ်သူဖြစ်ခဲ့ကြကာ လပြည့်ညရောက်တိုင်း ချိန်းဆို၍တွေ့ဆုံမိကြ၏။

'မောင်တော်ရယ်..ရှင်စောမယ်ကို တောင်းရမ်းဖို့ မောင်တော် မကြိုးစားတော့ဘူးလားဟင်'

'နှမတော်ရယ်..မောင်တော်ကဖြင့် နှမတော်နဲ့အခုပင် အတူနေလိုက်ချင်ပါဘိတော့။ ဒါပေမဲ့ မောင်တော်ရဲ့ဖခင်နဲ့ မွေးစားဘိုးဘိုးက

ခေတ္တခဏစောင့်ပါလို့ မောင်တော်ကိုတားမြစ်နေလို့ပါ။ မောင်တော့် အပေါ် စိတ်မဆိုးပါနဲ့ နှမတော်ရယ်'

'မောင်တော်ကို နှမတော်ယုံကြည်ကိုးစားရှိပြီးသားပါ။ သို့ပေမယ့် တပ်မှူးလေးသီဟကျော်စွာရဲ့အရေးက သွေးမအေးဘူး မောင်တော်။ နှမတော်ရဲ့ဖခင်နဲ့ မယ်တော်တို့က တပ်မှူးလေးရဲ့ အလုပ်အကျွေးတွေလေ။ တပ်မှူးလေးအမိန့်ကို နာခံမိမှာ နှမတော် စိုးထိတ်လှတယ် မောင်တော်ရယ်။ မောင်တော်ရော နှမတော်အတွက် မစိုးရိမ်ဘူးလားဟင်'

'ဘယ့်နှယ်ရှိစ နှမတော်ရယ်။ မောင်တော်က နှမတော်ရဲ့ ချစ်သူပေပဲ။ နှမတော်ကို စွန့်လွှတ်ရမယ့်ကိစ္စ မစိုးရိမ်ဘဲ ရှိပါ့မလားကွယ်။ သို့သော်ငြား မောင်တော်တို့ဘဝက အညတြမို့ ကျောက်တိုင်ကို ခေါင်းနဲ့တိုက်ရမယ့်ကိစ္စတော့ မောင်တော် မဝံ့တာ အမှန်ပဲ နှမတော်။ ကဲပါလေ..မောင်တော်ရဲ့ဖခင်နဲ့ မွေးစားဘိုးဘိုးတို့ကို မောင်တော် နားဝင်အောင် ဖြည်းဖြည်းချင်းပြောပြပြီး ရှင်စောမယ်ကို လာပြီးတောင်းရမ်းခိုင်းပါ့မယ်'

ညက ဝင်းဝင်းလက်လက်သာသည်သို့ ချစ်သူနှစ်ဦး၏ ချစ်ခြင်းမေတ္တာတို့သည်လည်း နွယ်ယှက်ကာ ရစ်ပတ်ခြုံသိုင်းလျက် ရှိချေ၏။ ထိုညကား နှစ်ဦးသားရင်ခုန်ခဲ့ရသော ညတစ်ညသာလျှင် ဖြစ်၏။ မည်မျှကြာအောင် သာယာဖွယ်အာရုံကြောင်၌ နစ်မျောနေမိကြသည်မသိ။ လှုပ်နိုးမိချိန်တွင် အာရုံတက်ချိန်ဖြစ်နေလေပြီ။

'ရှင်စောမယ်'

'မောင်တော်··မိုးလင်းအားကြီးလုပြီ။ နှမတော်ကို မြို့တွင်းရောက်အောင် အမြန်လိုက်ပို့ပေးပါတော့နော်'

'ကောင်းပြီ နှမတော်'

စက္ကသည်ကား ပန်းဆက်သမား ကိုဗျတ္တပမာနှယ် ရှင်စောမယ်ကို ရမ္မာနဂရာမြို့တော်ကြီးဆီမှ ကြိုပို့ရသူဖြစ်ချေ၏။ စက္ကမှာ လှေထိုးသားကြီး၏သားပီပီ လှေကိုကောင်းစွာလှော်ခတ်နိုင်၊ ထိုးနိုင်သူဖြစ်ရကား ရှင်စောမယ်ကို နေအလင်းရောင်ဖြာ မထွက်မီ ရမ္မာနဂရာမြို့တော်ကြီးဆီသို့ အရောက်ပို့ပေးနိုင်ခဲ့ပါ၏။ သို့သော် စက္ကနှင့် ရှင်စောမယ်တို့ ချိန်းဆိုတွေ့ဆုံကြသည့်သတင်းကား မလိုတမာ လူယုတ်မာတို့၏ အပိုစကားကြောင့် တပ်မှူးလေး သီဟကျော်စွာ နားထံပါးအရောက်ပေါက်ကြားခဲ့ပါလေ၏။

တပ်မှူးလေးသီဟကျော်စွာမှာ လှေတပ်တပ်မှူးကြီး မင်းဗန္ဓု၏ လက်အောက်မှ တပ်မှူးလေးတစ်ဦးဖြစ်၏။ ဘုရင့်ရေတပ်တော်တွင် တပ်မှူးကြီးမင်းဗန္ဓုက ဦးစီးပြီးရေတပ်တော်တွင်ရှိသည့် ဖောင်တော်၊ လှေတော်၊ ကတ္တူ၊ လွန်းကြင်၊ သားလှေ၊ ငှက်လှေ၊ သမ္ဗန်တော်၊ လှော်ကားတော်စသည်ဖြင့် အုပ်စုဖွဲ့ကာ အုပ်စုလိုက် တပ်မှူးတစ်ဦးတာဝန်ယူကြီးကြပ်ရ၏။ တပ်မှူးလေး သီဟကျော်စွာကား လှော်ကားတော် (တိုက်လှေကြီးများ)ကို ဦးစီးရသော တပ်မှူးလေး တစ်ပါးဖြစ်၏။

ထို့ပြင် ဘုရင်နှင့်တကွ တပ်မှူးကြီး မင်းဗန္ဓုကိုယ်တော်တိုင် ယုံကြည်စိတ်ချအားကိုးရသူဖြစ်၍ ဂုဏ်သတင်းကျော်ကြားကာ ဩဇာတိက္ကမရှိ၏။ ရှင်စောမယ်၏ မိဘနှစ်ပါးမှာ တပ်မှူးလေး သီဟကျော်စွာ၏အိမ်၌ အလုပ်အကျွေးပြုရသူများဖြစ်လေရာ တပ်မှူးလေး၏ အစီအမံနှင့်ပင် ရမ္မာနဂိုရ်မြို့တွင်း၌ နေထိုင်ခွင့်ရခဲ့ခြင်းဖြစ်၏။ ထို့ပြင် ရှင်စောမယ်တစ်ယောက် ကချေသည်အဖြစ် မြို့တွင်းနှင့် နန်းတွင်းထိတိုင် ကခွင့်ရခဲ့သည်မှာလည်း တပ်မှူးလေး သီဟကျော်စွာ၏ ကျေးဇူးဖြစ်၏။ ထို့ကြောင့် ရှင်စောမယ်၏ မိဘနှစ်ပါးကိုယ်တိုင်က ရှင်စောမယ်အား တပ်မှူးလေးထံအပ်နှံရန် စဉ်းစားဆုံးဖြတ်သဘောတူပြီးသားဖြစ်ချေ၏။

'တပ်မှူးလေးအမိန့်တော်အတိုင်း ကျွန်တော်မျိုးမတို့ နာခံပါ့မယ်။ တပ်မှူးလေးစိတ်တိုင်းကျ စီစဉ်ဆောင်ရွက်တော်မူပါ'

'အင်း‥ကျုပ်ကလည်း ယခင်ကတော့ အေးအေးဆေးဆေးမှ ဒီကိစ္စကိုစီစဉ်ဖို့ပါ။ သို့သော်လည်း ဦးမင်းတို့သမီးက စိတ်မချစရာ လမ်းကြောင်းတွေ သွေဖည်နေတာမို့ ကျုပ်ခုလို အမြန်စီစဉ်လိုက်ရတဲ့ အပေါ် ကျုပ်ကိုနားလည်ပေးကြပါ'

မြို့တွင်းသို့ ရှင်စောမယ်ရောက်သည့်အချိန်တွင် မင်္ဂလာပွဲဆင်နွှဲရန် ပြင်ဆင်ပြီးလေပြီ။ ရုန်းမထွက်သာပြီမို့ ရှင်စောမယ်တစ်ယောက် တပ်မှူးလေးသီဟကျော်စွာ၏ လက်ထပ်ထိမ်းမြားကမ်းလှမ်းမှုကို လမ်းကမ်း၍ ခေါင်းညိတ်ကာ ဆင်နွှဲလိုက်ရ၏။

ထို့ကြောင့် ရှင်စောမယ်မှာ ကချေသည်မင်းသမီးလေးဘဝမှ တပ်မှူးလေးကတော်အဖြစ် အဆောင်အယောင်၊ အခေါ်အဝေါ်တို့မှာ ချက်ချင်းပြောင်းလဲသွားရ၏။ ဂုဏ်ဒြပ်မြင့်မားသွားရ၏။ သို့သော် ရှင်စောမယ်ကား ထိုဘဝကို မပျော်ပိုက်ချေ။ သည်အတွက် ရှင်စောမယ်တစ်ယောက် အဆောင်တော်တွင်းဝင်ကာ ကြိတ်ပုန်းလေးငိုနေရှာ၏။

ထိုသို့ တပ်မှူးလေးသီဟကျော်စွာနှင့် ရှင်စောမယ်တို့ လက်ထပ်ထိမ်းမြားလိုက်သည့် သတင်းကလည်းရမ္မာနဂိုရ်မြို့တွင်း ဆီမှ ပျံ့နှံ့၍ လှော်ကားကျေးရွာနေ စောင်းသမားလေးစက္ကထံသို့ ရောက်ရှိသွားလေ၏။ စက္ကအနေဖြင့်ကား ဘာမျှမတတ်နိုင်။ အားမတန် မာန်လျှော့၍ ပူဆွေးသောက ဖြစ်ရုံမှတစ်ပါး အခြားမရှိပါလေ။

'သားရယ်..ဘဘတို့ဘဝတွေက နိမ့်ကျလွန်းတာမို့ ကိုယ်နဲ့မထိုက်တန်တဲ့အရာ မှန်သမျှကို မမျှော်မှန်းတာအကောင်းဆုံးပါပဲကွယ်။ အဲဒီလိုဥပေက္ခာပြုလိုက်ရလို့လည်း ဝမ်းနည်းပူဆွေးမနေနဲ့။ ပူဆွေးသောကမှန်သမျှဟာ မိမိကိုယ်ကို ပြန်နှိပ်စက်တတ်တဲ့အရာတွေပဲကွယ်'

ဖခင်ဖြစ်သူ၏စကားကိုနားထောင်ရင်း စက္ကတစ်ယောက် အံကြိတ်၍ လက်သီးကိုဆုပ်လိုက်ကာ သူ၏ခံစားချက်တို့ကို ဖြေလျှော့ပစ်လိုက်၏။ သို့သော် သူ၏အတွေးအာရုံထဲတွင်ကား ကချေသည်မလေး ရှင်စောမယ်၏ရုပ်လွှာက ပျောက်ဖျက်၍မရအောင် ထင်ကျန်ရစ်

နေဆဲရှိလေ၏။ သည်လိုနှင့်ပင် နေ့မှညရောက် မိုးချုပ်ပျောက်၍ နံနက်မိုးသောက်ခဲ့ရသည့်ရက်များလည်း မနည်းတော့ပေ။

'ဟော့..တပ်မှူးလေး ကြွလာတယ်ဟေ့'

'ဟေး..ကိုယ်တော်လေး ကြွလာတယ်ဟေ့'

ပြောဆိုပြေးလွှားသံများက လှော်ကားလှေတပ်စခန်း အတွင်း လှုပ်ခတ်သွား၏။ လှေထိုးသားကြီး ဦးဝဏ္ဏသည်လည်း တပ်မှူးလေး၏ အမိန့်တော်နာခံရန် အသင့်ပြင်ဆင်ထား၏။ မကြာမီ တပ်မှူးလေး သီဟကျော်စွာ လှေတပ်စခန်းအတွင်း ဝင်ရောက်လာ၏။

'လှေထိုးသားကြီး'

'အမိန့်တော်နာခံလျက်ပါ တပ်မှူးလေး'

'ကျုပ်ရဲ့ကြင်ယာတော်ရှင်စောမယ်တစ်ယောက် မောင်မင်းတို့စခန်းကို ရောက်လာသည်ထင်ပ'

တပ်မှူးလေး၏စကားကြောင့် လှေထိုးသားကြီးဦးဝဏ္ဏ စဉ်းစားရကြပ်သွားသည်။ ဒူးထောက်ခေါင်းငုံ့၍ အမိန့်တော်နာခံနေလျက်မှ သူ့အနီးရှိ လှေထိုးသားငမော့ကို မျက်လုံးဖြင့်စွေကြည့်ကာ အသံတိတ်မေးလိုက်၏။ ငမော့ကလည်း မျက်လုံးဖြင့်ကြည့်၍ အဖြေပြန်ပေးလိုက်၏။ အဓိပ္ပာယ်မှာ သူတို့ ဘာမျှမသိနားမလည်ကြောင်းသာဖြစ်ကြ၏။

'အမိန့်တော်ကို အမြန်လျှောက်တင်ကြစမ်း'

'မှန်လှပါတပ်မှူးလေး။ တပ်မှူးလေး၏ကြင်ယာတော် ကျွန်တော်မျိုးတို့စခန်းကို မလာရောက်တာ အမှန်ပါတပ်မှူးလေး'

'ဒါဆိုရင် သင်တို့စခန်းမှာနေတဲ့ အညတြစောင်းသမား မောင်စက္ကရော ဘယ်မှာလဲ'

'မှန်လှပါ။ ရှေ့တော်မှောက် ခစားရောက်ရှိနေကြောင်းပါ တပ်မှူးလေး'

ဦးဝဏ္ဏက အလျင်အမြန်ဖြေဆိုကာ သားတော်စက္ကကို ရှေ့တော်သို့တိုး၍ ခစားစေလိုက်၏။ ထိုစဉ်-

'တပ်မှူးလေး..တပ်မှူးလေး၊ ကြင်ယာတော်ရှင်စောမယ် ကို တွေ့ရှိခဲ့ကြောင်းပါဘုရား'

လေ့တပ်သားတစ်ဦးက တပ်မှူးလေး၏ ရှေ့မှောက်ဝင် ရောက်ခစားရင်းမှ အလျင်အမြန်လျှောက်တင်လိုက်၏။

ထိုစကားကြောင့် တပ်မှူးလေး လှုပ်လှုပ်ရှားရှားဖြစ် သွားကာ-

'မောင်မင်း..အကြောင်းစုံကို ငါ့ကို အမြန်လျှောက် တင်စမ်း'

'မှန်လှပါ..ရှင်စောမယ်တစ်ယောက် ယုန်သလောက် ချောင်း အတွင်းမှာ ရေနစ်သေဆုံးနေတာကို ယခုပင်တွေ့ရှိခဲ့ရကြောင်း ပါဘုရား'

'ဘယ်လို··မောင်မင်း။ ကျုပ်ရဲ့ကြင်ယာတော် ရှင်စောမယ် ရေနစ်သေဆုံးတော်မူပြီ၊ ဟုတ်လား။ မဖြစ်နိုင်ဘူး၊ ဒါ··မဖြစ်နိုင်ဘူး။ ဘယ်လိုမှမဖြစ်နိုင်ဘူး'

တပ်မှူးလေးသီဟကျော်စွာ၏ အော်ဟစ်ကြွေးကြော်သံက လှော်ကားလှေတပ်စခန်းအတွင်း ပဲ့တင်ထပ်သွား၏။ ထိုနည်းတူစွာ စောင်းသမားလေးစက္က၏ ရင်တွင်း၌လည်း မီးစနှင့်အတို့ခံလိုက်ရသည် ကဲ့သို့နာကျင်စွာခံစားနေရသည်ကိုကား စက္ကမှလွဲ၍ မည်သူမျှ မသိပါပေ။

'မှန်လှပါ။ စိတ်အေးအေးထား၍ လိုက်လံကြည့်ရှုစစ်ဆေး တော်မူပါ တပ်မှူးလေး'

'တောက်'

ပြင်းရှသောဒေါသသံနှင့်အတူ ပြန်လှည့်ထွက်သွားသော တပ်မှူးလေး၏မျက်စောင်းက အညတြစောင်းသမားလေး စက္က၏ နှလုံးသားကို ထိခိုက်ကြေမွသွားစေပါ၏။ တပ်မှူးလေးအဖွဲ့ ဟို ဝေးဝေးသို့ရောက်သွားပါမှ စက္ကတစ်ယောက်ရှိုက်ကြီးငင်ငင်ငိုကြွေး ရှာ၏။ လှေတော်သားများကမူ စက္က၏အဖြစ်ကို ကိုယ်ချင်းစာ၍ စိတ်မကောင်းဖြစ်ကြ၏။ ထိုနေ့တစ်နေ့လုံး စက္ကတစ်ယောက် ရှင်စော မယ်၏အကြောင်းကို စောင့်မျှော်ရင်း မိုးစုံးစုံးချုပ်ခဲ့ရလေ၏။

'မောင်တော်စက္က··နှမတော် မောင်တော်အပေါ်ထားတဲ့ မေတ္တာနဲ့ သစ္စာတရားကို မောင်တော်ယုံပြီမဟုတ်လား။ နှမတော်

ဘယ်ဘဝကိုပဲရောက်ရောက် ဟောဒီသံသရာတစ်လျှောက်လုံး မောင်တော်ကလွဲလို့ နှမတော်ဘယ်သူ့ကိုမှ မချစ်နိုင်ပါဘူးမောင်တော်။ ဒါဟာ နှမတော်ရဲ့သစ္စာစကားပါ။ နှမတော်ရဲ့သစ္စာစကားကိုမောင်တော်စက္က ယုံကြည်တယ်ဆိုရင် သံသရာတကွေ့ကွေ့မှာ မောင်တော်နဲ့နှမတော်တို့အတူတွေ့ဆုံပြီး ပေါင်းသင်းကြရပါစေလို့ မောင်တော်ဆုတောင်းပေးပါနော်။ နှမတော် မောင်တော်နဲ့ဆုံတွေ့ ဖို့ရောက်ရာဘဝက စောင့်မျှော်နေပါ့မယ် မောင်တော်'

'နှမတော်ရှင်စောမယ်..နှမတော်..မောင်တော်ကို မထားခဲ့ပါနဲ့'

'ဟဲ့သား..မင်း ဘာတွေယောင်အော်နေတာလဲကွယ်။ ကေန္တ အိပ်မက်မက်နေတာနဲ့တူတယ်။ မင်း စိတ်အစွဲတွေကို ဘေးဖယ်ပြီး ရတနာသုံးပါးကို ကြည်ညိုသဒ္ဓါပွားနေလိုက်ပါသားရယ်။ အဲဒါမှ ငါ့သားစိတ်ဝမ်းအေးချမ်းသွားလိမ့်မယ်'

'ဟုတ်..ဟုတ်ကဲ့ပါဘဘ။ သား ဘဘပြောသလိုကြိုးစားပါ့မယ်'

ဖခင်ဖြစ်သူကို ပြောမယ့်သာပြောလိုက်ရသည်။ စက္က၏နှလုံးသားထဲတွင်တော့ရှင်စောမယ်က ဖျောက်ဖျက်၍မရသေး။ အိပ်မက်ထဲတိတိုင် ခွဲခွာ၍မရသော ရှင်စောမယ်၏နှလုံးသား စကားများက စက္က၏နားနှစ်ဖက်၌ စွဲထင်ကျန်ရစ်နေခဲ့သည်မှာ တစ်သံသရာမကတော့လေပြီ။

(၃၁)ဘုံကျင်လည်ကြရသော သတ္တဝါများထဲတွင် စက္ကရော ရှင်စောမယ်ရော ပါဝင်ကြရသည်သား။ သို့သော်များပြားပွေလီလှသော သံသရာကြောတွင် မည်သို့မည်ပုံမျောခဲ့သည်ကိုကား စက္ကရော ရှင်စောမယ်ပါ မသိနိုင်။ သို့ရာတွင် တစ်ခါတစ်ရံက သစ္စာပြုခဲ့သော သစ္စာစကား၏ ပဲ့တင်သံများကမူ လောကကြီးအတွင်းတွင် မြည်ဟည်းကျန်ရစ်နေဆဲရှိ၏။

ထိုသစ္စာစကား ပဲ့တင်သံများကပင် တစ်ခါတစ်ရံက ချစ်သူနှစ်ဦးဖြစ်ခဲ့ဖူးသော စက္ကနှင့်ရှင်စောမယ်တို့နှစ်ဦးအား ဘဝဟောင်းကို ပြန်၍သတိရစေခဲ့ပါ၏။

'ဒီလောက်ဆိုရင် မောင်တော်ယုံလောက်ပါပြီနော်။ ရှင်စောမယ် မောင်တော်ကိုဘယ်ဘဝရောက်ရောက် မျှော်လင့်နေ တယ်ဆိုတာ မောင်တော်ယုံရဲ့လားဟင်။ ဖြစ်နိုင်ရင် ရှင်စောမယ်နဲ့ မောင်တော်တို့ အတူတကွ ပေါင်းသင်းနေချင်ပြီမောင်တော်။ ရှင်စောမယ်ရှိရာကို မောင်တော်လာခဲ့ပါလားဟင်။ ရှင်စောမယ် စောင့်ကြိုနေပါတယ်။ လာပါမောင်တော်ရယ်‥လာနော်။

မောင်တော်နဲ့ရှင်စောမယ်တို့ ခွဲခွာခဲ့ရတဲ့နှစ်ပေါင်းဟာ တစ်ထောင့်နှစ်ရာစွန်းခဲ့ပါပြီ မောင်တော်ရယ်။ ဆက်ပြီး နှမတော် မောင်တော်နဲ့ခွဲမနေပါရစေနဲ့တော့။ နှမတော်အပေါ်မှာ ချစ်အား မပြယ်သေးဘူးဆိုရင် နှမတော်ဆီ မောင်တော်လာခဲ့ပါနော်။ နှမတော် မောင်တော်ကို လာပြီးစောင့်ခေါ်နေတာ။ နှမတော်နဲ့ တစ်ပါတည်း လိုက်ခဲ့ပါနော်။ မောင်တော်‥မောင်တော်စက္က၊ လာ‥လာ ခဲ့နော်'

'အေး··အေး··ဟောဒီမှာ ကျားခြေရာတွေတွေ့တယ်။ ကေနွ ဓာတ်ရုံထဲ ကျားဝင်သွားပြီနဲ့တူတယ်။ ဓာတ်ထဲက လူတွေ စစ်ကြည့် ကြဦး။ ကျားဆွဲတာ ဘယ်သူပါသွားသလဲလို့'

'ဟာကွာ··ဒီလောက်မြေပြန့်ကြီးမှာ ကျားလာတာ မဖြစ် နိုင်ဘူး။ ဒီခြေရာတွေက ကျားခြေရာတွေဖြစ်မယ်ဆိုရင်လည်း ဒီကျား ဟာ ရိုးရိုးကျားမဖြစ်နိုင်ဘူး'

'ဓာတ်ဆရာ··ဗျို့ဓာတ်ဆရာ၊ ဓာတ်ရုံထဲ ကျားဝင်လို့တဲ့။ အဲဒါ ထပြီးကြည့်ပါဦး'

တစ်ယောက်တစ်ပေါက် အော်ဟစ်ဆူညံသံများကိုကြား နေရသော်လည်း ကျွန်ုပ်မျက်လုံးများမှာ လေးလံနေဆဲဖြစ်၍ ထရန် ဝန်လေးနေမိ၏။ ထိုစဉ် ထပ်မံ၍ ကျွန်ုပ်အားအော်ခေါ်လှုပ်နှိုးနေမှု ကြောင့် ကျွန်ုပ်မှာအိပ်နေရာမှ မှုန်ဝါးဝါးဖြင့်ထထိုင်ကာ ပတ်ဝန်းကျင် ကို ကြည့်နေလိုက်မိ၏။

ကျွန်ုပ်၏ရှေ့တွင် ဓာတ်သူဓာတ်သားတချို့ ရပ်သူရပ်၊ ထိုင်သူထိုင်ကာ ကျွန်ုပ်အား ကြည့်နေကြ၏။ အချို့သူတို့ကား ကျွန်ုပ် နှင့် မလှမ်းမကမ်းတစ်နေရာတွင် စုပြုံကာ ဝိုင်းငုံ့ကြည့်နေကြ၏။ ထို့ကြောင့်-

'နေပါဦး၊ ဟိုလူတွေ ဘာကိုဝိုင်းအုံပြီး ကြည့်နေကြတာလဲ' ဟူ၍ စူးစမ်းကာ မေးကြည့်လိုက်၏။

'ဓာတ်ရုံထဲဝင်လာတဲ့ ကျားခြေရာကွက်ကို ကြည့်နေကြတာလေ'

'မဖြစ်နိုင်တာဗျာ'

'မဖြစ်နိုင်ဘူးဆိုရင် ဓာတ်ဆရာကိုယ်တိုင် သွားပြီး ကြည့်လိုက်ပါ'

ကျွန်ုပ်မှာ စိတ်မြန်သူပီပီ လူများဝိုင်းအုံကြည့်နေရာသို့ ချက်ချင်းထသွားကာ လှေလာစူးစမ်းကြည့်လိုက်၏။ ကြောင်ခြေရာသဏ္ဍာန်ထက်ကြီးသော ခြေရာကွက်နှစ်ကွက်ကိုကား ထင်လင်းစွာ မြင်တွေ့လိုက်ရ၏။ ထိုခြေရာကွက်တို့မှာ ကျားခြေရာကွက်အစစ် ဖြစ်သည်၊ မဖြစ်သည်ကိုကား ကျွန်ုပ်ကိုယ်တိုင် ဆုံးဖြတ်၍မရချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မှာ ရန်ကုန်သားစစ်စစ်ဖြစ်၍ ကျားခြေရာစစ်စစ်ကို တစ်ခါဖူးမျှ မြင်ဖူးခဲ့ခြင်းမရှိသောကြောင့်ဖြစ်၏။

'ကဲပါဗျာ··ဒါဟာ ကျားခြေရာဆိုလည်း ကျားခြေရာပေါ့။ ဟုတ်ချင်မှလည်း ဟုတ်ပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဓာတ်အဖွဲ့သားတွေ လူစုံတက်စုံ ရှိမရှိဆိုတာကပဲ အရေးကြီးပါတယ်။ ဖိုးခွားရေ···ဓာတ်ထဲကလူတွေလိုက်စစ်ကြည့်ကွာ။ ပြီးရင် ငါ့ကိုလာပြော၊ ကြားလား'

ကျွန်ုပ်က စကားနည်းရန်စဲသည့်သဘော စကားကြောဖြတ်ကာ ကျွန်ုပ်ခိုင်းစေနေကျ ကားဆွဲကရင်လေး ဖိုးခွားကို ခိုင်းလိုက်၏။ ဖိုးခွားမှာ ကျွန်ုပ်၏စေခိုင်းချက်ကို ဆောင်ရွက်ရန် ကျွန်ုပ်အနီးမှ

ထထွက်သွားသဖြင့် ကျွန်ုပ်လည်း အခြားကိစ္စများဆောင်ရွက်ရန် ထို နေရာမှ ဓာတ်ရုံအပြင်ဘက်သို့ ထွက်ခဲ့မိလေ၏။ ဓာတ်ရုံအပြင်ဘက်၌ ကား ရောင်နီသန်းကာ နေခြည်နုနုက ဖြာထွက်လင်းလက်၍ တောက်ပ နေလေပြီ။

× × ×

'ကိုမြင့်သောင်းရေ..ညကတော့ ရမ္မာနဂိုရ်မြို့ဟောင်းက ရာဇဝင်ဟောင်းကြီးကို အိပ်မက်မက်ခဲ့ရတာ ကျုပ်ကိုယ်ကျုပ်တောင် စဉ်းစားရခက်နေတယ်။ ပြီးတော့ အဲဒီရာဇဝင်ဟောင်းကြီးထဲက အညတြ စောင်းသမားစက္ကဆိုတာ ကျုပ်ကိုယ်တိုင်ဖြစ်နေတာက ပိုပြီး အံ့သြဖို့ ကောင်းတယ်။ သည့်ထက်ပိုပြီး အံ့သြစရာ ကောင်းတာက..'

ကျွန်ုပ်က စကားပြောရင်း တံတွေးသီးသွားသည်မို့ ခေတ္တ ရပ်လိုက်ရ၏။

'ဓာတ်ဆရာ ဆက်ပြောလေ။ ဆန့်တင့်ငံ့မလုပ်နဲ့နော်။ ဓာတ် ဆရာဓာတ်လမ်းက ကျွန်တော်တို့ ဝါးတစ်ရာကျေးရွာသား တွေတောင် မျက်စိလည်စရာဖြစ်နေပြီ'

ကိုမြသောင်းက ဝင်ထောက်ပြောဆိုရင်း ကျွန်ုပ်၏ စကား ဆက်ကို စောင့်မျှော်နေရှာ၏။ ထို့ကြောင့် ကျွန်ုပ်က စကားဆက် ပြောရပြန်၏။

'မနေ့ညက ကျုပ် မင်းဗန္ဓုစေတီရင်ပြင်ပေါ်မှာ စောင်းတီး နေတုန်းက တွေ့လိုက်ရတဲ့ မြစိမ်းရောင်မင်းသမီးဟာ ကျုပ်ရဲ့ အိပ်မက်

ထဲမှာ ကချေသည်မင်းသမီးလေး ရှင်စောမယ်ဖြစ်နေတာပဲ။ ကျုပ်ကို စောင်းသမားစက္ကအဖြစ် ဒီနေ့ထိ သူမှတ်မိနေသေးတာရယ်ဟာ ကျုပ်အတွက် အတော်အံ့သြထိတ်လန့်ဖွယ်ဖြစ်ရပ်ဆန်းတစ်ခုပဲဗျာ။ ဒီလိုအဖြစ်မျိုးတွေ ခင်ဗျားတို့ ကြုံခဲ့ဖူးသလား'

'ကျွန်တော်တို့ ကြုံခဲ့ဖူးတာတော့ ဆရာ့အဖြစ်နဲ့မတူဘူး။ ဟောဒီမင်းဗန္ဓုစေတီပေါ်ကို ကျားတက်တဲ့ခြေရာတွေတော့ မကြာခဏတွေ့ရတတ်တယ်။ လူကြီးတွေကတော့ အဲဒါတကယ့်ကျား အစစ်မဟုတ်ဘူးတဲ့။ မေတ္တာဘာဝနာပွားပြီး အမျှအတန်းပေးဝေဖို့ အမြဲတမ်းမှာတယ်'

'ဟုတ်ပြီ၊ ဒါဆိုရင် ညက ကျုပ်ရဲ့ဇာတ်ရုံထဲကို ကျားဝင်တယ်ဆိုတာလည်း တကယ်ကျားမဖြစ်နိုင်ဘူး။ ခင်ဗျားတို့ပြောတဲ့ ကျားပဲဖြစ်ရမယ်။ ဒါဆိုရင် ဒီမင်းဗန္ဓုစေတီတော်ကြီးမှာ'

'ဟုတ်တယ်ဆရာ။ ဒီမင်းဗန္ဓုစေတီတော်ကြီးဟာ ရှေး သမိုင်းဝင် စေတီတော်ကြီးတစ်ဆူဖြစ်တာကြောင့် ရှေးရာဇဝင်ကြောင်းတွေနဲ့ ဆက်နွယ်နေမယ်ဆိုတာတော့ ကျွန်တော်တို့ယုံကြည်တယ်။ ဘာကြောင့်လဲဆိုရင် ဟောဒီကျွန်တော်တို့ ဝါးတစ်ရာရွာကြီးဟာ ရမ္မာနဂိုရ်မြို့ဟောင်းကြီးအတွင်းမှာ ရှိနေခဲ့လို့ပဲ။ အဲဒါကြောင့် ဆရာမက်ခဲ့တဲ့ အိပ်မက်ဟာ ဟောဒီရမ္မာနဂိုရ်မြို့ဟောင်းမှာ တကယ်ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုဆိုတာတော့ ကျွန်တော်တို့ ငြင်းလို့ရမယ်မထင်ဘူး။ ပြီးတော့ ဒီရွာက ရွာသူကြီး ဘကြီးပြုံးပြောခဲ့တဲ့ စကားတစ်ခွန်းရှိ

တယ်။ အဲဒါက ဘာလဲဆိုတော့၊ မင်းဗန္ဓုစေတီတော်ကြီးဟာ ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်ကြီးဖြစ်တာကြောင့် ရှေးရာဇဝင်ကြောင်းတွေနဲ့ အမှန်တကယ်ဆက်စပ်နေမယ်။ ပြီးတော့ ရမ္မာနဂိုရ်မြို့ဟောင်းကလူဟောင်းတွေနဲ့လည်း တစ်နည်းတစ်ဖုံ ဆက်စပ်နေတယ်။ အဲဒါကြောင့် ဒီစေတီတော်ကြီးကို ဝိုင်းဝန်းစောင့်ရှောက် ကြသူတွေ ရှိကြလိမ့်မယ်။ အဲဒါတွေကို မလေးမစား မလုပ်ကြနဲ့တဲ့'

ကိုမြသောင်းက စကားကို ရှည်လျားစွာပြောလိုက်ရသဖြင့် မောသွားဟန်ရှိကာ ခေတ္တနား၍ ကျွန်ုပ်ကို အကဲခတ်ကြည့်လိုက်ရာ ကျွန်ုပ်အကြည့်နှင့်မျက်လုံးချင်းဆုံသွားရ၏။

'အေးဗျာ..ကျုပ်အတွက်တော့ တခြားအံ့ဩစရာတွေထက် နှစ်ပေါင်းတစ်ထောင့်နှစ်ရာကျော် ကြာခဲ့တဲ့တိုင် စောင်းသမားလေး စက္ကကို မေ့မရနိုင်သေးတဲ့ ကချေသည်ပန်တျာမင်းသမီးလေး ရှင်စောမယ်ရဲ့ နှလုံးသားသစ္စာစကားကို ကျွန်တော်အံ့ဩလို့ မဆုံးဘူးဗျာ။ အဲဒီ နှစ်ပေါင်းထောင်ကျော်တဲ့အထိ ရှင်စောမယ်ရဲ့ ဝိညာဉ်က ဟောဒီ ရမ္မာနဂိုရ်မြို့ဟောင်းနေရာမှာ ရှိနေသေးတာကလည်း ပိုပြီး ထူးဆန်းနေတယ်။ အေးလေ..ကျုပ်အတွက်တော့ မယုံနိုင်စရာဖြစ်ပေမယ့် ယုံကြည်လက်ခံလောက်တဲ့ ဇာတ်လမ်းတစ်ပုဒ်ရလိုက်တာတော့ အမြတ်ပဲဗျို့'

'အင်း..ဒီဇာတ်လမ်းမှာ အလိုအလျောက် မင်းသားဖြစ်သွားတဲ့ ဇာတ်ဆရာကို ကျွန်တော်က ပိုပြီးသံသယဖြစ်မိတယ်။ ဇာတ်

ဆရာ ခဏလေးနော်။ ကျွန်တော်ဓာတ်ဆရာအသားကို ခဏ ကိုင်ကြည့်ပါရစေ'

ကိုမြင့်သောင်းက ကျွန်ုပ်အား ခွင့်ပန်စကားပြောဆိုပြီး ကျွန်ုပ်၏လက်မောင်းကို ဆွဲကိုင်ပြီးနောက် အနည်းငယ်ဆိတ်ကြည့်လိုက်၏။

'အား··နာတယ်ဗျ'

'အင်း··ဒါဆိုရင် ဓာတ်ဆရာ လူစင်စစ်ဖြစ်တာ ကျွန်တော်ယုံပါပြီ'

'အမယ်လေးလေး··ဘာလဲ၊ ခင်ဗျားက ကျုပ်ကို လူမစစ်ဘဲ နတ်ဖြစ်နေတယ်လို့ ထင်နေတာပေါ့လေ၊ ဟုတ်လား။ ဟား··ဟား··ဟား'

'ဟား··ဟား··ဟား'

ကျွန်ုပ်၏ စကားကြောင့် ကိုမြင့်သောင်းက အားပါးတရ ရယ်မောသကဲ့သို့ ကျွန်ုပ်ကိုယ်တိုင်လည်း သဘောကျနှစ်ခြိုက်မိကာ အားပါးတရ ရယ်မောမိပါတော့သည်။

ထိုစဉ် မင်းဗန္ဓုစေတီတော်မြတ်ကြီးထံပါးမှ ဆည်းလည်းသံလွင်လွင်က မပြတ်လှုပ်ခတ်သံကို ကြားလိုက်ရရာ ကျွန်ုပ်တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ကြက်သီးမွေးညင်းများ ထသွားပါတော့သည်။

ချစ်မင်းသူ